# City MAGAZINE

Vol- 246, 2017



# City

## MAGAZINE

Vol - 246, 2017


**အယ်ဒီတာချုပ်**
ကိုရာဇာ

**အမှုဆောင်အရာရှိ**
စောလှဦး

**အကြံပေးအယ်ဒီတာ**
ဖိုးမောင်သက်

**အယ်ဒီတာ**
ကိုစော(ပထဝီဝင်)

**စာပြင်**
သင်မိုးနီ၊ အောင်ကျော်

**မျက်နှာပုံးနှင့်အတွင်းဒီဇိုင်း**
MOE-Z

**စာစီစာရိုက်**
မြတ်မြတ်၊ သျှင်မင်း

**ဓာတ်ပုံ**
သန့်စင်

**ပန်းချီသရုပ်ဖော်**
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

**ပုံနှိပ်ထုတ်ဝေသူ**
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

**ပုံနှိပ်တိုက်**
မြို့တော်ပုံနှိပ်တိုက်မြဲ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

**ဖြန့်ချိရေး**
ကျော်မင်းထိုက်၊ အောင်မျိုးသန့်
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉



**မြို့တော်မဂ္ဂဇင်း**
ဟံသာဝတီလမ်းနှင့်ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

**ဖက်(စ်) ၀၁-၅၀၃၆၂၆**

Email: yangoncitynews@gmail.com



**တန်ဖိုး**
၂၀၀၀ ကျပ်

**အုပ်ရေ**
၂၀၀၀

City MAGAZINE

Vol : 246, 2017

# CONTENTS






4 EDITORIAL NOTE

## POEM

5 ပြည်ချစ်အားမာန် သားစစ်ပြန် — မြင်းမူမောင်နိုင်မိုး
6 မတိမ်းကြဖို့ ထိန်းကြစို့ — မောင်စိမ်းနောင်(လယ်ဝေး)
7 နွေကြိုအားမာန် — ကျော်စောဟန်
8 နွေတစ်နေ့၏ ရသများ — မောင်လွမ်းနိုင်(စံပယ်ငုံ)
22 တမာတန်းက အလွမ်းနွေ — အလင်းသစ်(ရွှေဆည်မြေ)
23 ပိတောက်ပျို ငိုတဲ့ည — ခက်လှိုင်းကျော်
24 အမျိုးသားရေး ဆတိုးကြီ — ပိုဦး(ဂန့်ဂေါ)
76 ကိုယ့်ပတ်ဝန်းကျင် အလှဆင် — မနောသစ်(ပခုက္ကူ)
77 ခရေပွင့်ပြီမေ — ဆန်းလွင်(မြန်မာစာ)
78 နေထွက်နေဝင် မွေ့လျက်စဉ် — ဗိုင်းမောင်(မာန်အောင်)

## CARTOON

9 မောင်မောင်ညွှက် 10 ရန်ကြီးအောင် 11 ဖြိုးလေး
12 မင်းထက်လူ 68 ဇက်တီ 69 သန်းနိုင်
70 ဇိန်းသော် 130 စောဟန် 131 ရွှေကိုဦး 132 ကိုငယ်

## CITY ARTICLE

13 ၁၉၄၃ ခုနှစ် ဂျပန်မဝင်ရောက်မီ ရန်ကုန်မြူနီစီပါယ် — မြို့လင်း
35 ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန — ကိုစော

## RELIGION

18 ဗားကရာကုန်းမှထက်က မဟာသကျမုနိဘွဲ့တော်ဆောင် တိလောကထီး၊ ကိုးထပ်ကြီးရုပ်ပွားတော် — မောင်မြတ်မွန်(ဆူးလေ)

## EXPERIENCE ESSAY

46 အမေဆိုတာ အနှိုင်းမဲ့ — ကိုရာဇာ
105 ကြမ္မာရှိင်းရဲ့ ဒိုင်ယာရီ — မူကြို
133 ရည်းစားမဟုတ်တဲ့ ချစ်သူ — သာစွအောင်







## ARTICLE


25 လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားသင့်တဲ့အချက်များ ဇော်ဟိန်း

49 ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်သည်ဘဝ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

79 ကျွန်ုပ်တို့ခန္ဓာကိုယ်ထဲမှာ ရေတွေဘယ်လောက်ရှိနေသလဲ သိပ္ပံစာရေးဆရာကိုကိုအောင်


## EXTRAORDINARY


111 ဂင်းနက်စ်မှတ်တမ်းများ ကိုခန့်(သုတေသန)


## TRANSLATE


71 မေမေလာပြီးခေါ်ပါ့မယ် ဘနှင်း

101 မှုးယစ်ဆေး ဘိန်းဖြူ ငွေးမောင်


## PHOTO


92 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ သန့်စင်


## CELEBRITY


119 *Celebrity and Showbiz* ကိုသားကြီး


## SHORT STORY


29 သဘော်ာမဲဇလီ အလကားပေးသည် ဆင်ဖြူကျွန်းအောင်သိန်း

41 ပါရမီ မယ်မရင့်သော်ကြောင့် မစန္ဒာ

53 အချစ်နဲ့ စစ်သား သောင်းဝေဦး

83 ကြယ်ငါးကောက်သူများ နေနိုင်

96 အချိန်လွန်ပိတောက်ရဲ့ ဝေဒနာသံစဉ်များ မေလတ်ဟန်

123 သည်လမ်းနှင့် သည်စခန်း ရဲမြတ်တင်

137 ဘဝအမှောင်ထက်ဆိုးသည့်အမှောင် မုဒ့်-သုမွန်


## YOUTH


144 ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန် ကိုစော(ပထဝီဝင်)






## JOKE


34, 88, 100, 104, 110, 118, 143 မောင်သီဟ


## HEALTH


89 လည်ပင်းရိုး ကြီးပေါင်းတက်ခြင်း ဒေါက်တာရဲကို

104 အောင်မြင်နေသူအလား ကျန်းမာရေးသမား ရွှေရတီ


## LONG STORY


148 မေတ္တာရှင်မလေး ဂျိန်း မောင်သီဟ










# ရှေးဦးစကား

ဥတုရာသီ၊ တောကိုမှီ၏။ တောပြုန်းသဖြင့် ဥတုရာသီ ပြင်းထန်လာ၏။ မညင်သာတော့၊ နွေလည်း နွေအလျောက်၊ မိုးလည်း မိုးသဘာဝ၊ ဆောင်းလည်း ဆောင်းအထာ၊ ပျက်ယွင်းလာ၏။ ဤကား ဩကာသလောက၏ ပျက်စီးယိုယွင်းလာသည့် သဘောပင်။

သတ္တလောကတွင်လည်း အလားတူ စည်းပျက်လာ၏။ တောကောင်များ လူ့စည်းအတွင်း ဝင်လာ၏။ ဖျက်လိုဖျက်ဆီး လုပ်လာ၏။ လူတွေ တရားပျက်လာ၏။ စာရိတ္တ အမှောင်ဖုံးလာ၏။ စည်းမစောင့်ကြတော့။

မကြားဖူးသည့် ခေတ်စကားများ ကြားလာရ၏။ မမြင်အပ်သည့် မြင်ကွင်းများ မြင်တွေ့လာရ၏။ မသင့်မလျော်သည်များကို သင့်လျော်သည်ဟု လက်ခံလာကြ၏။

ဆင်ခြင်ကြပါကုန်။

ဤသို့ ဆင်ခြင်နိုင်ရန် စာပေက လမ်းပြပေးသင့်သည်ဟု မြင်ပါသည်။ စာကောင်းပေမွန် များများထွက်စေချင်ပါသည်။ အပျော်ဖတ်အဆင့်မှသည် တစ်စုံတစ်ရာ သုတ/ရသ ပေးစွမ်းနိုင်သော စာပေ၊ ဝတ္ထု၊ ရတုကဗျာများ ယနေ့ခေတ်တွင် ပျံ့နှံ့စေချင်ပါသည်။

ယင်းအတွက် City Magazine က အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်အောင် ကြိုးစားလျက်ရှိပါကြောင်း။

အယ်ဒီတာချုပ်

# ပြည်ချစ်အားမာန် သားစစ်ပြန်

ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်း သုညှ
သုဉ်းသုံးဝမှ၊ ရှန်းထခဲ့သည့်
မြန်မာပြည်တည့်
ကြာရှည်နှံ့နှစ်၊ ကျွန် မဖြစ်အောင်
ပြည်ချစ်စွန့်စား၊ တိုင်းရင်းသားတို့
မခြားမကွဲ၊ အားဒဲတော်လှန်
နိုင်ငံလွတ်ရေး၊ အသက်ပေးခဲ့
ရှေးအတိတ်ဟောင်း၊ သမိုင်းကြောင်းကို
ကောင်းကောင်း စစ်ပြန် သိပါသည်။

လွတ်လပ်ခဲ့သည့်၊ မြန်မာပြည်လျှင်
တိုင်းပြည်နနှ၊ မှန်တိုင်းစုသို့
သူ့လူ ကိုယ့်လူ၊ ခွဲခြားမှုနှင့်
သူစွဲ ငါစွဲ၊ ဝါဒစွဲနှင့်
ဝဲပတ်ချာလှိုင်း၊ ကြမ္မာရိုင်းသော်
တိုင်းပြည် ချောက်တွင်း၊ မသက်ဆင်းအောင်
သက်နှင်း ကယ်တင်၊ တပ်မတော်ပင်တည့်
နှောင်တွင်ကြိုကြား၊ ဘေးရန်များလည်း
ဖယ်ရှားသည့်မှာ၊ တပ်မတော်သာတည့်
သေချာ ဃ နှ၊ 'က'မှ 'အ'အထိ
လုံးဝ စစ်ပြန် သိပါသည်။

ယနေ့ခေတ်တွင်၊ အားသစ်ဆင်လျက်
ပြည်ခွင်တစ်ဝန်း၊ ငြိမ်းချမ်းဖွံ့ဖြိုး
ဘက်စုံတိုးအောင်၊ ကြိုးပမ်းနေဆဲ
တည်ဆောက်ဆဲတွင်
ဝဲယာ အဖျက်၊ နှောင့်ယှက်သွေးထိုး
အမျိုးညစ်ထေး၊ ကျွန်ဖြစ်ဆေးကို
တိုက်ကျွေးလိုသူ၊ သောက်လိုသူနှင့်
ဝိုင်းကူဖြည့်ဆည်း၊ ဘေးတီးပေးသည့်
နီး ဝေး ရန်သူ၊ အဘယ်သူဟု
အဖြူအမည်း၊ ပိုင်ပိုင်ခွဲကာ
ရင်ထဲ စစ်ပြန် သိပါသည်။



ဪ . . .နှမျိုတက်ကြွ၊ အရွယ်မှလျှင်
အလှပြယ်သည့်၊ ဇရာထိပင်
တိုင်းပြည်အကျိုး၊ ဆောင်သယ်ပိုးရင်း
လက်ကျိုး ခြေပြတ်၊ ဖက်လပ် မျက်စိ
မှန်ဝါးဘီလည်း၊ အသိမြင်မှန်
မဖောက်ပြန်သည့်
စစ်ပြန်ဒို့များ၊ နှလုံးသားတွင်
ထင်ရှားလျက်သော်၊ အမြဲသော်တည့်
'တပ်မတော်၏ ပုံရိပ်'
'နိုင်ငံတော်၏ ပုံရိပ်'
'ပြည်သူ၏ ပုံရိပ်'
တံဆိပ်ခတ်လျက်၊ ဤတစ်သက်တွင်
မပျက်ညွတ်နူး၊ ပြည့်ကျေးဇူးကို
အထူးတုံ့တင်၊ ပေးဆပ်ချင်မြဲ
အားအင်ချို့တဲ့ ယဲ့ချင်ယဲ့စေ
ရေတစ်မှုတ်မျှ၊ သယ်၍ ရတိုင်
ဖွဲတစ်ဆုပ်မျှ၊ ကိုင်၍ ရတိုင်
မြန်မာ့မြေ အကျိုး၊ ထမ်းသယ်ပိုးမည့်
မျိုးချစ်စစ်ပြန်၊ အားမာန်တကား။ ။

မြင်းမူမောင်နိုင်ဖိုး

# မတိမ်းကြဖို့ ထိန်းကြစို့



မျိုးမြန်မာအသွင် အဝတ်အဆင်ဓလေ့ဟာ မပစ်စရာဖို့
ရိုးရာအစဉ် မချွတ်အစဉ်မွေ့ကာ ချစ်စို့ကွဲ့
ခေတ်သစ်ရဲ့ မေမြန်မာတွေ။

အနောက်ဟန်ဆန်းစွာ အသွင်အပြင် အားကျလေသဖို့
ဖောက်ပြန်လှမ်းကာ ဆင်ပြင်နေစားကြသတဲ့
အထင်အမြင်ဝေဝါး အလှအပစံမမီတဲ့အပြင်
ကြွရှုဟန်ချီ လူကိုမြူသလိုနဲ့
မယူလို မွနဂိုတို့ဟန်စရိုက်မှာဖြင့်
အကြိုက်ဆောင် မလိုက်ပေါင် ရှက်စရာအတွေးရယ်လို့
(ကွယ်) တွေးတတ်ပါစေ။

စကတ်လိုလို ထဘီလိုလို ဘိုယောင်ယောင်နဲ့
အပျိုမရှောင် အရွယ်စုံ ရင်မှာဟိုက်ပြန်တော့
ခေတ်အလိုက်မှာ နှစ်ခြိုက်စရာလို့ တချို့ထင်ပေမယ့်
တို့အမြင် တို့အသွင် တို့အသွေးမှာဖြင့်
ရွေးမျှဖြင့် မတင့်ပါလေ
ချင့်စရာတွေကွဲ့ တို့မြန်မာအရေး။

အာရှမြန်မာပြည်
ပဓာန မဟာအဆီကွယ့်
ကမ္ဘာတည့်အောင် ကြာရှည်အမျိုးဂုဏ်ထိန်းနိုင်ဖို့
ခပ်သိမ်း မြန်မာလုံမေတွေက
ဣန္ဒြေသိက္ခာ အရှက်အကြောက်တရားတွေကို အစဉ်တွေးရှုလို့ရယ်
ယဉ်ကျေးမှုနယ်မှာ စစ်ဆင်ထိုးလာတဲ့
အမျိုးမမှန် အဖိုးမတန် အနောက်အသွင်ရိုင်းတို့ကို
ခုတ်ပိုင်းကာ ခွင်းဖယ်ရှားပါကွဲ့
နီးကြားအသိ အမျိုးသားသတိတွေနဲ့
အထိမခံ အဝင်မခံ ကာကွယ်ထိန်းပါလို့
(မြန်မာအမျိုးသမီးများတို့ရယ် . . .)
မတိမ်းကြ မယိမ်းကြဖို့ သတိပေးချင်ရဲ့လေး . . .။

မောင်စိမ်းနောင်(လယ်ဝေး)

# နွေကြိုအားမာန်



အာကာဝေဟင်
မင်းလွင်ဆိုင်းဆိုင်း ရှစ်ခွင်မှိုင်း။
မိုးသားကြူးဟန်
ဟေမန်နှောင်းလှ ချမ်းမြမြ။
"ငါးကြင်း" "ဖလဂုဏ်"
စန်းယုန်ယှဉ်ခါ ထက်အာကာ။
နွေတာတို့ဆဲ
လေဝဲမွှေလည် ညဉ့်တာရှည်။
ပွပြင်းနွေခါ
ညဉ့်မှာချမ်းဆောင်း လတပေါင်း။

သရဖီလွှိုင်လွှိုင်
ဂနိုင်အင်ကြင်း သဇင်ကြွင်း။
ငှက်ပေါင်းပျော်ရွှင်
စုံခွင်သာမြိုင် ပန်းစုံလှိုင်။
မယ်ညိုဝမ်းဘဲ
ပျံဝဲသောင်နှံ့ မောင်နှံစုံ။
ဖြိမ့်ဖြိမ့်နွှဲဆင်
သဘင်ရာသီ သဲစေတီ။

ဆောင်းမြေပဲခင်း
အပြင်းနုတ်ကြ ယာပြင်သ။
မိုးကြို "ဂုံ" "နှမ်း"
ကြိုးပမ်းအားတိုက် အပြီးစိုက်။
သဘာဝမြေဆွေး
နွားချေးမြေချ ကိုင်းမြေမွ။
မိုးစပါးပြင်
သန့်စင်မျိုးကောင်း ကြိုစုဆောင်း။
ဥသြနွေကြို
သံချိုခွန်းစ တသသ။
ပြည်ထောင်စုစိတ်
လက်ထိပ်ထိနှာ သွေးစည်းကာ။
တပ်မတော်ပြည်သူ
ဖေးကူသက်သွေး တော်လှန်ရေး။
နယ်ချဲ့ကျူးငှတ်
မြစ်ဖြတ်တွန်းလှန် ဖက်ဆစ်ရန်။
နွေကြိုအားမာန်
တစ်ရှိမမေ့ တပ်မတော်နေ့။

ကျော်စောဟန်

# နွေတစ်နေ့၏ ရသများ

နေမှုံအပွင့်
ပန်းရင့်ရောင်ဖူး၊ အရုဏ်ဦးလျှင်
ကြည်နူးရသ "သိင်္ဂါရ"။

နေခြည်ရင့်ပြေး
ချိုသွေးခပ်လှပ်၊ လေအသုတ်မှာ
ရွက်တရက်လျှင်၊ စိတ်ကူးယဉ်သော်
ရွှင်မြူး "ဟဿ" ခံစားရ။

သစ်ရိပ်ပင်ကြား
ပြောက်ကျားနေခြည်၊ နွေသစ်တည်သော်
တည်ကြည် "သန္တ" ဖိတ်ယိုကျ။

ကြင်ဖော်မဲ့၍
ခွန်းသွဲ့သံချို၊ ဥသြမျိုးလည်း
ရင်ကိုစူးနစ်၊ အလွမ်းမြစ်နှင့်
မွန်းသစ်လင်္ကာ "ကရုဏာ"

နေပူလေပူ၊ ရေဆူဝေသိပ်
အရိပ်မဲ့လမ်း၊ ခါနွေဆန်းလျှင်
ကြမ်းကြုတ် "ရုဒ္ဒ" ပူပြင်းစွ။



ကသုတ်ကရက်
ရွက်တရက်ငင်၊ လေရိုင်းနှင်သော်
ညိုလွှင်တိမ်ရိပ်၊ တလိပ်လိပ်နှင့်
ရွံ့စိတ်လှုပ်ကြွ၊ "ဘယာနက"

နွေသရုပ်ကို
ခြေဖြုတ်ဖို့နှင်၊ ရာသီခွင်က
ဝန်းကျင်ပြာမှောင်၊ မိုးပြေးဆောင်၏
လွမ်းယောင်အပြ၊ "အဗ္ဘုတ"

ငှနှင့်ပိတောက်၊ ပွင့်မခြောက်အောင်
မောင်းခြောက်ရှက်ခြေ၊ မုန်တိုင်းမွှေသော်
ခါနွေသမယ "ဗိဘစ္ဆ"

နွေရင်ခွင်သစ်၊ ပုံရိပ်စစ်၏
ပုရစ်အသြောက်၊ ငှ အလျှောက်မှာ
ပိတောက်ငုံရင့်၊ ကံ့ကော်ပွင့်၏
ကျူးရင့်နှိုဒါန်း၊ စစ်စခန်းမှ
လွတ်ပန်းမျှော်တွေး၊ တော်လှန်ရေး၏
နီရွေးပွင့်ငုံ၊ အတိတ်ပုံတည့်
စွမ်းကုန်ပြည့်လင်း၊ ရဝိန်မင်းက
ဝင်းဝင်းနီမောင်း၊ ခါနွေစောင်းမှာ
တောင်စောင်းမေးတင်၊ အလှဆင်ပြီ
အားအင်ကြွေ့ကြွေ့၊ နွေတစ်နေ့သည်
ရွှေ့ရွှေ့ရဲတောက် "ဝီရ" မြောက်။ ။

မောင်လွမ်းနိုင်(စံပယ်ငုံ)

# CITY CARTOON



# CITY CARTOON



# CITY CARTOON



# CITY CARTOON



# ၁၉၄၃ ခုနှစ် ဂျပန်မဝင်ရောက်မီ ရန်ကုန်မြူနီစီပါယ်

မြူလင်း

၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ အင်္ဂလိပ် မဟာမိတ်တို့နှင့် အတူ ဗမာ့တပ်မတော်သည် ရန်ကုန်ကို ဂျပန်လက်မှ ပြန်လည်ရုပ်သိမ်းခဲ့သည်။ ထိုအချိန်တွင် အင်္ဂလိပ်စစ်တပ်မှ ကက်စ်ဘီ (Cas-B) စစ်အုပ်ချုပ်ရေးဖြင့် ရန်ကုန်ကိုအုပ်ချုပ်ခဲ့သည်။ ကာနယ်ရန်နက် (Col-Renneth) က ၃၀–၁၀–၁၉၄၅ ရက်နေ့အထိ တာဝန်ယူခဲ့သည်။ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ဘုရင်ခံ ဆာဒေါ်မန်စမစ်(Sir.Dorman Smith) တာဝန်ယူချိန်တွင် ဆာပေါ်ထွန်း အစိုးရဟူ၍ ဖွဲ့စည်းပေးခဲ့သည်။ ထို့ကြောင့် စစ်အုပ်ချုပ်ရေး ရုပ်သိမ်းသွားခဲ့သည်။

ထို့ကြောင့် ယင်းကာလ ကြားဖြတ်မြူနီစီပါယ်အဖွဲ့လည်း ဖျက်သိမ်းလိုက်သည်။ ၁၉၄၃ ခုနှစ်၊ ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း (ရပ်ဆိုင်းရေး)အက်ဥပဒေက ထိုစဉ်က အမှုဆောင်အရာရှိချုပ် ဦးထွန်းအုန်ကို ပြန်လည်တာဝန်ပေးအပ်ခဲ့သည်။ မြူနီစီပါယ်ကိုလည်း "ရန်ကုန်မြူနီစီပါယ်အဖွဲ့" ဟူ၍ ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဦးထွန်းအုန်သည် ဖော်ပြပါအက်ဥပဒေအရ မိမိကိုယ်ကို မြူနီစီပါယ်မင်းကြီး အဖြစ် ခန့်အပ်ကာ အမှုဆောင်အရာရှိချုပ်နှင့် မြူနီစီပါယ်မင်းကြီး တာဝန်ကို တစ်ဦးတည်းတာဝန်ယူ၍ မြူနီစီပါယ်အက်ဥပဒေအရ လုပ်ပိုင်ခွင့်နှင့် တာဝန်များအတိုင်း စီမံခန့်ခွဲဆောင်ရွက်ခဲ့သည်။

၁၉၂၂ ခုနှစ် ရန်ကုန်မြို့မမြူနီစီပါယ်အက်ဥပဒေအရ၊ မြူနီစီပါယ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်ဆိုသော်လည်း ဂျပန်အုပ်စိုးစဉ်ကာလတွင် လေယာဉ်ဗုံးဒဏ်များဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ရန်ကုန်ကို ကောင်းစွာထိန်းသိမ်းနိုင်မှုကား မရှိခဲ့ချေ။ ယင်းအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များကို အခြေခံပြီး၊ ရန်ကုန်မြို့မ မြူနီစီပါယ်နည်းဥပဒေများ(Rangoon Municipal Manual) ကိုလည်း ၁၉၄၁ ခုနှစ်၊ စက်တင်ဘာလတွင် ဆက်လက်ပြဋ္ဌာန်းခဲ့သည်။ (ယင်းနည်းဥပဒေပြဋ္ဌာန်းသည့် ၁၉၄၁ ခုနှစ်တွင် နိုင်ငံရေးအနေအထားမှာ နယ်ချဲ့ဖက်ဆစ်ဂျပန်တို့သည် ဒုတိယကမ္ဘာစစ်အတွင်း ဝင်ရောက်ကာ နယ်ချဲ့ကျူးကျော်သည့် စစ်ပွဲများဆင်နွှဲနေချိန်ဖြစ်သည်။ နောင်နှစ်တွင် မြန်မာနိုင်ငံအား ဖက်ဆစ်အစိုးရ၏ အုပ်ချုပ်မှုအောက်သို့ ရောက်မည်ဟုမသိရှိသေးသည့် အနေအထားဟု ဆိုနိုင်ပါသည်။)

၁၉၂၂ ခုနှစ် ရန်ကုန်မြို့မမြူနီစီပါယ်အက်ဥပဒေကို အခန်းစဉ်အလိုက်ကြည့်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်–

- အခန်း(၁)တွင် ပုဒ်မ(၁)နှင့် (၂) ပါရှိပြီး၊ ဥပဒေ၏ အာဏာသက်ရောက်ပုံနှင့် ဥပဒေပါ စကားရပ်အဓိပ္ပါယ်ဖွင့်ဆိုချက်များ။
- အခန်း(၂)တွင် ပုဒ်မ(၄)မှ (၂၄)အထိ ကော်ပိုရေးရှင်း၏ ဖွဲ့စည်းမှုဆိုင်ရာများ။



– အခန်း(၃)တွင် ပုဒ်မ(၂၅)နှင့် (၂၆)ဖြစ်ပြီး

ပုဒ်မ(၂၅)သည် ကော်ပိုရေးရှင်း၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ

နှင့် ပုဒ်မ(၂၆)တွင် ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းအစီအမံများအဖြစ် ခွဲခြားထားပုံများ။

– အခန်း(၄)တွင် ပုဒ်မ(၂၇)မှ (၃၆)အထိ မြူမင်းကြီးခန့်ထားခြင်း၊ ဌာန၏ အရာထမ်း၊ အမှုထမ်းများခန့်ထားခြင်းဆိုင်ရာများ။

– အခန်း(၅)တွင် ပုဒ်မ(၄၄)မှ (၆၀)အထိ ငွေကြေးဆိုင်ရာများနှင့် စပ်လျဉ်းသော ချေးငှားခြင်း၊ ရင်းနှီးမြှုပ်ခြင်း၊ ဘဏ်များနှင့် ဆက်သွယ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများစသော လုပ်ငန်းဆိုင်ရာများ။

– အခန်း(၆)တွင် ပုဒ်မ(၄၄)မှ (၆၀)အထိ ငွေကြေးဆိုင်ရာများ စပ်လျဉ်းသော၊ ချေးငှားခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ဘဏ်များနှင့် ဆက်သွယ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများ စသော လုပ်ငန်းဆိုင်ရာများ။

– အခန်း(၇)တွင် ပုဒ်မ(၆)မှ (၇၈)အထိ ကော်ပိုရေးရှင်း၏ မြူနီစီပါယ်ရံပုံငွေထူထောင်ခြင်း၊ အခွန်ငွေဆိုင်ရာများ၊ ငွေကြေး သုံးစွဲဆောင်ရွက်စီမံခြင်းများ၊ ဘတ်ဂျက်ဆိုင်ရာများ၊ စာရင်းဆိုင်ရာများ။

– အခန်း(၈)တွင် ပုဒ်မ(၇၉)မှ (၉၃)အထိ အခွန်ငွေစည်းကြပ်ခြင်း၊ ကောက်ခံခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ (ဥပမာ၊ ပုဒ်မ ၉၃ တွင် ဆိပ်ကမ်းအာဏာပိုင်မှ နှစ်စဉ်ပေးဆောင်ရမည့်ငွေကို နှစ်စဉ် ၎င်းတို့ရရှိငွေ၏ ၃ ရာခိုင်နှုန်းအား စည်းကြပ်ရယူရန် ဖော်ပြပြဋ္ဌာန်းခြင်း)

– အခန်း(၉)တွင် ပုဒ်မ(၉၄)မှ (၁၂၂)အထိ အိမ်သာများ၊ ရေမြောင်းများ၊ အဆောက်အအုံဆိုင်ရာများ၊ အညစ်အကြေးဆိုင်ရာ စီမံဆောင်ရွက်ရန်များ၊ ရေသွင်းပေးခြင်း၊ ဖြန့်ဖြူးခြင်းဆိုင်ရာများ။

– အခန်း(၁၀)တွင် ပုဒ်မ(၁၂၃)မှ (၁၅၂)အထိ အများပြည်သူတို့၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံကင်းလွတ်ရေးဆိုင်ရာများ။

– အခန်း(၁၁)တွင် ပုဒ်မ(၁၅၃)မှ (၁၇၆)အထိ အဆောက်အအုံများနှင့် လမ်းများ၊ လမ်းလုပ်ငန်းဆိုင်ရာများ။

– အခန်း(၁၂)တွင် ပုဒ်မ(၁၇၇)မှ (၂၀၄)အထိ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ စစ်ဆေး၊ အရေးယူခြင်းဆိုင်ရာများ၊ စီမံခန့်ခွဲအဆုံးအဖြတ်ပေးခြင်းများ၊ တရားရုံးဆိုင်ရာများ။

– အခန်း(၁၃)တွင် ပုဒ်မ(၂၀၅)မှ (၂၁၉) ပြစ်မှု၊ ပြစ်ဒဏ်ဆိုင်ရာများ၊ ပြဋ္ဌာန်းပုဒ်မများအလိုက် တတိယဇယားကွက်တွင် ပြစ်ဒဏ်များကိုပါ ဖော်ပြချက်စာရင်းဇယားများ၊ ကော်ပိုရေးရှင်းဆိုင်ရာတရားရုံး၊ တရားသူကြီးဆိုင်ရာများ၊ စီရင်ပိုင်ခွင့်ဆိုင်ရာများ၊ ပြေငြိမ်းခြင်းဆိုင်ရာများ၊ ကင်းလွတ်ခွင့်များ။

– အခန်း(၁၄)တွင် ပုဒ်မ(၂၂၀)မှ (၂၂၂)အထိ မြို့တော်နယ်နိမိတ်များ၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းဆိုင်ရာ။

– အခန်း(၁၅)တွင် ပုဒ်မ(၂၂၃)မှ (၂၂၈)အထိ ကော်ပိုရေးရှင်းအသင်းနှင့်စပ်လျဉ်း၍ အစိုးရ၏ကြီးကြပ်ခြင်း၊ အုပ်ချုပ်စီမံဆောင်ရွက်ခြင်းဆိုင်ရာများ။

– အခန်း(၁၆)တွင် ပုဒ်မ(၂၂၉)မှ (၂၃၆)အထိ စာရင်းများနှင့် နည်းဥပဒေများ၊ ဘဏ်လုပ်ငန်းဆိုင်ရာများ။





- အခန်း(၁၅)တွင် ပုဒ်မ(၂၃၅)မှ (၂၄၃)အထိ နောက်ထပ် ပြဋ္ဌာန်းချက်များ(ဥပမာ–ရွေးကောက်ခံ ပုဂ္ဂိုလ်များသည့် ၁၉၂၀ပြည့်နှစ် (Rangoon Development Trust Act) ရန်ကုန်မြို့ကို စည်ပင်သာယာ တိုးတက်ဖြစ်ထွန်းအောင် စီမံရန် ယုံမှတ်အပ်နှံခြင်း အက်ဥပဒေ၏ ပုဒ်မ ၄၃ နှင့် ပုဒ်မ ၁၁၂ တို့တွင် ''ရန်ကုန်မြို့နီစီပါယ်ကော်မတီ''ဆို သော စကားရပ်တွင် ''ရန်ကုန်မြို့မြူနီစီပါယ်အသင်း'' ဟူသော စကားရပ်အား အစားထိုးရန်ဟူသော ဖော်ပြချက် ဥပဒေများဖြစ်ပါသည်)

အလျဉ်းသင့်သဖြင့် ၁၉၂၂ ခုနှစ် ရန်ကုန်မြို့မြူနီစီပါယ်အက် ဥပဒေနှင့်စပ်လျဉ်း၍ အခါအားလျော်စွာပြင်ဆင် (Amended) ခြင်း ရှိခဲ့သော ပြောင်းလဲမှုများကို ဖော်ပြလိုက်ပါသည်။

- ၁၉၂၂ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ်(ပြင်ဆင်ချက်) အက်ဥပဒေ
- ၁၉၂၃ခုနှစ်၊ ဒေသန္တရအဖွဲ့အစည်းများ၏ ဘဏ်ငွေစာရင်း ပြင်ဆင်ချက်အက်ဥပဒေ(Burma Act No-5 of 1928)
- ၁၉၂၄ခုနှစ်၊ အက်ဥပဒေအမှတ်(၁)
- ၁၉၂၈ခုနှစ်၊ အက်ဥပဒေအမှတ်(၁၁)
- ၁၉၃၄ခုနှစ်၊ အက်ဥပဒေအမှတ်(၃)
- ၁၉၃၇ခုနှစ်၊ မြန်မာနိုင်ငံအစိုးရဥပဒေများ သက်ရောက်မှုအမိန့်(The Government of Burma (Adaptation of Laws) orders, 1937)
- ၁၉၃၉ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ်(ပြင်ဆင်ချက်)အက်ဥပဒေ
- ၁၉၄၀ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ(ဥပဒေများ အာဏာသက်ရောက်မှု)အမိန့်(Union of Burma(Adaptation of Laws) order: 1940)
- ၁၉၄၀ပြည့်နှစ် မြန်မာနိုင်ငံ(ပြင်ဆင်ဆောင်ရွက်ချက်) အက်ဥပဒေ၊ အမှတ်(၂၅) (The Burma Laws(Adaptation) Act xxv//of 1940)
- ၁၉၅၅ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ်(ပြင်ဆင်ချက်) အက်ဥပဒေ City of Rangoon Municipal (Amendment) Act, 1955
- ၁၉၅၉ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ်(ပြင်ဆင်ချက်)အက်ဥပဒေ City of Rangoon Municipal (Amendment) Act, 1959
- ၁၉၆၀ ပြည့်နှစ်၊ ရန်ကုန်မြို့မြူနီစီပါယ်(ပြင်ဆင်ချက်) အက်ဥပဒေ City of Rangoon Municipal (Amendment) Act, 1960
- ၁၉၆၁ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ်(ပြင်ဆင်ချက်)အက်ဥပဒေ City of Rangoon Municipal (Amendment)

Act, 1961 (ဤပြင်ဆင်ချက်ဥပဒေတွင် အပိုင်း(၃)ပိုင်း ခွဲခြားပြီး ကျယ်ပြန့်စွာ ပြင်ဆင်ချက်များဖြစ်သည်။ ကော်ပိုရေးရှင်းအသင်း၏ အမည်ကိုလည်း မြူနီစီပါယ်အဖွဲ့ဟူ၍ ပြင်ဆင်ခဲ့ပြီး၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ပြင်ဆင်သတ်မှတ်ခဲ့သည်။ စုစုပေါင်း အခန်း (၁၅)ခန်းအထိ ခွဲခြားပြင်ဆင်ချက်ဖြစ်သည်။ နည်းဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းပြဋ္ဌာန်းထားခဲ့သည်။ ဤအက်ဥပဒေကို မြူနီစီပါယ်လုပ်ငန်းများ၊ ပြောင်းလဲနေသော လုပ်ငန်းအခြေ့များ လိုက်၍ ထပ်မံ၍ လိုအပ်ချက်ရှိသည့်အခါတိုင်း ပြင်ဆင်ချက် အက်ဥပဒေအဖြစ် ပြောင်းလဲလာခဲ့သောကြောင့် ယနေ့အထိ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲနည်းပါးပြီး ပြစ်မှုပြစ်ဒဏ်များကိုသာ ပြောင်းလဲလာသော ခေတ်အခြေ့နှင့် လိုက်လျောညီထွေမှုရှိသော ဒဏ်ကြေးငွေအထိ ပြင်ဆင်နိုင်ခဲ့ခြင်းမရှိသော်လည်း လုပ်ငန်းအားပြုဆောင်ရွက်နိုင်သော အက်ဥပဒေအဖြစ် တွေ့ရှိရပါသည်။)

အထက်ဖော်ပြပါ ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့မမြူနီစီပါယ် အက်ဥပဒေအား ၁၉၂၂ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ၁၃ ကြိမ်အထိ ပြုပြင်ခဲ့သည်ကို တွေ့နိုင်ပါသည်။ ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် (၃) (Burma Act No-3) ပြင်ဆင်ပြဋ္ဌာန်းသည့်အခါတွင် မြူနီစီပါယ်ကော်မတီဥက္ကဋ္ဌ (President of the Municipal Corporation) ဟူသော ရာထူးကို **(Mayor) မြို့တော်ဝန်** ဟု သတ်မှတ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မြို့တော်ဝန် မပေါ်ပေါက်မီ ရန်ကုန်(မြို့မ) မြူနီစီပါယ်ကော်ပိုရေးရှင်း၏ ကော်မတီဥက္ကဋ္ဌအမည်များကို ဖော်ပြအပ်ပါသည်။

(၁) ၁၉၂၂-၂၃ ခုနှစ် Mr.Alam M.Murray
(၂) ၁၉၂၃-၂၄ ခုနှစ် ဒေါက်တာဦးဘရင် (Dr. Ba Yin M.B.Ch.B)
(၃) ၁၉၂၄-၂၅ ခုနှစ် မစ္စတာ အယ်အာရိမ်
(၄) ၁၉၂၅-၂၆ ခုနှစ် မစ္စတာ ဒီးအာမ်ပတေး
(၅) ၁၉၂၆-၂၇ ခုနှစ် မစ္စတာ ဘမ်ပါဂန့်
(၆) ၁၉၂၇-၂၈ ခုနှစ် ဦးအုန်းခိုင်
(၇) ၁၉၂၈-၂၉ ခုနှစ် မစ္စတာရာဇီး
(၈) ၁၉၂၉-၃၀ ခုနှစ် ကပ္ပတိန်ရက်ပောလ်
(၉) ၁၉၃၀-၃၁ ခုနှစ် ဝတ်လုံတော်ရ ဦးသိမ်းမောင်
(၁၀) ၁၉၃၁-၃၂ ခုနှစ် ဝတ်လုံဆာပေါ်ထွန်း
(၁၁) ၁၉၃၂-၃၃ ခုနှစ် ဒေါက်တာဒွားကဲလ်

ထိုစဉ်က ရန်ကုန်မြို့မ မြူနီစီပါယ်ကော်ပိုရေးရှင်းသည် ကိုလိုနီကာလတွင် မြူနီစီပါယ်ကော်မတီ၏ ၁၈၉၈ ခုနှစ် မြန်မာနိုင်ငံ မြူနီစီပါယ်အက်ဥပဒေနှင့် မြူနီစီပါယ်လုပ်ငန်းများ လုပ်ကိုင်ရခြင်းမှာ ကန့်သတ်ချက်များရှိသောကြောင့် သီးသန့်အက်ဥပဒေ လိုအပ်ချက်အပေါ် ဗြိတိသျှအစိုးရအနေဖြင့် ပြဋ္ဌာန်းပေးခြင်းများ၊ မြူနီစီပါယ်လုပ်ငန်း ဆောင်ရွက်ရသူများအတွက် ဝမ်းမြောက်ဖွယ်ရာဟူ၍ ဆိုနိုင်သော်လည်း ၁၉၂၆ ခုနှစ် ကမ္ဘာစီးပွားရေးကပ်ဆိုးကြီး ရိုက်ခတ်မှုများနှင့် ကြုံရသောကြောင့် ရန်ကုန်မြို့နေ လူထုမှာလည်း စီးပွားရေးအကြပ်အတည်းများကို အများနည်းတူ တွေ့ကြုံခဲ့ကြရသည်။ မြန်မာနိုင်ငံရေး အခြေအနေများမှာလည်း လှုပ်ရှားရုန်းကန်ကြွမှုများ ဖြစ်လျက်ရှိသည်။ ဒိုင်အာခီအုပ်ချုပ်ရေးအား သက်ခံခြင်း၊ ဆန့်ကျင်ခြင်းကိစ္စများ၊ အမျိုးသားပညာရေးကိစ္စ လှုပ်ရှားမှုများ၊ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား လှုပ်ရှားမှုများ၊ တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးလှုပ်ရှားမှုများဟူ၍ အမျိုးမျိုးသော လှုပ်ရှားမှုများကြောင့် ရန်ကုန်သည် လှုပ်လှုပ်ရွရွဖြစ်နေသော အချိန်အခါနှင့် ကြုံကြိုက်နေရချိန် ဖြစ်သည်။

မြူနီစီပါယ်လုပ်ငန်းများ၏ အခြေခံမှာ အခွန်အတုပ် ကောက်ခံရရှိမှုအပေါ်တွင် ဝန်ဆောင်မှုပေးရသော လုပ်ငန်းမျိုးဖြစ်သည့်အတွက် အခွန်ထမ်းပြည်သူ၏ စွမ်းရာခိုင်နှုန်းမှာ အခွန်အခပေးဆောင်ရန် စိတ်ဝင်စားခြင်းမရှိဘဲ ရန်ကုန်သည် နေရာအနှံ့ ညစ်ပတ်နေမှုများ၊ အမှိုက်ပုံများ၊ ကျူးကျော်တဲများသာ တစေတစ



တိုးပွားလာနေချိန်ဟု ဆိုနိုင်ပါသည်။ တဲအိမ်များမှလည်း မည်သည့်အခွန်မျှ မရနိုင်။ သို့သော် အမှိုက်နှင့် မိလ္လာတော့ သိမ်းဆည်းနေရသော မြူနီစီပါယ်ဖြစ်နေခဲ့ပါသည်။ ဝင်ငွေနှင့်ထွက်ငွေကို အခြေခံအားဖြင့် နှိုင်းယှဉ်လေ့လာရန် ဖော်ပြရပါက–

**ဝင်ငွေ**

(၁) ပစ္စည်းခွန်
(၂) ဘီးခွန် (အနေးယာဉ်၊ မော်တော်ယာဉ်)
(၃) အဆောက်အအုံ ဆောက်လုပ်မှု စိစစ်ခြင်း၊ ခွင့်ပြုခြင်းနှင့် မြေယာငှားရမ်းခြင်း၊ စီမံခန့်ခွဲခြင်း
(၄) လမ်းဘေးအိမ်ဆိုင်များနှင့် ယာယီကျူးကျော်ဈေးနှင့် ကိုယ်ပိုင်ဈေးများ
(၅) ဈေးများနှင့် သားသတ်ရုံများ၊ လုပ်ငန်းလိုင်စင်များ
(၆) ရေပေးဝေဖြန့်ဖြူးရေးများ။

**ထွက်ငွေ**

(၁) ပစ္စည်းခွန်၊ ဘီးခွန်ကောက်ခံရန် ကုန်ကျစရိတ်များ
(၂) အထွေထွေ အုပ်ချုပ်ရေး၊ ဝန်ထမ်းလုပ်ခ၊ လစာများ
(၃) ပြည်သူ့ပညာရေး
(၄) ဈေးများ၊ သားသတ်ရုံစရိတ်များ
(၅) ပြည်သူ့ကျန်းမာရေး
(၆) ပြည်သူ့လုံခြုံရေး
(၇) မိလ္လာမြောင်း ရေမြောင်းဌာန
(၈) အမှိုက်သရိုက်နှင့် မိလ္လာသိမ်းဆည်းရေး
(၉) လမ်းမီးထွန်းရေး
(၁၀)အင်ဂျင်နီယာဌာန
(၁၁)ရေပေးရေးဌာန
(၁၂)ကြွေးမြီကောက်များနှင့် အထွေထွေ

နှိုင်းယှဉ်ကြည့်လျှင် မြူနီစီပါယ် ဝင်ငွေရရှိနိုင်မှုမှာ အနုတ်လက္ခဏာပြနေခဲ့ပါသည်။ ထို့ကြောင့် ၁၈၈၅ ခုနှစ် ကိုလိုနီလက်အောက်ခံ မြန်မာနိုင်ငံ၏ ရန်ကုန်မြို့တော်သည် အထက်မြန်မာနိုင်ငံမသိမ်းပိုက်မီ ၁၈၈၂ ခုနှစ်ကတည်းကပင် ကုန်စည်ဆက်သွယ်မှုဖြတ်တောက်ပိတ်သိမ်းလိုက်သော ကုန်သည်ကြီးများကြောင့် အစိုးရမင်းနှင့် အဆင်ပြေသဘောတွေ့ကြသော လူချမ်းသာတို့မှာ ပြင်သစ်လူမျိုးပွဲစားတို့၏ စေ့စပ်ကြားဝင်မှုကြောင့် မြန်မာပြည်အထက်ပိုင်းသို့ တရားမဝင် ကုန်စည်များ ပေးပို့နိုင်ခဲ့ကြသဖြင့် ပိုမိုချမ်းသာသွားကြချိန်၌ လက်လုပ်လက်စား မြို့နေလူထုမှာ ကြပ်တည်းမှုများနှင့် ညစ်ပတ်နေသော ရန်ကုန်ကို ဖြတ်သန်းနေကြရသောအခါဟု ဆိုနိုင်ပါသည်။ အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဆိုသကဲ့သို့ နိုင်ငံရေးလှိုင်းများထဲတွင် မြူနီစီပါယ်လုပ်ငန်းများမှာလည်း ၁၉၃၆ ခုနှစ်လွန်ကာလများအထိ တိုးတက်မှုနှေးကွေးနေဆဲပင် ဖြစ်ပါသည်။

မြူနီစီပါယ်လုပ်ငန်းများ လုပ်ဆောင်နေသော ၁၉၃၅ မှ ၁၉၄၀ ခုနှစ်အတွင်း အစိုးရအဖွဲ့အစည်း အပြောင်းအလဲများမှာ အောက်ပါအတိုင်း လေ့လာရရှိခဲ့ပါသည်–

– ၁၉၃၅ ခုနှစ်တွင် ၉၁ ဌာန အုပ်ချုပ်ရေးပေါ်ပေါက်ခဲ့သည်။
– ၁၉၃၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဦးပုအစိုးရတက်လာပြီး ၉၁ ဌာန အုပ်ချုပ်ရေး စီရင်ချုပ်ခဲ့သည်။
– ၁၉၄၀ ခုနှစ်တွင် ဝန်ကြီးချုပ်(နန်းရင်းဝန်) ဦးစော၏ လက်ထက် မြူနီစီပါယ်လုပ်ငန်းများမှာ ပုံမှန်လုပ်ငန်းများသာလျှင်ရှိပြီး တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ကိုင်မှုများ နှေးကွေးရပ်ဆိုင်းနေသောအချိန်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။

**လွတ်လပ်ရေးမရမီရန်ကုန်**

ဖက်ဆစ်ဂျပန်သည် ၁၉၄၁ခုနှစ် ဒီဇင်ဘာလ(၈)ရက်နေ့၌ မလေးရှားကို အရှေ့ဖက်ကမ်းခြေမှ ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခဲ့ကြသည်။ မြန်မာနိုင်ငံကို ကျူးကျော်မိန့်ရရှိပြီးသော ဂျပန်စစ်တပ်သည် ရန်ကုန်ကို မကြာမီရောက်ရှိလာခဲ့ပြီဆိုနိုင်ပါသည်။ ဗြိတိသျှစေတပ်ရန်ကို ကာကွယ်သည့်အနေဖြင့် ဗိတိုရိယအင်္ဂ (ကော့သောင်း)နှင့် ထားဝယ်ကို ဂျပန်တပ်များသိမ်းနေပြီဖြစ်သည်။ ရန်ကုန်ကို လုံခြုံရေးတာဝန်ရှိသော မြန်မာနိုင်ငံတာဝန်ခံ ဗိုလ်မှူးကြီးဆေးလာတို့သည်လည်း လျှို့ဝှက်ကြေးနန်းစာများရရှိနေသောအချိန်ဖြစ်သည်။ ၁၉၄၁တွင် စတင်ခဲ့သော ဒုတိယကမ္ဘာစစ်၏ မီးတောက်သည် မြန်မာနိုင်ငံသို့ ကူးစက်လာခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသည် သံတမန်ရေးရာကျွမ်းကျင်စွာဖြင့် ဂျပန်နယ်ချဲ့စစ်ပွဲတွင် ထိုင်းနိုင်ငံအတွင်းနယ်မြေကို အသုံးပြုခွင့်ပေးခဲ့သည်။

ရန်ကုန်မြို့သူမြို့သားတို့ အသစ်ပြန်လည်တည်ဆောက်ထားသော ၁၈၆၀ခုနှစ်မှ ၁၉၄၀ကာလအတွင်း ဤမျှကြီးသောဆုံးရှုံးမှုအခြေအနေမှာ ဤတစ်ကြိမ်သာရှိသည်ဟု ဆိုနိုင်ပါသည်။ ထိုနေ့သည် ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၂၃ရက်နေ့ဖြစ်သည်။ အရေအတွက်မှ်ကျော်သော ဂျပန်ဗုံးကြဲလေယာဉ်များသည် ရန်ကုန်၏အချက်အချာကျနေသော နေရာများသို့ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဂျပန်တို့စစ်ကြီးသည် ၁၉၄၂ ဇန်နဝါရီလ တတိယပတ်ဖြစ်သည်။

၁၉၄၂ခု၊ မတ်လ၈ရက်နေ့တွင် ဘီအိုင်အေတပ်မတော်နှင့် ဂျပန်တပ်များ ရန်ကုန်သို့ဝင်လာခဲ့သည်။ ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် သခင်ထွန်းအုပ်ခေါင်းဆောင်သော (The Burma Baho Government) မြန်မာနိုင်ငံဗဟိုအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

ဗဟိုအစိုးရအဖွဲ့နှင့် ဂျပန်ကွန်မန်ဒါခေါင်းဆောင်(The Japanese commander in Chief in Burma, General ShojiroIida) ဗိုလ်ချုပ် ရှိုဂျီရိုအီဒါတို့ သဘောထားမကိုက်ညီမှုကြောင့် ၁၉၄၂ခုနှစ် ဇွန်လ(၅)ရက်တွင် ဗဟိုအစိုးရကို ဖျက်သိမ်းလိုက်သည်။ ထို့နောက် ကြားဖြတ်အစိုးရဖွဲ့ပေးပြန်သည်။ ဒေါက်တာဗမော်သည် ကြားဖြတ်အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပါသည်။ အစိုးရ(၂)ကြိမ်ပြောင်းသွားသော်လည်း ရန်ကုန်ကား မပြောင်းလဲခဲ့ချေ။ ဂျပန်နယ်ချဲ့သည် ရန်ကုန်တွင် မှတ်သားစရာ အဆောက်အဦများကိုပင် ပြုပြင်ခြင်းမရှိခဲ့ချေ။

မြို့နေလူထုသည် သန့်ရှင်းရေးကို ဂျပန်တို့၏ အမှုထမ်းနိုင်းမှုဖြင့် ရပ်ကွက်တိုင်းမှာ မြို့နေလူထုသည် သန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ရသည်။ အထိုက်အလျောက်သန့်ရှင်းမှု ရှိလာသော ရန်ကုန်သည် အကောင်းမသေးနိုင်သေးသောလူနာနှင့် တူနေခဲ့လေသည်။

**မြူလင်း**



## ဗားကရာကုန်းမူထက်က မဟာသကျမုနိဘွဲ့တော်ဆောင်

# တိလောကထီး၊ ကိုးထပ်ကြီးရုပ်ပွားတော်

မောင်မြတ်မွန်(ဆူးလေ)

"တို့ကိုထင်လွဲ၊ ကုန်းတိုက်ဆဲ၊ မျိုးကွဲမြွေမျိုးဖြစ်ပါသည်။
ဖားကားမြန်မာ၊ ခုအခါ၊ မှသားချေမှုန်းအောင်နိုင်ပြီး
သစ္စာမှန်ထား၊ တိုင်းပြည်အား၊ ကြီးမားစောင့်ရှောက်ကုသိုလ်မည်"
ဟု ၂၀ ရာစုခေတ်ဦးတွင် ပြန့်လည်နိုးကြားလာသည့် ဝံသာနုရက္ခိတ စိတ်ဓာတ်ဖြင့်
ရေးစပ်သီကုံးပေးထားသော မှတ်သားဖွယ်ရာ လင်္ကာလေးဖြစ်သည်။







၂၈ ရာစုခေတ်ဦးတွင် တိုင်းရင်းသားခေါင်းဆောင်များကလည်း ''ဘာသာ၊ မျိုး၊ စာရိတ္တ''တို့ ပြန်လည်ပြုပြင်လာစေလိုသော ''စေတနာ ပတိတ်''ဖြင့် ရန်ကုန်မြို့ကြီးအား ဝန်းရံနေသော ''တောရကြီး''များ တွင် ကိုလိုနီထမ်းပိုးအောက်မှ မြန်မာတို့ လွတ်မြောက်ကာ အထပ် ထပ်အခါခါ အောင်မြင်မှုကြုံရစေရန် ရည်သန်ပြီး အထပ်ကြီး ဘုရားများကို တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်ပေသည်။

## အထပ်ကြီးရုပ်ပွားတော်များ တည်ထားကိုးကွယ်မှုသမိုင်းကြောင်း

မြတ်ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်တွင် သက် တော်ထင်ရှား မြတ်ဘုရားကိုယ်စား ''သရီရဓာတ်တော်၊ မွေတော် ဓာတ်''များအား ဌာပနာကာ ''ထူပါ၊ ပုထိုး ရုပ်တုနှင့် စေတီတော် များ''ကို တည်ထားကိုးကွယ်ခဲ့ကြခြင်းဖြစ်ပေသည်။ ကြီးကြီးမားမား ရုပ်တုတော်များတွင် ''မန္တလေးကျောက်တော်ကြီး''နှင့် ''စစ်ကိုင်း ငါးထပ်ကြီး''တို့ကို စံပြုထားသည်။ မန္တလေး ကျောက်တော်ကြီးကို စကျင်ကျောက်ဖြင့် ထုဆစ်ထားကာ၊ စစ်ကိုင်းငါးထပ်ကြီးမှာမူ အင်္ဂတေဖြင့် ထုလုပ်မှုဇော်ထားခြင်း ဖြစ်ပေသည်။ ရန်ကုန်မြို့တွင် တည်ထားကိုးကွယ်သည့် ''အထပ်ကြီးရုပ်ပွားတော်''များကို ''စစ်ကိုင်းငါးထပ်ကြီးဘုရား''အလား အင်္ဂတေဖြင့်ပင် ထုလုပ်မှုဇော် ထားခြင်း ဖြစ်ပေသည်။ ဦးစွာ ''မဟာသက္ကျ အတုလမာရ်အောင်'' ဘွဲ့တော်ဆောင် ငါးထပ်ကြီးရုပ်ပွားတော်ကို ကောဇာ-၁၂၆၂/ခရစ်-၁၉၀၀ ပြည့်နှစ်တွင် အရှေ့တောရ တောအုပ်ကြီးအတွင်းဝယ် သမာဓိမြို့ဝန် ဦးဘိုးအောင်နှင့် ဇနီး ဒေါ်စိမ်းရင်မိသားစုက တည်ထားကိုးကွယ်ခဲ့သည်။ ကောဇာ ၁၂၆၉/ခရစ် ၁၉၀၇ ခုနှစ်တွင် တိုင်းရင်းသားခေါင်းဆောင် ဆာဘိုးသာနှင့် ဇနီး ဒေါ်ပုတို့က ''ရှင်ပင်ကျော် ဟည်း ခြောက်ထပ်ကြီး ရုပ်ပွားတော်''ကို ငါးထပ်ကြီးရုပ်ပွားတော်၏ အရှေ့မြောက်ဘက် တောင်ကုန်းမူထက်ရှိ တောအုပ်ကြီးအလယ် တွင် တည်ထားကိုးကွယ်ခြင်း ဖြစ်ပေသည်။ ထိုစဉ်က ရွှေမုံ/ဂုံတိုင် လမ်းမကြီး မဖောက်လုပ်ရသေးသောကြောင့် ခြောက်ထပ်ကြီး ဘုရားဖူးသွား ခရီးစဉ်သည် တောနှင့် တောင်စွယ်ကြားက ကျိုက် ထီးရိုးဘုရားဖူးသွား ခြေလျင်တောလမ်း ခရီးစဉ်အတိုင်း တော အထပ်ထပ်နှင့် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ပြီး သွားရောက်ခဲ့ ကြရပေသည်။

## အနောက်တောရကြီး အဝန်းအဝိုင်းတွင် ပွင့်ထွန်းတော်မူလာသော တိလောကထီး ကိုးထပ်ကြီး

''ရန်အပေါင်းကုန်စင်မှ အထိမ်းအမှတ်ဖြင့် ကောဇာ ၁၃၁၇/ ခရစ် ၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ



တည်ဆောက်ပေးခဲ့သည့် ရန်ကုန်မြို့သည် အေးချမ်းဆိတ်ငြိမ်သော ဘုရားဖူးဆိပ်ကမ်းမြို့ ဖြစ်သည်။ မြတ်ဘုရားရွှေတိဂုံကို တောရကြီး များဖြင့် ဝန်းရံထားသည်။ အရှေ့ယွန်းယွန်း ငါးရာတွင်း(တစ်မိုင်ခန့်) အကွာတွင် အရှေ့တောရ(တောအုပ်ကြီး)ရှိသည်။ ရွှေတိဂုံခြေတော် ရင်းတွင် အလယ်တောရ(ဦးပြားတောရ)နှင့် ကြားတောရတို့ ရှိသကဲ့ သို့ အနောက်ဘက်အလားအလာတွင် ''အနောက်တောရကြီး''ဟု အမည်ရသည့် ''ဗားကရာတောရကြီး'' ဒီလာဆီး၍ တည်ရှိနေ သည်။ ဗားကရာ/ဗားဂရာဟူ၍ ရေးသားသုံးနှုန်းနေကြသကဲ့သို့ အဓိပ္ပါယ်ဝစနက် ယူဆချက်များကလည်း အထွေထွေအပြားပြား ရှိနေပေသည်။ ပထမယူဆချက်မှာ - ''အမရပူရနေပြည်တော်ရှိ ဗားကရာကျောင်းတိုက်မှ ရဟန်းသံဃာတော်များသည် သာယာဝတီ မင်း၏ ရန်ကုန်(ဥက္ကလာပ အောင်မြေရန်နှင်) ကာလတွင် စတင်ကြွ ရောက် သီတင်းသုံးခဲ့ကြသည်ကို အကြောင်းပြုကာ ကျောင်းတိုက် အမည်ကို ''ဗားကရာကျောင်းတိုက်''အမည်ပေးခဲ့ရာမှ ''ဗားကရာ''

''ဒီရေရောက်ရာအရပ်ဖြစ်၍ ဗားကရာချောက်ကြီးဘေးတွင်'' ခရာသူးချုံများ ဝန်းရံပေါက်ရောက်နေသည်။

ထို့ပြင် ဗားကရာ(မွန်)အသံထွက် 'ဗယ်ကရား'၏ အဓိပ္ပါယ်မှာမူ ''ချောက်ကမ်းပါးဖြစ်ပေရာ မြေပြင်သက်သေအဖြစ်

''ဗားကရာ ချောက်ကမ်းပါးကြီး'' ထင်ရှားရှိနေသည်။

အမည်တွင်လာသည်ဟု ဖြစ်သည်။ (စလင်းမြို့မှ ဆရာတော်ကြီး လာရောက်သီတင်းသုံးခဲ့သော ကြည့်မြင်တိုင်မြို့နယ်က ''စလင်းကျောက်တိုက်'' အမည်တွင်လာသည်ကို ''အေးငြိမ်းခဲ့ထည်၊ စလင်းတည်''ဟု လက်ဘွယ်ပေးထားသကဲ့သို့ပင် ဖြစ်ပေသည်။)

ဗားဂရာဟု မွန်ဘာသာဖြင့် ရေးသားသုံးနှုန်းမှုကို ဗား=ခရေ (ချယား)ပင်+ဂရာ=ဘုန်းကြီးကျောင်းဖြစ်၍ ''ခရေပင်ရှိသော ဘုန်းကြီးကျောင်း''ဟု အဓိပ္ပါယ်ကောက်ယူမှုလည်း ရှိပေရာ၊ မြေပြင်တွင်လည်း ''ဗားကရာ စာသင်ကျောင်းတိုက်''အတွင်း၌ ခရေပင်များ တစ်အုပ်တစ်မ ရှိနေဆဲဖြစ်သည်ကို တွေ့မြင်နိုင်ကြသည်။ အခြားအယူအဆတစ်ရပ်အရ– ''ဗားကရာ(မွန်)အသံထွက် ဘာကာရ်=ခရာပင်များဝိုင်းနေသော ဘုန်းကြီးကျောင်း''ဟု ဖြစ်သည်။ ဗားကရာလမ်းသည် ပြည်လမ်းမှသည် ရန်ကုန်မြစ်(ခ)လှိုင်မြစ်ကမ်းတစ်လျှောက် သွယ်တန်းဖောက်လုပ်ထားသော Kemmindine Strand Road ဟု ခေါ်သည့် အောက်ကြည့်မြင်တိုင်လမ်းအထိ ဖြစ်သည်။ ထိုလမ်း မဖောက်ရသေးမီက ''ဒီရေရောက်ရာ အရပ်ဖြစ်၍ ဗားကရာချောက်ကြီးအောက်တွင်'' ရေဆွဲချိုင့်များ ဝန်းရံပေါက်ရောက်နေသည်။ ထို့ပြင် ဗားကရာ(မွန်)အသံထွက် 'ဖယ်ကရား'၏ အဓိပ္ပါယ်မှာမူ ''ချောက်ကမ်းပါးဖြစ်ပေရာ မြေပြင်သက်သေအဖြစ် ''ဗားကရာ ချောက်ကမ်းပါးကြီး'' ထင်ရှားရှိနေသည်။ ရန်ကုန်–ပြည် မီးရထားလမ်း ဖောက်လုပ်ရာတွင် အခက်ခဲဆုံးနှင့် အန္တရာယ်အများဆုံးနေရာဟု မှတ်တမ်းပြုထားသည်။ မူလသဘာဝ ချောက်ကမ်းပါးအနက်မှာ ပေ ၂၀ ကျော်သော်လည်း မြေအောက်မြောင်းနှင့် ကားလမ်းများကြောင့် ကားလမ်းနှင့် ရထားလမ်းတို့၏ ကင်းလွတ်အမြင့်မှာ ၁၂ ပေမျှသာ ရှိတော့သည်။ ထို ဗားကရာချောက်ကို ဖြတ်သန်းတည်ဆောက်ထားသော ကားလမ်းကျော် မီးရထားလမ်းကူးတံတားသည် ရန်ကုန်မြို့၏ တစ်ခုတည်းသော တံတားကြီးဖြစ်ကာ၊ ရှေးဟောင်းလက်ရာ စာရင်းဝင် ကြည့်မြင်တိုင်ဘူတာအနီးတွင် တည်ရှိသည်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ''သပိတ်စုံသူပုန်ထ''သည့် ကာလတွင် ကွန်မြူနစ်(သခင်သန်းထွန်းအုပ်စု)က ဆိုရှယ်လစ် (ဗိုလ်ချုပ်အောင်ဆန်းအုပ်စု)ကို ''ဆိုရှယ်လစ်အရိုးတွေနဲ့ ဗားကရာချောက်ကို ဖို့ပစ်မယ်''ဟု သမိုင်းတင် ကြိမ်းဝါးခဲ့မှုသည်။ ဗားကရာ မီးရထားလမ်းကူးတံတားသည် ယခုအခါ ရန်ကုန်–သာရဝေါ–ပြည် ရထားများအတွက်သာမက မြို့ပတ်ရထားများအတွက်ပါ အကျိုးပြု၍နေပေသည်။

## မဟာသကျမုနိ ဘွဲ့တော်ဆောင် တိလောထီး ကိုးထပ်ကြီး၏ ဝိသေသထူးတွေ၊ အထွေထွေ

တိလောကထီးကိုးထပ်ကြီး တည်ထားကိုးကွယ်ရာ ''ဗားကရာကုန်းမှု၊ ဗားကရာလမ်း။ စမ်းချောင်းမြို့နယ်သည် ''ငါးမည်ရမြို့ ရန်ကုန်တွင်ပါဝင်ခဲ့သည့် ရွှင်တောမြို့ အဝန်းအဝိုင်းတွင် ပါဝင်ခဲ့သည်။ Reconstruction of Modern Rangoon မြို့ကွက်ကာလက ''ရှမ်းရွာ''အမည်ရခဲ့သည်။ ပဒုမ္မာကွင်းတည်ရာအထိ စမ်းချောင်းကလေး ရစ်ခွေစီးဆင်းနေသည်ကို အကြောင်းပြုကာ ''ကြည့်မြင်တိုင် အရှေ့တိုက်နယ်''အမည်မှ ''စမ်းချောင်း''အမည်တွင်လာခြင်းဖြစ်သည်။ ထိုစမ်းချောင်းကလေးတွင် ၂၀ ရာစုခေတ်ဦးက ထူးခြားစွာ ဗားက မြေကိုပြန်မြို့နေသော ဖြစ်စဉ်ကို ''တဘောင်အတိတ်၊ အောင် နိမိတ်ယူကာ ''ဗားကားမြန်မာ''ဟု လက်သွယ်ပြီး ''ဝံသာနုရက္ခိတ စိတ်ဓာတ်''ကို ပြန်လည်နိုးထအောင် စွမ်းဆောင်နိုင်ခဲ့ပေသည်၊ ထို ဖြစ်စဉ်ထူးကို အထိမ်းအမှတ်ပြု၍ ''တိလောကထီး၊ ကိုးထပ်ကြီး ရုပ်ပွားတော်မုခ်ဦးဝ''တွင် ထားရှိသည့် သံသေတ္တာအလှူခံပုံးကြီး နှစ်ပုံးထက်တွင် ''ဖားနှင့်မြွေ'' ရုပ်တုများ ထုလုပ်ထားရှိထားသည်ကို ဘုရားဖူးလာသူများ ယနေ့ထိတိုင် လေ့လာတွေ့မြင်နိုင်ကြပါသေးသည်။

မဟာသကျမုနိဘွဲ့တော်ဆောင် တိလောကထီး ကိုးထပ်ကြီး ရုပ်ပွားတော်မြတ်ကြီးကို ရန်ကုန်မြို့ရှိ အထပ်ကြီးရုပ်ပွားတော်များတွင် စံချိန်တင် ဉာဏ်တော်အမြင့်ဆုံးအဖြစ် ကိုးထပ်ကြီးအမြင့်ထိ မြှင့်တင်ကိုးကွယ်ထားခြင်းဖြစ်သည်။ ကောဇာ–၁၂၆၇၊ ခရစ်–၁၉၀၅ ခုနှစ်တွင် တိုင်းရင်းသား စနူရှင်ဘုရားဒါယကာကြီး ဦးကျော်နှင့် ဒါယိကာမကြီး ဒေါ်လှကြီးတို့က မတည် တည်ထားကိုးကွယ်ထားခြင်းဖြစ်သည်။ သက်တမ်းတစ်ရာကျော် ရှိနေပြီဖြစ်၍ ''ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်းအထိမ်းအမှတ်တည်ရာဇုန် Monument Zone(M.Z)'' အဖြစ် သတ်မှတ်ထားပြီးဖြစ်သကဲ့သို့ မြန်မာ့ခရီးသွားနှစ်ကို အထိမ်းအမှတ်ပြုကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ် ၁၄၅ ၌လည်း သတ်မှတ်ထည့်သွင်းထားပြီး ဖြစ်ပေသည်။ ရုပ်ပွားတော်မြတ်ကြီးသည် တိလောက=လောကသုံးပါးအား 'ထီး'ဖြင့် မိုးပေးထားသည့်အလား အစဉ်ထာဝရ အေးချမ်းနိုင်ကြမည့် နိမိတ်ပုံကြောင့် ''တိလောကထီး၊ ကိုးထပ်ကြီး''ဟု အများသူငါ သိရှိခေါ်ဝေါ်နေကြသော်လည်း မူလဘွဲ့မည်သည်ကား ''မဟာသကျမုနိ''ဖြစ်ပေသော ကြောင့် ''မဟာသကျမုနိ''ဘွဲ့တော်ဆောင်ဟု





တာမှုည်းတင်လိုက်ခြင်း ဖြစ်ပါပေသည်။ ရုပ်ပွားတော်ကြီး၏ ပုံတော်ကား ''ဘုန်းခေါင်ထွတ်ဖျား မြတ်ဘုရားက ပရိသတ်လေးပါး (လူ၊ နတ်၊ ဗြဟ္မာ၊ သိကြား) တို့အား တရားဓမ္မ ဟောမြွက်တော်မူနေဟန်'' ထုဆစ်ပုံဖော်ထား ခြင်းဖြစ်သည်။ ရုပ်ပွားတော်မြတ်ကြီး အတွင်းဝယ် ''သရီရဓာတ်တော်'' အား ''ရတနာအမျက်ကျောက်၊ ရွှေကြုတ်၊ ငွေကြုတ်များအတွင်း ထည့်သွင်းပြီး ဘုံသုံးဆင့်ရှိသော ဌာပနာတိုက်အတွင်း၌ ထည့်သွင်းပူဇော်ထားရှိပေသည်။

တိလောကထီး ကိုးထပ်ကြီးရုပ်ပွားတော်၏ ဉာဏ်တော်အမြင့်မှာ ''၄၃ တောင် တစ်မိုက်၊ ပလ္လင်တော်၏ မြေပြင်မှအမြင့်က ၄ တောင် တစ်မိုက်''ရှိသည့်အတွက် ''တိလောကထီး ကိုးထပ်ကြီး'' ဘွဲ့မည်ဆောင်နေခြင်း ဖြစ်ပါပေသည်။ ရုပ်ပွားတော်မြတ်ကြီးစံရာ ''သံတန်ဆောင်း''ကြီးသည် ကြီးမားကျယ်ဝန်းမြင့်မတ်လှသော်လည်း မြန်မာမှုလက်ရာ အမွှမ်းအပြောက်များ လုံးဝမပါဘဲ ''ဗိတိုရီယခေတ် ပုံစံ'' ''ဆုလုံးပုံ'' Dome Type နှင့် တည်ဆောက်ထားခြင်းဖြစ်သည်။ သံတန်ဆောင်းတော်ကြီး တည်ဆောက်ရန် ''သံထည်များ''များကို A.Scott Co.,Ltd က နိုင်ငံခြားမှတင်သွင်းပေးကာ၊ တာဝန်ယူတည်ဆောက်မှုကို A.C Martin Co.,Ltd က ဦးစီးဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့်ပင် မြန်မာမှုပုံစံ မပါဝင်ခြင်း ဖြစ်ပေသည်။

တိလောကထီး ကိုးထပ်ကြီးရုပ်ပွားတော်တည်ရာ ဗားကရာကုန်းမှုသည် မြတ်ဘုရားရွှေတိဂုံ၏ အရံကုန်းတော် ၉၉ ကုန်းတွင် ပါဝင်သည်။ ထိုတောင်ကုန်းမှု၏ ဥပစာတွင် ၁၂ ရာသီပတ်လုံး မှုင့် ဖူးနေသည့် ''အင်ကြင်းပင်ကြီး''များ ရှိနေဆဲဖြစ်သကဲ့သို့ ''နန္ဒဝန် ဥယျာဉ်အလား ပန်းမျိုးစုံ''ဖြင့် ပူဇော်ထားခဲ့သော ပန်းဥယျာဉ်ကြီးနေရာတွင် ယခုအခါ ''ပန်းဥယျာဉ်ငယ်လေး''သာ ရှိပေတော့သည်။ မုခ်ဦးအဝတွင်မှ တိလောကထီး ကိုးထပ်ကြီးဘုရားသမိုင်း ကျောက်စာချပ်ကြီးနှင့် ပါဒစေတီတော်နှစ်ဆူကို ဦးစွာဖူးမြော်လှလာဖတ်ရှု နိုင်ကြပေသည်။ ထို့ပြင် တဝ ''လာဘ်ခေါ်နတ်ရုပ်''ဟု မြန်မာမှုပြုထားသည့် Mascot ကျိန်းကိုင်နတ်ရုပ် နှစ်ရုပ်လည်း ထူးခြားစွာ တည်ရှိနေပါသေးသည်။ အနောက်တောရကြီးသည် ''ရွက်လည်း စိမ်းစိမ်း၊ ရိပ်လည်းဆိုင်းဆိုင်း''ဖြစ်စေမည့် တောစိုးရုက္ခမှုပင်မြင့်၊ ပင်စောက်ကြီးများသာမက ခရာဆူးချုံနှင့် ကပ်စေးနဲတောများအပြင် ''ဗားကရာချောက်ကြီး''ကလည်း ဖီလာဆီပြီး ကြီးမားသည့် လမ်းခရီး အဟန့်အတားဖြစ်ခဲ့ဖူးသည်။ ထိုသို့ တောတောင်ချောက်ကမ္ဘား ထူထပ်သည့် ရပ်ဝန်းဖြစ်ခဲ့သည့်အတွက် ''တောင်ပြုန်းမင်းညီနောင်အား တိလောကထီး ကိုးထပ်ကြီး ပရဝုဏ်ကို ကာကွယ်စောင့်ရှောက်ပေးရန် အမိန့်ပြန်တမ်း ထုတ်ဆင့်ခဲ့ရသည့် နိမိတ်ပုံအဖြစ် အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း ရုပ်တုများထားရှိရာနန်းနှင့် အမိန့်ပြန်တမ်း ကမ္ပည်းကျောက်စာတိုင်များကိုပါ လှေလာတွေ့ရှိနိုင်ကြပေသည်။ မျက်မှောက်ကာလတွင်ကား–''မဟာသကျမုနိ''ဘွဲ့တော်ဆောင် တိလောကထီး ကိုးထပ်ကြီး ရုပ်ပွားတော်သည် ''ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်သူများ၏ အဓိဋ္ဌာန်ပြုရာ''တွင် ပါဝင်နေသည့် ရုပ်ပွားတော်မြတ်ကြီး ဖြစ်နေပေသည်။

ယခုအခါ သွားရေးလာရေး လွယ်ကူချောမွေ့သော ဗားကရာလမ်းမကြီးပေါ်တွင် တည်ထားကိုးကွယ်ထား၍ ကိုယ်ပိုင်ယာဉ်၊ အငှား ယာဉ်၊ YBS ယာဉ်များဖြင့်လည်းကောင်း၊ မလှမ်းမကမ်းတွင် တည်ရှိနေသော စမ်းချောင်းမြို့နယ်အတွင်းက ကြည့်မြင်တိုင် ဘူတာမှ မီးရထားခရီးစဉ်ဖြင့်လည်းကောင်း၊ မပင်မပန်း ရွှင်လန်းစွာလာ ရောက်ဖူးမြော် အဓိဋ္ဌာန်ဝင်နိုင်သည့် ''ပတိရူပ''နေရာမြတ်ရှိ လောကသုံးပါးအား အေးချမ်းသာယာစေမည့် ''တိလောကထီး ကိုးထပ်ကြီး'' ရုပ်ပွားတော်မြတ်ကြီးပါပေတည်း။

**မောင်မြတ်မွန်(ဆူးလေ)**

# တမာတန်းက အလွမ်းငွေ့

ရွှေအညာ သာစခန်း ဆီသို့
နွေအခါ လာစမ်း ပါကွဲ့
တမာပန်း တို့ ဝေဝေဆာ။

လေသွေးချို ယဉ်စွာသင်း ပါလို့
ရေအေးကြည် သင်ဖြာခင်း ရယ်က
ပင်ရင်းခြေမှာ။

ချွေးစိုစို ခြောက်နေ့နွမ်း ရင်ဖြင့်
အေးချိုချို သောက်ရေချမ်း ကိုလ
ရောက်လေနန်း မြန်းမကြာ
လှမ်းကာကွဲ့သောက်ငြား။

အေးရိပ်ကိုမှီ
မှေးအိပ်သည့် အပန်းဖြေ ပါလို့
မန်းမြေရွှာ ယာတော မှာက
သာမောစွာ စိတ်ရင်အေး တယ်
(ကွယ်) ချွေးသိပ်လို့နား။

အလင်းသစ်(ရွှေဆည်မြေ)



# ပိတောက်ပျို့ ငိုတဲ့ည



မှုံဝါကြယ်အဆင်း ကားစီးလို့
လင်းအားကြီးအရောက်လာ။
ပိတောက်မေ သပြေခက်က
ကွယ်ဝှက်မျက်နှာ။
ရှက်ပြုံးလေး သွှမာယာ
မိုးဒေဝါ ဖွဖွအနမ်း။
သူရိန်မောင် အနေခက်မို့
ရွှေပက်လို့ဖြန်း။

နှစ်ကိုယ်တူ ချစ်ရည်လူးကြ
ချစ်ဖူးလှအနိုင်နိုင်။
အရှက်ဟုန် ရှက်ကုန်လွှင့်တော့
ပွင့်ပေါ်ဖြိုင်ဖြိုင်။
ဖော်တစ်သင်းလှိုင်လှိုင်
ပျော်သီချင်းဖြိုင်ဖြိုင်
မပိုင်ဘဝကိုသူမေ့။
အနောက်နေရထားကြီးက
ဘီးတရွေ့ရွေ့။

ကြတ္တိကာ ကြယ်ယမင်းတို့
အလှချင်းပြိုင်ယှဉ်မီ။
ဝဋ္ဋာတနို ပြာညိုသန်းတော့
နီဒါန်းမျက်ရည်။
အပျိုမဖြင့်ငိုရပြီ
ချိုမြပလီ မောင့်အယုအယ။
ယုံမှတ်ပါလို့
ပုံအပ်မိ သခင့်ဒဏ်ရာတွေက
ညဉ့်ယံမှာ ဝေမတင့်ပြီထင့်
ရွှေတစ်ပွင့်စီကြွေ . . .ကြွေဟလို့
ခြွေ . . .ခြွေချရက်သမျှ
မြေ . . .မြေခသက်မှ
(အမှုန်ရယ်)
ဖြေရခက်ပဲ့။ ။

ခက်လှိုင်းကျော်

# အမျိုးသားရေးဆတိုးကြို

ဟိုမှာကြည့်စမ်း
ကြမ်းတမ်းဆိုးဝါး စစ်မီးပွားကို
တစ်ပါးပြည်မှာ မြင်နိုင်စွာ။

ဟိုမှာကြည့်စမ်း
ဖြောင့်တန်းထင်ရှား လမ်းတံတားနှင့်
တစ်ပါးပြည်ရွာ နေချင်စရာ။

ဟိုမှာကြည့်စမ်း
စူးစမ်းလေ့လာ ထက်သန်စွာလျှင်
ပညာလိုက်စား သူ့ပြည်သား။

ဟိုမှာကြည့်စမ်း
ထမ်းရွက်ညီညာ ပြည့်ဝန်တာတိုင်း
ဖယ်ခွာအတ္တ သူ့ပြည်အလှ။

တို့တွေ တို့လည်း သွေးမကွဲနှင့်
မြင်ဆဲများစွာ သင်ခန်းစာဖြင့်
ပြည်ရွာရှေ့ရေး ပန်းတိုင်မဝေးဖို့
အတွေးမြင်မှား အမှန်းပွားသည့်
စကားသိမ်ဖျင်း ကဲ့ရဲ့ခြင်းတို့
ခံတွင်းမတွေ့ ယခုမေ့ကြ
ပျော်မွေ့ဆွေးနွေး မျိုးချစ်သွေးဖြင့်
ဦးဆွေးဆံမြည့် သစ္စာနှံ့
အမျိုးသားရေး ဆတိုးကြို။ ။

ပိုဦး(ဝန့်ဂေါ)





# လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားသင့်တဲ့ အချက်များ

ဇော်ဟိန်း





မြန်မာနိုင်ငံဟာ မြေကေပေါင်း ၁၆၇ သန်းကျော် ပိုင်ဆိုင်ထားပြီး စိုက်ပျိုးနိုင်တဲ့ မြေဧက သန်း ၃၀ ကျော်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ လူဦးရေ ၅၁ သန်းကျော် ရှိပြီး ကျေးလက်ပြည်သူ ၇၀ ရာခိုင်နှုန်း၊ မြို့ပြအခြေပြု ၃၀ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ လူဦးရေ တိုးတက်မှုနှုန်းက ၀ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ပျမ်းမျှ လူ့သက်တမ်းက ၆၅ နှစ်ဖြစ်တယ်လို့ သိရပါတယ်။ အသက် ၂၈ နှစ်နဲ့ ၃၀ ကြား လူငယ်များကို သက်လတ်တမ်းအဖြစ် သတ်မှတ်ထားပါတယ်။ လူဦးရေရဲ့ ၉၂ ရာခိုင်နှုန်းက စာတတ်မြောက်ကြတယ်ဆိုပေမယ့် ရေးတတ်၊ ဖတ်တတ်ရုံအဆင့်ပဲ တတ်မြောက်ကြတဲ့ ကျေးလက် ပြည်သူတွေကို ထည့်သွင်းတွက်ချက်ထားတာဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာအရ ကျောင်းသား ကျောင်းသူပေါင်း နှစ်စဉ် ပျမ်းမျှကိန်း ၁၀ သန်း ပတ်ဝန်းကျင်ရှိပြီး မူလတန်းကျောင်းသားဦးရေက ၆၁ ရာခိုင်နှုန်း ပါဝင်ပါတယ်။ အဆင့်မြင့်ပညာတန်းနဲ့ တက္ကသိုလ်အသီးသီးအထိ ပညာသင်ကြားကြသူပေါင်းဟာ ၆ ရာခိုင်နှုန်းလောက်ပဲရှိတယ်လို့ ဆိုပါတယ်။ အများအားဖြင့် မူလတန်းအဆင့်မှာပဲ ကျောင်းကထွက်ပြီး ကလေးလုပ်သားတွေ ဖြစ်သွားပုံရပါတယ်။

ကျောင်းသားဦးရေ ၁၀၀ မှာ ၆ ယောက်လောက်ပဲ တက္ကသိုလ်အဆင့်ကို တက်ရောက်သွားလို့ ပညာသင်ယူနိုင်ကြ တယ်ဆိုပေမယ့် မြန်မာနိုင်ငံရဲ့ တက္ကသိုလ်ပညာရေးအခြေအနေဟာ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီး ၁၉၆၄ ခုနှစ်မှာ ပညာရေးစနစ်သစ်ကြောင့် တစ်စစယိုယွင်းလာပြီး ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ဒေသတွင်း ပညာရေးရေချိန်ကို လိုက်မမီနိုင်တော့တဲ့ အနေအထားကို ရောက်ရှိသွားပါတယ်။ မြန်မာနိုင်ငံ အနှံ့အပြား ဘာသာရပ်ဆိုင်ရာ ဘွဲ့ရသူတွေများပေမယ့် တိုင်းပြည်ရဲ့ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကို အထောက်အကူပြုနိုင်မယ့် ပညာရှင်ဟာ တစ်စထက်တစ်စ ခေါင်းပါးလာတဲ့အတွက် ပညာရေးစနစ်ကို နိုင်ငံတကာအဆင့် ပြန်ရောက်အောင် ကြိုးပမ်း နေရတဲ့အခြေအနေ ဖြစ်လာပါတယ်။ အတတ်ပညာ၊ နည်းပညာပိုင်းမှာ နောက်ကျကျန်ခဲ့တဲ့ မြန်မာနိုင်ငံဟာ ငွေကြေးအရင်းအနှီး ချို့တဲ့လာတဲ့အတွက် ကုန်ထုတ်လုပ်မှုပိုင်းမှာပါ ကျဆင်းခဲ့ရပြီး သယံဇာတတွေကို အတုံးလိုက်အတစ်လိုက် ပြန်ရောင်းခဲ့ရရုံမျှမက မြန်မာ့ကုန်စည်ဈေးကွက်မှာလည်း နိုင်ငံခြားသွင်းကုန်များကသာ နေရာယူထားတာကို တွေ့မြင်ကြရပါတယ်။ မြန်မာ့ဈေးကွက်ဟာ ကုန်ထုတ်လုပ်သူ ဈေးကွက် မဟုတ်ဘဲ စားသုံးသူဈေးကွက်သက်သက်မျှ ဖြစ်လာပြီး ပြည်တွင်းထုတ်ကုန်ဟာ ပြည်တွင်း စားသုံးသူအတွက်သာ ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေမယ့် လျော့ရွေးစီမံကိန်းများနဲ့ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် မြန်မာ့စီးပွားရေးဟာ နာလန်မထူနိုင်သေးဘဲ လုံးခြာလိုက်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှု၊ နှစ်ရှည် ပြည်တွင်းစစ်ဖြစ်ပွားနေမှု၊ အဂတိလိုက်စားမှု၊ ဥပဒေကြောင်းအရ ပြည်သူကို ထိထိရောက်ရောက် အကာအကွယ်မပေးနိုင်မှု၊ မူးယစ်ဆေးဝါးနယ်ပယ် ကျယ်ပြန့်လာမှုတွေကလည်း တိုင်းပြည်ကို ချောက်ထဲဆွဲချသလို ဖြစ်နေပါတယ်။ ၂၀၁၀ ပြည့်နှစ် အရပ်သားတစ်ပိုင်း၊ စစ်တစ်ပိုင်းလို့ဆိုရမယ့် ဒီမိုကရေစီအစိုးရအဖွဲ့ တက်ရောက်လာတယ် ဆိုပေမယ့် ဒီမိုကရေစီလမ်းကြောင်း၊

မြန်မာနိုင်ငံအနှံ့အပြား ဘာသာရပ်ဆိုင်ရာ ဘွဲ့ရသူတွေများပေမယ့်
တိုင်းပြည်ရဲ့ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကို
အထောက်အကူပြုနိုင်မယ့် ပညာရှင်ဟာ
တစ်စထက်တစ်စ ခေါင်းပါးလာတဲ့အတွက် ...



ဈေးကွက်စီးပွားရေးစနစ်၊ ပြည်တွင်းငြိမ်းချမ်းရေး စတာတွေကို မညီကာမတ္တပဲ လုပ်နိုင်ပြီး တစ်ဝက်တစ်ပျက် ဒီမိုကရေစီ၊ ခရိုနီစီးပွားရေး၊ နယ်စပ်ဒေသတိုက်ပွဲများနဲ့သာ စခန်းသွားရင်း အစိုးရသက်တမ်း ကုန်ဆုံးသွားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဦးထင်ကျော် အစိုးရလက်ထက်မှာတော့ ပြီးခဲ့တဲ့ အမှားသင်ခန်းစာများကို ချေဖျက်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဆောင်ရွက်နေတာတွေ့ရပါတယ်။ ဒါပေမဲ့လည်း အစိုးရသစ်ဟာ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေ ကောင်းပေမယ့် ထင်တိုင်း မပေါက်နိုင်သေးဘဲ ဖြစ်နေပါတယ်။ အုပ်ချုပ်ရေးအတွေ့အကြုံ နည်းပါးမှု၊ အစိုးရယန္တရားရဲ့ ၅၀ ရာခိုင်နှုန်းလောက်ဟာ ခေတ်အဆက်ဆက် ဖြတ်သန်းအသက်ဆက်လာကြတဲ့ အတွေးအခေါ်ဟောင်းသမားတွေ ဖြစ်နေရုံမျှမက ထိပ်ပိုင်းမှာရှိတဲ့ အရာရှိကြီးများရဲ့ စီမံခန့်ခွဲမှု အားနည်းချက်၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး အမြင်ကျဉ်းမြောင်းမှု စတဲ့ပြဿနာပေါင်းစုံကို ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အစိုးရသစ်အနေနဲ့ကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရနိုင်သမျှအင်အားနဲ့ ဆောင်ရွက်သွားမယ်လို့ ပြည်သူအများကတော့ ယုံကြည်နေကြပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေး ဦးမော့လာအောင် စက်မှုနိုင်ငံ ထူထောင်ရမယ်လို့ ပြောကြတဲ့သူတွေရှိသလို၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး စက်မှုလယ်ယာမှတစ်ဆင့် တဖြည်းဖြည်း အသွင်ပြောင်းယူရမယ်ဆိုတဲ့ အယူအဆလည်းရှိပါတယ်။ သွင်းကုန် အစားထိုးစနစ်အစား ပြည်ပပို့ကုန် ဦးစားပေးရမယ်လို့လည်း အငြင်းထွက်ပါသေးတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကတော့ စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ချမှတ်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ မူသဘောဖြစ်လို့ ယေဘုယျဆန်တယ်ဆိုပေမယ့် ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေဟာ မိမိပြည်နယ်တိုင်းဒေသကြီးနဲ့ ကိုက်ညီမယ့် စီးပွားရေးဆောင်ရွက်ချက်တွေကို နိုင်ငံတော်ရဲ့ မူဘောင်အတွင်းက နည်းဗျူဟာခင်းကျင်း လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ လုပ်ရည်ကိုင်ရည်၊ စွမ်းဆောင်ရည်အပေါ် တည်မှီပြီး၊ ပြည်နယ်တစ်ခု၊ တိုင်းဒေသကြီးတစ်ခုဟာ အခြေအနေပြောင်းလဲတိုးတက်လာနိုင်ပါတယ်။ ဆိုးဆိုးထွင်းထွင်း၊ ရဲရဲတင်းတင်း၊ လုပ်ကိုင်ကြိုဆနိုင်စွမ်းမရှိဘဲ သာမန် ရုံးထိုင်၊ လွှတ်တော်တက်၊ အခမ်းအနားအဖွင့်စကား ပြော

ရှိလောက်လုပ်မယ်ဆိုရင်တော့ တိုင်းပြည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာဖို့အကြောင်း မမြင် ဘူးလို့ ဆိုရပါလိမ့်မယ်။

မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေး အခြေပြု နိုင်ငံအဖြစ် ရပ်တည်နေရတယ်ဆို တာဟာ ဒီကနေ့ အနေအထားအရ မငြင်း နိုင်တဲ့ အချက်ပဲဖြစ်ပါတယ်။ ဆိုခဲ့ပြီးတဲ့ အတိုင်း လယ်ယာစိုက်ပျိုးနိုင်တဲ့ မြေက သန်း ၃၀ ကျော်ရှိပြီး၊ လူဦးရေ ၅၁သန်း ကျော်ရှိတဲ့ နိုင်ငံဟာ သဘာဝကပေးထားတဲ့ အားသာချက်များကို အရအမိယူပြီး လယ် ယာစိုက်ပျိုးရေးအခြေခံတဲ့ စက်မှုလုပ်ငန်း တွေ ထူထောင်ခြင်းဟာ သဘာဝကျတယ်၊ လက်တွေ့ဆန်တယ်လို့ ပြောရပါလိမ့်မယ်။ တစ်ဘက်က နည်းပညာတိုးတက်အောင် ထူထောင်ရင်း စက်မှုလုပ်ငန်းတွေကို ဖွံ့ဖြိုး လာအောင် ဆောင်ရွက်ကြရပါလိမ့်မယ်။ ပြီးခဲ့တဲ့ အစိုးရများလက်ထက်မှာ စက်မှုဇုန် တွေ ဖော်ဆောင်ခဲ့တယ်ဆိုပေမယ့် စီမံခန့်ခွဲ မှု လွန်စွာအားနည်းတဲ့အတွက် မြေယာချ ပေးပြီး လုပ်ပိုင်ခွင့်သတ်မှတ်ပေးတဲ့ အစိုးရ အဖွဲ့က တစ်ပိုင်း၊ စက်မှုဇုန်ဖော်ထုတ်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက တစ်ပိုင်း၊ စက်မှုဇုန်မြေနေရာရရှိတဲ့သူနဲ့ အမှန်တကယ် စက်မှုလုပ်ငန်း လုပ်သူတွေက တစ်ပိုင်း စသည်ဖြင့် ကိုယ့်အကျိုးစီးပွားတွေကိုသာ ရှေ့တန်းတင်ပြီး လုပ်ခဲ့ကြတာကြောင့် မအောင်မြင်တဲ့ စက်မှုဇုန်တွေပဲ အဖတ်တင် ကျန်ခဲ့ပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကြည့်ရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန် ၁၂ ခု၊ မန္တလေး၊ မုံရွာ၊ မြင်းခြံ စတဲ့ တိုင်း



ဒေသကြီးနဲ့ မြို့ကြီးတွေမှာ ၁၄ ခုထူထောင် ခဲ့လို့ စုစုပေါင်းစက်မှုဇုန် ၂၆ ခု၊ လုပ်ငန်း ပေါင်း ၅၃၂၂ ခုအထိ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အမှန်တကယ် လည်ပတ်တဲ့ စက်မှုအရေ အတွက်နဲ့ မှတ်ပုံတင်လျှောက်ထားရရှိတဲ့ လုပ်ငန်းပေါင်းရဲ့ အရေအတွက်တို့ဟာ အကွဲ ကွဲအပြားပြားဖြစ်နေပြီး၊ မှတ်ပုံမတင်ဘဲ လုပ်ငန်းဆောင်ရွက်နေတာ၊ မှတ်ပုံတင်ထား သော်လည်း လုပ်ငန်းလည်ပတ်ခြင်းမရှိတာ တွေ အများအပြားဖြစ်နေတာ တွေ့ရပြန်ပါ တယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တောင် မြို့စည်ပင်ရှိုးခတ်ထားတဲ့ စက်မှုလုပ်ငန်းအမည်ခံ လယ်ကွက်တွေ၊ တစ်ဝက်တစ်ပျက်ဆောက်လုပ်ထားတဲ့ရိုးတံကျဲအဆောက် အဦတွေ မမြင်ချင်မှတဆုံး ရှိနေပါသေး တယ်။ စီမံခန့်ခွဲမှု အားနည်းရုံမျှမက ကြီးကြပ်ကွပ်ကဲမှုကင်းတဲ့ စက်မှုဇုန်များအဖြစ် ရှိနေခြင်းက မြေယာအသုံးချမှုကို မှန်မှန် ကန်ကန်၊ ထိထိရောက်ရောက် ဆောင်ရွက် နိုင်စွမ်းမရှိခြင်းရဲ့ ပြယုဂ်များ ဖြစ်နေပါတော့ တယ်။ စက်မှုဇုန်များကို အောင်မြင်စွာ အကောင်အထည် မဖော်နိုင်တဲ့အတွက် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးဟာ လွန်စွာအလှမ်း ဝေးသွားပြီး တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်မှုကို လည်း များစွာကျဆင်းသွားစေခဲ့ပါတယ်။ ဒီကြားထဲ အထူးစီးပွားရေးဇုန်များဖြစ်တဲ့ ကျောက်ဖြူ၊ သီလဝါနဲ့ ထားဝယ်လုပ်ငန်းရပ် များကို အားစိုက်လုပ်ဆောင်လာကြပြန် တော့ တည်ဆောက်ပြီး စက်မှုဇုန်တွေဟာ အလယ်လယ်ပြီး ကျန်ခဲ့ရပါတယ်။ ဒါ့အပြင် နိုင်ငံခြားနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေဟာ အထူးစီးပွားရေးဇုန်တွေဘက်ကို ရောက် သွားတယ်လို့ သုံးသပ်နိုင်ပါတယ်။

တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်ငန်းတွေမှာ ၈၀ ရာခိုင်နှုန်းလောက် ပါဝင်ဖြည့်စွမ်းနေတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ အရင်းအနှီး သွင်းအားစုတွေဟာ အသေးစားချေးငွေ အဆင့်လောက်နဲ့ တန့်သွားပြီး၊ စက်မှုဇုန်



အတွင်းက လည်ပတ်ခဲ့ လုပ်ငန်းတချို့ဟာ လည်း ချပ်တန့်သွားတယ်လို့ စစ်တမ်းများ အရ သိရှိရပါတယ်။ ဒါတွေအားလုံးဟာ စီမံကိန်း ရေးဆွဲစဉ်ကတည်းက စနစ်တကျ သုတေသနပြု၊ လေ့လာဆန်းစစ်ချက်တွေ ထုတ်၊ အဆင့်လိုက်၊ အပိုင်းလိုက် ဘယ်လို အကောင်အထည်ဖော်သွားမယ်ဆိုတဲ့ မဟာ ဗျူဟာ၊ နည်းဗျူဟာအားနည်းချက်တွေ ကြောင့်ဖြစ်ပြီး စက်မှုဇုန်နယ်မြေဆိုင်းတုတ် အပ်ရုံလောက် အဓိကထားလုပ်ခဲ့ကြခြင်းရဲ့ အကျိုးဆက်တွေကြောင့်ပဲလို့မထောက်မညှာ ပြောရပါလိမ့်မယ်။ အနိမ့်ဆုံးအဆင့်အနေနဲ့ စက်မှုဇုန်အတွင်းမှာ ဘယ်လိုကုန်ထုတ်လုပ်ငန်းတွေကို ပြည်တွင်းသုံး၊ ပြည်ပပို့ကုန် အဖြစ် ဘယ်လို စားသုံးသူတွေကို ဦးတည်ပြီး ထုတ်လုပ်မှာလဲ။ ပြည်တွင်းကုန်ကြမ်း ပစ္စည်းက ဘယ်အချိုးသုံးပြီး၊ ပြည်ပကုန် ကြမ်းက ဘယ်လောက်ပါမှာလဲ။ စက် ပစ္စည်း၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သား၊ အခြေခံ အကြမ်းထည်လုပ်သား လိုအပ်ချက် က ဘယ်လောက်လိုအပ်ပြီး ဘယ်ပုံရရှိနိုင်မှာ လဲ။ ကုန်ထုတ်လုပ်ငန်းသုံးနဲ့ လူသုံးလျှပ်စစ် လောင်စာကိုဘယ်လိုဖြည့်ဆည်းမှာလဲ၊ လုပ် သားတွေရဲ့ နေအိမ်တန်းလျား အဆောက် အဦမှအစ ပညာရေး၊ ကျန်းမာရေး၊ လူမှု ရေးနဲ့ လုပ်ငန်းဆိုင်ရာ သင်တန်းတွေကို ဘယ်လိုဆင့်ပွားပေးမှာလဲ။ လုပ်ငန်းကြီး ကြပ်မှု၊ သုတေသနနဲ့ ဖွံ့ဖြိုးရေးအစီအမံတွေ က ဘယ်ပုံဖို့ရှိမှာလဲဆိုတာအပြင် လမ်း တံတား၊ စက်ရုံသုံးနဲ့ လူသုံးရေပါလံ လို အပ်ချက်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဘယ်လိုဆောင်ရွက် မယ်ဆိုတဲ့ စီမံချက်ကောင်းတစ်ခုရဲ့ သတင်း အချက်အလက်တွေ ပါဝင်သင့်သလောက် မပါဝင်တဲ့အတွက် စက်မှုဇုန်တွေကျဆုံးသွား

**မြန်မာနိုင်ငံရဲ့ စီးပွားရေးမူဝါဒ ၁၂ ချက်အနက် အမှတ်စဉ် ၆ မှာ**
**စားနပ်ရိက္ခာ ဖူလုံစေရေးနဲ့ ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက်**
**လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနဲ့**
**စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက် ...**

ရတယ်လို့ ကောက်ချက်ချနိုင်ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးမူဝါဒ ၁၂ ချက်အနက် အမှတ်စဉ် ၆ မှာ စားနပ်ရိက္ခာ ဖူလုံစေရေးနဲ့ ပို့ကုန်မြှင့်တင်နိုင်ရေးတို့ အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ နဲ့ စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက် လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန် ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ် ရန်လို့ ပါရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အ တွင်းမှာ မြန်မာကျပ်ငွေ ၈ ဘီလီယံ(အမေ ရိကန်ဒေါ်လာ ၆ ဒသမ ၅ မီလီယံ) အသုံး ပြုပြီး လယ်ယာကဏ္ဍ ဦးဆောင်လာအောင် လုပ်မယ်လို့ဆိုပါတယ်။ တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ဆည်ကြီး ၉ ခုက ရေ ပမာဏ ကေပေ ၇ သိန်း၊ သိုလှောင်ပြီး နွေရာသီနဲ့ ဆောင်းရာသီ ရေဖြန့်ဝေပေးမှု ကို လုပ်ဆောင်မယ်လို့လည်း သိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စိုက် ပျိုးမြေဧက ၂ ဒသမ ၅ ကျော်ကို အခြေခံ ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ်ဆိုတာကောင်းတဲ့လက္ခဏာ ဖြစ်ပေမယ့် ပြီးခဲ့တဲ့ခေတ်တွေက ထူထောင် ခဲ့တဲ့ လျှောမွေးစက်မှုဇုန်တွေရဲ့ အမှားသရုပ် ပြချက်မျိုးမဖြစ်အောင် အထူးဂရုပြုရပါလိမ့် မယ်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်မလဲဆိုရင် ရန်ကုန်တိုင်းဒေသကြီး အတွင်းက လယ်မြေသိမ်းဆည်းမှုများကို ဖြေရှင်းပြီး လယ်ယာမြေပိုင်ဆိုင်မှုကို တရား နည်းလမ်းကျစွာ ဥပဒေနဲ့အညီ သတ်မှတ် ပေးရပါမယ်။ မြေအသုံးအချကို ထိရောက် အောင် ဖော်ဆောင်ရပါမယ်။ လယ်ယာ ကဏ္ဍရဲ့ သွင်းအားစုများဖြစ်တဲ့ ကျွမ်းကျင် လုပ်သား၊ လယ်ယာသုံး စက်ကိရိယာ၊ မြေ ယာပြုပြင်ချိန်မှ ရိတ်သိမ်းချိန်လွန်သည်အထိ နည်းစဉ်တကျ ဆောင်ရွက်နိုင်အောင် ပံ့ပိုး ပေးရမယ့်အပြင် ဘယ်လယ်ယာမြေမှာ ဘယ်လိုသီးနှံအမျိုးအစားကို ဘယ်စားသုံး ဈေးကွက်အတွက် စိုက်ပျိုးထုတ်လုပ်မယ်၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို ဘယ်လိုပြုပြင် ထုတ်ပိုးတင်ပို့မယ်ဆိုတာကိုပါ စီမံကိန်းရေး ဆွဲရေး အချက်အလက်များအဖြစ် ထည့် သွင်းစဉ်းစားကြရပါလိမ့်မယ်။ လယ်ယာ ကဏ္ဍရဲ့ ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခု လုံးကို အစ၊ အလယ်၊ အဆုံး မပြတ်တောက် ရအောင် ဆောင်ရွက်ကြရမှာဖြစ်တဲ့အပြင် ကြိတ်ခွဲပြုပြင်တဲ့ စက်ရုံလုပ်ငန်း၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း၊ သတင်းအချက် အလက်နဲ့ နည်းပညာပြန့်ပွားရေး လုပ်ငန်း တွေ အပါအဝင် ဆက်စပ်နိုင်သမျှသော ဝန် ဆောင်မှုလုပ်ငန်းတွေကိုပါ ဟန်ချက်ညီ တိုး တက်အောင် ကျားကုတ်ကျားခဲ ကြိုးပမ်း လုပ်ဆောင်သွားကြရပါလိမ့်မယ်။ လယ်ယာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာစီမံကိန်းဟာ စိုက်ပျိုးစရိတ် ချေးငွေ၊ ထောက်ပံ့ငွေဆိုတာ မျှနဲ့ မပြီးမြောက်နိုင်ဘဲ ဘက်စုံထောင့်စုံ အလေးအနက်ထားပြီး တွက်ချက်စဉ်းစား အကောင်အထည်ဖော်ရမှာဖြစ်ကြောင်း ရေး သားလိုက်ရပါတယ်။

**ဇော်ဟိန်း**



ဆင်ဖြူကျွန်း

# အောင်သိန်း

(၁)

သည့်ဆိုင်းဘုတ်ကို အိမ်ရှေ့တွင် စိုက်ထူခဲ့စဉ်က ယခုလောက် ကြီးကျယ်သော အကြောင်းအရာတစ်ရပ် ဖြစ်ပေါ်လာလိမ့်မည်ဟု ကိုကောင်းစံ မမျှော်လင့်ခဲ့ချေ။ ဖြစ်ပေါ်လာပါစေဟု သည့်စေတနာရှေ့မထားသောကြောင့်လည်း ဖြစ်ပါပေသည်။

ကိုကောင်းစံ စိုက်ထူထားသော ဆိုင်းဘုတ်မှာ အလျားတစ်ပေသာသာ၊ အနံ ခုနစ်လက်မဝန်းကျင်ရှိ သံပြားတစ်ပြားသာ ဖြစ်၏။ အောက်ခံအနက်ရောင် သဘော်ဆေးပေါ်တွင် အဖြူရောင်စာလုံးဝိုင်းများဖြင့် စာကြောင်းနှစ်ကြောင်း ရေးထားသည်။



အပေါ်စာကြောင်းက 'သဘော်ာမဲဇလီ' အောက်စာကြောင်းက 'အလကားပေးသည်'။ ထိုမျှသာဖြစ်၏။

သဘော်ာမဲဇလီဟူသည် မြန်မာမဲဇလီနှင့် အရွက်ချင်းအနည်းငယ်ဆင်သည်မှအပ ပင်စည်ချင်းမတူ၊ အသီးချင်းမတူချေ။ သို့ရာတွင် အပွင့်ဖါပုံ ဆုပ်ပုံ၊ လုံးပုံချင်းမှာ အတော်ကလေး နီးစပ်နေပြန်သည်။ ဤသို့ဖြင့် သဘော်ာမဲဇလီဟု ခေါ်လိုက်ကြဟန်တူပေသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က စတင်ပြီး သူ့ပြဿနာသို့ သဘော်ာမဲဇလီသည် မစိုက်မပျိုးရပါဘဲလျက် ရောက်ရှိလာ၏။ သည်နှစ်တွင် သည်နားကအပင် သေသွားငြား၊ နောက်တစ်နှစ်တွင် မလှမ်းမကမ်းတစ်နေရာ၌ ပေါက်လာပြန်၏။ ဤသို့ဖြင့် သဘော်ာမဲဇလီသည် မျိုးမပြတ်တော့ချေ။

"ဦးလေး၊ ပွေးရွက်နည်းနည်းပေးစမ်းပါ"

"ဘာလဲ ပွေးရွက်၊ မကြားဘူးပါလား"

"ဦးလေးအိမ်နောက်ဖေးမှာ ပေါက်နေတာပါ၊ ကျွန်တော် ပွေးပေါက်နေတာ ပွတ်ချင်လို့ပါ"

လာရောက်တောင်းရမ်းသူသည် သဘော်ာမဲဇလီကိုပင် သဘော်ာမဲဇလီဟု မသိပါတကား။ ပွေးပေါက်သည့်နေရာတွင် ထိုအရွက်ဖြင့် ပွတ်ရသည်ကို အစွဲပြု၍ ပွေးရွက်ခေါ်ပါတကားဟု ကိုကောင်းစံ ခေါင်းတညိတ်ညိတ်ဖြင့် နားလည်လိုက်ရ၏။

"အစ်ကိုကြီး ပွေးကိုင်း နှစ်ကျပ်ဖိုးလောက် ရောင်းပါ"

"ပွေးကိုင်း–ဟုတ်လား၊ ပွေးကိုင်းဟာ ပရဆေးဆိုင်မှာပဲ ရှိမှာပေါ့"

"ဟိုဒင်း…အစ်ကိုကြီးရယ်၊ အစ်ကိုကြီး အိမ်နောက်ဘက်မှာ ရှိပါတယ်၊ ပွေးပေါက်ရင် တိုက်ရတဲ့အရွက်လေ"

"ဟား…ဟား…ဟား၊ သဘော်ာမဲဇလီပဲ"

မိန်းကလေးလှလှကလေးသည် ပါးစပ်ပိတ်ပြီး ရယ်နေ၏။ သူ့အရယ်ရပ်ချိန်တွင် သဘော်ာမဲဇလီ ငါးခက် သူ့လက်ထဲရောက်သွားပေပြီ။

"အမေက ပြုတ်တို့ချင်လို့တဲ့၊ ဟိုအရွက် နည်းနည်းပေးပါ"

သဘော်ာမဲဇလီ တောင်းခြင်းဖြစ်၏။ မည်သို့ပြစ်စေ ကိုကောင်းစံကမူ တောင်းလျှင်လည်းပေး၏။ ဝယ်လျှင်လည်း ပေးသည်သာပင်။ သို့သော် သူ့ဇနီးကား မပေးလိုပေ။ တစ်ကျပ်ဖိုးဖြစ်စေ၊ ပိုက်ဆံပေးဝယ်မှသာ ကြည့်ဖြူသွက်လက်စွာ ခူးပေး၏။

ယမန်နှစ်ကမူ ပဲပုစွန်ပင် စိုက်ပျိုးသောနေရာတွင် သဘော်ာမဲဇလီပင်တစ်ပင် ပေါက်လာ၏။ မြေဆွေးနှင့် ဓာတ်မြေဩဇာအခံရှိသောကြောင့် သုံးလအတွင်း၌ လူတစ်ရပ်ကျော်သွား၏။ သည်မျှဖြင့် မပြီးသေး၊ ထိုအပင်ကြီး၏ အနောက်ဘက်၌ သုံးပင်၊ မြောက်ဘက်၌ နှစ်ပင် ပေါက်လာကြပြန်သည်။

ကိုကောင်းစံ စဉ်းစား၏။

"သည်အရွက်တွေဟာ တဖြည်းဖြည်းရင့်မယ်၊ နောက် ကြွေကျန်မယ်၊ နောက်ဆုံး သေကောင်းသေကုန်နိုင်တယ်၊ အရွက်ရှိတုန်းမှာ သုံးစွဲချင်တဲ့လူတွေ သုံးရရင် အကျိုးမရှိပေဘူးလား"

အချို့သည် အသုံးလိုပါလျက် တစ်ကျပ်၊ နှစ်ကျပ် ဖွဲ့မသုံးနိုင်သောကြောင့် မဝယ်ဖြစ်၊ သဘော်ာမဲဇလီရွက်များမှာ မည်သူ့ကိုမျှ အကျိုးမပြုရဘဲ မြေကြီးဩဇာဖြစ်သွားပြီ။

"သည်အပင်ကအရွက်တွေအလဟဿမဖြစ်ရအောင် အလကားပေးရရင်တော့ လူချင်းသိသိ မသိသိ တောင်းမှာပဲ၊ ဟုတ်ပြီ၊ ဆေးဝါးလှူဒါန်းရာလည်းရောက်၊ အသုံးလိုတဲ့လူတွေလည်း သုံးနိုင်"

ဤသို့ဖြင့် ကိုကောင်းစံ၏ အိမ်ရှေ့ခြံစည်းရိုးတွင် 'သဘော်ာမဲဇလီ အလကားပေးသည်'ဆိုင်းဘုတ်မှာ မားမားကြီး စိုက်ထူမိပြီ၊ ဖြစ်သွားလေတော့၏။

(၂)

'သဘော်ာမဲဇလီ အလကားပေးသည်' ဆိုင်းဘုတ် စိုက်ထူပြီးချိန်မှစ၍ ကိုကောင်းစံသည် အိမ်ရှေ့မှ အသံများကို ဂရုစိုက်ပြီး နားစွင့်၏။ သဘော်ာမဲဇလီရွက် ပေးစမ်းပါဟူသော အသံကြားရနိုးနိုး နားစွင့်ခြင်းဖြစ်၏။

သုံးလေးရက်ကြာမှ လူတစ်ယောက်ရောက်လာ၏။ သုံးအိမ်ကျော် မျက်နှာချင်းဆိုင်တန်းမှ ကိုခင်မောင်သန်း။



"ကိုကောင်းစံ၊ ခင်ဗျားမှာ သဘော်ာ ပင်တွေ တော်တော်များများ ရှိနေပြီထင် တယ်"

"သဘော်ာပင်"

သည်သို့ပင် ကိုကောင်းစံ ရေရွတ်မိ သည်။ မိမိတွင် သဘော်ာပအေသာပင် သေ သွားကတည်းက သဘော်ာပင်ကြီးကြီးလည်း မရှိ၊ ငယ်ငယ်လည်းမရှိ။ ကိုခင်မောင်သန်း သည် မည်သည့်အထောက်အထားဖြင့် ပြော ပါလိမ့်။

သူ့ကို မျက်လုံးအပြူးသားဖြင့် ငေး ကြည့်နေသော ကိုကောင်းစံအား ကိုခင် မောင်သန်း ပြုံးကြည့်လိုက်ကာ–

"ခင်ဗျားပဲ ဆိုင်းဘုတ်ရေးထားတယ် မဟုတ်လား။ သဘော်ာပင်နဲ့ မဲဇလီပင် အလကားပေးတယ်ဆိုဗျ"

ဟု ဆက်ပြောသည်။

"ဘဘော်ာမဲဇလီပါဗျာ၊ သဘော်ာပင်နဲ့ မဲဇလီပင်ပေါက်ကလေးတွေ မဟုတ်ပါဘူး"

"အဟီး…ဆောရီး–ဆောရီး"

ကိုကောင်းစံ ကိုယ့်နဖူးကိုယ် လက်ဖဝါး ဖြင့် ရိုက်လျက် ကျန်ခဲ့ရှာကြောင်းကိုကား ကိုခင်မောင်သန်း မသိရှာ။

နောက်တစ်နေ့တွင်ဖြစ်၏။

"ဘဘော်ာမဲဇလီ အလကားပေးပါ"

ကိုကောင်းစံသည် ဝမ်းသာအားရ ထသွား၏။

"သဘော်ာမဲဇလီ အလကားပေးပါ"

"တောင်းပုံတောင်းနည်းကလည်း တစ်မျိုးကြီးပါလား။ ငအေးလေ–အလကား ပေးတယ်ဆိုလို့ အလကားပေးပါပြောတာပဲ"

ဤသို့တွေးပြီး ဖြစ်ပေါ်လာသော ကာသိကာအောက်စိတ်ကို ဤသို့ပင် ဖြေ ဖျောက်၏။ သို့သော် အသံရှင်ကို ရှာ်တ ရက် မတွေ့။

"ဟော့…ဘယ်ကလဲကွ"

"ဒီက…"

ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် ကလေး ကို။ သို့ကြောင့် ဝင်းခြံတံခါး ကွယ်နေခြင်း ဖြစ်သည်။

"သဘော်ာမဲဇလီ ဘာလုပ်ဖို့လဲကွ"

ကလေးထံမှ တုံ့ပြန်စကားမလာ။

မတော်တဆ ကလေးထွက်သွားမည် စိုး၍ ကိုကောင်းစံမှာ ကမျာကယာ ရှင်းချက် ထုတ်ရ၏။

"ပြုတ်တို့ဖို့ဆိုရင် အနုပေးရအောင်၊ မွေးပေါ်မှာ ပွတ်ဖို့ဆိုရင် အရွက်ကြမ်းပေးရ အောင် မေးတာပါကွ"

"အနာတိုက်ဖို့"

"ရမယ်…ရမယ်၊ စောင့်နေအုံးနော်"

သဘော်ာမဲဇလီ တစ်ခက်ချိုးပြီး ကို ကောင်းစံ ပြန်ရောက်လာ၏။

"ဒီတစ်ခက်ကို သုံးလေးရက် သုံးလို့ရ တယ်။ အများကြီးမပေးတာက ခြောက်ကုန် မှာစိုးလို့၊ ဟုတ်လား။ ကုန်ရင် လာတောင်း နော်"

ဤသို့ဖြင့် သဘော်ာမဲဇလီရွက်တောင်း ရမ်းသူများသည် ကိုကောင်းစံ၏အိမ်ရှေ့သို့ မကြာခဏရောက်လာကြတော့သည်။ နေ့ တိုင်း မပေးရသည့်အခါရှိသလို ရက်ခြားပေး ရသည့်အခါလည်း ရှိ၏။ တစ်ခါတရံ မယူဘူးလား။ မေးကမ်းထောက်ပံ့နိုင်တဲ့လူ ဖြစ်ရတာ ဝမ်းသာစမ်းပါဟာ"

အိမ်ရှင်မ သဘောပေါက်ဟန်မရှိ။

"သူတစ်ပါး အလိုရှိတာကို ကိုယ်က ပေးလိုက်တယ်၊ အဲဒီလူ အလိုပြည့်ပြီး ဝမ်း သာသွားတယ်၊ ကျေနပ်သွားတယ်၊ အလွန် ကျက်သရေမင်္ဂလာ ရှိပါတယ်ကွာ"

အိမ်ရှင်မကား သဘောပေါက်မည့် အရိပ်အယောင် မပေါ်ပါ။ ထို့ကြောင့် ကို ကောင်းစံ တစ်နည်းပြောရပြန်၏။

"လူတွေအတွက် အသုံးဝင်တဲ့ပစ္စည်း ဟာ လူတွေမသုံးစွဲရဘဲ အဟောသိကံ ဖြစ် ကုန်တာ နှမြောစရာပါကွာ၊ အဲဒါကြောင့်"

စကားမဆုံးမီ အိမ်ရှင်မ ထသွားလေ တော့၏။ ကိုကောင်းစံ အပြုံးမပျက်ပါ။ အကြောင်းမှု သူ့စေတနာကို သူ့ဇနီးမှသာ

**သဘော်ာမဲဇလီရွက် တောင်းခံရန် လာသူရှိလျှင် ကိုကောင်းစံ ဝမ်းသာသည်။ မည်သူ့ကိုမျှ မပေးဘဲထားလျှင် အလဟဿ ခြောက်သွေ့ကြွေကျကုန်တော့မည် မဟုတ်ပါလား။ ကိုကောင်းစံ ဇနီးမှာမူ...**

တစ်နေ့လုံးနေမှ တစ်ဦး။ တစ်ခါတရံမှု တစ် နေ့တည်း သုံးလေးဦး။

တောင်းရမ်းသူ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ သဘော်ာမဲဇလီရွက် တောင်းခံရန် လာသူရှိလျှင် ကိုကောင်းစံ ဝမ်းသာသည်။ မည်သူ့ကိုမျှ မပေးဘဲထား လျှင် အလဟဿ ခြောက်သွေ့ကြွေကျကုန် တော့မည် မဟုတ်ပါလား။

ကိုကောင်းစံ ဇနီးမှာမူ ဤသို့မဟုတ်။ တစ်ကျပ်ဖြစ်စေ လိုချင်သည်။ 'ပေးပါ'ဟု တောင်းစံလာသူဆိုလျှင် မအားသေးဘူး ပြောလားပြော၏။ မနက်ဖြန်မှ လာပါဟု နှင်လားနှင်၏။ သုန်သုန်မှုန်မှုန် ခူးပေးသည့် အခါလည်းရှိ၏။

ထိုအခါ ကိုကောင်းစံ နားချရန်စကား ရှာရ၏။

"ဟော့…ရှင်မရဲ့၊ ပေးစမ်းပါလို့ ကိုယ့် ဆီမှာလာပြီး အတောင်းခံရတာ မင်း ဂုဏ် မဟုတ်၊ အခြားသော နားမလည်သူ၊ မယုံ ကြည်သူများလည်း ရှိနေသောကြောင့်ပေ တည်း။

(၃)

"ဟော့–သဘော်ာမဲဇလီ အလကားပေး သည် ဆိုပါလားကွ၊ ဟုတ် မဟုတ်သိရ အောင် သွားတောင်းရအောင်"

ကိုကောင်းစံသည် သတင်းစာဖတ်နေ ရာမှ ဆတ်ခနဲခေါင်းမော့ကြည့်၏။ လွယ် အိတ်ကိုယ်စီ စလွယ်သိုင်းလွယ်ထားသော အထက်တန်းကျောင်းသားအရွယ် သူငယ် ကလေး လေးယောက်။

ကျောပြင်ကိုသာ မြင်လိုက်ရတော့ သည်။ ထိုကလေးများ ဝေးသွားသည်အထိ သူ ငိုင်နေမိ၏။

"ဟုတ် မဟုတ်သိရအောင်၊ ဟုတ် မဟုတ် သိရအောင်"

သည့်အသံများက သွေးသားတွင် ဝဲပျံ့ကျန်ခဲ့ကြ၏။

"ဟုတ်မဟုတ် သိရအောင်၊ အင်း- ဟုတ်မဟုတ်သိရအောင် ဆိုပုံထောက်တော့ မယုံကြည်တဲ့သဘောပေါ့လေ"

ကိုကောင်းစံသည် ထိုနေ့မှစ၍ လမ်းသွားလမ်းလာများကို တစ်စေ့တစောင်း အကဲခတ်ကြည့်၏။ ကျောင်းသားကလေးလေးယောက်အစ်ကာကို ထောက်ခံသယောင်ရှိသော အခြင်းအရာများကို မြင်ရပြီ။

အချို့သည် ဆိုင်းဘုတ်ကို ရပ်ပြီးဖတ်ရှု၏။ အိမ်ကိုကြည့်သေး၏။ ပြီးမှ ခရီးဆက်သည်။ အချို့မှ လည်ပြန်လှည့်ကြည့်ရင်း ဖတ်သွားကြ၏။ အချို့သော် သဘောမဲ့ဖလီ အလကားပေးသည်ဆိုပါကလားဟု အော်သွားကြသည်။

ထိုသို့ တစ်စေ့တစောင်း လေ့လာနေသည့်ရက်များအတွင်း၌ ဆေးဖော်ချင်လို့ဆိုကာ အပူးလာဝယ်သူရှိသည်။ ကိုကောင်းစံ အလကားပေးလိုက်သည်။ ပွေးပွတ်ချင်သူကို အရင်း၊ ပြုတ်တို့လိုသူကို အနု ရွှင်မျှစွာ အလကားပေးမြဲ ပေးနေသည်။

ဤသို့ရှိစဉ်တွင် ကိုကောင်းစံ မမျှော်လင့်သော အကြောင်းအရာသည် ဖြစ်ပွားလာခဲ့လေ၏။

ထိုနေ့နံနက်က တစ်အိမ်လုံးတွင် ကိုကောင်းစံတစ်ယောက်သာရှိ၏။ "သဘော မဲ့ဖလီ နှစ်ကျပ်ဖိုးလောက်"ဟူသော အသံကို ကြားရသဖြင့် သတင်းစာကိုချပြီး ခေါင်းထောင်ကြည့်၏။ ခြံတံခါးအထက်တွင် ပေါ်နေသော ဦးခေါင်းတစ်လုံး။

ကိုကောင်းစံသည် ပက်လက်ကုလားထိုင်မှထကာ လှေကားထိပ်သို့ သွားရပ်၏။

"ဘာအတွက် သုံးမှိုပါလိမ့်"

"ပြုတ်တို့ဖို့ပါဗျာ၊ ဝမ်းချုပ်နေတာနဲ့"

"မေးတာ စိတ်မရှိနဲ့နော်၊ ပြုတ်တို့ဖို့ဆိုရင် အနု၊ ပွေးပေါ်မှာ ပွတ်ဖို့ဆိုရင် အရင်းကို ပေးရအောင်လို့ပါ၊ ဆေးဖက်ဝင်တဲ့ သစ်ရွက်များရဲ့ သဘောဟာ ရင့်မှ အာနိသင်ရှိသတဲ့ဗျ၊ အသုံးကိုလိုက်ပြီ၊ ပေးရအောင် မေးတာပါနော်"

"ဟုတ်ကဲ့"

ကိုကောင်းစံသည် မီးဖိုခန်းမှ ဓားယူပြီး အညွန့်ငါးညွှန့်ကို လှီးယူခဲ့သည်။ ပြုတ်တို့ရန်မှာ အရွက်နုများများပါသော အညွန့်မှ ကောင်းပေမည်မဟုတ်လော။

"အရွက်နုတောင် နည်းနေပြီဗျာ၊ ဒါပေမဲ့ လိုရင်ထပ်ပြီးလာခဲ့ပေါ့ဗျာ"

ကိုကောင်းစံသည် တံခါးရွက်ပေါ်မှ ကျော်ပေးရင်း ပြောရာက ခြုံပြင်မှလူ လှမ်းပေးသော ကျပ်တန်ကိုမယူ၊ နောက်ဆုတ်လိုက်၏။

"ပေးမနေပါနဲ့ဗျာ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခဏဝင်ပါရစေ"

ကိုကောင်းစံ မကြိုက်ပါ။ အဝိပ္ပါယ်မရှိ ကုန်ဆုံးသွားမည့်အချိန်တွေကို အလွန်နှမြောသည်။ သို့တစေ ပြတ်သားစွာ ငြင်းပယ်လောက်သည့်အထိလည်း မခက်ထန်ချင်။

"ကိစ္စရှိလို့လား"

"ဟုတ်...ဟုတ်ကဲ့၊ ရှိလို့ပါဗျာ"

ထိုသူ၏လက်က တံခါးထိပ်ရှိ သံကွင်းဆီ လှမ်းနေသောကြောင့် ကိုကောင်းစံ ဖွင့်ပေးလိုက်ကာ အိမ်ပေါ်သို့ ခေါ်ဆောင်ခေါ်ခဲ့ရာက အိမ်မ ဒါးပန်းဘေးတွင် ကပ်လျက်ချထားသော ရွက်ဖျင်တစ် ပက်လက်ကုလားထိုင်ကို ညွှန်ပြ၏။

"ထိုင်ပါခင်ဗျာ"

အိမ်ပေါ်သို့ရောက်လာသောသူသည် အတွက် ရေခန္ဓာကြမ်းလင်ခန်းနှင့် ဆေးလိပ်ခွက် သွားယူသည်။ ယူပြီးပြန်လှည့်လာသည် အထိ ထိုသူ မထိုင်သေး။

"ဘာပြုလို့ မထိုင်သေးပါလိမ့်"ဟု တွေးရင်း-

"ကုလားထိုင်ပေါ်မှာပဲ ထိုင်ပါခင်ဗျာ"

ဟု ကိုကောင်းစံပြောသည်။ ဧည့်သည်သည် ဟုတ်ကဲ့လည်းမဆို၊ ဟင့်အင်းလည်း မပြောဘဲ ကိုကောင်းစံ၏ရှေ့တွင် ဆောင့်ကြောင့်ထိုင်ကာ ဦးချလေ၏။

"ဟာ - -ဟာ၊ ဘယ်လိုလုပ်တာလဲ မိတ်ဆွေကြီး...မိတ်ဆွေကြီး"

ကိုကောင်းစံသည် စီးခဲတက်နင်းမိသူ့အလား ခုန်ထွခုန်ဆွဖြစ်သွားပြီးမှ ထိုသူ၏လက်ကို လှမ်းဆွဲသောအခါ ဦးသုံးကြိမ် ချပြီးသွားပြီ။

"ဘယ်လိုလုပ်တာလဲ ဆရာကြီး၊ ခင်ဗျားအသက်ဟာ ကျွန်တော့်အသက်ထက် ၂၀ လောက် ကြီးမှာပါ"

ကိုကောင်းစံက နောက်ဆုတ်လျက် မတ်တတ်မှပင် ပြောရှိန်၍ ထိုသူသည် ကြမ်းပေါ်၌ တင်ပျဉ်ခွေထိုင်ချလိုက်ရာက-

"ဟုတ်ပါတယ်၊ ကျွန်တော့်အသက် ၆၀ ပြည့်ပါပြီ"ဟု ဆိုကာ မော့ကြည့်၏။

ကိုကောင်းစံလည်း မျက်နှာချင်းဆိုင် ဝင်ထိုင်ရပြီ။

"ကျွန်တော့်အသက် ၄၀ ပဲရှိပါသေးတယ်ဗျာ၊ ဒီလိုလုပ်တာ မကောင်းပါဘူး"

"သည်းခံပါဗျာ-သည်းခံပါ၊ ကျွန်တော် ရှင်းပြပါရစေ၊ ကျွန်တော့်နာမည် ဦးလှအေးပါ၊ လမ်းမအတိုင်း လျှောက်သွားရင် အစွန်ဆုံး လမ်းထောင့်ကခြံမှာ နေပါတယ်၊ အခုလို- ကို...."

"ကျွန်တော့်နာမည် ကောင်းစံပါ ခင်ဗျာ"

"အဲ-ကိုကောင်းစံ အခုလို ဆိုင်းဘုတ်ကြီးချိတ်ပြီး သဘောမဲ့ဖလီ အလကားပေးနေတယ်ဆိုတဲ့သတင်းကြားတော့ ကျွန်တော်မယုံဘူးဗျ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ဘာတစ်ခုမှ အလကားပေးတဲ့လူ မဟုတ်ဘူး၊ ဝါးညွှန့်ကလေးတစ်ညွှန့်၊ သပြေခက်ကလေး တစ်ခက်ကိုတောင် တစ်ခု တစ်ကျပ် ရောင်းတာဗျ"

ဆေးဖော်ချင်လို့ဆိုကာ အပူးလာဝယ်သူရှိသည်။
ကိုကောင်းစံ အလကားပေးလိုက်သည်။
ပွေးပွတ်ချင်သူကို အရင်း၊ ပြုတ်တို့လိုသူကို အနု...

## ကျွန်တော်က ခြောက်ချင်ခြောက်၊ ညှိုးချင်ညှိုး၊ သေချင်သေ၊ အလကားတော့ မပေးဘူးဆိုတဲ့စိတ် မွေးထားတာဗျ၊ အဲဒီစိတ် မွေးအောင်လည်း ကျွန်တော့်ပတ်ဝန်းကျင်က . . .

''စိုက်ထားရုံနဲ့ ရှင်သန်ကြီးထွား မလာဘူးလေ၊ ရေလောင်းရ၊ ဂရုစိုက်ရနဲ့ ပိုက်ဆံ မျှသင့်ပါတယ်''

''ဒီလိုဆိုရင် အခု ဘာဖြစ်လို့ ဆိုင်းဘုတ်ကြီးချိတ်ပြီး အလကားပေးနေရသလဲ''

''အချိန်တန်ရင် ကြွေကျန်မယ့်ဟာပဲဗျာ၊ မကြွေခင်မှာ အသုံးလိုတဲ့လူတွေ သုံးကြစေချင်လို့ပါ''

ခေါင်းဖြူဖြူ ပါးဖောင်းဖောင်း၊ နှာခေါင်းပွပွနှင့် ဦးလှအေးသည် ခေါင်းကို ခါနေပေသည်။

''အဲဒါ ကြာတာပေါ့၊ ကျွန်တော်က ခြောက်ချင်ခြောက်၊ ညှိုးချင်ညှိုး၊ သေချင်သေ၊ အလကားတော့မပေးဘူးဆိုတဲ့စိတ် မွေးထားတာဗျ၊ အဲဒီစိတ် မွေးအောင်လည်း ကျွန်တော့်ပတ်ဝန်းကျင်က လူတွေက သင်ပေးတာကလား။ ကိုယ်ကျိုးမမြင်ရင် ငါးပြားအထွက်မခံဘူး၊ ငါ-ငါ-ငါ အတ္တမီးတလျှံလျှံနဲ့ ကိုယ်ကျိုးအတွက် သူတစ်ပါးကို ဘယ်လိုလှီးရမလဲဆိုတဲ့ လူတွေရှည်းပဲ''



ကိုကောင်းစံ ခေါင်းညိတ်နေပါသည်။ ဦးလှအေးစကားကိုထောက်ခံသည့်သဘော။

''ကျွန်တော့်မှာ သဘော်ာမဲဇလီပင် ရှိဖူးပါတယ်၊ အခု ခင်ဗျား အလကားပေးသလောက်ဆိုရင် ကျွန်တော်တော့ ငါးကျပ်၊ တစ်ဆယ်ရမှ ရောင်းမှာပဲဗျ ကိုကောင်းစံရဲ့၊ ကျွန်တော်က မယုံလို့လာဝယ်တာ၊ ခင်ဗျား ယူလာတာမြင်တော့ များလှချည်လား ဆင်နေတုန်း ခင်ဗျားက ပိုက်ဆံမယူဘူးဆိုတဲ့အခါမှာ . . .''

ဦးလှအေးသည် အက်သွားသောအသံကို ဖြတ်လိုက်ပြီး ကိုကောင်းစံကို မော့ကြည့်သည်။ သူ့မျက်လုံး မျက်ဆန်များတွင် မျက်ရည် ပုံးနေလေသည်။

''ကျွန်တော့်ရင်ကို ခဲကြီးကြီးနဲ့ ပစ်လိုက်သလို ထိတာပါပဲဗျာ''

ငိုသံဖြင့် ဆက်ပြောသည့်အတွက် ''ဒီလိုလည်း သဘောမထားပါနဲ့လေ''ဟု ရယ်သံစွက်ကာ ဖြေဆည်ပေး၏။

သို့သော် ဦးလှအေးက ခေါင်းခါရင်း-

''ခင်ဗျားရယ်ပေမယ့် ကျွန်တော် မရယ်နိုင်ဘူး၊ မရယ်နိုင်တဲ့ရတဲ့ အကြောင်းကတော့ သဘော်ာမဲဇလီခက်ကလေး တစ်ခက်အတွက် လူတစ်ယောက် ဒုက္ခရောက်ခဲ့လို့ပါပဲဗျာ''

ဟု ကြေကြေကွဲကွဲ ပြောသည်။

(၄)

''ကျွန်တော်တို့ခြံထဲမှာ သဘော်ာမဲဇလီပင် ရှိတုန်းကပေါ့၊ အဲဒီအပင်က ခြံစည်းရိုးနားမှာ ကပ်ပေါက်နေသဗျ၊ အလေ့ကျပေါက်တာပေမယ့် ကျွန်တော် အလကားမပေးဘူး၊ တစ်ခက် နှစ်ကျပ်ပဲ၊ ပြုတ်တို့ချင်လို့ အနုကလေးတွေပေးပါဆိုရင်တော့ ပေးပေတော့ ငါးကျပ်၊ တစ်ဆယ်၊ အဲဒါနဲ့ တစ်နေ့တော့ ကလေးတစ်ယောက် တစ်ကျပ်ဖိုးလာဝယ်တယ်၊ ကျွန်တော်က ဘယ်ရောင်းမလဲဗျ၊ တစ်ခက် နှစ်ကျပ်ဟာကိုး''

''ဒီတော့ ကလေးက အဘရယ် မွေးတိုက်ချင်လို့ပါဆိုပြီး သူလည်ပင်းက မွေးကွက်ကြီးကိုပြသဗျ၊ ဒါပေမဲ့ မရပါဘူး၊ ကျွန်တော် ခဲဆိုလွှတ်လိုက်တာပေါ့၊ ကလေးလည်း ဝယ်လို့မရတော့ ရစ်သီရစ်သီလုပ်နေတယ်လေ၊ ကျွန်တော်ကလည်း သားရေခွမှာ လောက်စာလုံးထည့်ပြီးပုန်းနေတာပေါ့''

"မကြာပါဘူးဗျား လူလစ်ပြီအထင်နဲ့ အဲဒီကလေးဟာ ခြစည်းရိုးကို ဖက်တက်ပြီး သဘော်ာမဲ့ဇလီတစ်ခက် လှမ်းအခူးမှာ ကျွန်တော် ပစ်လိုက်တဲ့ ခဲလုံးဟာ သူ့ခြေထောက် ညှို့သကျည်းကို ဒေါက်ခနဲ သွားမှန်တာပေါ့၊ သူလည်း နာလွန်းလို့ ခြေချော်အကျမှာ လက်ကလည်း ဘာမှဆွဲမမိတော့ပဲ လိမ့်ကျသွားပါလေရောဗျို့"

"ကျုပ်လည်း ပုန်းမြဲပုန်းနေရတာပေါ့ဗျာ၊ ခြစည်းရိုးပေါ်က ချော်ကျတဲ့ကလေး ဘာဖြစ်သွားတယ် မှတ်သလဲ၊ ခြေထောက်ကျိုးသွားတယ်ဗျ၊ ဒါပေမဲ့ မိဘများကလည်း ဆင်းရဲတော့ ရိုးရိုးနာတယ် ကျင်တယ် ပွန်းတယ် ပဲ့တယ်ထင်ပြီး ဟိုဟာလိမ်း သည်ဟာ လိမ်းပေါ့၊ နောက်ဆုံး မရှိမဆုံးဖြစ်မှ ဆေးရုံသွားတော့ ခြင်ဆီပုပ်နေပြီဗျာ၊ အဲဒါကြောင့် ဒူးဆစ်ကနေ ဖြတ်လိုက်ရသတဲ့ဗျာ"

"အဲဒီတော့ သဘော်ာမဲ့ဇလီတစ်ခက်အတွက် ကလေးတစ်ယောက်ရဲ့ခြေထောက်ကို ဖြတ်ပစ်ခဲ့တဲ့လူဟာ သဘော်ာမဲ့ဇလီ တစ်ဆုပ်တစ်မကြီး အလကားပေးရတာတောင် အပြုံးမပျက်တဲ့လူကို ရှိခိုးပါရစေ"



မျက်ရည်တွေတွေကျလျက် ဦးလှအေး ရှိခိုးပြန်သည်။ ကိုကောင်းစံ မတားမိ၊ ခေါင်းတညိတ်ညိတ်နှင့် ငေးမောနေမိသည်။

"တကယ်တော့ ခင်ဗျားဟာ ကျွန်တော့်ကိုသာ ဆုံးမတာ မဟုတ်ပါဘူး၊ ငါ့ဟာကို မထိနဲ့ ငါ-ငါ-ငါဆိုတဲ့ အတ္တသမားတွေကိုပါ ခင်ဗျားဆိုင်းဘုတ်က သရော်နေပါတယ်ဗျာ"

ဦးလှအေး ပြန်သွားသည့်တိုင်အောင် ကိုကောင်းစံ ငေးဆဲရှိသေး၏။ သည်ဆိုင်းဘုတ်ကို အိမ်ရှေ့တွင် စိုက်ထူထားခဲ့စဉ်က ယခုနှယ် သူ့ထက် အသက် ၂၀ ကြီးသူတစ်ယောက်၏ ရှိခိုးမှုကို ခံရလိမ့်မည်ဟု ကိုကောင်းစံ မမျှော်လင့်ခဲ့ပါချေ။ ယခုသော် မယုံမကြည့် ပြောသွားသူများ၏ အပြောကို ကိုကောင်းစံ ခံနိုင်ပါပြီ။

ကိုကောင်းစံသည် ပေါ့ပါးစွာထလိုက်ပြီး စတိုခန်းထဲမှ သံပြားတစ်ချပ်ကို ဆွဲထုတ်ခဲ့ရာက နောက်ဖေးဘက်သို့ မျှော်ကြည့်၏။ နုတ်နုတ်ပြီး လွင့်ပစ်နေပါလျက်နှင့် တောထပြီး သန်စွမ်းနေသော ပိန်းပင်များ။

ဤသို့ဖြင့်နောက်တစ်နေ့တွင် 'သဘော်ာမဲ့ဇလီ အလကားပေးသည်' ဆိုင်းဘုတ်အောက်၌ 'ပိန်းရိုးနှင့် ပိန်းရွက်လည်း အလကားပေးသည်'ဟူသော ဆိုင်းဘုတ်တစ်ခု တိုးလာပြန်ပေ၏။

**ဆင်ဖြူကျွန်းအောင်သိန်း**

# နားပူတာ မခံနိုင်လို့ပါ



တနင်္ဂနွေတစ်ရက် ဘုရားကျောင်းကနေ ပြန်လာတဲ့ လူငယ်လေးတစ်ယောက်က အိမ်ရောက်တာနဲ့ သူ့စိတ်ကူးကို ပြောပြတယ်–

"မေမေ...သား ဘာစိတ်ကူးနေတယ်ဆိုတာ သိလား၊ သားကြီးလာရင် တရားဟောဆရာ တစ်ယောက် ဖြစ်ချင်တယ်"

အမေဖြစ်သူက ပြန်ပြောတယ်–

"ကောင်းတာပေါ့ သားရယ်၊ သားက တရားဟောဆရာ ဘာကြောင့်ဖြစ်ချင်တာလဲ၊ ပြောပါအုံး"

"ဒီလိုလေ မေမေ၊ သား တနင်္ဂနွေနေ့ ဘုရားကျောင်းသွားရတာယ်လေ၊ အဲဒီမှာ သားစဉ်းစားမိတယ်၊ အောက်မှာထိုင်ပြီး ငြိမ်ငြိမ်လေး နားထောင်နေရတာထက် အပေါ်မှာ မတ်တပ်ရပ်ပြီး စကားပြောရတာ ပိုကောင်းမယ်ထင်တယ်"

လို့ လူငယ်လေးက စဉ်းစဉ်းစားစားနဲ့ ပြန်ပြောလိုက်ပါတယ်။

**မောင်သီဟ**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်လျက်ရှိတဲ့ ပြည်သူများနဲ့ လုပ်ငန်းရှင်များ၊ အိမ်ပိုင်၊ မြေပိုင်ရှင်များအတွက် ရန်ကုန်မြို့တော်စည်ပင်မှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအကြောင်းကို သိရှိ မှတ်သား၊ လေ့လာနိုင်ရန်နဲ့ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန်တို့အတွက် ဒီကဏ္ဍလေးကို ဖွင့်လှစ်လိုက်ပါတယ်။

## တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန

**ဌာန၏သမိုင်းအကျဉ်း**

၁၈၇၄ ခုနှစ် မြူနီစပယ်အက်ဥပဒေနှင့် ၁၉၂၂ခုနှစ်၊ ရန်ကုန်မြူနီစပယ်အက်ဥပဒေများအရ စည်ပင်သာယာရေးကော်မတီသည် အိမ်၊ မြေ၊ လှေ၊ လှည်း၊ ယာဉ်နှင့်အိမ်မွေး တိရစ္ဆာန်များအတွက် အခွန်ကောက်ခံခွင့်ရှိခဲ့သည်။ ဈေး၊ သားသတ်ရုံနှင့် ဆိပ်ကမ်းများအတွက်လည်း လိုင်စင်ချထားခွင့်ရှိသည်။ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနသည် ၁၈၈၅ခုနှစ်ကပင် ဖွဲ့စည်းတည်ရှိခဲ့ပါသည်။ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနနှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတို့ ပူးပေါင်း၍ ဌာနတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ရာမှ လုပ်ငန်းလိုအပ်ချက်အရ သီးခြားဌာနတစ်ခုအဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ပါသည်။ မူလတွင် ကုသရေးနှင့် ကာကွယ်ရေးဌာနစု နှစ်ခု၊ အသားထုတ်လုပ်ရေးဌာနခွဲ(ဝက်)နှင့် အသားထုတ်လုပ်ရေးဌာနခွဲ(အမဲ၊ သိုး-ဆိတ်)တို့ဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။သားသတ်လုပ်ငန်းများကို ၁၈၈၇ ခုနှစ်တွင် ကြည့်မြင်တိုင်အရပ်ရှိ လှိုင်မြစ်ကမ်းဘေး၊ ဆင်မလိုက်တွင် ဝက်သတ်ရုံနှင့် မင်္ဂလာတောင်ညွန့်အရပ်ရှိ မအူကုန်း၌ အမဲသတ်ရုံများ ဆောက်လုပ်၍ သားသတ်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ကုသရေးနှင့် ကာကွယ်ရေးဌာနစု(အရှေ့ပိုင်း)နှင့် (အနောက်ပိုင်း)ကို စတင်ဖွဲ့စည်းခဲ့သည်။

၁-၄-၁၉၉၁ တွင် အသားထုတ်လုပ်ရေးဌာနခွဲ(ဝက်)ကို ကြည့်မြင်တိုင်မြို့နယ်၊ ဆင်မလိုက်မှလည်းကောင်း၊ ၁၅-၅-၁၉၉၁ တွင် အသားထုတ်လုပ်ရေးဌာနခွဲ(အမဲ၊ သိုး-ဆိတ်)ကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ မအူကုန်းမှလည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွာသာကြီးကျေးရွာအနီးသို့ ရွှေ့ပြောင်းဆောင်ရွက်စေခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၁၉၊ မြေကွက်အမှတ် ၂၅ ရှိ မြေဧက ၁၀၀ ၌ မွေးမြူရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးစခန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကုသရေးနှင့်ကာကွယ်ရေးဌာနခွဲ(တောင်)နှင့် (မြောက်)ကို ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့ပြီး၊ (၁၉၉၁/၂၀၀၁) ခုနှစ်တွင် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ လှိုင်မြစ်ကမ်းအနီး၌ ဧရာဝတီတိုင်းမှ ရေလမ်းဖြင့်ဝင်ရောက်လာသော ဝက်အရှင်များကို အဝင်အချ ပြုလုပ်ရန် ရွာမဝက်အဝင်အချစခန်းနှင့် အသားထုတ်လုပ်ရုံခွဲကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

**ဌာန၏ လုပ်ငန်းတာဝန်များ**

၁။ မြို့တော်နယ်နိမိတ်အတွင်း တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သော ရောဂါများအားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မြို့တော်အင်္ဂါရပ်နှင့်အညီ တိရစ္ဆာန်မွေးမြူရေးကဏ္ဍကို အန္တရာယ်ကင်းရှင်း၍ စည်းစနစ်ကျနပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး။

၃။ ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းလတ်ဆတ်မှု အာမခံချက်ပြည့်ဝသောသား၊ ငါးများထုတ်လုပ်ဖြန့်ဖြူးရေး။

၄။ ဌာန၏ဝင်ငွေပြည့်မီကျော်လွန်ရေးနှင့် ကောက်ခံလျက်ရှိအခွန်အခများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေအလွင့်မရှိစေဘဲ အချိန်နှင့်တစ်ပြေးညီ ကောက်ခံပေးသွင်းရေး။

**ဌာနခွဲများနှင့် အသားထုတ်လုပ်ရေးအလုပ်ရုံများ**

**ကုသရေးနှင့် ကာကွယ်ရေးဌာနခွဲများ**

အရှေ့ပိုင်းခရိုင်သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရွာသာကြီးကျေးရွာရှိ အသားထုတ်လုပ်ရေးဌာနခွဲ(ဝက်) ရွာသာကြီးဝင်း အတွင်းတည်ရှိပါသည်။

အနောက်ပိုင်းခရိုင်ကို ယခင်ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အထက်)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (၉)ထပ်ရုံးမှ (၈-၂-၂၀၁၆)ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

တောင်ပိုင်းခရိုင်ကို မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင် အားကစားဝင်းအတွင်း ဖွင့်လှစ်ထားရာမှ သိမ်ဖြူလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့် ၁၂ထပ်ခွဲ စည်ပင်သာယာရေးကော်မတီ ရုံးသစ်တွင် ဖွင့်လှစ်ထားပါသည်။

မြောက်ပိုင်းခရိုင်ကို အမှတ်(၉၁)ကမ်းနားလမ်း၊ ကမာရွတ်မြို့နယ်တွင် တိရစ္ဆာန်ဆေးကုခန်းနှင့်အတူ ဖွင့်လှစ်ထားပါသည်။

**အသားထုတ်လုပ်ရေးဌာနခွဲ**

ဝက်နှင့်အမဲ၊ သိုး၊ ဆိတ် အသားထုတ်လုပ်ရေးဌာနခွဲ(၂)ခု (ရွာသာကြီး)ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွာသာကြီးကျေးရွာ အနီးတွင်ဖွင့်လှစ်ထားပါသည်။ ကွပ်ကဲရေးရုံး၊ အသားထုတ်လုပ်ရုံ

များ၊ တိရစ္ဆာန်ကုန်ကြမ်းအရှင်လှောင်ခြံများနှင့် ဝန်ထမ်းအိမ်ရာများ တို့လည်း ရွာသာကြီးတွင်တည်ဆောက်လျက်ရှိပါသည်။

အသားထုတ်လုပ်ရုံခွဲ(ဝက်)ရွာမကို အင်းစိန်မြို့နယ် ရွာမ အနောက်ရပ်ကွက်၊ မြို့ပတ်လမ်းနှင့် သဲဒိုင်လမ်းထောင့်၊ လှိုင်မြစ်ကမ်းအနီးတွင်တည်ရှိပြီး ကွပ်ကဲရေးရုံး၊ အသားထုတ်လုပ်ရုံများလည်းရှိပါသည်။

အင်းစိန်တွင် လူနေအိမ်ခြေများပြားခြင်း၊ လူစည်ကားခြင်း၊ နေရာအခက်အခဲရှိလာခြင်း၊ အသံ၊ အနံ့နှင့် ငြိုငြင်မှုများ ရှိလာသောကြောင့် အသားထုတ်လုပ်ရုံခွဲ(ဝက်)ကို လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်အဝင်လမ်းနှင့် ရွှေရင်အေးလမ်းထောင့်တွင် ကွပ်ကဲရေးရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အသားထုတ်လုပ်ရုံများနှင့်အတူ တည်ဆောက်လျက်ရှိပါသည်။

အသားထုတ်လုပ်ရုံခွဲ(သိုး-ဆိတ်)လှိုင်သာယာသည် လှိုင်သာယာမြို့နယ် အမှတ် ၁၉ရပ်ကွက်၊ မွေးမြူရေးနှင့်မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးဇုန်များတွင်တည်ရှိပြီး ပုဂ္ဂလိက အစီအစဉ်ဖြင့်ဆောက်လုပ်ထားပါသည်။

အသားထုတ်လုပ်ရုံခွဲ(သိုး၊ဆိတ်)ရွှေပြည်သာသည် လှော်ကား ရပ်ကွက်၊ လှော်ကားလမ်းဘေးရှိ ပုဂ္ဂလိကပိုင်မြေနေရာတွင် အလုပ်ရုံကို ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောက်လုပ်ထားပါသည်။

**အများပြည်သူနှင့်သက်ဆိုင်သောဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ**

**မြို့တော်နယ်နိမိတ်အတွင်း ခွေးရူးပြန်ရောဂါတားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ခွေးလေခွေးလွင့်ရှင်းလင်းခြင်း၊**

၂၀၁၄ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းများကို အခြေခံ၍ ကော်မတီနယ်နိမိတ်အတွင်းရှိ ခွေးလေခွေးလွင့်အရေအတွက်ကို အနီးစပ်ဆုံးခန့်မှန်းတွက်ချက်ခြင်း။

ခွေးလေခွေးလွင့်ပေါ်များသည့် အများပြည်သူနှင့်သက်ဆိုင်သော နေရာများ(ရပ်ကွက်၊ ဈေး၊ ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံစသော နေရာများ)တွင် ဦးစားပေးရှင်းလင်းခြင်း။

ရှင်းလင်းရရှိသောခွေးများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့်ညှိနှိုင်း၍ သိမ်းဆည်းပြီး နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့သွားရောက်စွန့်ပစ်ခြင်း ဆောင်ရွက်ပါသည်။

**ကူးစက်ရောဂါသယ်ဆောင်ဖြန့်ပွားသော ကြွက်များရှင်းလင်းခြင်း၊**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနသည် မြေကြွက်ရှင်းလင်းရေး လုပ်ငန်းဆောင်ရွက်ရေးအတွက် ကျွမ်းကျင်လုပ်သား ၄၀ ဦးကို W.A အဖြစ်ခန့်အပ်၍ သတ်မှတ်ယူနီဖောင်းဝတ်ဆင်စေပြီး ကော်မတီနယ်နိမိတ်အတွင်းရှိ ၃၃ မြို့နယ်၌ မြို့နယ်/ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ခရိုင်ဆွဲ၊ စည်ပင်EOရုံးများနှင့် ဆက်သွယ်ညှိနှိုင်းလျက် နေ့စဉ်ရှင်းလင်းပါသည်။

**ကျီး၊ ဒို ငှက်များရှင်းလင်းခြင်း၊**

ကျီး၊ ဒို ငှက်များ ရှင်းလင်းရန်အတွက် ကျွမ်းကျင်လုပ်သား (၄)ဦးကို W.Aအဖြစ် ခန့်အပ်၍ ကန်တော်ကြီးတွင် အခြေပြု လုပ်ငန်း ဆောင်ရွက်စေပြီး ဦးနှောက်အမြှေးပါးရောင်ရောဂါနှင့် ကြက်၊ ငှက် တုပ်ကွေးရောဂါကာကွယ်ရန် လုပ်ငန်းစီမံချက်ရှိသော နေရာများသို့ ယင်းအဖွဲ့အား စေလွှတ်ရှင်းလင်းစေပါသည်။

**ကြက်၊ ငှက်တုပ်ကွေးရောဂါအပါအဝင် ကြက်၊ ဘဲမှ လူသို့ကူးစက်တတ်သောရောဂါများတားဆီးကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်ခြင်း၊**

ကြက်၊ ဘဲအရှင်ရောင်းချသောဆိုင်များသို့ ဝင်ရောက်လာသော ကုန်ကြမ်း ကြက်၊ ဘဲများအား တိရစ္ဆာန်အရှင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ယင်းဈေးများ၌ ခွဲစိတ်စစ်ဆေးခန်းများဖွင့်လှစ်၍ နေ့စဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ပါသည်။

**ငါး၊ ပုစွန်များရောဂါကင်းရှင်းမှုစစ်ဆေးခြင်း၊**

ငါး၊ ပုစွန်ဒိုင်များနှင့် ဈေးများတွင် ရောင်းချသော ငါး၊ ပုစွန်များ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်မှုရှိ၊ မရှိနှင့် စားသုံးရန်သင့်၊ မသင့်အား စစ်ဆေးဆောင်ရွက်ပေးပါသည်။

**သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်သောအသားများ ဖြန့်ဖြူးရောင်းချမှုများကို ကြပ်မတ်စစ်ဆေးခြင်း၊**

ကော်မတီနယ်နိမိတ်အတွင်း ကော်မတီပိုင် ဈေးများ၌ သား/ငါး ရောင်းချသော ဆိုင်များကို သား/ငါး ရောင်းချခွင့် လိုင်စင်များ ချထားပေးသည်။ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော သား/ငါးများကို ရောင်းချရေး တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် စစ်ဆေးစေပါသည်။ ကော်မတီနယ်နိမိတ် ပြင်ပမှ တရားမဝင် အသားတင်သွင်း၊ သယ်ဆောင်ရောင်းချမှုများကို စစ်ဆေးဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။ ကော်မတီနယ်နိမိတ်အတွင်း တရားမဝင် အသားထုတ်လုပ် သယ်ဆောင်ရောင်းချမှုများကို စစ်ဆေးဖမ်းဆီး အရေးယူခြင်းများကို ဆောင်ရွက်ပါသည်။

အသားထုတ်လုပ်ရုံသို့ ရောက်ရှိလာသော တိရစ္ဆာန်အရှင်များအား ကူးစက်ရောဂါနှင့် အခြားရောဂါ ကင်းရှင်းမှု ရှိ/မရှိ ကန့်သတ်ချက်နှင့် ညီညွတ်မှု ရှိ/မရှိ သက်ဆိုင်ရာ တိရစ္ဆာန်ဆေးကုဆရာဝန်မှ စစ်ဆေးခြင်း။

အသားထုတ်လုပ်ပြီး တိရစ္ဆာန်များ၏ ကိုယ်တွင်းအင်္ဂါများတွင် ကူးစက်ရောဂါနှင့် ပုံမှန်မဟုတ်သော အခြားလက္ခဏာများ ရှိ/မရှိ သက်ဆိုင်ရာ တိရစ္ဆာန်ဆေးကုဆရာဝန်များမှ စစ်ဆေးခြင်း။

သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်သော အသားများ ထုတ်လုပ်နိုင်ရေးအတွက် အသားထုတ်လုပ်ရုံများကို နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရောဂါတားဆီးကာကွယ်ရေးအတွက် အပတ်စဉ် ပိုးသတ်ဆေးဖြန်းဆောင်ရွက်ခြင်း။

မွေးမြူရေးလိုင်စင်ဖြင့် ခွင့်ပြုထားသော ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးလုပ်ငန်းများ၏ စီဝလုံခြုံမှု စစ်ဆေးခြင်း။

မြို့တော်နယ်နိမိတ်အတွင်း တိရစ္ဆာန် စည်းကမ်းမဲ့လွှတ်ကျောင်းမှုများကို ဖမ်းဆီးအရေးယူခြင်း။

အသားထုတ်လုပ်ခွင့်လိုင်စင်(ကြက်/ဘဲ)များ၏ လုပ်ငန်းခွင်ကို စစ်ဆေးခြင်း။

ကြက်၊ဘဲအရှင်ရောင်း လိုင်စင်များ ကွင်းဆင်းပြုလုပ်ပေးခြင်း။

အလှမွေးငါးနှင့် အိမ်မွေးတိရစ္ဆာန်မျိုးစုံ အရှင်ရောင်းချခွင့် လိုင်စင် ပြုလုပ်ပေးခြင်း။

ကော်မတီနယ်နိမိတ်အတွင်း အိမ်မွေးတိရစ္ဆာန် စီးပွားဖြစ် သားစပ်၊ သားပေါက်နှင့် သားပေါက်ရောင်းချခြင်းများကို ရှာဖွေ၊ ဖော်ထုတ် စစ်ဆေး၍ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိသော လုပ်ငန်းများကို လိုင်စင်ခွင့်ပြုချထားခြင်း။

ကော်မတီနယ်နိမိတ်အတွင်း အိမ်မွေးတိရစ္ဆာန်များ(ခွေး၊ ကြောင်) မှတ်ပုံတင် ဆောင်ရွက်ခြင်း။

## အသားထုတ်လိုင်စင် ချထားမှု

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်သည် အကျယ်အဝန်းဧရိယာ (၂၃၁ ⋅ ၁၈) စ/မိုင် ကျယ်ဝန်း၍ မြို့နယ် ၃၃ မြို့နယ်ရှိပြီး ခန့်မှန်းလူဦးရေ (၄ ⋅ ၈)သန်းခန့် မှီတင်းနေထိုင်ကာ နေ့စဉ် စားသုံးမှုအတွက် အမဲသား ၁၆၀၀၀ ပိဿာခန့်၊ ဝက်သား ၆၀၀၀၀ ပိဿာခန့်နှင့် သိုးဆိတ်သား ၄၀၀၀ ခန့်၊ စုစုပေါင်း အသား ၈၀၀၀၀ ပိဿာခန့်လိုအပ်ပြီး အသားထုတ်လုပ်ရေးဌာနခွဲ (အမဲ၊ သိုး-ဆိတ်)ရွာသာကြီး၊ အသားထုတ်လုပ်ရေးဌာနခွဲ(ဝက်) ရွာသာကြီး၊ အသားထုတ်လုပ်ရုံခွဲ(ဝက်)ရွာမ၊ အသားထုတ်လုပ်ရုံခွဲ (အမဲ၊ သိုး-ဆိတ်)လှိုင်သာယာ၊ အသားထုတ်လုပ်ရုံခွဲ(သိုး-ဆိတ်) ရွှေပြည်သာတို့မှ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် ဌာန၏ အသားထုတ်လုပ်ရုံများနှင့် အလှမ်းဝေးကွာသော ဒေသများဖြစ်သည့် ဒလနှင့် ဆိပ်ကြီး/ခနောင်တိုမြို့နယ်တို့တွင် မြို့နယ်တွင်း အသားထုတ်လုပ်ခွင့်လိုင်စင်များ ခွင့်ပြု၍ အသားထုတ်လုပ်ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ပါသည်။

ရန်ကုန်မြို့နေ ပြည်သူလူထုစားသုံးရန် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်သော အသားများကို သင့်တော်သောနှုန်းထားဖြင့် ရောင်းချနိုင်ရေးအတွက် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်မတူသော ထူးခြားမှုအခြေအနေအရ လိုင်စင်ချထားရာတွင် လေလံပစ်ခြင်းမပြုဘဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၃/၉၉ ဖြင့် ထုတ်ပြန်သည့် တိရစ္ဆာန်များ မွေးမြူခြင်းနှင့် သားသတ်ရုံများဆိုင်ရာ နည်းဥပဒေများ အခန်း(၃)၊ နည်းဥပဒေ (၁၅) (၁၆)၊ အခန်း(၆)၊ နည်းဥပဒေ(၃၁) ပါ စီမံခန့်ခွဲခွင့်နှင့်အညီ နှစ်စဉ် ဘဏ္ဍာရေးနှစ် မစတင်မီ အသားထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရန် သတင်းစာတွင် ထည့်သွင်းကြော်ငြာခြင်း။ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မည်သူမဆို(ကော်မတီနှင့် ဌာနမှ အမည်ပျက်စာရင်း သွင်းခံရသူမှအပ) လာရောက်လျှောက်ထားနိုင်ပြီး အသားထုတ်လုပ်ရုံ၏ ထုတ်လုပ်နိုင်မည့် အကျယ်အဝန်း၊ ရေရရှိမှု သန့်ရှင်းရေးဆောင်ရွက်နိုင်မှုနှင့် အသားစားသုံးမှု လိုအပ်ချက်အရ နေ့စဉ် ထုတ်လုပ်ရန် လိုအပ်သည့် ပမာဏအပေါ်မူတည်၍ ထုတ်လုပ်မည့်အသားအမျိုးအစားအလိုက် လိုင်စင်အရေအတွက်ကို ခွင့်ပြုခြင်းများ ဆောင်ရွက်ပါသည်။

တိရစ္ဆာန်ဆေးကုနှင့် သားသတ်ဌာနမှ လိုင်စင်နှင့် မှတ်ပုံတင်ခြင်းကို အောက်ပါအမျိုးအစား (၇)မျိုးကိုသာ ဆောင်ရွက်ပေးလျက်ရှိပါသည်-

၁။ အသားထုတ်လုပ်ခွင့်လိုင်စင်

၂။ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်း လက်ကားဖြန့်ဖြူးရောင်းချခွင့် လိုင်စင်

၃။ သား၊ ငါး အရောင်းဆိုင်လိုင်စင်ခ

၄။ တိရစ္ဆာန်မွေးမြူခွင့် လိုင်စင်ခ

၅။ တိရစ္ဆာန်အရှင် ရောင်းဝယ်ခြင်းလိုင်စင်ခ

၆။ ကြက်၊ ဘဲအရှင် ရောင်းဝယ်ခြင်းလိုင်စင်ခ

၇။ အိမ်မွေးတိရစ္ဆာန် မှတ်ပုံတင်ခြင်း လိုင်စင်ခ

**မှတ်ချက်။** ။ အသားထုတ်လုပ်ခွင့် လိုင်စင်များအကြောင်းကို သီးခြားရေးသားဖော်ပြပေးသွားပါမည်။

## ပြည်သူ့အကျိုးပြုလုပ်ငန်းများ



တိရစ္ဆာန်ဆေးကုနှင့် သားသတ်ဌာနသည် ၂၀၁၅ ခုနှစ်အတွင်း ပြည်သူ့အကျိုးပြု လုပ်ငန်းများအနေဖြင့် ၂၂-၈-၂၀၁၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ကျီးသဲကျေးရွာအုပ်စုတွင် ရေဘေးသင့် ကျွဲ နွားများကို အစာ၊ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

မြန်မာနိုင်ငံအဝန်း ဖုလိုင်လနောက်ပိုင်း မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့မှ အနောက်ဘက် ၁၀ မိုင်အကွာ ဧရာဝတီမြစ်ကမ်းနဘေးရှိ ကျီးသဲကျေးရွာအုပ်စု ကျေးရွာ ၇ ရွာရှိ ကျွဲ နွားကောင်ရေ ၂၀၀၀ ခန့်သည် ရေနှာရောဂါများ၊ အအေးပတ်ခြင်း၊ အစာအာဟာရချို့တဲ့ခြင်း၊ ပွန်းပဲ့ထိခိုက်ခြင်းနှင့် ကြောက်ရွံ့မှု၊ ထိတ်လန့်မှုများ ဖြစ်ပွားခဲ့သဖြင့် ဥက္ကဋ္ဌ(မြို့တော်ဝန်)၏ ၂၀-၈-၂၀၁၅ ရက်နေ့ ခွင့်ပြုချက်ဖြင့် ဌာနမှူး၏လမ်းညွှန်ချက်အရ ဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ဝန်ထမ်းများနှင့် အလှူရှင်များပါဝင်သောအဖွဲ့ဖြင့် ၂၂-၈-၂၀၁၅ ရက်နေ့တွင် သွားရောက်၍ ဆေးကုသခြင်း၊ အစာနှင့် ဆေးဝါးများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့၍ ကျီးသဲကျေးရွာအုပ်စု၊ ခြံကြီးဘုန်းတော်ကြီးကျောင်းတိုက်ရှိ ဒါယိကာ/ဒါယိကာမများအား ဒါယိကာ/ဒါယိကာမများအား ဆပ်ကပ်လှူဒါန်းခဲ့ပါသည်။

အဆိုပါခရီးစဉ်သို့ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန

ဒုတိယဉာဏ်မှူး ဦးမျိုးလွင်ဦးစီး၍ တိရစ္ဆာန်ဆေးကုဆရာဝန် ၁၀ ဦး၊ အုပ်ချုပ်မှုဝန်ထမ်း ၆ ဦးနှင့် အလှူရှင်များလိုက်ပါခဲ့၍ ပဲခူးတိုင်း ဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် တိုင်းဒေသကြီး တိ/မွေးကု ဦးစီးမှူး ဒေါက်တာဝင်းကို၊ ကျိုးသဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် ရွှေတောင်မြို့နယ် (Care Animal Help Workers) တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများအဖွဲ့မှ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ပါသည်။



အဆိုပါခရီးစဉ်တွင် ကျိုးသဲကျေးရွာ မြို့ကြီးဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ် လှူဒါန်းခဲ့ပြီး ကျိုးသဲရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းသို့ တိရစ္ဆာန်ဆေးဝါး ၁၅ မျိုးနှင့် တိရစ္ဆာန်အာဟာရဖြည့်စွက်စာများနှင့် မြက်ထုံးများ စုစုပေါင်းတန်ဖိုး ၁၄၂၅၀၀၀ ကျပ် လှူဒါန်းခဲ့၍ ရေဘေးသင့် ကျွဲ နွား တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅-၉-၂၀၁၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သဲကုန်းကျေးရွာအုပ်စုနှင့် ရပ်ကွက် ၃ တို့တွင် ရေဘေးသင့် ကျွဲ နွား တိရစ္ဆာန်များအား အစာ၊ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-



မြန်မာနိုင်ငံအဝန်း၊ ဇူလိုင်လနောက်ပိုင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့၊ မြို့ပေါ်ရပ်ကွက် ၃ ခုနှင့် ကျေးရွာအုပ်စု ၃၃ စုရှိ ကျွဲ၊ နွားကောင်ရေ ၁၅၀၀၀ ခန့်သည် ရေလွှတ်ရာကုန်းများ၌ ထားရှိနိုင်ခဲ့သော်လည်း အမိုးအကာလုံလောက်မှု မရှိသဖြင့် ရေနာရောဂါများ၊ အအေးပတ်ခြင်း၊ အစာအာဟာရချို့တဲ့ခြင်း၊ မှုန်မွဲ ထိခိုက်ခြင်းနှင့် ကြောက်ရွံ့မှု၊ ထိတ်လန့်မှုများ ဖြစ်ပွားခဲ့သဖြင့် ဥက္ကဋ္ဌ(မြို့တော်ဝန်)၏ ၂၉-၈-၂၀၁၅ ရက်နေ့ ခွင့်ပြုချက်ဖြင့် ဌာနမှူး၏ လမ်းညွှန်ချက်အရ ဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ဝန်ထမ်းများနှင့် အလှူရှင်များပါဝင်သောအဖွဲ့ဖြင့် ၅-၉-၂၀၁၅ ရက်နေ့တွင် သွားရောက်၍ ဆေးကုသခြင်း၊ အစာနှင့် ဆေးဝါးများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့၍ သာပေါင်းမြို့နယ်၊ သံယာ့နာယကဥက္ကဋ္ဌ ဝိသုဒ္ဓါရာမဆရာတော် ဘဒ္ဒန္တကုမုဒြာနှင့် ဝါဆိုသံဃာများအား ဝါဆိုသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။



အဆိုပါခရီးစဉ်သို့ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန ဒုတိယဉာဏ်မှူး ဦးမျိုးလွင် ဦးစီး၍ တိရစ္ဆာန်ဆေးကုဆရာဝန် ၁၁ ဦး၊ အုပ်ချုပ်မှုဝန်ထမ်း ၁၂ ဦးနှင့် အလှူရှင်များလိုက်ပါခဲ့၍ ဧရာဝတီတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးမင်းမင်းနိုင်၊ တိ/မွေးကု ဒုဦးစီးမှူး ဒေါက်တာဇေယျာလွင်၊ မြို့နယ် အထောက်အကူပြု ဥက္ကဋ္ဌ ဦးသိန်းဇံနှင့် နယ်မြေခံရပ်/ကျေးလူငယ်များအဖွဲ့မှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါခရီးစဉ်တွင် ကျိုးသဲကျေးရွာ သာပေါင်းမြို့နယ်၊ သံယာ့နာယကဥက္ကဋ္ဌ ဝိသုဒ္ဓါရာမဆရာတော် ဘဒ္ဒန္တကုမုဒြာနှင့် ဝါဆိုသံဃာများအား ဝါဆိုသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး တိ/မွေးကု ဒုဦးစီးမှူး ဒေါက်တာဇေယျာလွင်အား တိရစ္ဆာန်ဆေးဝါး ၁၆ မျိုးနှင့် တိရစ္ဆာန်အာဟာရဖြည့်စွက်စာ အိတ် ၂၁၀ အိတ်နှင့် မြက်ထုံး ၃၅၀ ထုံး၊ စုစုပေါင်းတန်ဖိုး ၂၁၇၄၀၀၀ ကျပ် လှူဒါန်းခဲ့၍ ရေဘေးသင့် ကျွဲ နွား တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ**

တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနသည် ၁၄-၃-၂၀၁၆ ရက် နေ့လယ် ၁၄၊၀၀ နာရီချိန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ ၂ တွင် မြန်မာနိုင်ငံဆိုင်ရာ

အမေရိကန်သံအမတ်ကြီး(ဟောင်း) ဇနီး Madam Min Mitchell နှင့် အဖွဲ့ဝင် ၃ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒေါက်တာ အေးမင်း(ကော်မတီဝင်-၈)၊ ဦးခင်မောင်တင့်(ကော်မတီဝင်-၉)၊ ဦးသူရိန်ကျော်-ဌာနမှူး(တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန)တို့သည် အောက်ပါအတိုင်း နားလည်မှုစာချွန်များ လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ကြပါသည်-

မြို့တော် နယ်နိမိတ်အတွင်းရှိ လေလွင့်ခွေး ခန့်မှန်းကောင်ရေ ကောက်ခံရေးလုပ်ငန်း ဆောင်ရွက်ရန်၊ ခွေးကိုက်မှုအခြေအနေ၊ ခွေးရူးရောဂါ ဖြစ်ပွားမှုအခြေအနေ၊ လူနှင့် တိရစ္ဆာန်တို့တွင် ခွေးရူးရောဂါဆိုင်ရာ ဗဟုသုတများ ပြည်သူလူထုတွင်း အသိပညာမြှင့်ပွားရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်သို့ စုပေါင်းကွင်းဆင်း၍ အောက်ခြေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ရရှိလာသော အချက်အလက်များအရ အောက်ပါအတိုင်း အဆင့်သတ်မှတ်၍ ဆောင်ရွက်သွားကြရန် နားလည်မှုစာချွန် ရေးထိုးကြပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ခွေးရူးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် လေလွင့်ခွေး လျော့ကျထိန်းချုပ်နိုင်ရေးအတွက် အမေရိကန်နိုင်ငံ HIS(Human Society International) နှင့် ထိုင်းနိုင်ငံ SDF (Soi Dog Foundation) တို့အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး(ဟောင်း)၏ဇနီး Madam Min Mitchell ၏ ပံ့ပိုးကူညီမှုဖြင့် နားလည်မှုစာချွန်လွှာ MOU(Memorandum of Understanding) ကို တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနနှင့် (၁-၃-၂၀၁၆ မှ ၃၁-၃-၂၀၁၉ ထိ) ၃ နှစ်ကာလ ပူးပေါင်းလက်တွဲဆောင်ရွက်ရန် လက်မှတ်ရေးထိုးခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ Scoping Mission ဆောင်ရွက်ခဲ့သော စမ်းချောင်းမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များတွင် ဦးစားပေး ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ခွေးရူးရောဂါ ကြိုတင်ကာကွယ် ဆေးထိုးစီမံချက်များ မျိုးပွားထိန်းချုပ်မှု ခွဲစိတ်ကုသရေးနှင့် တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ အသိပညာရှင်များ မျှဝေသင်ကြားမှုများဖြင့် ကူညီအကောင်အထည်ဖော်ဆောင်ရွက်ကြပါသည်။

တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနသည် ၃-၃-၂၀၁၆ ရက်နေ့တွင် Dr.NATASHA SHINN-Food Safety and Inspection Service UNITED STATES DEPARTMENT OF AGRICULTURE (USD-A) နှင့် Dr. U Thein Naing-Singapore Veterinary Inspection နှင့် ဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် Food Safety and Inspection Service ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အသားစစ်ဆေးမှုလုပ်ငန်းများ၊ အသားစစ်ဆေးလုပ်ငန်းတွင် အသုံးပြုနေသော ဥပဒေများ၊ အသားစစ်ဆေးလုပ်ငန်းတွင်ပါဝင်သော ပညာရှင်များအကြောင်းကို အကျယ်တဝင့် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သောကြောင့် အသားစစ်ဆေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် နိုင်ငံတကာအတွေ့အကြုံ ဗဟုသုတများ တိုးပွားရရှိစေခဲ့ပါသည်။



Food Safety and Inspection Service ၏ ရည်ရွယ်ချက်မှာ သန့်ရှင်းလတ်ဆတ်၍ ရောဂါကင်းရှင်းသော အသားများ၊ ကြက်သားနှင့် ဥအမျိုးမျိုးကို ပြည်သူများ စားသုံးနိုင်စေရန်နှင့် မှန်ကန်သော တံဆိပ်များ ကပ်ခြင်း၊ ထုတ်ပိုးခြင်းများဆောင်ရွက်ရန် စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြည်သူ့ကျန်းမာရေး ကာကွယ်ရန်၊ ရောဂါရှိသော အသားများကို တားမြစ်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊

အသားစစ်ဆေးရေးလုပ်ငန်းတွင်–

(a) Veterinarians
(b) Food Technologists
(c) Food Inspectors
(d) Microbiologists
(e) Chemists

စသည့် ပညာရှင်များ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊
အသားထုတ်လုပ်မည့် တိရစ္ဆာန်များကို စစ်ဆေးမှုခံယူခြင်း
မရှိဘဲ လုံးဝထုတ်လုပ်ခွင့်မရှိကြောင်း၊
- "No Slaughter Without Inpection"

အသားစစ်ဆေးရေးလုပ်ငန်းတွင် အသုံးပြုနေသော ဥပဒေများမှာ–

(a) Federal Meat Inpection Act
(b) Poultry Products Inpection Act
(c) Egg Products Inpection Act
(d) Humane Products Inpection Act

စသည့် ဥပဒေများ ဖြစ်ပါသည်။ Dr. U Thein Naing မှလည်း မလေးရှားနိုင်ငံမှ အသားစားကြက်ရှင်များကို ဝယ်ယူတင်သွင်းပြီး စင်ကာပူနိုင်ငံရှိ ကြက်သားထုတ်စက်ရုံတွင် အသားထုတ်လုပ်ကြောင်း၊ ကြက်များကို မသတ်မီ ကျန်းမာရေးစစ်ဆေးခြင်း၊ သတ်ပြီး စစ်ဆေးခြင်းများကို စစ်ဆေးကြောင်း၊ တစ်နာရီလျှင် ကြက်ကောင်ရေ ၄၀၀၀ ကို စစ်ဆေးရကြောင်း၊ သံသယဖြစ်သော ကြက်သားများကို ဖယ်ရှားပြီး ဓာတ်ခွဲခန်းများတွင် ရောဂါရှာဖွေရေး လုပ်ငန်းများ လုပ်ကိုင်ကြောင်း၊ အသားထုတ်လုပ်ငန်းမှထွက်သော အူနှင့် ကလီစာများကို လူများစားသုံးခွင့်မပြုဘဲ ဖျက်ဆီးပစ်ကြောင်း၊ လူနေရပ်ကွက်များတွင် ကြက်သတ်လုပ်ငန်း လုပ်ကိုင်ခွင့် လုံးဝခွင့်မပြုကြောင်း၊ ထွက်ရှိလာသော ကြက်သားများကို ထုပ်ပိုး၍ အအေးခန်းများ ထားသိုပြီး အအေးခန်းကားများဖြင့် သယ်ယူ၍ ဈေးကွက်သို့ ဖြန့်ဖြူးကြောင်း၊ သတ်မှတ်ထားသောနေရာတွင်သာ ကြက်ရှင်များ ရောင်းဝယ်ခြင်း၊ ကြက်သားထုတ်လုပ်ငန်း လုပ်ကိုင်စေခြင်းဖြင့် ကြက်များမှ လူသို့ ရောဂါကူးစက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်တားဆီးမှုများလုပ်ရန်၊ ရောဂါထိန်းချုပ်မှု လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပါကြောင်း စသည်ဖြင့် မလေးရှားနိုင်ငံ အသားထုတ်လုပ်မှုလုပ်ငန်းများအကြောင်းကို ဗဟုသုတရဖွယ် ရှင်းလင်းတင်ပြဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

**စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ**

၄–၆–၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄ ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ၎င်းအဖွဲ့လက်အောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီ ၂ရပ်အား ဖြည့်စွက်ပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

စားသုံးသူ ကာကွယ်ပေးရေးဥပဒေကို ၁၄–၃–၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၀ ပြဋ္ဌာန်းခဲ့ပါသည်။

စားသုံးသူ အကာအကွယ်ပေးရေးဆိုသည်မှာ–

ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးသူများသို့ ဥပဒေနှင့်အညီ ကာကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရေးဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း(သို့မဟုတ်) အဖွဲ့အစည်းတစ်ခုတည်းကသာ ဆောင်ရွက်၍မရဘဲ အစိုးရဌာနများ၊ NGO များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူ ပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာလျှင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

လစဉ် တစ်လလျှင်တစ်ကြိမ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမတွင် ပြုလုပ်ပြီး တက်ရောက်လာသူများမှ လစဉ်ဆောင်ရွက်ပြီးစီးမှုများကို တင်ပြဆွေးနွေးခြင်း၊ ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ကြပါသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ ဆက်သွယ်လိုပါက အမှတ် ၂၂၈/၂၄၀၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း– ၀၁၂၄၉၅၀၈၆၊ ၃၇၅၁၀၅၈ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

**အထက်တွင် ဖော်ပြခဲ့ပြီးသော တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနအကြောင်းကို သိသင့်သိထိုက်သလောက် သိရှိလောက်ပြီဟု ယူဆပါတယ်။**

**တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနအကြောင်း ပိုမို သိရှိလိုသော အချက်အလက်များရှိပါက–**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန(ရုံးချုပ်)၊ (၁၂)ထပ်ရုံး (၆)လွှာ၊ ကုန်သည်လမ်း(ဗိုလ်မြတ်ထွန်းလမ်းနှင့် သိမ်ဖြူလမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**

ကိုဇော

# ဝတ္ထု

မာမာဝင်းက ဒေါ်ခင်မာအေး ဆုံးပြီဟု ပြောသော်လည်း ဒေါ်မြမြလှိုင် ရုတ်တရက် မယုံနိုင်။ 'ဘာပြောတယ်'ဟု ထပ်မေးရင်း ရင်တွေခုန်လာသည်။

''ခုတင်ပဲ အန်တီမြရဲ့ မူးတယ်၊ မူးတယ်ဆိုပြီး လဲကျသွားရောက ခဏနေတော့ ဆုံးတာပဲတဲ့၊ ဆရာဝန်တောင် မမီဘူးပြောတယ်၊ နဂိုကတည်းကလည်း နှလုံးရောဂါရော၊ သွေးတိုးရောဂါရော ရှိတယ်တဲ့''

ဆက်၍ပြောသော စကားသံကို ကြားရသောအခါမှ 'အမလေး မြန်ဆန်လိုက်တာ၊ ဘုရား・・・ဘုရား'ဟု တုန်ရီလှုပ်ရှားစွာ ရေရွတ်လိုက်မိသည်။ 'ဦးလေးလှတို့အိမ် သွားပြောလိုက်အုံးမယ်'ဟု ပြောကာ အိမ်ပေါ်မှ သုတ်ခနဲပြန်ဆင်းသွားသော မာမာဝင်း၏ ကျောပြင်ကို အတန်ကြာအောင် ငေးကြည့်ရင်း 'ဘုရား・・・ဘုရား။ ဖြစ်မှဖြစ်ရလေ'ဟု ဆက်၍ ရေရွတ်နေမိသည်။

''ဘာဖြစ်လို့လဲ မြ၊ ဘယ်သူ ဘာဖြစ်လို့လဲ''





မှန်တင်ခုံရှေ့ပြေးကာ မျက်နှာကို တို့ပတ်လေး တစ်ချက် နှစ်ချက် ရိုက်သည်။ နှုတ်ခမ်းနီတောင့် ကောက်ကိုင်ပြီးမှ "အို···အသက်ပဲ လေးဆယ်ကျော်နေပြီဟာ" ဟု တွေးကာ···

နားစွန်နားဖျားကြားလိုက်သော ခင်ပွန်းသည်က အိပ်ခန်းထဲမှထွက်လာသည်။ ခင်ပွန်းသည်ကို မြင်လိုက်သောအခါမှ ဒေါ်မြမြလှိုင်သည် အားကိုးရာ ရသွားသကဲ့သို့ အနားသို့ ခပ်သွက်သွက် လျှောက်လာလေသည်။

"အစ်မကြီး ဒေါ်ခင်မာအေး ဆုံးလို့တဲ့ ကိုကိုရေ"

ဟု ထိန့်ထိန့်လှုပ်ရှားစွာ ပြောမိသည်။ ထို့နောက်–

"ဟေ···· ဘယ်တုန်းကလဲ၊ ဘာဖြစ်တာလဲ၊ အခု ဘယ်မှာလဲ"

ဟု မေးသော အမေးများကို မဖြေအား။

"မောင်စိန်၊ ဟဲ့ မောင်စိန်၊ ကားထုတ်စမ်း"

ဟု အော်သည်။ ထို့နောက်

"ဟဲ့···နေပါဦးတော့ မထုတ်နဲ့တော့၊ တစ်လမ်းကျော်တင်ပဲဟာ၊ လမ်းလျှောက်သွားမယ်၊ ဟဲ့···မတင်းကြွယ် နောက်ဖေးကငါးကြော်အိုးကိုကြည့်ပြီး ဆက်ကြော်ပေးစမ်း"

ဟု အော်ကာ ခင်ပွန်းသည်ဘက်သို့ လှည့်သည်။

"ရုံးအတွက် ထမင်းချိုင့်ကို နေ့ခင်းမှ အပို့လွှတ်တော့မယ်နော် ကိုကို၊ မောင်စိန့်ကို ပြန်လွှတ်လိုက်၊ မြတော့ ဟိုအိမ်သွားအုံးမယ်"

ဟု ပြောသည်။ မှန်တင်ခုံရှေ့ပြေးကာ မျက်နှာကို တို့ပတ်လေး တစ်ချက် နှစ်ချက် ရိုက်သည်။ နှုတ်ခမ်းနီတောင့် ကောက်ကိုင်ပြီးမှ "အို···အသက်ပဲ လေးဆယ်ကျော်နေပြီဟာ"ဟု တွေးကာ ပြန်ချလိုက်သည်။ ထို့နောက် အတန်ငယ်မှိုင်းသော လုံချည်အညိုရောင်ကို ကောက်ဝတ်ပြီး ခပ်သွက်သွက်ထွက်ခဲ့သည်။

နေပူကျဲကျဲတွင် လမ်းလျှောက်လာရင်း လွန်ခဲ့သည့်သုံးရက်ကမှ ဒေါ်ခင်မာအေးနှင့် ဈေးထဲတွင် တွေ့ခဲ့ကြသေးသည်ကို သတိရသည်။

"ကြက်သွန်နီတွေကလည်း ဈေးကြီးလိုက်တာရှင်"ဟု သူက ညည်းသောအခါ ဒေါ်ခင်မာအေးက "ကြက်သွန်နီ ဈေးတက်မယ့် ဆီက နည်းနည်းဈေးကျလာတော့ တော်သေးတာပေါ့၊ ခဆောင်းဦးပေါက်ဆိုတော့ သစ်သီး သစ်နှံလေးတွေ ပေါလာပြီ၊ ပန်းဂေါ်ဖီကို ဘဲဥနဲ့ ကြော်စားရရင် အသားဟင်းမလိုပါဘူး မြမြရယ်"ဟု ခပ်ပြုံးပြုံးပြောခဲ့သည်ကို သတိရသည်။ 'အမြဲတမ်း အကောင်းဘက်ကချည်းပဲ စဉ်းစားတတ်တဲ့ သူ တော် ကောင် းမကြီး၊ ခု တော့ သေရှာပြီပေါ့'ဟု စဉ်းစားရင်း ရင်ထဲ တွင် ဆို့သွားသည်။

"အန်တီမြရေ···မေမေ့ကို ကြည့်ပါအုံး အန်တီမြရဲ့၊ သေတာမှ ဟုတ်ရဲ့လား"

ဒေါ်ခင်မာအေး၊ သမီးအလတ်မလေးက ဆီးရှိုက်သည်။ ဒေါ်မြမြလှိုင်က သူ့ကို မနှစ်သိမ့် အားဘဲ အိမ်ထဲသို့ ကမန်းကတန်း ကဲကြည့်သည်။ အိမ်ရှေ့ခန်းတွင် ခုတင်တစ်လုံး ချထားသည်။ ထိုခုတင်ဆီသို့ အရာ ဝတ္ထုတစ်ခုကို ဝိုင်းဝန်းပြီး သယ်မ,လာကြသည်။ တဒိတ်ဒိတ် ခုန်လာသောရင်ကို အသာဖိပြီး အသေအချာကြည့်လိုက်သော် ဒေါ်ခင်မာအေး၏ ခန္ဓာကိုယ်ဖြစ်နေမှန်း သိရသည်။ ခေါင်းငိုက်စိုက်၊ ဆံပင်မားလျား နှင့် ခြေပျော့ပျော့၊ လက်ပျော့ပျော့ အနေ အထားကို မြင်ရသောအခါ 'ဘယ်လိုဖြစ်တာတုန်း အစ်မကြီးရဲ့၊ မမြင်ဝံ့ပါလား'ဟု တစ်ဦးတည်းပြောကာ မျက်ရည် ဖြိုင်ဖြိုင်ကျလာသည်။ သူငိုသောအခါ အလတ်မလေးက "မေမေရေ···အန်တီမြ လာတယ် မေမေရဲ့၊ ထပြီး စကားပြောပါအုံး၊ ငှည့်ခံပါအုံး"ဟု အော်ကာ တက်သွား၍ ဝိုင်း၊ ဝန်းပြီး နှိပ်ကြ၊ နယ်ကြ၊ ဖန်ကြ၊ မှုတ်ကြနှင့် အလုပ်ရှုပ်ကုန်သည်။

"မြမြလှိုင် သတိထား၊ မြမြလှိုင်၊ ခင်မာအေးကို အားလုံးခင်ကြတာပဲ၊ ဒါပေမဲ့ ကိုယ်က ငိုရင် ကလေးတွေ ပိုဆိုးမှာပေါ့"

ဒေါ်ဒေါ်ဖိက ဒေါ်မြမြလှိုင်၏ လက်မောင်းကို ဆုပ်ကိုင်ကာ ခပ်တိုးတိုးချော့သည်။ ဆူညံလှုပ်ရှားနေသော ဝန်းကျင်တွင် ဒေါ်ခင်မာအေးတစ်ယောက်သာ အငြိမ်ကြီး ငြိမ်နေသည်။ ကြိုးဖြတ်ထားသော ရုပ်သေး ရုပ်လို လည်ငိုက်စိုက်၊ ခေါင်းငိုက်စိုက်နှင့် ဖြစ်နေသည်။ ဝတ်ချင်ရာဝတ်၊ လွှမ်းချင်ရာ လွှမ်းပြီး မြေပြုပ်ချင်မြုပ်၊ မီးသင်္ဂြိုဟ်ရင်လည်း သင်္ဂြိုဟ်၊ လုပ်ချင်ရာ လုပ်ကြပေ တော့ဟု အသံမထွက်ဘဲ ပြောနေသလိုရှိသည်။ ဒေါ်ခင်မာအေး၏ ခြေမ,လက်မတို့ကို ပုဆိုး ကြိုးနှင့်ချည်သည်ကို တွေ့ရသောအခါ

ဒေါ်မြမြလှိုင် အိမ်နေ့ ငိုမိပြန်သည်။ ကြေကွဲ ဝမ်းနည်းစိတ်နှင့် ထိတ်လန့်တုန်လှုပ်စိတ်က ရင်ထဲတွင် ပြည့်ပြီးလျှံနေသည်။

ထိုနေ့ညက ဒေါ်မြမြလှိုင် တော်တော် နှင့် အိပ်မပျော်ချေ။ 'စိတ်မကောင်းလိုက် တာ ကိုကိုရယ်။ ကြည့်ရတာ သက်မေ့နေ သလို၊ အိပ်နေသလိုပဲ။ သေတယ်ဆိုတာ ယုံစရာတောင် မရှိဘူး'ဟု တဖွဖွပြောနေမိ သည်။ နေလယ်ခင်းပျင်းလျှင် တစ်ယောက် အိမ် တစ်ယောက် ကူးကြ၊ လက်ဖက်စား ကြ၊ သားရေး သမီးရေး၊ လင်ရေးသားရေး ပြောလိုက်နဲ့ ပြောခဲ့ဆိုခဲ့ရသည်များကို တရစ် ဝဲဝဲမြင်ယောင် ကြားယောင်နေသည်။ ဆယ့် နှစ်နာရီထိုးတော့ မနေနိုင်တော့။ စိတ်ငြိမ် ဆေး ထသောက်ရသည်။ ထိုအခါကျမှ အိပ် ပျော်လေတော့သည်။

ပထမနေ့က အတော်လေး စိတ်ပင် ပန်းကာ အတော်လေး ငိုလိုက်ရသော ကြောင့် ဖြစ်မည်ထင်သည်။ ဒုတိယနေ့တွင် ဒေါ်မြမြလှိုင် သိပ်မငိုချင်တော့ပေ။ ဓာတ်ပြ ပါးပါးလွှမ်းထားသော ဒေါ်ခင်မာအေးကို ငေးကြည့်ရင်း၊ ကွာစီ တမြောက်မြောက် ဝါးစားလာနိုင်သည်။ မတွေ့မမြင်ရတာ ကြာ ပြီဖြစ်သော မိတ်ဆွေသင်္ဂဟများကို ကြိုဆို နှုတ်ဆက် နေရာချပေးကာ 'မူးတယ်‥‥ မူးတယ်ဆိုပြီး လဲကျရာက ဆုံးတာပဲတဲ့ စိုးစိုး ရေ၊ မြတို့တောင် အသက်မမီလိုက်ပါဘူး' ဟု ပြောဆိုဧည့်ခံသည်။

''သားတစ်ယောက်၊ သမီးသုံးယောက် ကျန်ခဲ့တယ်လေ၊ သားအကြီးဆုံးက မော်လ မြိုင်မှာ နည်းပြဆရာလေ၊ အကြီးမလေးက စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်၊ အလတ်မလေးက ဆေးတက္ကသိုလ်မှာလေ၊ အငယ်လေးကတော့ ဒီနှစ် ဒေသက အောင် တယ်၊ အကျန်လုံး စာတော်တယ်၊ အစ်မ ကြီး ယောက်ျား ဆုံးသွားတာကတော့ ကြာ ပြီလေ၊ ငါးနှစ်လောက် ရှိပြီထင်ပါရဲ့၊ သား တွေ သမီးတွေက အိမ်ထောင်မြှုဖို့ စိတ် မကူးကြသေးဘူး။ အမေကို လုပ်ကျွေးမယ် လို့ ပြောနေကြတာ''ဟု ပြောသောအခါ ဒေါ် စိုးစိုးမြင့်က သက်ပြင်းချသည်။

''တရားကျစရာ၊ မယုံစရာကြီးပဲ မမ လှိုင်ရယ်၊ မနေ့မနက်ကတင် ကျွန်မနဲ့ ဈေး ထဲမှာတွေ့တော့ သံတွဲအုန်းဆီစစ်စစ်ရမယ် လိုချင်သလားလို့ မေးသေးတာ''

မီးနှစ် နှစ်ဆယ်ခန့် ပြောပြီးသောအခါ ဒေါ်ခင်မာအေးအကြောင်း ပြောစရာကုန် သွားသည်။ ဘာဆက်ပြောရမည်မသိဘဲ ငြိမ် နေကြစဉ် ဒေါ်စိုးစိုးမြင့်က ဒေါ်မြမြလှိုင် ဝတ် ထားသော ထိုင်းကော်တွန် နီညိုရောင် လုံချည်ကို အသာကိုင်ကြည့်ရင်း 'အဆင် လေးက လှလိုက်တာနော်၊ ဟို တရုတ် မလေးတွေ ဆိုင်ကပဲလား'ဟု မေးသည်။ ဒေါ်မြမြလှိုင်ကလည်း မြွေရေခွံလက်ကိုင် အိတ်ကလေးကို လှမ်းချကြည့်ကာ 'လှလိုက် တဲ့ အိတ်ကလေး၊ ဖိုလ်မှူးသွားတုန်းက ဝယ် ခဲ့တာလား'ဟု ချီးကျူးသည်။ ထို့နောက် သူတို့သည် ဒေါ်ခင်မာအေးကို မေ့တွေ့မေ့ပြီး ဖိုလ်ချုပ်ဈေး၊ စိန့်ဂျွန်းဈေးထဲသို့ စိတ်နှင့် ရောက်သွားကြလေသည်။ အုတ်အုတ်ကျက် ကျက် ငိုသံကြားရ သောအခါမှ လက်ရှိ နေရာကို ဖြုန်းခနဲ ပြန်ရောက်လာသည်။ မော်လမြိုင်မှ အစ်ကိုကြီး ရောက်လာသော ကြောင့် ညီအစ်မများ ဆီးရှိုက်ငိုကြခြင်းဖြစ် သည်။ ဒီတော့လည်း သူတို့နှစ်ဦးလုံး ရောပြီး မျက်ရည်ကျကာ ဓာတ်ပြလွှမ်းထားသော ဒေါ် ခင်မာအေးကို ကြေကွဲဝမ်းနည်းစွာ ကြည့်မိ ပြန်လေသည်။

ဒုတိယနေ့ညနေပိုင်းရောက်တော့ ဒေါ် ခင်မာအေး၏ ခန္ဓာကိုယ်မှ အနံ့အနည်းငယ် ထွက်ချင်လာသည်။ ဝမ်းဗိုက်ကလည်း အတန်ငယ် ဖောင်းလာသယောင် ရှိသည်။ ဖြူဝင်းသော အသားအရေမှာလည်း ညို သယောင်ယောင်ဖြစ်လာသည်။ ထို့ကြောင့် ညပိုင်းရောက်သောအခါ ခေါင်းအောက်၌ မွှဲပြာခံကာ အလောင်းကို ခေါင်းသွင်းလိုက် ကြသည်။ ခုတင်ပေါ်တွင် ငွေရောင်ပန်းရေး ထားသော ခေါင်းနှင့် ခုတင်ခေါင်းရင်းတွင် ပေယ်ကံ့များ၊ ခုတင်အောက်တွင် ကျောက် ဖရုံသီး၊ ခြေရင်းဘက်တွင် မြေအိုးနှင့် ကြည့် ရသည်မှာ ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ ထိတ်လန့်စရာ ကောင်းနေသည်။

တတိယနေ့တွင် အသုဘချသေသည်။ အသုဘချခါနီးတွင် ခေါင်းထဲမှ ဒေါ်ခင်မာ အေးကို နောက်ဆုံးကြည့်ခြင်းအနေဖြင့် အစွာကာပ်၍ ကြည့်မိပြန်သည်။ ဆုံးစတုန်း ကနှင့် မတူတော့ချေ။ မျက်နှာက ဖောင်း ကာ အမ်းနေသယောင်ရှိသည်။ အသားများ ကလည်း ညှိရှုံ့ညစ်နေသည်။ ညာဘက် မျက်စိထောင့်တွင် တရွရွထက်လာသော



ခန္ဓာကိုယ်မှ အနံ့အနည်းငယ်
ထွက်ချင်လာသည်။
ဝမ်းဗိုက်ကလည်း
အတန်ငယ်
ဖောင်းလာသယောင်ရှိသည်။
ဖြူဝင်းသော
အသားအရေမှာလည်း
ညိုသယောင်ယောင်
ဖြစ်လာသည်။

ပုရွက်ဆိတ် သုံးကောင်ကို အထိတ်တလန့်ကြည့် မိစဉ် အကောင်ပြင်းပြင်းလေး ထွက်လာသော ရနံ့ကြောင့် ခပ်သွက်သွက် နောက်ဆုတ်လိုက်မိသည်။

'သေခြင်းတရားဆိုတာ တယ်လည်း ကြောက်ဖို့ကောင်းပါလား။ ငါလည်း ဒီလိုပဲ သေရအုံးမှာပါလား'ဟူသော အသိတရား ဝင်ကာ ထိတ်လန့်တုန်လှုပ်စိတ်နှင့် ချောက်ချောက်ချားချား ဖြစ်နေသည်။ ထိုနေ့ ညနေစာကို လုံးဝမစားနိုင်။

ညကျတော့ ခါတိုင်းထက် ပို၍ကြာအောင် ဘုရားရှိခိုးမိသည်။ ဒေါ်ခင်မာအေး၏ အမည်ကိုခေါ်ကာ အမျှအတန်းပေးဝေသည်။ အိပ်ရာထဲရောက်သော်လည်း အိပ်မပျော်နိုင်သေး။ ပုတီး တချောက်ချောက်စိပ်နေရင်း ဖောင်းပြီးအမ်းနေသော မျက်နှာနှင့် ပုရွက်ဆိတ်သုံးကောင်ကိုသာ မြင်ယောင်နေသည်။ ဘယ်စောင်းလိုက်၊ ညာစောင်းလိုက်၊ သက်ပြင်းချလိုက်နှင့်ဖြစ်နေ၍ ခင်ပွန်းသည်က 'ဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့ မြမြရယ်၊ သူ့အချိန်တန်တော့ သူသွား။ ကိုယ့်အချိန်တန်တော့လည်း ကိုယ့်အလှည့်ရောက်ပြီး ကိုယ်သွားရအုံးမှာပဲ၊ လူတိုင်း လူတိုင်း မလွဲမသွေ သွားရမယ့်လမ်း မဟုတ်လား'ဟု ပြောသည်။ ထိုအခါကျမှ ပို၍ကြောက်ရွံ့တုန်လှုပ်လာသဖြင့် ဒေါ်မြမြလှိုင်ခမျာ စိတ်ငြိမ်အေး ထသောက်ရပြန်လေသည်။

နောက်နေ့မနက်ကျတော့ ဒေါ်မြမြလှိုင် အိပ်ရာပေါ်မှ တော်တော်နှင့်မထနိုင်သေး။ ကားမောင်းသူ မောင်စိန်ဇော်မိန်းမ မဝင်းကြွယ်က အလိုက်တသိ ဈေးသွားပြီး မီးဖိုဝင်ကာ ချက်ပြုတ်ထားသည်။

''မဝင်းကြွယ်က ငါးရံ့ခေါင်းနဲ့ ဘူးသီးနဲ့ ချဉ်ရည်ချက်တယ်တဲ့၊ ကြက်သားဆီပြန်နဲ့ တညင်းဝက်မီးအုံး တို့စရာ၊ ငံပြာရည်ချက်တဲ့ ထမင်းနည်းနည်းထပြီး စားလိုက်ပါလား မြမြရဲ့''

ခင်ပွန်းသည်က အပြောကောင်း၍ ဒေါ်မြမြလှိုင်သည် ထမင်းပွဲသို့ စိတ်မပါလက်မပါနှင့် ဝင်ထိုင်ရသည်။ ပန်းကန်ထဲသို့ ထမင်းလေး လက်တစ်ဆုပ်ခန့်သာထည့်ပြီး စားသည်။ 'ကိုကို ကျေနပ်အောင် စားတာ၊ စားနိုင်မှာ မဟုတ်ပါဘူးကွယ်'ဟုပင် ပြောမိသေးသည်။ သို့သော် စားရင်းစားရင်းနှင့် စားကောင်းလာ၍ မနေ့ညနေက လွတ်ထားသော ညစာကိုပါပေါင်းပြီး နှစ်နပ်ပေါင်း တွယ်လိုက်သည်မှာ ဗိုက်ထဲတွင် တင်းတောင့်ပြီး အနေရအထိုင်ရယင် ခက်လာသည်။ ထို့နောက် အစာကြေရန် ထန်းလျက်ခဲမြှုပြီး မဝင်းကြွယ် အလိုက်တသိ ငှားလာသော စိန်ပြာလောင်ကို ဖတ်သည်။ ထို့နောက် သော်ကာ၏ အမိုင်းကို ဖတ်သည်။ ဒီလိုဆိုတော့လည်း ဒေါ်ခင်မာအေးကို သတိမရတော့ပေ။

ရက်မလည်မီ တစ်ရက်တော့ ဒေါ်ခင်မာအေးတို့အိမ် ရောက်သေးသည်။ ငရုတ်သီး ထောင်းသူတွေ၊ ကြက်သွန်နွှာသူတွေ၊ ငါးရှိုးထွင်သူတွေနှင့် စည်စည်ကားကား ရှိလေသည်။ 'အန်တီမြ အေးအေးနေပါ၊ လုပ်မယ့်သူတွေ ရှိပါတယ်'ဟု ပြောရင်း အကြီးမလေးက ကွာစေ့တစ်ပန်းကန် ချပေးသည်။ ထို့ကြောင့် ကြက်သွန်လေး သုံးလေးလုံးနွှာကာ ကွာစေ့စားပြီး ပြန်ခဲ့ရသည်။

ရက်လည်သည့်နေ့တွင် ခင်ပွန်းသည်က မလိုက်နိုင်၊ ရုံးတွင် အစည်းအဝေးရှိ၍ စောစောသွားရသည်။ ထို့ကြောင့် ဒေါ်မြမြလှိုင်လည်းတစ်ဦးတည်း စောစောလာခဲ့လေသည်။

''အဝစားနော် မြမြလှိုင်၊ ဒေါ်မိမိ လက်ရာကို အဝစားသွား''

အိုးသူကြီးဖြစ်သူ ဒေါ်ဒေါ်မိက ဆီး၍ ပြောသည်။ သေးမျှင်ဖြူဖွေးသော မုန့်ဖတ်ကလေးများပေါ်သို့ ဟင်းရည်လောင်းချသည်။ ဘဲဥဖတ် ဖြူဖြူများ။ နူးအိနေသော ကြက်သွန်ဥကြီးတစ်လုံးနှင့် ငှက်ပျောအူနုနု အကွင်းလိုက်များက မုန့်ပန်းကန်ထဲ ခုန်ဆင်းလာကြသည်။ ချိုမွှေးသော ဟင်းရည်နံ့က ဝေ့ပြီးပျံ့သွားသည်။

''မုန့်ဟင်းခါး အချိုနှံလေးဆယ်ကို ငါး အချိန် တစ်ဆယ်လေ၊ မြေပဲဆံလေး နည်းနည်းကို ကြော်ပြီးထောင်းထည့်ထားတော့ ပိုချိုတာပေါ့၊ မုန့်ဖတ်လေးတွေကတော့ ငါးနက်ချောင်းကမှာတာ၊ ကောင်းရဲ့လား မြမြရဲ့''

''ကောင်းပြီလား၊ ဒေါ်ဒေါ်မိရယ်၊ တကယ်ကို ကောင်းတာ''

တစ်ပန်းကန်ကုန်တော့ နောက်တစ်ပန်းကန် ထပ်ထည့်ရင်း၊ ချီးကျူးရသည်။ ဒေါ်မြမြလှိုင်က နဂိုကတည်းက မုန့်ဟင်းခါး ကြိုက်တတ်သူဖြစ်သည်။



ရက်မလည်မီ တစ်ရက်တော့ ဒေါ်ခင်မာအေးတို့အိမ် ရောက်သေးသည်။ ငရုတ်သီး ထောင်းသူတွေ၊ ကြက်သွန်နွှာသူတွေ၊ ငါးရှိုးထွင်သူတွေနှင့် စည်စည်ကားကား ရှိလေသည်။

ထို့ကြောင့် 'အနံ့တိမြ ထည့်အုံးလေ' ဟု ပြောတိုင်း ထပ်၍ထပ်၍ ထည့်မိရာ သုံးပန်းကန်မောက်မောက် ကုန်အောင် စားမိတော့သည်။ မုန့်ထပ်မထည့်နိုင်တော့၍ 'သိပ်ကောင်းတာပဲကွယ်'ဟု ချီးကျူးရင်း ဟင်းရည် ထပ်သောက်သည်။ အချိုမှုံ့ချထားသော ဆန္ဒင်းမကောင်းနှင့် လက်ဖက်ကို စောင်း၍ပင် မကြည့်အား။ သူကြိုက်သည်က မုန့်ဟင်းခါး။

ညကျတော့ 'မုန့်ဟင်းခါး အတော်ကောင်းရဲ့လား'ဟု မေးသော ခင်ပွန်းသည်ကို 'သိပ်ကောင်းတာပဲ ကိုကို'ဟု အဖြေပေးရသည်။ လွန်ခဲ့သည့် သုံးလေးလ ဦးလေးဘရက်လည်တုန်းက ဒေါ်ခင်မာအေးနှင့်အတူ သွားခဲ့သည်ကို သတိရသည်။ စိတ်ထဲမှနေ၍ အမှုဝေရင်း စိပ်ပုတီးကောက်ကိုင်ကာ စိပ်မိလေသည်။ ဂုဏ်တော်ကိုးပါးကို နှုတ်မှရွတ်နေသော်လည်း 'အဲဒီတုန်းကလည်း မုန့်ဟင်းခါး ကျွေးတာပဲ၊ ဒါပေမဲ့ ဒီနေ့မုန့်ဟင်းခါးလောက် မကောင်းဘူး'ဟု စဉ်းစားနေမိသည်။ 'ဒီနေ့ ဟင်းရည်က တကယ်ကို အချိုလေးတာ၊ ပါးစပ်ထဲမှာကို စွဲနေတာပဲ၊ မုန့်လေးတွေကလည်း သေးသေးမျှင်မျှင်နဲ့ ကောင်းလိုက်တာ'ဟု တွေးရင်း ထပ်ပြီးစားချင်စိတ် ပေါ်လာပြန်သည်။ 'ငါ့နယ် ချိုင့်ကလေးနဲ့ သယ်လာရင် ပြီးရော၊ အစ်မကြီးသာရှိရင် ငါ့အကြိုက်ကို သိတယ်၊ ထည့်ပေးလိုက်မှာ'ဟု စဉ်းစားရင်း ဟင်းခနဲ သက်ပြင်းချသည်။ တရားစာအုပ်ဖတ်နေသော ခင်ပွန်းသည်က လှမ်းကြည့်သည်။ 'ကိုယ့်ကို တရားပြသွားတယ်လို့ပဲ အောက်မေ့ပါ မြမြရယ်'ဟု ပြောလေသည်။

''အရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလန် အလောင်းအလျာကြီးတွေဆိုရင် ပွဲခင်းထဲမှာ လှုပ်ရှားပျော်ပါးနေကြတဲ့ လူတွေကြည့်ရင်း အင်း • • •ဒီလူတွေဟာ နောင်နှစ်ပေါင်း တစ်ရာလောက်ဆိုရင် တစ်ယောက်မှ ရှိတော့မှာ မဟုတ်ဘူးလို့ တွေးမိတာနဲ့ လူလောကကို ငြီးငွေ့ပြီး တရားစစ်၊ တရားမှန်ကို ရှာကြတော့တာပဲတဲ့။ ခုဆိုရင်လည်း အစ်မကြီးက တရားပြသွားတာပဲပေါ့၊ သေခြင်းတရားဟာ အစီးမရဘူးဆိုတာ ပြသွားတာ၊ အရွယ်မရွေးဘူး အချိန်အခါမရွေးဘူး ဆိုတာ ပြသွားတာ ဘယ်လောက် တရားကျဖို့ကောင်းလဲ''

ဒေါ်မြမြလှိုင် ဘာမှပြန်မပြော၊ 'ကိုယ်က သူတို့လို ပါရမီရှင် အရင့်အမာကြီးမှ မဟုတ်တဲ့၊ ချက်ချင်းကြီးတော့ ဘယ်လိုလုပ် တရားရနိုင်မလဲ'ဟု စဉ်းစားရင်း ပုတီးကို နာနာစိပ်သည်။ မျက်စိကိုစုံမှိတ်ကာ ခေါင်းထဲတွင် တွေ့လိုက်သော ဒေါ်ခင်မာအေး၏ မျက်နှာကို ပြန်ပြီးတွေးကြည့်မိသည်။ သို့သော် မုန့်ဖတ်ဖြူဖြူပေါ်သို့ လောင်းချလိုက်သော ဟင်းရည်ခွန်းကြီးကိုသာ မြင်ယောင်လာသည်။ ဘဲဥဖတ်အကွင်းလိုက်များနှင့် ကြက်သွန်ဥ နူးနူးညံ့ညံ့ အလုံးလိုက်ကြီးများသည်ကား မျက်စိထဲမှ တော်တော်နှင့် မပျောက်။ ဝဲလှည့်ပြီး ခေါ်နေ၍ တဲတွေးကို မသိမသာ မျိုချရသည်။

''အင်း • • •ဗိုက်ထဲမှာလည်း ဟာတာတာနဲ့၊ မုန့်ဟင်းခါးလေး တစ်ပန်းကန်လောက် ထပ်စားချင်လိုက်တာ''

မစန္ဒာ

သူတို့လို ပါရမီရှင်
အရင့်အမာကြီးမှ မဟုတ်တဲ့၊
ချက်ချင်းကြီးတော့
ဘယ်လိုလုပ်
တရားရနိုင်မလဲ''ဟု
စဉ်းစားရင်း
ပုတီးကို နာနာစိပ်သည်။





# အမေ ဆိုတာ အနှိုင်းမဲ့

ကိုရာဇာ

''အမေ့''

မိန်းကလေးငယ် တစ်ယောက်ရဲ့ အသံဟာ ကုန်တိုက်တစ်ခုအတွင်းကနေ ပျံ့လွင့်လို့လာပါတယ်။ အသံလာရာဘက်ကို ကျွန်မ လှည့်ကြည့်မိတယ်။ ကျွန်မလိုပဲ အမျိုးသမီး အတော်များများလည်း လှမ်းကြည့်ကြတယ်။ တကယ်တော့ ကျွန်မက ဒီကုန်တိုက်ကို တစ်ယောက်တည်း ဈေးဝယ်ထွက်ခဲ့တာပါ။ ပြီးတော့ ကျွန်မ သမီးနှစ်ယောက်ကလည်း အခု ကြားလိုက်ရတဲ့ အသံရှင်ကလေးငယ်ထက် အများကြီး အသက်အရွယ်ရနေပါပြီ။ ဒါပေမဲ့ ဒါက အကြောင်းမဟုတ်ပါဘူး။ ''အမေ''လို့ ဆိုတဲ့ အသံကိုကြားလိုက်ရတဲ့ ကျွန်မအဖို့ တစ်ခုခု အကူအညီပေးဖို့အတွက် အသင့်ဖြစ်နေပြီလေ။

အမေ ဆိုတဲ့ စကားစုလေးက တစ်လောကလုံးက အမေတွေကို ကိုယ်စားပြုလို့နေပါတယ်။



တစ်ည ကျွန်မ အိပ်မောကျနေတုန်း ''အမေ・・・အမေ'' ဆိုတဲ့အသံ ကျွန်မ နားစည်ထဲကို ထိုးဖောက်ဝင်လာပါတယ်။ ဂျက်စီကာ တစ်ယောက် စောင်လွှတ်ပြီး ဝက်ဝံရုပ်ကလေးလည်း ခုတင်အောက်ကျနေတယ်။ သူ့အခန်းထဲ ကျွန်မ ဘယ်လိုရောက်သွားတယ် မသိဘူး။ သူ့ ဝက်ဝံအရုပ်လေးကို သူ့လက်ထဲထည့်ပေး၊ စောင်ကိုခြုံပေးပြီး ချော့ကာ ပြန်သိပ်ရတယ်။ သူ ပြန်အိပ်သွားတာနဲ့ ကျွန်မလည်း အိပ်မှုံစုံမွှားနဲ့ ကိုယ့်အိပ်ရာကို ပြန် သွားလိုက်ပါတယ်။ မီးဖွင့်စရာမလိုပါဘူး။ ကလေးအခန်းနဲ့ ကျွန်မအခန်းဆိုတာ မျက်စိမှိတ်ကူးလို့ ရပါတယ်။

ကလေးကို နေ့ကလေးထိန်းကျောင်းပို့တုန်းကလည်း ကျွန်မ ကားပြန်ထွက်မယ့် အချိန်မှာ ''အမေ''လို့ အော်ခေါ်လိုက်တဲ့သူ့အသံကြောင့် ကျွန်မအသည်း နိုက်အောင် နာကျင်ရပါတယ်။ ကလေးထိန်းကျောင်းက ဆရာမတွေဆိုတာကလည်း တကယ်တော့ တက္ကသိုလ်ကျောင်းထွက် ဘွဲ့ရတွေ၊ ကလေးတွေကို ဘယ်လိုကြင်နာမယ်၊ ပြုစုစောင့်ရှောက်ရမယ်ဆိုတာ နားလည်ကျွမ်းကျင်သူတွေပါ။ ဒါပေမဲ့・・・ဒါပေမဲ့ပေါ့ရှင် ကျွန်မလေ



ကလေးကိုထားပြီး ထွက်သွားလာရတယ်၊ စိတ်ထဲ မကောင်းဘူး။

ကျွန်မ အလုပ်လုပ်တဲ့ရုံးရောက်တော့ ကျောင်းကိုဖုန်းဆက်လိုက်တယ်။ ကလေး ငိုသံတော့ ကြားရတော့မယ်ပေါ့။ ''အို··· ရှင့်ကားလည်း မမြင်ရရော၊ ဂျက်စီကာ အငို တိတ်သွားတယ်။ ဒီမှာ အဆင်ပြေပါတယ်'' လို့ ဆရာမတွေက ကျွန်မကို နှစ်သိမ့်လာ တယ်။

''အမေ''ဆိုတဲ့ ဝေါဟာရကို အဘိ ဓာန် မှာ ဘယ်လိုပဲ အဓိပ္ပါယ်ဖွင့်ဖွင့်၊ သားဦးဖြစ်တဲ့ ''ဂျက်စီကာ''နဲ့ သူ့ နောက် လေးနှစ်ခြားပြီး မွေးလာတဲ့ ''ဆာရာ''တို့က ''အမေ''လို့ ခေါ် လိုက်ရင် အဘိဓာန်ကဖွင့်ဆိုတဲ့ အဓိပ္ပါယ်ထက် အများကြီး ကျယ် ဝန်း နက်ရှိုင်းတယ်လို့ မြင်ပါတယ်။

ဆာရာ လေးနှစ်လောက် အရွယ်တုန်းက ''အမေ''လို့ အော်ငို လိုက်ရင် ကျွန်မသိလိုက်ပြီ။ ကလေး မ ကြယ်သီးပေါက် လွဲတပ်မိ သလား၊ ဖစ်ဆွဲလို့မရ ဖြစ်နေသလားဆို တာ၊ အသက် ခုနှစ်နှစ်လောက်ရှိနေပြီ ဖြစ် တဲ့ ဂျက်စီကာတစ်ယောက် ''အမေ''လို့ အပြစ်တင်သံစွက်တဲ့ အသံထွက်လာရင် လည်း သူ ကျောင်းသွားခါနီး သူကြိုက်တဲ့ ခြေအိတ်ရှာမတွေ့လို့ဆိုတာ ကျွန်မ သိလိုက် တာပါပဲ။

ဂျက်စီကာ နည်းနည်းလေး အရွယ် ရောက်လာတဲ့အခါမှာတော့ အချိုးပြင်လာ တယ်။ ဥပမာ သူ့ဂါဝန်လေးကို မီးပူတိုက် ပေးစေချင်ရင် ''မေမေ···အကျီဂါဝန်အဝါ လေးကို မီးပူတိုက်ပေးပါနော်''လို့ အသံချို ချိုလေးနဲ့ တောင်းတောင်းပန်ပန် ပြောတာ မျိုးပေါ့။



ဆာရာ အပျိုပေါက် ၁၃နှစ်အရွယ်မှာ တစ်မနက် ''အမေ''လို့ အော်ခေါ်လိုက် တယ်။ သူ ကျောင်းနောက်ကျနေပြီလေ။ သူခေါ်လိုက်တဲ့ ''အမေ''ဆိုတာက သမီး ဒီအဝတ်အစားဟောင်းကြီး မဝတ်ချင်တော့ ဘူး။ သမီးကို အသစ်လဲပေးပါဆိုတဲ့သဘော ကျွန်မ နားလည်တာပေါ့။

ဂျက်စီကာ ကျောင်းကို ကား မောင်းသွားလို့ရတဲ့ အရွယ်ရောက် လာပြန်တော့လည်း ကျွန်မဆီက ဘလောက်စ်အကျီကို ယူဝတ်ချင်လို့ ''အမေ''လို့ခေါ်လိုက်ရင် ကျွန်မက သိတတ်ရပြန်ရော။

ဒီလိုနဲ့ ဆာရာတစ်ယောက် ၁၇ နှစ် ရောက်တော့မယ်။ မနက်စော စော ကျွန်မ အခန်းတံခါးကို လာ ခေါက်တာမျိုး မရှိတော့ဘူး။ ဒါပေမဲ့



# အမေဆိုတဲ့ စကားစုလေးက တစ်လောကလုံးက အမေတွေကို ကိုယ်စားပြုလို့ နေပါတယ်။



တစ်မနက် မခေါက်ဖူး တံခါးလာခေါက်ပြီး ''အမေ''လို့ ငိုသံပါပြီး ခေါ်လိုက်တဲ့အခါ မှာတော့ ကလေးမ တစ်ခုခု ပြဿနာရှိပြီလို့ ကျွန်မသိ လိုက်ပြီ။

''သမီး…အမေ ဘာ လုပ်ပေးရမလဲ'' ဆာရာက ခေါင်းညိတ်တယ်။ မျက်ရည်ကျ ပြီး ပြောတယ်။ ''ဂျွန်က သမီးကို စိတ်ဆိုးနေတယ်၊ သမီးလည်း သူ့ကို ဘာမှမလုပ်ဘဲနဲ့ သမီးကို စကားမပြော ဘူး''

ကျွန်မက သူမကိုဖက်ထားလိုက်တယ်။ တစ်ရှူးမှုလေးပေးပြီး မျက်ရည်ကို သုတ်နိုင်တယ်။ ပြီးတော့ သူမအတွက် လက်ဖက် ရည် ဖျော်ပေးပြီး အချိန်ခဏစောင့်ပေး လိုက်တယ်။ ကျွန်မစိတ်ထဲမှာ ကလေးကို ဒီလောက် ငိုကြီးချက်မဖြစ်အောင်လုပ်တဲ့ ငနဲသားကို တစ်ခုခု လုပ်ပစ်လိုက်ချင်တယ်။ ဒါပေမဲ့ တစ်ဖက်က ပြန်တွေးပြန်တော့ သူ့ ဘာသာသူ ခွန်အားရှိရှိနဲ့ ရင်ဆိုင်စေချင် တယ်။

''အမေ သမီးဘာလုပ်သင့်သလဲ''

သူမရဲ့ အားကိုးတကြီးနဲ့ တောင်းခံနေ တာဟာ ကျွန်မအသည်းကို အပ်နဲ့ဆွနေ သလိုပဲ။ ဒီအခါမှာ ဟိုစဉ်တုန်းက ကျွန်မ ဖြည့်ဆွမ်းပေးခဲ့သလိုမျိုး ခြေဖိတ်ရှာပေးတာ မျိုး၊ မီးပူတိုက်ပေးတာမျိုး။ ကျွန်မ ဘဲလောက်စ်အကျီကို ပေးဝတ်တာမျိုးလို မရှိရှင်း၊ မလွယ်ကူဘူး။

ကျွန်မကိုယ်တိုင် အခက်ကြုံနေပြီ။ ကျွန်မက အမေတစ်ယောက်အဖြစ် သမီးကို အကာအကွယ်ပေးရမယ်လို့ ခံစားရတယ်။ ကျွန်မ မိတ်ဆွေတွေကို တိုင်ပင်ကြည့်တယ်။ သူတို့က ကိုယ်ချင်းစာ နားလည်ပေးကြ တယ်။ ကျွန်မအစ်ကိုကို ဆွေးနွေးကြည့် တယ်။ သူလည်း ဖြေရှင်းပေးပါတယ်။ ဒါပေ မဲ့ ကျွန်မအတွက် မလုံလောက်ခဲ့ပါဘူး။ ဒီထက်မက ကျွန်မ မျှော်လင့်တယ်။

ဒီတော့ ကျွန်မ တစ်ခါတုန်းက တက္ကသိုလ်တက်တုန်းက ခေါ်လိုက်တဲ့ ဖုန်း နံပါတ်၊ အလာဘားမား(Alabama)မှာ အခက်အခဲကြုံလို့ နောက်တွဲယာဉ်ကနေ ခေါ်လိုက်တဲ့ ဖုန်းနံပါတ်၊ ဂျာမနီတိုက်ခန်းမှာ နေခဲ့တုန်း ဆက်လိုက်တဲ့ ဖုန်းနံပါတ်၊ အမေ ရိကန်ပြည်ထောင်စု အရှေ့အလယ်ပိုင်း ဒေသတစ်လျှောက် နေထိုင်ခဲ့တုန်းက ဆက် သွယ်ခဲ့တဲ့ ဖုန်းနံပါတ် အဲဒီ ဖုန်းနံပါတ်ကို ခေါ်လိုက်မိပါတော့တယ်။

''ဟယ်လို''

အသံတိုးညှင်းစွာ ထွက်လာပါတယ်။ ဘယ်သူ့အသံရယ်လို့ ကွဲကွဲပြားပြား မသိနိုင် တဲ့အသံမျိုး။ ကျွန်မ မရေရာဖြစ်သွားတယ်။ စိတ်မကောင်းတာလည်း ဖြစ်သွားပါတယ်။

''အမေလား'' ကျွန်မက မယုံမရဲနဲ့ မေးတယ်။ ''သမီးလား…သမီး အဆင်ပြေရဲ့ လား'' ကျွန်မအမေရဲ့ ရူးစမ်းသံပါ။ ဘယ်လို ပဲဖြစ်ဖြစ် ဒါဟာ ကျွန်မအကြားချင်ဆုံး အလို ချင်ဆုံး အသံပဲလေ။ ◆

(R/D. 1/1998 မှ Deborah shouse ၏ Mom's the one ကို ပြန်ဆိုပါသည်။)

**ကိုရာဇာ**

# ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်သည်ဘဝ

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

အရွယ်ရောက်လာသော အမျိုးသားနှင့် အမျိုးသမီးနှစ်ဦး ဖူးစာဆုံတွေ့ ချစ်ခင်ပေါင်းသင်း အိမ်ထောင်ပြုကြပါသည်။ မိသားစုဘဝ တည်ဆောက်ကြပါသည်။ လင်နှင့်မယား လျှာနှင့်သွား၊ စိတ်တူကိုယ်တူ ညှိနှိုင်းတိုင်ပင် နေထိုင်ကြပြီး ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်သည်ဘဝကို ဖန်တီးကြပါသည်။ သို့ရာတွင် ပျော်ရွှင်ကျေနပ်စရာကောင်းသော အချက်ကလေးများကိုမသိ၍ အိမ်ထောင်ရေးပြဿနာကလေးများ ကြုံနေတွေ့နေရပါသည်။ ထို ပြဿနာကလေးများကို စိန်၊ ရွှေ ရတနာများနှင့် ဖန်တီး၍ ဖြေရှင်းမရပါ။ ရိုးရှင်းသော၊ ကျေနပ်ဖွယ်ရာကောင်းသော အချက်ကလေးများကို လိုက်နာပါက အိမ်ထောင်သည်ဘဝတွင် ပျော်ရွှင်











ဓိသားစုအတွင်း
အပတ်စဉ်တိုင်း
မကျေနပ်ချက်များကို
သိုဝှက်သိမ်းဆည်းထားမှု မပြုလုပ်ဘဲ
ပွင့်လင်းစွာ ပြောပြခြင်းနှင့်
စိတ်အနှောင့်အယှက်ဖြစ်ခြင်းအကြောင်းကို
ဒေါသမပါဘဲ - - -

ချမ်းမြေ့မည် ဖြစ်ပါသည်။

**(၁) ဇနီးမောင်နှံနှစ်ဦးကြား ပြဿနာတက်မည့်ကိစ္စလေးများ လျှော့ချခြင်း**

မိမိ၏ဇနီး၊ ခင်ပွန်း စိတ်ဝင်စားသော အကြောင်းအရာလေးများ(ဥပမာ-စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ ကျန်းမာရေး စသည်)ကို သိရှိထားရပါမည်။ နှစ်ဦးတည်း ရှိနေချိန်တွင် အချိန်ပေးကာ စိတ်ဝင်စားမှုများကို မေးမြန်းပြီး အမြင်နှင့် အတွေးအခေါ်များ ဖလှယ်ရပါမည်။ ပံ့ပိုးပေးရပါမည်။ အကြံအဉာဏ်ကောင်းများ လမ်းညွှန်ရပါမည်။ သမီးရည်းစား စုံတွဲဘဝတုန်းက ကြည်နူးစရာ အဖြစ်အပျက်ကလေးများကို ပြောပြပြီး ပြေသိမ့်ရပါမည်။ ရယ်မော ပျော်ရွှင်စရာ အတွေ့အကြုံကလေးများကို ပြောပြပြီး အချင်းချင်း ဖလှယ်ရပါမည်။ တစ်ဦးနှင့်တစ်ဦး ပွင့်လင်းမြင်သာစွာ ပြဿနာတက်မည့် ကိစ္စကလေးများကို ရှင်းလင်းခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ သော အိမ်ထောင်သည်ဘဝ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

**(၂) သည်းခံစိတ်ထားခြင်း**

ဇနီးမောင်နှံ တစ်ဦးနှင့်တစ်ဦး သည်းမခံနိုင်လောက်အောင် ဒေါသထွက်နေပါက အိမ်ထောင်ရေးပြဿနာ ရှိနိုင်ပါသည်။ ဆူပူကြိမ်းမောင်းပြောဆိုပါက အသေးအဖွဲ ပြဿနာလေးတောင် ကြီးကျယ်သွားနိုင်ပါသည်။ တစ်ဦးပေါ်တစ်ဦး အပြစ်တင် ညည်းညူနေပါက ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်သည်ဘဝ ရရှိမည်မဟုတ်ပါ။ ထို့ကြောင့် အပြစ်တင်မည့် စိတ်ကလေးကို အောင့်ထားခြင်း၊ ဆူပူမည့်အစား စိတ်ကို အေးဆေးတည်ငြိမ်အောင်ထိန်းခြင်း၊ မကျေမချမ်းစိတ်ကလေး လျော့သွားအောင် ဘာသာရေး ပြုလုပ်ခြင်း၊ မိသားစုအတွင်း အပတ်စဉ်တိုင်း မကျေနပ်ချက်များကို သိုဝှက်သိမ်းဆည်းထားမှု မပြုလုပ်ဘဲ ပွင့်လင်းစွာ ပြောပြခြင်းနှင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်းအကြောင်းကို ဒေါသမပါဘဲ တည်ငြိမ်စွာ ပြောဆိုခြင်းများ၊ ပြုလုပ်ခြင်းများ ပြုလုပ်ရပါမည်။ သည်းခံစိတ်ထားလေ ပြဿနာနည်းလေ ဖြစ်သည်ကို သိရှိကာ လိုက်နာရပါမည်။

**(၃) နားဝင်ချိုချိုပြောခြင်း**

အိမ်ထောင်သည် ဇနီးမောင်နှံနှစ်ဦး အကြား အမိန့်ဆန်ဆန်၊ ရင့်သီးစွာ မပြောရပါ။ တစ်ဦးနှင့်တစ်ဦး အကူအညီတောင်းခံသော ပုံစံဖြင့် ယဉ်ကျေးပျူငှာစွာ ပြောဆိုရပါမည်။ မိမိ၏ စကားလုံးတိုင်းသည် အဓိပ္ပါယ်ရှိရပါမည်။ ယုံကြည်မှုလည်း ပြည့်ဝရပါမည်။ မိမိပြောလိုသော စကားလုံးလှလှကလေးများကို ရွေးချယ်ပြီး တစ်ဖက်သားအား နားဝင်ချိုအောင် ပြောပြပေးရပါမည်။ "နှုတ်ချို သျှိုတစ်ပါး" စကားလုံးကို လက်ဝယ်ထားရပါမည်။

**(၄) ကျေးဇူးတင်စကား ပြောပေးခြင်း**

ကျေးဇူးတင်စကားဆိုရာတွင် ဇနီးမောင်နှံတို့သည် အခြားသူတို့အား ကျေးဇူးတင်စကားပြောကြပြီး လောကဝတ်ပြုတတ်ကြပါသည်။ သို့ရာတွင် မိမိလက်တွဲဖော်ကို

ကျေးဇူးတင် စကားပြောရန် ဝန်လေးကြပါသည်။ ကြီးကြီးမားမား အလုပ်ဖြစ်စေ၊ သေးသေးမွှားမွှား အလုပ်ဖြစ်စေ ကျေးဇူးတင်စကားကို တစ်နေ့တစ်ကြိမ် ပြောရပါမည်။ သို့မှသာ မိမိ၏အချစ်ကို တန်ဖိုးထား နားလည်ပြီး ယုံကြည်မှု မြင့်မားစေနိုင်ပါသည်။ တစ်ဦးနှင့်တစ်ဦး အကူအညီရယူပြီး ကျေးဇူးတင်စကားလေးကို သတိထားပြီး ပြောသင့်ပါသည်။



**(၅) မိမိအိမ်ထောင်ဖက်ကို**

**အမြဲတမ်း ပထမဦးစားပေးခြင်း**

မိမိ၏ ခင်ပွန်း၊ ဇနီးကို အမြဲတမ်းဦးစားပေးရပါမည်။ သားသမီးများ၏ အရေးကိစ္စကို ဆောင်ရွက်သကဲ့သို့ မိမိ၏အိမ်ထောင်ဖက်ကိုလည်း အခွင့်အရေးပေးရပါမည်။ အရွယ်ရောက်၍ အတောင်စုံသောအခါတွင် သားသမီးများသည် မိမိလိုရာခရီးကို သွားသည့်အခါ မိဘနှစ်ပါးသာ ကျန်ခဲ့ရပါမည်။ ကလေးများနှင့်အတူ မိသားစုလိုက်ခရီးသွားခြင်းနှင့် ဘုရားဖူးခြင်းများ ပြုလုပ်သကဲ့သို့ ကလေးများမပါဘဲ ရုပ်ရှင်အတူတူကြည့်ခြင်း၊ ညစာစားပွဲ အတူတူတက်ခြင်းများ ပြုလုပ်ရပါမည်။

**(၆) ရိုးသားမှုရှိခြင်း**

အိမ်ထောင်ဖက်နှစ်ဦးအကြား ရိုးသားမှုရှိရမည်။ သစ္စာရှိရမည်။ မိမိ၏ ခင်ပွန်း၊ ဇနီးအား ရိုးသားပွင့်လင်းစွာ ပြောရပါမည်။ ဖုန်းဆက်ခြင်း၊ စာရေးခြင်း၊ အီးမေးလ်ပို့ခြင်းများ ဆောင်ရွက်ရပါမည်။ ပျော်ရွှင်ကြည်နူးစရာများ၊ အမှတ်တရရှိသော အဖြစ်အပျက်ကလေးများကို အသေးစိတ် ပြန်လည်ရှင်းပြရပါမည်။ အနာဂတ်မျှော်လင့်ချက်များကို မျှဝေခံစားရပါမည်။

**(၇) ကိုယ်ပိုင်အချိန်ထားခြင်း**

မိမိ၏ လက်တွဲဖော်တစ်ဦးချင်း၏ စိတ်ဝင်စားမှုများကို ဖန်တီးပေးရပါမည်။ တစ်ဦး၏ လိုအပ်ချက်ကို တစ်ဦးက ဖြည့်ဆည်းပေးရပါမည်။ မိတ်ဆွေ၊ သူငယ်ချင်းများထံ သွားရောက်လည်ပတ်ခြင်းများ ခွင့်ပြုပေးရပါမည်။ စိတ်ဝင်စားသော ပညာရေး၊ ဘာသာရေး၊ စီးပွားရေးသင်တန်းများကို စေလွှတ်ပေးရပါမည်။ ဇနီးမောင်နှံ ရာသက်ပန်ဖြစ်စေရန် ကိုယ်ပိုင်အချိန်ထားခြင်းကို နားလည်ပေးရပါမည်။

တစ်ဦး၏ လိုအပ်ချက်ကို
တစ်ဦးက ဖြည့်ဆည်းပေးရပါမည်။
မိတ်ဆွေ၊ သူငယ်ချင်းများထံ
သွားရောက်လည်ပတ်ခြင်းများ
ခွင့်ပြုပေးရပါမည်။







### (ဂ) အိမ်ထောင်ရေးသာယာမှု အပြည့်အဝရရှိအောင် နေထိုင်ခြင်း

ဇနီးမောင်နှံနှစ်ဦး၏ အိပ်ခန်းသည် တိတ်ဆိတ်ငြိမ်သက်ရပါမည်။ အခန်းထဲတွင် အိပ်ချိန်နှင့် နိုးထချိန်များတွင် စိတ်အနှောင့်အယှက်ဖြစ်သော ပစ္စည်းများနှင့် စကားလုံးများ မရှိသင့်ပါ။ စိတ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချမှုရှိသော အခန်းဖြစ်ရပါမည်။ အိပ်ချိန်များတွင် တိုးတွေ့ရှုကောင်းစွာ နေထိုင်ရပါမည်။ စိတ်ဖိစီးမှုနှင့် စိတ်အနှောင့်အယှက် ဖြစ်ပွားမှုများကို လျှော့ချပြီး အိမ်ထောင်ရေးသာယာမှု အပြည့်အဝယူရပါမည်။ နံနက်ခင်းအချိန်မှ စ၍ အပွေ့ အနမ်းဖြင့် သာယာမှုများကို ပြုလုပ်ပေးရပါမည်။ တစ်ဦးနှင့်တစ်ဦး ခံစားချက်များ၊ နီးကပ်မှုများ ရရှိစေနိုင်ပါသည်။

### (ဃ) ကျန်းမာရေးဂရုစိုက်ခြင်း

မိမိ၏အချစ်ကို သက်သေပြသော အနေဖြင့် ကျန်းမာရေးကို ဂရုစိုက်ရပါမည်။ တစ်ဖက်သား၏ တစ်ကိုယ်ရေ သန့်ရှင်းခြင်းကို ဂရုစိုက်ပေးခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ လိုအပ်ပါက သမားတော်၊ သွားဆရာဝန်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်၊ သားဖွားမီးယပ်၊ ခွဲစိတ်ဆရာဝန်များနှင့် ပြသပေးရပါမည်။ ဇနီးမောင်နှံနှစ်ဦးအကြား ကျန်းမာရေးဆိုင်ရာ ပွင့်လင်းမြင်သာစွာ တိုင်ပင်ဆွေးနွေးရပါမည်။

### (၁၀) ကြိုက်နှစ်သက်ရာ အစားအစာများကို ကျွေးခြင်း

ဇနီးသည် ကြိုက်တတ်သော အစားအစာများကို ခင်ပွန်းကသိရှိပြီး ကျန်းမာရေးနှင့် ညီညွတ်သော အရသာရှိသည့် အစားအစာများကို ကျွေးရပါမည်။ ထို့အတူ ခင်ပွန်းသည်အတွက် အပြင်မှ အလွယ်တကူဝယ်စားနိုင်သော်လည်း ဝယ်ယူချက်ပြုတ်ရန် မခက်ခဲသော အစားအစာများကို အိမ်တွင် ပြင်ဆင်ကျွေးမွေးရပါမည်။ ပျားရည်ဆမ်းကာလတုန်းက စားသောက်ခဲ့သော အစားအစာများကို ရွေးချယ်ရပါမည်။ သန့်ရှင်းလတ်ဆတ်ပြီး အာဟာရရှိမည့် အစားအစာများကို ကျွေးရပါမည်။

**လိုအပ်ပါက သမားတော်၊ သွားဆရာဝန်၊**
**မျက်စိ၊ နား၊ နှာခေါင်း၊**
**လည်ချောင်းဆရာဝန်၊ သားဖွားမီးယပ်၊**
**ခွဲစိတ်ဆရာဝန်များနှင့်**
**ပြသပေးရပါမည်။**
**ဇနီးမောင်နှံနှစ်ဦးအကြား**
**ကျန်းမာရေးဆိုင်ရာ**
**ပွင့်လင်းမြင်သာစွာ - - -**

### အထွေထွေ အကြံပြုချက်

ချစ်ဇနီးလေးအတွက် ပန်းစည်းလက်ဆောင်ပေးခြင်းနှင့် မုန့်လှလှလေး ဝယ်ပေးခြင်း။ ကစားနည်းတစ်ခုခုတွင် အတူတကွ ဆော့ကစားခြင်း။ သူ့အပြစ် ကိုယ့်အပြစ် မထောက်ဘဲ ပြဿနာတစ်ခုကို ဝိုင်းဝန်းဖြေရှင်းခြင်း။ သမီးရည်းစား စုံတွဲဘဝကို ပြန်ပြောင်း သတိတရပြောဆိုခြင်း။ စိတ်တူကိုယ်တူ ခရီးသွားခြင်း။ ပျော်ရွှင်ရယ်မောစရာ ကလေးများကို အချင်းချင်း ဖလှယ်ပြောကြားခြင်း။ ရုပ်ရှင်အတူတူကြည့်ခြင်း။ ကပွဲ အတူတူသွားခြင်း။ ခေတ္တခဏ ဝေးကွာနေချိန်တွင် ဖုန်းအဆက်အသွယ် ပြုလုပ်ခြင်း။ စကားပြော အဆင်မပြေပါက ညှိနှိုင်းယူခြင်း။ သည်းခံခြင်း။ ဘဝအခက်အခဲနှင့် ဒုက္ခများကို ဝိုင်းဝန်းဖြေရှင်းခြင်း၊ စသည်တို့ပြုလုပ်ပါက ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်သည်ဘဝကို ရရှိနိုင်ပါမည်။

**ဒေါက်တာမြင့်သန်းထွန်း**
**(ပြည်သူ့ကျန်းမာရေး)**

# အချစ်နှင့်စစ်သား

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၆) တွင် ကျွန်တော်သည် အသေးကွေးဆုံး လေးငါးဦးတွင် ပါဝင်၏။ ကျွန်တော်သည် ဗိုလ်လောင်းဘဝက ကိုမောင်မောင်သန်းနှင့် မခင်မင်ပါ။ သူက တပ်စု(၄)၊ ကျွန်တော်က တပ်စု(၁)ဆိုတော့ တပ်စုချင်းမတူတာလည်း ပါပါသည်။ သဘောသဘာဝ မတူကြတာလည်း ပါပါသည်။ ကိုမောင်မောင်သန်းက ဘယ်သူနဲ့မဆို တည့်အောင်နေတတ်သည့် သဟဇာတသမား။ စိတ်မဆိုးတတ်သည့် အလုအပသမား။ ကျွန်တော်က လူတကာနှင့် ရန်ဖြစ်ချင်သည့် ရန်လိုတတ်သူ၊ ကိုယ့်ထိရင် ဆတ်ဆတ်ထိမခံနိုင်သည့် Sensitive ဖြစ်သူ။



> ကိုမောင်မောင်သန်းကလည်း
> ဘွဲ့ရဗိုလ်လောင်းအဖြစ်
> ဗိုလ်သင်တန်း
> အမှတ်စဉ်(၃၆)၌
> ကြိုကြိုဆုံကြလေတော့၏။
> ထိုရောအခါတွင်ကား . . .

သို့ရာတွင် ဆူးထူးခြားခြား ရန်ကုန်တက္ကသိုလ်တက်စဉ်က အညာသား၊ ရေငန်သောက်၊ မြက်ခြောက်စား၊ ရေဦးသား ကျွန်တော်သည် မြစ်ဝကျွန်းပေါ်က ဝါးခယ်မသားများနှင့် ညီရင်းအစ်ကိုလို ရင်းနှီးခဲ့၏။ ကျွန်တော် ယူခဲ့သည့် ဘာသာတွဲ Combination ၌ ဝါးခယ်မသားများ စုနေ၏။ ကိုဗို၊ ကိုသိန်းကြည်၊ ကိုကျင်ဖေ၊ ကိုဝင်းမြင့်၊ ကိုမင်းစိန်၊ ကိုမြင့်ဆော်၊ ကိုစိန်ထွန်း၊ မမြင့်မြင့်သန်း၊ မချောချော စသူတို့ပါပေ။ သူတို့တစ်တွေက Hosteller အဆောင်နေကျောင်းသူ ကျောင်းသားများ ဖြစ်ကြသည်။ သူတို့က ချို့ချို့တဲ့တဲ့ ကျောင်းတက်နေရသည့် Day Scholar ကျွန်တော့်အား ကျွေးမွေးစောင့်ရှောက်ကြ၏။ ခင်ခင်မင်မင် ပေါင်းသင်းကာ အားပေးကြ၏။ ကိုယ့်ပြည်ကိုယ့်ရွာက လူတွေက သိပ်ပြီးအဖက်လုပ်မခံရသော ကျွန်တော်သည် မြန်မာဟင်းကောင်း ခင်ရာဆွေမျိုးရို့ ဝါးခယ်မသားလုံးလုံး ဖြစ်တော့၏။

ကိုမောင်မောင်သန်းကား ကျွန်တော်တို့ထက် စီနီယာ၊ မသိကျွမ်း မခင်မင်ခဲ့ပါ။ ခင်မင်ကြသူအားလုံး Same Batch များသာဖြစ်၏။ သို့ရာတွင် သူတို့နှင့်ပတ်သက်ပြီး ဝါးခယ်မအသင်းနှင့်ဆိုင်သည့် ကိစ္စများသို့ မကြာခဏဝင်ပါခဲ့မိရာ–

''အဲဒါ ဒို့မြို့က ဘီအေအနောက်ဆုံးတန်း တက်နေတဲ့ မောင်တက္ကသိုလ် ကိုမောင်မောင်သန်း''

ဟု ဝါးခယ်မသား သူငယ်ချင်းများ ပြလမြင်၍ မြင်ဖူးခဲ့သည်။

ဤလိုနှင့် ၁၉၆၆ ခုနှစ် မေ့ဘ်ဗီတွင် ဗိုလ်သင်တန်းတက်တော့ ကျွန်တော်လည်း ဘွဲ့ရဗိုလ်လောင်း၊ ကိုမောင်မောင်သန်းကလည်း ဘွဲ့ရဗိုလ်လောင်းအဖြစ် ဗိုလ်သင်တန်း အမှတ်စဉ်(၃၆)၌ ကြိုကြိုဆုံကြလေတော့၏။ ထိုရောအခါတွင်ကား တစ်ယောက်နှင့်တစ်ယောက် မသိချင်လို့ မရတော့ပါ။ တစ်နှစ်နီးပါး နေ့စဉ်မြင်တွေ့နေကြရာ ငယ်ကျိုးငယ်နာများ၊ အကျင့်များကစပြီး သိကြရတော့၏။ အတူအိပ်၊ အတူသွား၊ အတူစား၊ အတူနေဖြစ်ကြတော့ ဘာကိုမှ ဖုံးလို့ဖိလို့မရတော့ပါခင်ဗျား။ ကောင်းတာတွေရော၊ မကောင်းတာတွေရော အကုန်သိကြရတော့၏။ ယောက်ျားသားချည်း စုနေကြရာ ရေချိုးတာတောင် All Naked ဆိုတော့ ဘယ်နေရာမှာဘာရှိတယ်ဆိုတာကို တစ်ယောက်နှင့်တစ်ယောက် အမှုမဲ့အမှတ်မဲ့မကျန် သိကုန်ကြတော့၏။

ထိုအခါ ကိုမောင်မောင်သန်းနဲ့ ကျွန်တော်လည်း သိကျွမ်းခင်မင်ခဲ့ရတော့၏။ ထူးဆန်းသည်က ဝါးခယ်မသားထဲမှ သူတစ်ဦးသာ ကျွန်တော်နဲ့ စစ်တပ်ထဲအတူဝင်ဖြစ်ပြီး ကျန် ကျွန်တော်နဲ့ အလွန်ရင်းနှီးသည့် ဝါးခယ်မသား သူငယ်ချင်းအားလုံးနီးပါး ကျောင်းဆရာဖြစ်သွားကြကုန်သည်။ အထူးသဖြင့် အင်းလျားလေနှင့် ကံ့ကော်ပန်းနံ့ကို နှစ်သက်ကြသဖြင့် ရန်ကုန်တက္ကသိုလ်က ကျောင်းဆရာများအဖြစ်ကို ခံယူလိုက်ကြ၏။

ဤသည်မှာ လူသေးသေးကွေးကွေးလေး ကျွန်တော်နှင့် လူထွားထွားကျိုင်းကျိုင်းကြီး ကိုမောင်မောင်သန်းတို့ ဆုံဆည်းမှု အစပိုင်းပါခင်ဗျား။

* * * * *

ကျွန်တော်တို့တက်ရသည့် မေ့ဘ်ဗီ ဗိုလ်သင်တန်းကား တစ်နှစ်နီးပါးကြာ၏။ ပြင်းထန်သော စစ်လေ့ကျင့်ခန်းများကြောင့် လူဝလူထွားကြီးများ ပိန်သွားကြပြီး လူသေးလူညှက်ကလေးများက ဝလာကြ၏။ အညာသား ဖြစ်ပါလျက် ပဲကောင်းကောင်းမစားခဲ့ဘူးသည့်ကျွန်တော်သည်လည်း တပ်မတော်ကုလားပဲ ပုံမှန်စားရပြီး အအိပ်အစားမှန်လာသဖြင့် ကိုယ်အလေးချိန် တိုးလာသည်။

ဤနေရာတွင် ရယ်စရာလိုလို တစ်ခုအား ပြောလိုပါသေးသည်။ ကျွန်တော် တပ်ထဲ ဝင်မယ်လုပ်တော့ ကောလိပ်တွင်တွဲနေသော ကျွန်တော်၏ Girl Friend အစ်မကြီးက–

''နင်က သေးသေးညှက် ဖူးနာရှိုက်ကုန်းလေး။ စစ်တပ်က သိပ်ပင်ပန်းတာတဲ့ဟဲ့၊ နင့်လို ရောဂါသည်လေးက စစ်သားလုပ်လို့ မရပါဘူး''

ဟု လည်းကောင်း၊

''ငါ့အစ်ကိုတွေက ကျားကျားလျားလျား စစ်သားတွေ၊ နင့်လို ပျော့တီပျော့ဖတ်နဲ့ စစ်သားလုပ်လို့ရမှာမဟုတ်တဲ့ ကောင်ပေါက်စကလေးကို အမေတို့ အစ်မတို့က သဘောမကျဘူး။ သူတို့က ကျားကျားလျားလျားမှ''

ဟု လည်းကောင်း၊

ကျွန်တော်က သူမကို ချစ်ရေးဆိုပြီး လက်ထပ်ခွင့်တောင်းသောအခါ–

''ဒါက ငါ့ထက်ငယ်တဲ့သူ မယူဘူးဟဲ့''

ဟု လည်းကောင်း ပြောခဲ့ဖူးသည်။

ပြောပေမပေါ့။ သူမက ထွားထွားကျိုင်းကျိုင်းကြီး။ အားလုံး အကြီးစားများ။ ကျွန်တော်က ခပ်သေးသေးကွေးကွေး။ လက်ထပ်ခွင့်တောင်းခဲ့မိစဉ်က လျှောင်ပြုံးပြုံးပြီး–

''နင် စစ်သားလုပ်ကြည့်ပါလား''

ဟု ခနဲ့၏။ စစ်သားဖြစ်သွားရင် သူယူမယ်ဆိုတဲ့သဘော။

ထိုစကားကို အသည်းစွဲအောင် မှတ်ထားပြီး ကျွန်တော် တပ်ထဲ ခွတ်ရွတ်ဝင်ခဲ့သည်။ ဗိုလ်လောင်းဖြစ်တော့ လေထီးတပ်က လာတွဲနေသည့် သရုပ်ပြတပ်ခွဲသို့သွား၍ အလေးမတော့၏။ အလေးမသည့်အခါ ပထမ ကိုမောင်မောင်သန်း၊ ကိုကံဆိုင်၊ ကို



မြင့်ဖော် စသည့် မောင်တက္ကသိုလ်ကြီးများ ထံ နည်းနာခံသသယများ မေးမြန်းခံယူ၏။ အထူးသဖြင့် အရိုးပြိုင်းပြိုင်းထနေသည့် ချိုးရင်အုပ်ကလေးကို ပုံမှန်ယောက်ျားပီသအောင် တစ်နေ့ အကြိမ်တစ်ရာခန့် ဒိုက်ထိုးရသည်။ Bicep နဲ့ Tricep ခေါ် လက်မောင်း ကြွက်သားများ ကြီးလာအောင် အလေးများ အကြိမ်ရာနှင့်ချီပြီး မရသည်။ တွန်းတင်ရသည်။ ပြီးတော့ ကိုယ်လုံးပေါ် မှန်ကြီးရှေ့၌ ကိုယ့်ကိုယ်လုံးကို အကြိမ်ကြိမ် ပြန်ကြည့်ရသည်။ ကြွက်သားတွေ ညှစ်ထုတ်ရသည်။ ကြိုးစားရတာ တကယ် မလွယ်ပါခင်ဗျာ။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပါသည်။

လေထီးတပ်သားများကလည်း ကျွန်တော့် ဇာတ်ကြောင်းကို သိသည့်အခါ–

''လုပ်ထား ဗိုလ်လောင်း။ လုပ်ထား–လုပ်ထား''

ဟု အလေးမတိုင်း ရယ်ရယ်မောမော နှင့် လာရောက်အားပေးကြသည်။ သူတို့၏ အထူးရိုက္ခာဖြစ်သော ချော့ကလက်နှင့် ကြက်ဥများ ကျွေးကြသည်။

ရုံဖန်ရံခါ၌ ကျွန်တော်က ကလေးဆန်ဆန် အလေးပြေးများကို ဆောင့်တွန်းတင်ရင်း–

''ဟိုမိန်းမကြီးဟော့''ဟု အော်လိုက်သည့်အခါမျိုးတွင်–

''သိပ်ပြီး ဒေါသမကြီးပါနဲ့ဗိုလ်လောင်းရာ၊ အရိုးတွေ ကျိုးကုန်ပါအုံးမယ်''

ဟု စကြနောက်ကြပြန်သည်။

တစ်ခါသော် သရုပ်ပြတပ်ခွဲမှ ကျွန်တော်နဲ့ အလွန်ရင်းနှီးသည့် ကိုမောင်မောင်စိုးနှင့် ကိုဌေးတို့က အောက်ပါအတိုင်း မေးလာ၏။

''ဗိုလ်လောင်း...ခင်ဗျား မမကြီးက ခင်ဗျားထက် ဘယ်လောက်ကြီးလဲ''

''ဘာကိုပြောတာလဲ''

''အသက်လေဗျာ''

''လေးနှစ်လောက်ကြီးတယ်''

''ကိုယ်လုံးကိုယ်ထည်ကရောဗျာ''

''ဟဲ...ဟဲ...နှစ်ဆ သုံးဆလောက်ကြီးမယ်ထင်တယ်၊ မိန်းမကြီး ထွားထွားကျိုင်းကျိုင်းကြီးဗျ၊ အရေးကြီးတဲ့နေရာတွေ အကုန်ကြီးတယ်''

''ဪ...ဒါဆို ဗိုလ်လောင်းက''

''ကျွန်တော်က သူ့ပေါင် တစ်လုံးစာလောက်ပဲ ရှိမယ်ထင်တယ်''

''ဒါဆို ခင်ဗျားမမကြီးပြောတာ မလွန်ပါဘူးဗျာ၊ နို့...နေစမ်းပါအုံး၊ ခင်ဗျားက ဘာဖြစ်လို့ အဲဒီဟာကြီးကိုမှ သွားသဘောကျရတာလဲ''

''အချစ်ဆိုတာ ဆန်းကြယ်တယ်လေ၊ ဘာကန့်သတ်ချက်မှ မရှိဘူး။ အမိက,က ကိုယ့်မရှိတာကို ကြိုက်တဲ့သဘော ဖြစ်မှာပေါ့ဗျာ၊ ကျွန်တော်ကသေးတော့ ကြီးတာ လိုချင်တာပေါ့''

''အဲဒါ ဟုတ်မယ်၊ ဟား..ဟား..ဟား...ဟား...ဟား''

ဤသို့ဖြင့် လေထီးတပ်ခွဲက ရဲဘော်ရဲဘက်များနှင့် စရင်း နောက်ရင်း ပြောင်ရင်း သူတို့အကူအညီ သူတို့အားပေးမှုဖြင့် အလေးမခဲ့ရာ ဗိုလ်သင်တန်းဆင်းတော့ ကျွန်တော့်ကိုယ့်အလေးချိန် ပေါင် ၂၀ တိုးလာကာ လက်မောင်းကြွက်သား၊ ရင်အုပ်ကြွက်သားများ တင်းတင်းရင်းရင်းဖြင့် ယောက်ျားပီသသော ကိုယ်လုံးကိုယ်ထည်ကို ပိုင်ဆိုင်ခဲ့တော့၏။ အရပ်ကလည်း တစ်လက်မ ပိုရှည်လာသည်။ အကျီချွတ်ပြီး မမကြီးကို အမှိုခိုင်းချင်စိတ်ပင် ပေါက်မိပါသေးသည်။

''ကဲ...ဗိုလ်လောင်းကျောင်းလည်း ဆင်းပြီ၊ ဗိုလ်လည်းဖြစ်ပြီ၊ လူကလည်း ညောင်ရမ်းညီနောင်ကားထဲက မင်းသားမြင့်အောင်လို အကျီချွတ်ပြီး ရုပ်ရှင်ရိုက်လို့ ရပြီ၊ ခင်ဗျားမမကြီးကို သွားကြွားတော့ဗျာ''

အထက်ပါအတိုင်း လေထီးတပ်ခွဲက ရဲဘော်ရဲဘက်များက မြှောက်ပေးကြသည်။ သူတို့မြှောက်ပေးသည့်အတိုင်းလည်း သွားခဲ့ပါသည်၊ ကြွားခဲ့ပါသည်။

မမကြီးက ကျွန်တော်၏ စစ်ဝတ်စုံနှင့် တောင့်တင်းသော ကိုယ်လုံးကိုကြည့်ပြီး အားရဝမ်းသာစွာနှင့်–

''ဟယ်...နင် ခုမှ စစ်သားနဲ့တူလာတယ်ဟဲ့''

ဟု ပဋိသန္ဓာရပြုရှာ၏။

မထီမဲ့မြင်လာနှုတ်ဆက်ခံ ပြုတ်မနူး ကျွန်တော်က ဆောင့်ကြွားကြွားနှင့်–

''စစ်သားမဟုတ်ဘူးဗျ၊ ကျုပ်က စစ်ဗိုလ်...စစ်ဗိုလ်''

ဟု တာရေရှကျော့ရှ ပြောခဲ့၏။ ထိုကဲ့သို့ Diplomatic မဖြစ်သော လူရည်မလည်သော အပြောအဆိုများကြောင့် မကြိုးနိုင်ဝေးခဲ့ရပါသည်။

မည်သို့ဆိုစေ ကိုမောင်မောင်သန်းတို့ကဲ့သို့ အားကျအတုယူဖွယ်ကောင်းသော ကာယဗလသမားကြီးများ၊ ရဲဘော်စိတ်ရှိသော ဗလထီးတပ်ခွဲမှ စိတ်ဓာတ်များကြောင့် စစ်သားဘဝ အစပိုင်းမှာပင် ယောက်ျားပီသသော ခန္ဓာကိုယ်နှင့် ကျွန်တော် လူတစ်လုံးသူတစ်လုံး ဖြစ်ခဲ့ရပါသည်ခင်ဗျား။

* * * * *

ဗိုလ်သင်တန်းဆင်းတော့ ကျွန်တော်တို့ ဗိုလ်လောင်းများ တကွဲတပြားစီ ဖြစ်သွားကြသည်။ ကိုယ်တာဝန်ကျရာ ကိုယ်သွားကြရတော့၏။

ကျွန်တော်နဲ့ ကိုမောင်မောင်သန်းတို့ ပြန်ဆုံပုံ၊ ကြုံပုံလေးကို ပြောချင်ပါသေးသည်။

၁၉၇၉ ခုနှစ်၊ စစ်သက် ၁၃ နှစ်တွင် မြေလျှင်တပ်မှ ဗထူးတိုက်ခိုက်ရေးကျောင်းသို့ ကျွန်တော်ပြောင်းရသည်။ ဘုရင့်နောင် မြေလျှင်ဌာနခွဲ၌ နည်းပြတာဝန်ထမ်းဆောင်ရ၏။ မကြာခဏ ဗထူးမှ ရွှေညောင်သို့ သင်တန်းသားပို့ကြို လုပ်ရသည်။ ထိုအချိန်မျိုးတွင် တောင်ကြီးရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ဝင်ရောက်သတင်းပို့ရသည်။ တောင်ကြီး ရပ်ကွက်ချင်းဆိုရင် ရန်ကုန်တက္ကသိုလ်မောင် ကိုမောင်မောင်သန်းနှင့် မန္တလေးတက္ကသိုလ်မောင် ကိုမြင့်ဇော်တို့ ရောက်နှင့်နေကြ၏။

ကိုမောင်မောင်သန်းက စစ်ဆင်ရေးဌာနမှ ဂိုသရီး။ ကိုမြင့်ဇော်က တိုင်းစခန်းမှုးလုံခြုံရေးတပ်ခွဲမှ တပ်ခွဲအရာရှိ၊ ရပခရောက်သည်နှင့် သူတို့နှင့် ဝင်တွေ့ဖြစ်သည်။

"ဟိတ်···သူငယ်ချင်းလေး လာကွ၊ ဘယ်လိုလဲ၊ အလေးတွေ ဘာတွေ မ ဖြစ်သေးလား"

လူချင်းတွေ့သည်နှင့် ကိုမောင်မောင်သန်းက စမေးသည်။ ဗိုလ်သင်တန်းကျောင်းမှာ ကျွန်တော် ခံစားချက်နှင့် အလေးမသည်ကို သူကသိ၏။

သူ့စကားကြောင့် ကျွန်တော်ပြုံးရသည်။

"မ,မတော့ပါဘူးဗျာ။ ဟိုတုန်းကတော့ ဟိုမိန်းမကြီးကြောင့် မ,တာပါ၊ သူ့နဲ့ မရဘူးဗျ"

"နေဦး သူငယ်ချင်းလေးက ဘယ်သူနဲ့ရတာလဲ"

"ကရင်ပြည်နယ်မှာ တာဝန်ကျတော့ ကရင်မလေးနဲ့ပဲ ရတာပေါ့ဗျာ။ သူက ပိန်ပိန်လေး၊ ဝိတ် မ,စရာ မလိုတော့ပါဘူး။ ဝိတ် မ,မဘဲနဲ့လည်း ကိုယ့်မိန်းမကိုယ် မွေ့နိုင်ပါတယ်၊ ကိုမောင်မောင်သန်းရော မ,သေးသလား"

ကျွန်တော့်စကားကြောင့် သူက တစ်ပြန် တစ်လှည့် ပြုံးသည်။

"ကိုယ်ကတော့ Title တွေ ရထားတဲ့ သူဆိုတော့ Body ပျက်မသွားအောင် ထိန်းထားရတာပေါ့၊ နည်းနည်းပါးပါးတော့ အမြဲ မ,တယ်ကွ"

သူပြောတာ ဟုတ်ပေလိမ့်မည်။ သူ၏ရုံးခန်း၌ ကမ္ဘာကျော် ကာယဗလသမားကြီးများဖြစ်သည့် မောင်စကြာဝဠာ Steeve Reeve, Mark Forest, Zein, Columbo စသည့် ဗလမောင်ကြီးများ၏ ရုပ်ပုံများ အနှံ့ကပ်ထားသည်။ သူသည် ရုပ်ရှင်ကားမှ အောက်က သောင်းကျန်းသူများအကြောင်းကို ဂယနတ ပြောနိုင်သလို၊ မောင်စကြာဝဠာများ၏ အတ္ထုပ္ပတ္တိကိုလည်း လုံးစေ့ပတ်စေ့ ပြောနိုင်သူဖြစ်၏။

ထိုနေ့က သူနဲ့ကျွန်တော် စကားပြောနေကြစဉ် တိုင်းမှူး ဗိုလ်ချုပ်လှဦး အခန်းတွင်း ဝင်လာ၏။ ကျွန်တော်တို့နှစ်ဦးလုံး ထရပ်ပြီး အလေးပြုလိုက်ကြသည်။

"ဟေ့···ဘာလုပ်နေကြတာလဲကွ"

"တိုက်ခိုက်ရေးကျောင်းက ကျွန်တော်နဲ့ တစ်ပတ်တည်းဆင်း သူငယ်ချင်းရောက်နေလို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြတာပါ တိုင်းမှူး၊ သူနဲ့ကျွန်တော်က ဗိုလ်သင်တန်းဆင်းကတည်းက မတွေ့ကြတာ ခုမှပြန်တွေ့တာခင်ဗျ"

"သြော်···အေးအေး၊ ဟေ့···မင်းအခန်းက ကာယဗလပုံတွေ အများကြီးပါလားကွ"

တိုင်းမှူးကလည်း ကာယဗလ ကာယအလှကို နှစ်သက်သူဖြစ်၍ သူတပည့်ကြီး၏ အခန်းတွင်းမှ မောင်စကြာဝဠာများ၏ပုံများကို နှစ်သက်သဘောကျစွာကြည့်ရင်း မေး၏။

"ဟုတ်ကဲ့၊ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ပါခင်ဗျ"

"သူတို့အကြောင်း ပြောစမ်းပါအုံးကွ"

ထိုအခါ ကာယဗလနဲ့ ကာယအလှ အကြောင်းကို အားပါးတရပြောတတ်လှသည့် ကိုမောင်မောင်သန်းက တိုင်းမှူးအား သူ့ဓာတ်လိုက်များ၏ ကိုယ်ရေးရာဇဝင်နှင့် Activity များ၊ Performance များကို ရှင်းရှင်းလင်းလင်း ပြောတော့၏။ စစ်ဆင်ရေး Briefing လုပ်သလိုပါပဲ။ သူ့စကားဆုံးတော့ တိုင်းမှူးက ပြုံးလိုက်သည်။



"မင်း အပြောကောင်းတာနဲ့ ငါတောင် မောင်စကြာဝဠာ ဖြစ်ချင်လာပြီ၊ ကဲ . . . ရပါပြီကွာ၊ မင်းတို့သူငယ်ချင်းချင်း ပြောစရာ ရှိတာ ပြောကြတော့၊ ဩော် . . . ဟော့ . . . တိုက်ဒိုက်ရေးကျောင်းက အရာရှိလေး၊ အပြန် သတိထားသွားကွ၊ တောင်နီနား တစ်ဝိုက်က ရန်သူဖြတ်သွားဖြတ်လာ ရှိတတ်တယ်နော်"

"ဟုတ်ကဲ့ပါခင်ဗျ"

တိုင်းမှူးထွက်သွားပြီးနောက် အတန်ကြာ စကားပြောကာ ကျွန်တော်လည်း၊ တိုက်ဒိုက်ရေးကျောင်းသို့ ပြန်ခဲ့ပါတော့သည်။

လအနည်းငယ်အကြာ၌ ကိုမောင်မောင်သန်း ဗထူးသို့ ခြေလျင်တပ်ခွဲမှူး သင်တန်း လာတက်၏။ ထိုအခါ ကျွန်တော်နှင့် ပြန်တွေ့ကြပြန်သည်။ သူက သင်တန်းသား။ ကျွန်တော်က နည်းပြသင်တန်း၌ သင်ခန်းစာများအကြောင်း၊ မပြောဖြစ်ဘဲ ဝါးခယ်မသား၊ တက္ကသိုလ်တုန်းက သူငယ်ချင်းများ အကြောင်း၊ ဗိုလ်သင်တန်းကျောင်း၌ ကျွန်တော် မခံချင်စိတ်နှင့် အလေးမဖြစ်သည့် အကြောင်းများကိုသာ ဖြစ်ခဲ့၏။ သင်တန်းပြီးတော့ သူနှင့် ကျွန်တော် ကွဲကွာသွားကြပြန်သည်။

၁၉၈၀ ခုနှစ်၌ သူရော ကျွန်တော်ပါ တစ်ဆင့်မြင့်ရာထူး တပ်ခွဲမှူးဗိုလ်မှူးတာဝန်ဖြင့် အသီးသီးပြောင်းကြရသည်။ ကျွန်တော်က မြေလတ်ဒေသ မကွေးသို့၊ သူက မြစ်ဝကျွန်းပေါ်ဒေသ ခရမ်းမြို့သို့၊ တပ်မတစ်ခု တည်းဖြစ်၍ သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသသို့ စစ်ဆင်ရေးဝင်ကြရသည်။ တစ်ရက်တွင် ကျိုင်းတုံမှ ပြန်ဆင်းလာသည့် သူတို့တပ်ရင်းနှင့် ကျိုင်းတုံသို့တက်လာသည့် ကျွန်တော်တို့တပ်ရင်း၊ ကားတန်းချင်း တာကော်နှင့် ကွန်ဟိန်းကြား ဆင်မောင်းရွာကလေး၌ ဆုံကြ၏။ သူ့တပ်ရင်းမှူးနှင့် ကျွန်တော့်တပ်ရင်းမှူးကလည်း သူနှင့် ကျွန်တော့်လိုပင် ဗိုလ်သင်တန်း တစ်ပတ်တည်း ဆင်းများ ဖြစ်ကြ၏။ သူတို့က ဆင်မောင်းအရင်ရောက်နေပြီး နေ့လယ်စာစားရန် ပြင်ဆင်နေကြ၏။ သူ့တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ကျော်စိန်က ကျွန်တော့်တပ်ရင်းမှူးကို မြင်သည်နှင့်–

"လာပေ့ . . . ဖိုးကိုလေး။ နေ့လယ်စာ အတူစားလိုက်ရအောင်"

ဟု ဖမ်းသာအားရခေါ်သည်။ တစ်ပတ်တည်းဆင်း ဖြစ်ကြ၍ သူတို့မှာလည်း ပြောစရာစကားတွေ များလှချေ၏။

"သူက ဘယ်သူလဲ"

ဗိုလ်မှူးကြီးကျော်စိန်က ကျွန်တော့်ကို ကြည့်ပြီး ကျွန်တော့်တပ်ရင်းမှူးအား မေးလိုက်၏။

"ကျွန်တော့်ဆီက တပ်ခွဲမှူးဗိုလ်မှူးပါ"

"ဩော်"

"ကျွန်တော်က ဗိုလ်မှူးကြီးတို့ဆီက ဗိုလ်မှူးမောင်မောင်သန်းနှင့် တစ်ပတ်တည်းပါခင်ဗျာ"

ကျွန်တော် စကားဆုံးသည်ဆိုလျှင်ပင် Convoy ယာဉ်တန်းနောက်ပိတ် Rear Guard လိုက်ပါလာသည့် ဗိုလ်မှူးမောင်မောင်သန်း ရောက်လာ၏။ သူက မြူးမြူးမြူးမြူးနှင့် အလေးပြုပြီးဝင်ထိုင်လိုက်သည်။

"ကားတွေအားလုံး စုံပါတယ် တပ်ရင်းမှူးကြီး"

သူ့တပ်ရင်းမှူးကြီးကို ကားစုံကြောင်း သတင်းပို့၏။ ပြီးတော့ ကျွန်တော့်ကို လှမ်းနှုတ်ဆက်လိုက်သည်။

"ဟိတ် . . . သူငယ်ချင်းလေး"

ကျွန်တော်က ပြန်ပြုံးပြလိုက်သည်။

ကျွန်တော့်တပ်ရင်းမှူးကြီးသည် တစ်ရံရေအခါက ရေတပ်မှဖြစ်၍ အဏ္ဏဝါမောင်ဘွဲ့ရ ကာယဗလသမားကြီးဖြစ်သည်။ ကိုမောင်မောင်သန်းလိုပင် ကာယဗလ အကြောင်းဆိုလျှင် မမောနိုင်၊ မပန်းနိုင် ပြောတတ်၏။ ထို့ကြောင့်–

"တပ်ရင်းမှူးကြီးခင်ဗျာ...ဒီဟာ ဗိုလ်မှူး မောင်မောင်သန်းပါ၊ ကျွန်တော်နဲ့ တစ်ပတ်တည်းခင်ဗျ၊ သူက ရန်ကုန်တက္ကသိုလ်မောင်ဘွဲ့နဲ့ မောင်မောဘွဲ့ရထားတာ"

ကျွန်တော်က ကိုမောင်မောင်သန်း၏ ဂုဏ်ပုဒ်ကိုဖော်ကာ မိတ်ဆက်ပေးလိုက်ပါသည်။

ကျွန်တော့်တပ်ရင်းမှူးကြီးက နှစ်လိုဖွယ်ရာပြုံးပြီး–

"ဩော် . . . ဟုတ်လား။ ကောင်းတယ်ဗျာ၊ ကျွန်တော်လည်း ရေတပ်မောင်ဘွဲ့ရ ထားတာဗျာ၊ တက္ကသိုလ်တက်တော့ ရေတပ်ကနေပြီး တက်တယ်၊ ရန်ကုန်တက္ကသိုလ်မောင်ပြိုင်ပွဲလည်း ဝင်ပြိုင်သေးတယ်ဗျ။ ဆုရဖို့ သေချာနေတာ၊ ဒါပေမဲ့ ကျွန်တော်နဲ့အတူ ဝိတ်မ,နေတဲ့ ကျွန်တော့် သူငယ်ချင်း၊ ကိုချစ်မောင်သန်းကဗျာ၊ ကျွန်တော့်ကို တက္ကသိုလ်ကျောင်းသားအစစ် မဟုတ်ဘူးဆိုပြီး အတင်းလိုက် ကန့်ကွက်နေလို့ ရန်ကုန်တက္ကသိုလ်မောင် မဖြစ်လိုက်ရတော့ဘူး။ ကိုချစ်မောင်သန်းက အဲဒီတုန်းက Complexion က သိပ်မကောင်းဘူးဗျ၊ ကျွန်တော်နဲ့ပြိုင်ရရင် သူရှုံးမှာ"

ဟု အားပါးတရ ပြောလေတော့သည်။

ထိုအခါ ကိုမောင်မောင်သန်းက ပြုံးပြုံးရွှင်ရွှင်ဖြင့်ပင်–

"တပ်ရင်းမှူးကြီးပြောတဲ့ ကိုချစ်မောင်သန်းက ကျွန်တော့်အစ်ကိုအရင်းခင်ဗျာ"

ဟု ဆိုလေတော့သည်။

"ဩော် . . . ဟုတ်လား။ ဆောရီးဗျာ၊ ဆောရီး . . . ဆောရီး"

"ဟား . . . ဟား . . . ဟား . . . ဟား"

ဤသို့ဖြင့် ကိုမောင်မောင်သန်း ကျွန်

ကျွန်တော့်တပ်ရင်းမှူးကြီးသည် တစ်ရံရေအခါက ရေတပ်မှဖြစ်၍ အဏ္ဏဝါမောင်ဘွဲ့ရ ကာယဗလသမားကြီးဖြစ်သည်။ ကိုမောင်မောင်သန်းလိုပင် ကာယဗလအကြောင်းဆိုလျှင် မမောနိုင်၊ မပန်းနိုင် ပြောတတ်၏။

တော့် တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေး၊ သူ့တပ်ရင်းမှူး ဗိုလ်မှူးကြီး ကျော်စိန်နှင့် ကျွန်တော်တို့သည် ဆင်မောင်းရွာကလေး၌ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်ကြပါသတည်း။

* * * * *

> ချစ်တာနဲ့ အိမ်ထောင်ကျတာ
> တစ်ထပ်တည်းတော့မကျဘူး။
> ချစ်တိုင်းလည်း မညားဘူး၊
> ညားတိုင်းလည်း မချစ်ဘူး၊
> ကိုယ်လည်း
> သူငယ်ချင်းလိုပါပဲကွာ၊
> ငယ်ချစ်ဦးနဲ့ လွဲခဲ့တယ်…



ဆယ်စုနှစ် နှစ်ခေတ်ကြာသွားခဲ့ပါပြီ။ ကျွန်တော်တို့တစ်တွေ ရာထူးတွေ တိုးတက်ရရှိကာ အရာရှိကြီးများအဖြစ်ဖြင့် တပ်မတော်မှ နယ်ဘက်သို့ ပြောင်းလွဲတာဝန်ထမ်းဆောင်ရသည်။

ကိုမောင်မောင်သန်းနှင့် ကျွန်တော်တို့ ရန်ကုန်တွင် ပြန်ဆုံတွေ့ကြသည်။ နယ်ဘက်တွင် ဆယ်နှစ်နီးပါး တာဝန်ထမ်းဆောင်ပြီး သူရော ကျွန်တော်ပါ တာဝန်မှ အနားယူကြပါသည်။ ဝါသနာပါရာ စာပေအနုပညာအလုပ်များကို လုပ်ဖြစ်သည်။ ကျွန်တော်က ကိုယ်ပိုင်မဂ္ဂဇင်းတစ်စောင် ထောင်သည်။ သူကလည်း လက်သွေး၍ စာတွေရေးနေသည်။ မြန်မာ့ရုပ်သံတွင် မှခင်းဇာတ်လမ်းတိုလေးများလည်း ရေးသားထုတ်လွှင့်သည်။ ကျွန်တော် မဂ္ဂဇင်းထုတ်တော့ စာတွေရေးပို့သည်။ လူချင်းလည်း မကြာခဏတွေ့ဆုံဆွေးနွေးဖြစ်သည်။ ထိုရောအခါများ၌ စစ်သားဘဝ အမှတ်တရများသာမက ငယ်ဘဝက အကြောင်းများပြော၍ ငယ်မူပြန်ကြသည်။ ကျွန်တော်က ကျောင်းသားဘဝက ဝါးခယ်မသူ စာရေးဆရာမကြီး ခင်နှင်းယုကို အလွန် Crazy ဖြစ်ခဲ့သူမို့ ခင်နှင်းယု၏ မှေးဝတ္ထုအစပိုင်းမှာပါသည့်–

''ယခုလို အချိန်ရောက်ပြီဆိုလျှင် အတွဲတန်နှင့် မွေးတို့ အတူတကွ မွေးဖွားလာခဲ့သော ဝါးခယ်မမြို့ပြင်၌ လယ်ကွက်များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်'' ဆိုသော စာပိုဒ်ကို အလွတ်ရွတ်ပြလိုက်၏။

''ဟာ…ကိုယ့်သူငယ်ချင်း ခံစားချက်က မသေးပါလား။ ကိုယ်မှသာ ခံစားသလား အောက်မေ့တယ်''

ဟု ဆိုလေတော့သည်။

ထို့နောက် သူနှင့်ကျွန်တော် First Love အကြောင်းကို ဆွေးနွေးကြပြန်သည်။ ကျွန်တော် ပထမဆုံးရေးခဲ့သည့် First Love နှင့်ဆိုင်သော ''ချစ်၍ခေါ်သည် လိုက်တော်မူခဲ့ မပျောင်းနွဲ့နှင့်'' အမည်ရ ဝတ္ထုလေးကို ပြောပြဖြစ်သည်။ နှစ်ပေါင်းများစွာ ချစ်ခဲ့ရပြီး ကံမပါ၍ ချစ်ဦးသူနှင့် ကွဲခဲ့ရသော ကျွန်တော်၏ ဇာတ်ကြောင်းကို နားထောင်ပြီးသည့်အခါ–

''ဒီလိုပဲ သူငယ်ချင်းရေ– ချစ်တာနဲ့ အိမ်ထောင်ကျတာ တစ်ထပ်တည်းတော့ မကျဘူး။ ချစ်တိုင်းလည်း မညားဘူး၊ ညားတိုင်းလည်း မချစ်ကွ။ ကိုယ်လည်း သူငယ်ချင်းလိုပါပဲကွာ။ ငယ်ချစ်ဦးနဲ့ လွဲခဲ့တယ်၊ လွဲရုံဘယ်ကမလဲ ပြန်တွေ့ကြတော့လည်း အဆန်းတကြယ်ပြန်တွေ့ရတယ်''

''ဘယ်လိုပြန်တွေ့ကြတာလဲ''

''စစ်သားဖြစ်ပြီးမှ တောကြီးမျက်မည်းမှာ ပြန်တွေ့ကြတာ သူငယ်ချင်းရေ တွေ့ကြတော့လည်း ကြေကွဲစရာပါပဲ''

ကိုမောင်မောင်သန်းက သူ၏ ငယ်ချစ်ဦးအကြောင်းကို ဆွေးဆွေးမြေ့မြေ့ပြောလေ၏။

''အဲဒီတုန်းက စစ်သားကြီးကိုယ့်မှာ ယောက်ျားရင့်မာကြီးဖြစ်လျက်နဲ့ မျက်ရည်လည်ခဲ့ရတယ် သူငယ်ချင်း''

''ဟုတ်တယ် သူငယ်ချင်း''

''ဒါဆိုလည်း နောင်တော်ကြီးရဲ့ ဇာတ်လမ်းလေးကို ဝန်မလေးရင် ကြားချင်တယ်ဗျာ၊ ပြောပြလို့ရရင် ပြောပြပါအုံး''

ထိုအခါ မောင်ဘွဲ့တွေ အများကြီးရထားသည့် စစ်သားကြီး၏ လွမ်းဆွေးဖွယ် အချစ်ဇာတ်လမ်းကို အောက်ပါအတိုင်း နားထောင်ရပါတော့သည်။

သူ့ဇာတ်ကြောင်းကို ကာယကံရှင် ခံစားထားသည့်အတိုင်း ကာယကံရှင်၏ အပြောဖြင့် ဖော်ပြသွားပါမည်။ ကာယကံရှင် နောင်တော်ကြီး ကိုမောင်မောင်သန်း ကျွန်တော့်ကို နားလည်ခွင့်လွှတ်နိုင်ပါစေ။

ကိုမောင်မောင်သန်းနဲ့ မှုခေါ် သူ၏ ငယ်ချစ်ဦးဇာတ်လမ်းမှာ အောက်ပါအတိုင်း

ဖြစ်ပါသည်ခင်ဗျာ။

* * * * *

**မွှံနဲ့ အမောင်တို့ရဲ့ဇာတိမြို့ ဝါးခယ်မ**

မွှံနဲ့ ကျွန်တော်တို့ ဝါးခယ်မမြို့ကလေးသည်ကား ဧရာဝတီ မြစ်ဝကျွန်းပေါ် မြို့ကလေးမို့ မြစ်ချောင်းအင်းအိုင်များနှင့် ဝန်းရံထားလေသည်။ ချောင်းတွေ၊ မြောင်းတွေနှင့်အတူ ပတ်ဝန်းကျင်တစ်မျှော်တစ်ခေါ်၌ လယ်ကွင်းများက ကျယ်ပြောပြန့်ပြူးလှပါ၏။

ဝါးခယ်မသည် မွန်စကားဖြစ်၏။ ဝါး ကြယ်မ၊ ဝါးကရယ်မ။ ထိုမှသည် ဝါးခယ်မ ဖြစ်လာသည်ဟု မြန်မာ့စွယ်စုံကျမ်းက ဆိုထားသည်။

ဝါးဟူသည် ကွင်း။ ကြယ်မဟူသည် မျိုးကြသည်။ ထို့ကြောင့် ဝါးကြယ်မ၊ သို့မဟုတ် ဝါးခယ်မဆိုသည်မှာ မျိုးကြသော ကွင်းဟု အဓိပ္ပါယ်ရ၏။

ထို ဝါးခယ်မအမည်ရသည့် လယ်ကွင်းများဝန်းရံနေသော မြို့ကလေး၌ ကျွန်တော့် ချစ်ဦးသူ မွှံနှင့် ကျွန်တော်တို့ မွေးဖွားကြီးပြင်းခဲ့ကြ၏။ ပမာဆိုသော် ဆရာမကြီး ခင်နှင်းယု၏ မွေးဝတ္ထုထဲက အတွတ်နှင့် မွှေးတို့နှယ်ပါပင်တည်း။

ဝါးခယ်မသည် မြစ်ချောင်း၊ အင်းအိုင်တို့ ဝန်းရံထားသည်မို့ နွေတွင် မြစ်ချောင်းများကို ဖြတ်တိုက်လာသည့် လေနုအေးကြောင့် မွှေးမွှသက်သာသလို ဆောင်းတွင်လည်း နွေးသောရေခိုးရေငွေ့များကို ဖြတ်သန်းတိုက်ခတ်လာသောကြောင့် နွေးပြီး အအေးသက်သာ၏။ မိုးအခါတွင်မူ တစ်ခါတရံ မြစ်ရေများလျှံတက်၏။ ထိုအခါမျိုး၌ သပြေကသီး။ ရေကကြီးသနှင့် မွှံနဲ့ကျွန်တော်ကား ငယ်သူတို့ဘာသာဘာဝ သပြေပင်ကြီးများအောက် သပြေသီးကောက်ရင်း သပြေသီးမှည့်ကြီးများ ရကြသည့်အခါ "ရော့…အမောင်စား" "ဟင့်အင်း–မွှံစား" ဟု တစ်ယောက်နဲ့တစ်ယောက် အကြင်နာ ပို့ခဲ့ကြရသည်။ ရံဖန်ရံခါ၌တွင်ကား သပြေသီးကောက်ရင်း ချစ်စနိုးကျီစယ်ကာ သပြေသီးနဲ့ ပေါက်ကြနောက်ကြသည်။ စိတ်မဆိုးနိုင်ကြ၊ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးပျော်ကြည်နူးခဲ့ကြသည်။

မိုးတွင်းတစ်နေ့ သပြေသီးကောက်ပြီး စဉ် ကျွန်တော်က အမြတ်တနိုးယူလာခဲ့သည့် အနံ့မွှေးမွှေး စံပယ်ပန်းကုံးလေးကို မွှံခေါင်းမှာ ပထမဆုံးအကြိမ် ယုယုယယ ပန်ပေးမိသည်။ ကျွန်တော်ပေးတဲ့ ပန်းမို့ လားမသိ။

"မွှံက စံပယ်ပန်းသိပ်ကြိုက်တာ အမောင်"

ဟု ကျေနပ်ကြည်နူးသည့် မျက်နှာဖြင့် မွှံက ဆိုခဲ့သည်။

ဪ…ဒီလိုဆိုတော့လည်း အမောင် ရင်ခုန်ရပါလား မွှံရယ်။

မွှံက မြစ်ဝကျွန်းပေါ်သူ၊ အဲ–ဝါးခယ်မ သူဆိုတော့ နာမည်နဲ့လိုက်အောင် သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ မှည့်စပြုနေသည့် ဝါရွှေရောင်စပါးခင်းနှယ် အသားဝါဝါနှင့် မွံနေအောင်လှပါသည်။ အသားသာမက မျက်လုံးမျက်ခုံးကအစ လှသည်၊ နှုတ်ခမ်းပါးလေးကလည်း ပြုံးလှဲ့လှဲ့နှင့် ချစ်စရာကောင်းသည်။ ကျွန်တော်ပေးတဲ့ စံပယ်ပန်းပန်လိုက်သည့်အခါ သွယ်လျလျ မွှံက ပိုပြီး လှလာသည်။

"ပန်းပန်ရင် နန်းဆန်သတဲ့ အမောင်၊ ပြီးတော့ မွှံက စံပယ်ပန်းလည်း သိပ်ကြိုက်တာ"

ဟု ဆိုခဲ့သဖြင့်လည်း ကျွန်တော့်မှာ မွှံအတွက် နေ့စဉ်ရက်ဆက် စံပယ်ပန်းဆက်သည့် ပန်းဆက်သမား ဖျတ္တုဖြစ်ခဲ့ရ၏။ တစ်ရက်မှ ပျက်ကွက်ခဲ့သည်မရှိ။

ဒီလိုနဲ့ မွှံနဲ့ကျွန်တော်တို့နှစ်ယောက် ကလေးဘဝက မောင်ချစ် နှမချစ် ကလေးချစ်၊ မူလတန်းလွန်လို့ အလယ်တန်းရောက်တော့ သူငယ်ချင်းချစ်၊ အထက်တန်းကျောင်းသားဖြစ်ကြတော့ သူငယ်ချင်းမက သမီးရည်းစားမကျ။ ရန်ကုန်တက္ကသိုလ်ကြီး အတူရောက်ကြတော့ သစ်မှတ်ပင်ကြီးအောက် နှစ်ယောက်တည်း။ ချစ်ရည်ရွှန်းလဲ့တဲ့ မျက်လုံးများနဲ့ ပါးစပ်က ဘာမှမပြောကြသေးပေမယ့် အသည်းနှလုံးက စကားတွေပြောခဲ့ကြပြီပဲ။

* * * * *

**မြကျွန်းညိုညို၊ ကွန်းခိုရာတက္ကသိုလ်မှာ**

မွှံကစာသမား။ အထူးသဖြင့် နိုင်ငံရေးသိပ္ပံ Political Science ကို အလွန်စိတ်ဝင်စားသူမို့ ငယ်ကတည်းက စာရုံအကျွန်ဖတ်ခဲ့တဲ့ မွှံတစ်ယောက် တက္ကသိုလ်မှာ နိုင်ငံရေးစာပေတွေကို လေ့လာသည်။

ကျွန်တော်က ကာယဗလသမား။ အလယ်တန်းကျောင်းသားဘဝက စခဲ့တဲ့ ကာယလေ့ကျင့်ခန်းတွေကို တက္ကသိုလ်ရောက်တော့ နေ့စဉ် တက္ကသိုလ်အားကစားရုံကို သွားပြီးလေ့ကျင့်သည်။

ဥပစာတန်းမှာ မွှံနဲ့ကျွန်တော် ဘာသာတွဲ တစ်ခုတည်းယူပြီး ကျောင်းတက်ကြသည်။ သွားအတူ လာအတူ မခွဲအတူတူ အမြဲအတူတူ။

ကြာတော့ ဘေးကတောင် မနာလိုဖြစ်လာကြသည်ထင်ရဲ့။

"ဟင်း…ဒီအတွဲက သည်းကိုသည်းတယ်" တဲ့။

ဟုတ်မှာပေါ့။

ညနေ Class ပြီးလို့ ကျွန်တော် အားကစားရုံကိုသွားပြီး ကာယဗလလေ့ကျင့်တဲ့အခါ မွှံက အတူတူလိုက်လာတတ်သည်။ ပြီးတော့ ကျွန်တော်လေ့ကျင့်နေတဲ့ အချိန်တစ်နာရီကျော်ကျော်လောက်မှာ အားကစားရုံဘေးမှာရှိနေတဲ့ ကျောင်းသားသမဂ္ဂ Student's Union အဆောက်အဦမှာ စာပတ်ခုံ၊ မွှံကစောင့်သည်။ ကျောင်းသားသမဂ္ဂတွင် စာဖတ်သည့်ကာလ ကြာလာသည့်အခါ မွှံတစ်ယောက် နိုင်ငံရေးစာပေများကို ပိုဖတ်လာသည်။

ဒါကို ကျွန်တော်သတိထားမိပါသည်။ မွှံလည်း မွှံဝါသနာ၊ ကျွန်တော်လည်း ကျွန်တော့် ဝါသနာမို့ ကျွန်တော် ဘာမှမပြောခဲ့မိပါ။

ဥပစာအောင်ပြီး ဝိဇ္ဇာတန်းရောက်တော့ ကျွန်တော်က မွှံကို ချစ်ရေးဆိုသည်။ ဆယ်ကျော်သက်က ကျွမ်းချစ်သဌါကြီးသူမှာမူဆိုတဲ့ စကားလို ကလေးဘဝက စခဲ့ကြတဲ့အချစ်ကို တက္ကသိုလ်ကျောင်းသားကြီးဖြစ်မှ ဖွင့်မပြောလျှင် ဘယ်တော့ပြောရမှာလဲ။ ဒါကြောင့် အနှစ်နှစ်အလလ မျိုသိပ်ထားခဲ့တဲ့ ကျွန်တော့်အချစ်ကို မွှံသိအောင် တရားဝင် ချစ်ခွင့်ပန်လိုက်ခြင်းပါ။

"သူရယ် ကိုယ်ရယ် ဖွင့်မပြောဘဲ အသည်းချင်းသိလို့နေ × × × ပန်းချစ်တဲ့သူ့ရဲ့ လှမ်းလင့်လို့ကြီးနေ × × × ဘယ်အခါ



အဲဒီတုန်းက ကျွန်တော်က

ဝါးခယ်မသား စန္ဒရားလုလင်ရဲ့ သီချင်းကို ဆိုပြဖြစ်သည်။

ကျွန်တော်ရဲ့ ချစ်ခွင့်ပန်ခြင်းက သာမန်မဟုတ်ပါ။

လက်ထပ်ခွင့်ပါ တစ်ပါတည်း တောင်းခံခဲ့ခြင်းဖြစ်ပါ၏။

ဘယ်ကမ္ဘာမှာမှ အသည်းအသက်နှင်းလို့ ချစ်ရမလေ x x x ဒါ ပြောပါရစ်သူရေ"

အဲဒီတုန်းက ကျွန်တော်က ဝါးခယ်မသား စန္ဒရားလုလင်ရဲ့ သီချင်းကို ဆိုပြဖြစ်သည်။ ကျွန်တော့်ရဲ့ ချစ်ခွင့်ပန်ခြင်းက သာမန်မဟုတ်ပါ။ လက်ထပ်ခွင့်ပါ တစ်ပါတည်း တောင်းခံခဲ့ခြင်းဖြစ်ပါ၏။

ကျွန်တော့်ရဲ့ ချစ်ခွင့်ပန်မှုကို မွှံက အပြုံးလှလှဖြင့် လက်ခံသည်။ လက်ထပ်ဖို့ကျတော့-

"ဘွဲ့ရပြီးမှပေါ့ အမောင်ရယ်"ဟု မဆိုင်းမတွ ပြောသည်။

ကျွန်တော့်ဆီက Propose ကို ကြို တွက်ထားပုံရ၏။ ထို့ကြောင့် အဖြေကို ချက်ချင်းပေးနိုင်သည်။ ဒီနောက်တော့ မွှံနဲ့ ကျွန်တော်တို့ တရားဝင်ရည်းစားဖြစ်ကြပြီး မွှင့်မွှင့်လင်းလင်း ချစ်စကားအလှများ ပြောနိုင်ခဲ့ကြသည်။ ပြီးတော့ ကိုယ်ဝါသနာပါသည်များကို လွတ်လွတ်လပ်လပ် ဆောင်ရွက်ခဲ့ကြသည်။

ထုံးစံအတိုင်း ကျွန်တော်က ကာယပလ။

မွှံကတော့ သူမ ဝါသနာထုံခဲ့သည့် နိုင်ငံရေးစာပေများ။ ပြီးတော့ ကျောင်းသားအသင်းအဖွဲ့ကိစ္စများ။ ပြီးတော့ ဆွေးနွေးဟောပြောပွဲများ။ ဝိဇ္ဇာတန်းတွင် နိုင်ငံရေးသိပ္ပံ Political Science ယူထားသည့် မွှံက ဆွေးနွေးပွဲများတွင် နိုင်ငံရေးစကားပင် ပြောလာသည်။ ထိပ်တန်းကျောင်းသားခေါင်းဆောင်များအနက်မှ တစ်ဦးဘဝအထိပင် ရောက်လာသည်။

မွှံက ထိုသို့ ကိုယ်ဝါသနာပါသည်ကို တစိုက်မတ်မတ် ဆောင်ရွက်နေချိန်မှာ ကျွန်တော်ကလည်း ရန်ကုန်တက္ကသိုလ်မောင်ဘဝကို ခံယူနိုင်ရုံမက မောင်မောဘွဲ့ကိုပင် ပိုင်ဆိုင်ခဲ့ပြီး အားကစားလောကမှာ ကျယ်ကျယ်ပြန့်ပြန့် ကျက်စားမိသည်။ မွှံနဲ့ ကျွန်တော်တို့ ဓာတ်ရှိရတွေများလာပြီး အရင်ကလောက် တစ်ယောက်နဲ့တစ်ယောက် မတွေ့နိုင်ကြတော့။ တွေ့ကြချိန်တွင်လည်း ကိုယ့်ကိစ္စများနှင့်ကိုယ် စကားကြာကြာပြောချိန် မပေးနိုင်ကြတော့။

လူတွေဟာ သူတို့အကြောင်းနဲ့ သူတို့ ဖါပဲလေ။

ဝိဇ္ဇာနောက်ဆုံးနှစ် စာမေးပွဲကြီး မဝေးတဲ့နေ့တစ်နေ့မှာ မွှံက ကျွန်တော့်ကို သည်သို့ပြောလာ၏။

"အမောင့် အောင်မြင်မှုတွေကို မွှံ ဝမ်းသာပါတယ်၊ ဒါပေမဲ့ အားကစားထဲမှာ သိပ် ဝါသနာပါသွားပြီး အမောင် စာမေးပွဲကျမှာ မွှံစိုးတယ်။ အဲဒါဆို မွှံနဲ့နီးဖို့ ကြာသွားအုံးမယ် အမောင်ရယ်"

မောင်ဘွဲ့တွေ အများကြီးနဲ့ ကျွန်တော့်ကို မွှံက စိုးရိမ်စကားဆိုလာသည်။ ကျွန်တော်ကလည်း မွှံရဲ့ နိုင်ငံရေးလှုပ်ရှားမှုများကို စိုးရိမ်နေမိသည်မှာ ကြာပြီ။ ချစ်သူဆိုတော့ ပြောမထွက်ခဲ့။ ယခုလို မွှံက ပြောလာတော့ ကျွန်တော်ကလည်း ပြောရတော့မည်။

"မွှံစကားကို အမောင် နားထောင်ပါ့မယ်၊ မွှံကိုလည်း အမောင်ပြောပါရစေ၊ Political Science ယူထားတာမို့ နိုင်ငံရေးစာပေတွေ မွှံလေ့လာတာ၊ ဆွေးနွေးတာတွေကို အမောင် ဘာမှမပြောလိုပါဘူး။ ဒါပေမဲ့ နိုင်ငံတော်နဲ့ သဘောထားချင်းမတူတဲ့ အရောင်ရှိတဲ့ ကျောင်းသားအဖွဲ့အစည်းတွေနဲ့တော့ မွှံ မပတ်သက်ပါနဲ့၊ မွှံရယ်၊ မွှံ အမောင့်ကို စိုးရိမ်သလို အမောင်လည်း မွှံအတွက် စိုးရိမ်ပါတယ်"

အမှန်လည်း မွှံအတွက် စိုးရိမ်မိပါသည်။ မွှံကအလွန်တက်ကြွကာ တက္ကသိုလ်ကျောင်းသားလောကမှာ အလွန် Popular ဖြစ်နေပြီ။ ကိုသက်၊ ကိုဘဆွေလေး စတဲ့ ကျောင်းသားခေါင်းဆောင်များနှင့်အတူ ဒိုးတူဘောင်ဘက် ရင်ပေါင်တန်းကာ အစိုးရဆန့်ကျင်ရေး၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဆန့်ကျင်ရေးစကားများကို ပြောတတ်နေပြီ။ မွှံတို့ မျိုးရိုးကိုက နိုင်ငံရေးအဆက်အနွယ်များမို့ အသွေးအသားထဲကပင် မွှံသည် ဘိုးစဉ်ဘောင်ဆက် နိုင်ငံရေးကို ဝါသနာပါလာသူဖြစ်ပါ၏။ ဒါကိုလည်း ကျွန်တော် သိထားပါသည်။

"အမောင်ရယ်…မွှံတို့အမျိုးအကြောင်းလည်း အမောင်သိသားနဲ့၊ ဝါသနာဘာကီ ဆက်တိုင်းမိလေ၊ မွှံကိုယ်မွှံ ထိန်းနိုင်ပါတယ်၊ အမောင် သိပ်မစိုးရိမ်ပါနဲ့"

ချစ်တုန်းခင်တုန်း တပြုံးပြုံးမို့ ချစ်သူက ပြေရာပြေကြောင်း ပြောလာတော့-

"ဪ…ကိုယ်လည်း ကိုယ့်ဝါသနာနဲ့ကိုယ်၊ သူလည်း သူ့ဝါသနာနဲ့သူ၊ ဘာမှ မဖြစ်တန်ကောင်းပါဘူးလေ" လို့ ယူဆပြီး မွှံရဲ့စကားကို ကျွန်တော် လက်ခံခဲ့ပါသည်။

မွှံပြောခဲ့တဲ့ "ဝါသနာဘာကီဆက်တိုင်းမိပေ့ါ အမောင်"ဆိုတဲ့စကားရဲ့ အတိမ်အနက်ကိုတော့ ကျွန်တော်မသိခဲ့ရိုး အမှန်ပါ

ခင်ဗျား။

* * * * *

**ဘဝဆိုတာများ မရေရာ**

ဝိဇ္ဇာဘွဲ့ရပြီး အလုပ်အကိုင် အတည်အကျဖြစ်မှ မှုံ့အား လက်ထပ်ယူမည်ဟု ကျွန်တော် ဆုံးဖြတ်ထားသည်။ မှုံ့ကလည်း သူမ ဝါသနာပါသည့် အသင်းအပင်းများနှင့် အလုပ်ရှုပ်နေ၏။ ဘွဲ့ရပြီးတော့ မှုံ့နဲ့ ကျွန်တော် အရင်ကလို မဆုံဖြစ်တော့။ တစ်ယောက် တစ်ကွဲစီ ဖြစ်သွားခဲ့ကြသည်။ မှုံ့က ဝါးခယ်မပြန်သွားသည်။ ကျွန်တော်က ရန်ကုန်မှာ အလုပ်များနေသည်။ မှတ်မှတ်ရရ နောက်ဆုံးတွေ့ခဲ့ကြသည်ကား ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးတွင် ဘွဲ့ယူစဉ်ကဖြစ်သည်။

ထိုစဉ်က ကျွန်တော်က ကျွန်တော့် အမေနှင့် ဘွဲ့လာယူသည်။ မှုံ့က သူမ အမေနှင့် ဘွဲ့လာယူသည်။ မှုံ့၏ဖခင် မရှိရှာတော့။ အမေတစ်ခု သမီးတစ်ခုသာ။ ထိုစဉ်ကလည်း မှုံ့နှင့်ကျွန်တော် စကားကြာကြာ မပြောဖြစ်ခဲ့၊ မပြောနိုင်ခဲ့။ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ ခဏသာ တွေ့ဖြစ်ကြရသည်။

ဘွဲ့ယူပြီးတော့ ကျွန်တော်တပ်မတော်ထဲ ဝင်ဖြစ်သည်။ တက္ကသိုလ်အရန်တပ်ရင်းကိုပင် မဝင်ခဲ့ဘူးသော ကျွန်တော်သည် တပ်မတော်အကြောင်းကို ထဲထဲဝင်ဝင် သိသူမဟုတ်ခဲ့။

“တပ်မတော်မှ သင့်ကိုအလိုရှိသည်”

ဟူသော စာသားကြော်ငြာ ကြည့်ခါမျှဖြင့်ပင် တပ်ထဲဝင်ခဲ့သည်ဟုဆိုလျှင် မှားအံ့ မထင်ပါ။ တပ်ထဲဝင်ရေး လုံးပန်းနေသဖြင့် ဗိုလ်သင်တန်းတက်ဖြစ်ချိန်ထိ မှုံ့နှင့် မဆုံဖြစ်ခဲ့ပါ။

တစ်နှစ်ခန့် ဗိုလ်သင်တန်းတက်ခဲ့ရသည်။ ဗိုလ်သင်တန်းသို့လည်း မှုံ့ထံက စာမလာခဲ့ပါ။ မှုံ့နဲ့ပတ်သက်ပြီး ကျွန်တော့်အတွက် အရာရာသည် မှုန်ဝေဝေ မှုန်ဝါးဝါး ဖြစ်စပြုခဲ့ပါပြီ။ ဝါးခယ်မရှိ ဆွေမျိုးသားချင်းများဆီက စာလာတိုင်းလည်း မှုံ့သတင်းစကား ဘာမှမကြားရပါ။

ဗိုလ်သင်တန်းဆင်းလျှင်ဆင်းချင်း ခွင့်ရ၍ ဝါးခယ်မသို့ အပြေးအလွှားပြန်ခဲ့သည်။ လက်ထပ်ဖို့အရေး ဆွေးနွေးရန် မှုံ့ကိုရှာသည်။ ဝါးခယ်မမှာ မှုံ့မရှိပါ။ ရွာပြန်သွားသည်ဆိုသည်။ မှုံ့တို့ဇာတိ ခတ္တိယရွာကလေးထိ ကျွန်တော်လိုက်သွားသည်။ မှုံ့ကို ထပ်ရှာသည်။ ခတ္တိယမှာ မှုံ့အမေ ကွယ်လွန်သွားခဲ့ပြီးပြီ။ အမေကွယ်လွန်သွား၍ အမေတစ်ခု သမီးတစ်ခုနေခဲ့သော မှုံ့တစ်ယောက် ရွာမှ စိတ်ပြေလက်ပျောက် ခရီးထွက်မည်ဟု ပြောပြီး ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြောင်း သတင်းအစရခဲ့ပါ၏။ ဦးကြော့ရဲ့ စုံနှံ့သာမြိုင်မင်းသမီးလို ကျွန်တော် မှုံ့ကိုရှာခဲ့မိသည်။ ခွင့်စေ့၍ပြန်တော့ လွမ်းမောဖွယ် ဝါးခယ်မဝန်းကျင်က လယ်ကွင်းပြင်များပေါ်မှာ ဖြတ်သန်းတိုက်ခတ်လာတဲ့ လေနုအေးလေးနဲ့ တောရိပ်တောင်ရိပ်တွေကိုကြည့်ပြီး–

“မှုံ့ ဘယ်မှာလဲအချစ်ရယ်” လို့ ငယ်ဘဝကိုသတိရပြီး လွမ်းလွမ်းဆွေးဆွေး မှုံ့ကို တမ်းတမိပါသည်။

မှုံ့ကို ဆက်ပြီးရှာမိပါသည်။ တာဝန်တွေ ထမ်းဆောင်နေရပြီဖြစ်သည့် တပ်မတော်သားတစ်ဦးအနေနှင့် ကိုယ့်ကိုယ်ကို မပိုင်တော့လို့ တောတောင်ရေမြေအနှံ့ တစ်နိုင်ငံလုံးသွားပြီး မရှာနိုင်ပေမယ့် တတ်နိုင်သမျှ နည်းတွေသုံးပြီး မှုံ့ကိုရှာသည်။ နောက်ဆုံးတော့–

မှုံ့

ရောက်ရာအရပ်က အမြန်ဆက်သွယ်ပါ။

မှုံ့သာ မောင့်ဘဝ၊ မှုံ့သာ မောင့်ကမ္ဘာ၊ မှုံ့သာ မောင့်ကဗျာ၊ မှုံ့သာ မောင့်အဖော်မွန်ပါ။

မှုံ့ကို ထာဝရစောင့်မျှော်နေလျက်ပါ။

အမောင်

မတတ်နိုင်သည့်အဆုံး အထက်ပါ ကဗျာမဆန် စာမပြည့်သည့် ကြော်ငြာလေးကို သတင်းစာမှာ ရက်ပေါင်းအတော်ကြာ ကျွန်တော် ထည့်ခဲ့မိပါတော့သည်။ အချည်းနှီးသာတည်း။

ခြေရာလည်းပျောက်၊ ရေလည်း နောက်ပြီး မှုံ့ ပျောက်ချင်းမလှ ပျောက်ခဲ့ပါသည်။

မှုံ့ကို ပြန်မတွေ့ရ၊ မဆုံရ၊ မကြုံရတော့သည့်အဆုံးတွင်ကား မှုံ့ကို မှန်းဆတမ်းတပြီး ကျွန်တော် အချစ်သစ်မရှာဖြစ်တော့ပါ။ ပန်းဆိုလျှင်လည်း စံပယ်ဖူး၊ အချစ်ဆိုလျှင်လည်း ငယ်ချစ်ဦးဆိုပြီး ကျွန်တော်တစ်ယောက် တစ်ကိုယ်ရည် စစ်သားဘဝနှင့် ပျော်အောင်နေခဲ့မိပါတော့သည်။

ဪ . . . မှုံ့ရေ၊ မင်း ဘယ်မှာလဲ အချစ်ရယ်။

* * * * *

**တစ်ကိုယ်ရည် စစ်သားဘဝ**

မှုံ့ကိုတမ်းတရင်း ကျွန်တော့်ဘဝကို တပ်မတော်သားများနှင့် အေးအတူ ပူအမျှ





ကျွန်တော်တို့ တပ်မ(၇၇)မှ ဗကပတို့ အာဏာနီ
တည်ဆောက်နေသော ပြည်၊ ပေါင်း တည်၊ ပေါက်ခေါင်း
အရှေ့ခြမ်းဒေသများအား ဝင်ရောက်ရှင်းလင်းတိုက်ခိုက်ရတော့သည်။
ဗကပတို့၏ အာဏာနီဌာနချုပ်မှာ ပြည်ခရိုင်ဖြစ်၏။

အတူတကွ လက်ရည်တစ်ပြင်တည်း နေထိုင်ရင်း ပျော်ခဲ့ရသည်။

ငယ်စဉ်ကပင် တစ်စုံတစ်ရာသော အတိုင်းအတာထိ ဂီတနှင့် တေးသီချင်းများကို ဝါသနာပါသူမို့ တစ်ကိုယ်ရည် စစ်သားဘဝတွင် အားလပ်ချိန်များ၌ ဂီတနှင့် အပျော်ပြုခဲ့မိသည်။ ဂီတသာမက စာပေဝါသနာကလည်း ရှိပြန်သဖြင့် ကောင်းနိုးရာရာ စာပေများကိုလည်း ဖတ်ဖြစ်သည်။

ငယ်ချစ်ဦးနှင့်ပတ်သက်ပြီး ခံစားချက်ရှိနေသူမို့ သီချင်းများဆိုလျှင်လည်း ကျွန်တော်နဲ့ မွှံတို့၏ ဘဝနှင့် ဆက်စပ်ပတ်သက်နေသည့် သီချင်းများကိုသာ နားထောင်ဖြစ်ခဲ့သည်။ အများဆုံး နားထောင်ဖြစ်သည့် သီချင်းများကား ကိုမြသိန်းရဲ့ 'ငယ်ချစ်ဦး'၊ ကိုခိုင်ဝင်းရဲ့ 'ငယ်ချစ်ဦးနဲ့တွေ့ဆုံခြင်း'၊ ကိုသန်းဖေလေးရဲ့ 'ငယ်ကချစ် အနှစ်တစ်ရာမမေ့သာ' စသည်စသည်များသာ ဖြစ်ခဲ့ပါသည်။

ဗိုလ်သင်တန်းဆင်းလျှင်ဆင်းခြင်း ဖွဲ့စည်းခါစ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက်က တပ်ရင်းတစ်ရင်းတွင် ကျွန်တော် တာဝန်ကျခဲ့ပါသည်။

စစ်ဆင်ရေးဒေသကမူ ဗမာပြည်ကွန်မြူနစ်ပါတီခေါ် ဗကပများ ကြီးစိုးမင်းမူနေသည့် ပဲခူးရိုးမဒေသပင် ဖြစ်ပါ၏။ ထိုစဉ်က ပဲခူးရိုးမတွင် ဗကပတို့ အာဏာနီတည်ဆောက်နေစဉ်ကာလ။

ဗကပတို့သည် ပဲခူးရိုးမအနောက်ခြမ်းဖြစ်သော ပြည်၊ ပေါင်းတည်၊ ပေါက်ခေါင်းဒေသများ၌ ၎င်းတို့၏ အာဏာနီကို စတင်တည်ဆောက်ခဲ့ကြ၏။

အာဏာနီနှင့် ပတ်သက်ပြီးလည်း ဥက္ကဋ္ဌ သခင်သန်းထွန်းက အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုခဲ့၏။

"ငါတို့ဟာ ပြည်သူ့တော်လှန်ရေးစစ်ကို ဆင်နွှဲပြီး ကျေးလက်တောရွာပိုင်းမှာ လက်နက်နဲ့ တော်လှန်တဲ့ ပြည်သူ့အာဏာကို တည်ဆောက်ခဲ့တာဖြစ်တယ်။ ဒီအာဏာကတော့ ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်တဲ့ ဆင်းရဲသားလယ်သမားကို အခြေခံတဲ့ အလယ်တန်းစားလယ်သမားနဲ့ မဟာမိတ်ဖွဲ့ထားတဲ့ အာဏာဖြစ်တယ်။ ဒီအာဏာဟာ အနှစ်သာရအားဖြင့် ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ဖြစ်တယ်။ ငါတို့ ကွန်မြူနစ်ပါတီက ခေါင်းဆောင်တဲ့ အာဏာနီဖြစ်တယ်"

"ဗမာပြည်ကွန်မြူနစ်ပါတီဟာ ကျေးလက်လူတန်းစား လမ်းစဉ်အရ တစ်ပြည်လုံးမှာ အာဏာနီ တည်ဆောက်ရေးကို အစီအစဉ်ရှိရှိ ရည်ရွယ်ချက်ရှိရှိ စီမံကိန်းရှိရှိနဲ့ တည်ဆောက်သွားရေးက ကနေ့ပြည်သူ့တော်လှန်ရေးရဲ့ အရေးတကြီး လက်ငင်းအကျဆုံး တောင်းဆိုချက်ဖြစ်တယ်"

"ကျေးလက်မှာ အာဏာနီကို တည်ဆောက်တယ်ဆိုတာ လူတန်းစားတိုက်ပွဲကို အဆင့်အမြင့်ဆုံး ဆင်နွှဲဖြစ်တယ်၊ ဒါကို တစ်နည်းပြောရရင်တော့ လူသတ်တာဖြစ်တယ်၊ အာဏာကို ရတဲ့နည်းနဲ့ယူတာဖြစ်တယ်၊ အာဏာနီ တည်ဆောက်ရေးအတွက် သေရဲ သတ်ရဲ အနိုင်ယူရဲရမယ်၊ အဲဒီ ရဲဝံ့ရဲ စိတ်ဓာတ်ကို အခြေခံရမယ်"

"ပြည်ခရိုင်ဟာ ဗမာပြည်မှာ တိုင်းပြည်ရဲ့ အဖောက်ပြန်ဆုံး သစ္စာဖောက်တွေ ထွက်ရာဖြစ်တယ်၊ ဒါကြောင့် ပြည်ခရိုင်မှာ ဆင်းရဲသားခေါင်းဆောင်တဲ့ အာဏာနီကို ချက်ချင်းနဲ့ အမြန်ဆုံး တည်ဆောက်ကြရမယ်"

အထက်ပါ သခင်သန်းထွန်း၏ ညွှန်းဆိုချက်များအရ ဗကပတို့သည် ပြည်၊ ပေါင်းတည်၊ ပေါက်ခေါင်းဒေသများ၌ အာဏာနီ တည်ဆောက်သည်ဆိုပြီး ဒေသခံပြည်သူများကို ရက်စက်စွာသတ်ဖြတ်၍ ဒုက္ခအမျိုးမျိုး ပေးလေတော့သည်။

အမျိုးဘာသာ သာသနာကိုပါ ထိပါးစော်ကားမှုများ ပြုလုပ်လာသည်။ သို့ဖြင့် ကျွန်တော်တို့တပ်မ(၇၇)မှ ဗကပတို့ အာဏာနီ တည်ဆောက်နေသော ပြည်၊ ပေါင်းတည်၊ ပေါက်ခေါင်း အရှေ့ခြမ်းဒေသများအား ဝင်ရောက်ရှင်းလင်း တိုက်ခိုက်ရတော့သည်။ ဗကပတို့၏ အာဏာနီဌာနချုပ်မှာ ပြည်ခရိုင်ဖြစ်၏။ ထို့ကြောင့် ၎င်းတို့၏ ဗဟိုဌာနချုပ်ပါ ပြည်ခရိုင်အတွင်းသို့ ရွှေ့ပြောင်းခဲ့ကြသည်။ ပြည်ခရိုင်အတွင်း၌ ဗဟိုဆေးကျောင်းကိုပါ ထားရှိသည်။ ဗဟိုဆေးကျောင်းနှင့် ဗဟိုကော်မတီတို့သည် ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ သရက်ခရိုင် အရှေ့ခြမ်း စသည်တို့၌ လှည့်လည်သွားလာကာ အာဏာနီ တည်ဆောက်နေကြသည်။ အာဏာနီတည်ဆောက်နိုင်ရန် ဒိုကင်းပြန် ဗိုလ်တင်ရှိန်နှင့် မစိန်ဝင်းတို့ကို ဗဟိုမှ တိုက်ရိုက်တာဝန်ပေးခဲ့သည်။ ဗိုလ်တင်ရှိန်သည် သာယာဝတီခရိုင်ကော်မတီနှင့် စစ်ရေးတာဝန်ခံ ဖြစ်သည်။ ဒိုကင်းပြန် မစိန်ဝင်းမှာ တရုတ်ပြည်

တွင် ဆေးသင်တန်းတက်လာပြီး ဗဟိုဆေးကျောင်းကို တာဝန်ယူထားသူဖြစ်၏။

ဗိုလ်တင်ရှိန်နှင့် မစိန်ဝင်းတို့သည် ဗဟို၏ လမ်းညွှန်ချက်များကို လက်တွေ့ အကောင်အထည်ဖော်ကြရသည်။ မစိန်ဝင်းသည် သာယာဝတီခရိုင်တွင် တပ်နီအမျိုးသမီးများနှင့် တပ်နီလူငယ်များကို အတွေးအခေါ်ရှုထောင့်မှ လေ့ကျင့်မွေးမြူခဲ့သည်။ အားသစ်များကို တည်ဆောက်ခဲ့သည်။ အားသစ်များထဲ၌ ရန်ကုန်တက္ကသိုလ်မှ တောခိုလာကြသော ကျောင်းသား၊ ကျောင်းသူများ ပါရှိခဲ့လေသည်။ ကျောင်းသူအချို့ကို ၎င်း၏ အနားတွင် အနီးကပ်ခေါ်ယူထားပြီး လက်သင် မွေးမြူသင်ကြားပေးလေသည်။

၁၉၆၇ ခုနှစ် နှောင်းပိုင်းတွင် ဗဟို၏ လမ်းညွှန်မှုအရ မစိန်ဝင်းသည် ဗဟိုဆေးကျောင်း၌ ပထမဆုံးအကြိမ် ပြည်သူ့ကျန်းမာရေးနှင့် တော်လှန်ရေး ဆေးသင်တန်းကို ဖွင့်လှစ်ခဲ့၏။ ထိုသင်တန်းကျောင်းမှ နီလည်း နီ၊ ချွန်လည်းချွန်သော ကေဒါများကို လေ့ကျင့်ပေးခဲ့၏။ ဤလုပ်ငန်းများ၏ ဦးစီးဦးကိုင်မှာလည်း မစိန်ဝင်းပင်ဖြစ်၏။

ဤနေရာတွင် မစိန်ဝင်း၏ ကိုယ်ရေးရာဇဝင်အား အနည်းငယ်ဖော်ပြလိုပါသည်။

ဝိကင်းပြန်များထဲ၌ မစိန်ဝင်းသည် အတက်ကြွဆုံးဖြစ်၏။ မစိန်ဝင်း၏ အမည်ရင်းမှာ ခင်ခင်ကြည်ဖြစ်၏။ မစိန်ဝင်းတို့ ညီအစ်မနှစ်ယောက်သည် ၁၉၄၈ ခုနှစ် နောက်ပိုင်းတွင် အဆက်မြန်မာပြည် 'မသုံးလုံးဒေသ'၌ တောခိုလာကြခြင်းဖြစ်၏။ မစိန်ဝင်း၏အစ်မမှာ မပွင့်ဒီဖြစ်၏။ မစိန်ဝင်းနှင့် မပွင့်ဒီတို့ ဖခင်မှာ မန္တလေးမြို့တွင် နေထိုင်သော စက်ရှင်တရားသူကြီးဟောင်း တစ်ဦးပင်။ မစိန်ဝင်းသည် တောခိုလာပြီး နောက်တွင် 'မမျိုးသန့်'ဟူ၍ဖြစ်လာ၏။ ၁၉၅၃ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် သခင်သန်းမြိုင်၏ ဆန္ဒအရ တရုတ်ပြည်သို့ ဆေးမှူးအဖြစ်ဖြင့် လိုက်ပါသွားခဲ့ရ၏။ တရုတ်ပြည်တွင်မှ 'မာ့က်စ်လီနင်ဝါဒနိုင်ငံရေးတက္ကသိုလ်'၌ မာ့က်စ်ဝါဒ၊ လီနင်ဝါဒတို့ကို လေ့လာခဲ့၏။ အထူးသဖြင့် မော်စီတုန်း၏ အကြမ်းဖက်ရေး၊ တော်လှန်ပုန်ကန်ရေး အတွေးအခေါ်များကို သင်ကြားနာယူခဲ့၏။ တရုတ်ပြည်တွင် မစိန်ဝင်း၏အမည်မှာ 'ဝမ်ယွင်'ဖြစ်၏။ ၁၉၆၁ ခုနှစ်တွင် ရဲဘော်မျိုးတင့်(ခ)ယဉ်ကြူနှင့် လက်ထပ်ခဲ့၏။ မစိန်ဝင်းသည် ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အကြောင်းပြု၍ မြန်မာနိုင်ငံသို့ တရုတ်ပြည် ဝိကင်းမြို့မှ တစ်ဆင့် ပြန်လည်၍ရောက်ရှိလာခဲ့၏။ ၁၉၆၄ ခုနှစ်တွင် မစိန်ဝင်းအား ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ သာယာဝတီခရိုင်ကော်မတီတွင် တိုက်ရိုက်တာဝန်ပေးအပ်ခဲ့လေသည်။

ဤသည်ကား၊ မစိန်ဝင်း၏ ကိုယ်ရေးအကျဉ်းချုပ်အကျဉ်းမျှပင် ဖြစ်ပါသည်။

* * * * *

**ငယ်ချစ်ဦးနှင့် တွေ့ဆုံခြင်း**

မစိန်ဝင်း၏သတင်းက ပြည်ခရိုင်၌ အလွန်ကြီးသည်။ သတ်ရဲ ဖြတ်ရဲ လုပ်ရဲ ကိုင်ရဲသည်။ ဒိန်းမတန်ပုံနဲ့ အလွန်ရက်စက်သည်။ ထို့ကြောင့် နှစ်ယောက်မရှိ နိုးတူးစိန် ဟု ဆိုသူတို့က ဆိုကြသည်။ အချို့ကမူ ပျက်ရယ်ပြုသလိုလိုနှင့် မီးတစ်လုံးစိန်ဟု ခေါ်သူတို့က ခေါ်ကြသည်။ မစိန်ဝင်းကို ဗကပ ဗဟိုက အလွန်အားထား၏။ ထို့ကြောင့်လည်း တောခိုတက္ကသိုလ်ကျောင်းသားများအား လေ့ကျင့်သင်ကြားပေးရန် မစိန်ဝင်းကို တာဝန်ပေးခဲ့ခြင်းဖြစ်လေသည်။


ထို မစိန်ဝင်းခေါင်းဆောင်သော ဗဟိုဆေးတပ်နှင့် ဆေးကျောင်းကို ကျွန်တော်တို့ တပ်ရင်းမှ တိုက်ခိုက်ရန် အကြောင်းတိုက်ဆိုင်လာသည်။

အချိန်ကား၊ ၁၉၆၈ ခုနှစ် နှောင်းပိုင်းကာလဖြစ်သည်။ ကျွန်တော်တို့တပ်ရင်းသည် ပေါင်းတည်အရှေ့ခြမ်း တောင်ညိုဒေသ၌ ဗကပများအား ရှင်းလင်းလျက်ရှိသည်။ တစ်နေ့တွင် ဘန့်မွေးကုန်းအမည်ရ ရွာကြီး၌ ခေတ္တအခြေပြုနေခိုက်–

''ဗကပနှစ်ယောက် လက်နက်ချလာတယ်''

ဟု ကင်းအဖွဲ့က သတင်းပို့လာသည်။

လက်နက်ချလာသူများမှာ မစိန်ဝင်း၏ ဗဟိုဆေးတပ်မှဖြစ်၏။ ကျွန်တော့်တပ်ရင်းမှူးက ချက်ချင်းပင် သတင်းမေးမြန်းဖော်ထုတ်သည်။ ရရှိသောသတင်းပေါ်မူတည်၍ မစိန်ဝင်း၏ ဗဟိုဆေးတပ်နေရာကို ရှင်းလင်း တိုက်ခိုက်ရန် စီမံသည်။ ထို့နောက် ကျွန်တော်တို့တပ်ရင်းနှင့် မလှမ်းမကမ်း၌ လက်ရင်းကာပ် ခိုအောင်းနေသည့် မစိန်ဝင်း၏ ဗဟိုဆေးတပ်အား မြန်မြန်ဆန်ဆန်ပင် သွားရောက်တိုက်ခိုက်သည်။ သိပ်မပင်ပန်းပန်း မရှာလိုက်ရဘဲ တိုက်ခိုက်လိုက်နိုင်



ဝိကင်းပြန်များထဲ၌ မစိန်ဝင်းသည် အတက်ကြွဆုံးဖြစ်၏။
မစိန်ဝင်း၏ အမည်ရင်းမှာ ခင်ခင်ကြည်ဖြစ်၏။
မစိန်ဝင်းတို့ ညီအစ်မနှစ်ယောက်သည်···

၏။ ဆိုတိုက်ပွဲ၌ ကျွန်တော့်တပ်ခွဲက ပို့ဒိုင်မှ ချီတက်တိုက်ခိုက်ရန် တာဝန်ကျသည်။ ကျွန်တော်တို့၏ ချီတက်မှုမှာ ညချီတက်မှုဖြစ်သဖြင့် ရန်သူများ အငိုက်မိပြီး အလောင်းလက်နက်အများအပြားစွန့်ပစ်ကာ စခန်းမှ ကစဉ့်ကလျား တကွဲတပြား ထွက်ပြေးသွားခဲ့ကြ၏။

"ဗိုလ်ကြီးမောင်မောင်သန်းရေ...ဒီတိုက်ပွဲမှာ မစိန့်ဝင်း မရလိုက်တာ နာတယ်ဗျာ၊ ဒါပေမဲ့ ကစဉ့်ကလျား တကွဲတပြားဖြစ်သွားတော့ ကျွန်တော်တို့တပ်ခွဲတွေအားလုံး ဖြန့်ပြီးလိုက်ရှင်းဖို့ လိုတယ်ဗျာ၊ ဒါဆို နောက်ထပ် အပြတ်ရနိုင်သေးတယ်"

တပ်ရင်းမှူးကြီး ညွှန်ကြားချက်အရ တိုက်ပွဲနေရာပတ်ဝန်းကျင် လေးငါးဆယ်မိုင်အတွင်း ကျွန်တော်တို့တပ်ခွဲများ အသေးစိတ် လိုက်လံရှင်းလင်းကြသည်။ ထို့ကြောင့် နောက်ထပ်အလင်းဝင်သူများ၊ ဖမ်းဆီးရမိသူများရှိခဲ့၏။ တစ်ပတ်ခန့်အကြာတွင် ဗဟိုဆေးတပ်မှ အမျိုးသမီးစစ်ရေးတာဝန်ခံဆိုသူတစ်ဦး ပြင်းထန်သော သေနတ်ဒဏ်ရာများနှင့် လက်နက်ချဝင်ရောက်လာ၏။ သူမကို အနီးဆုံးကျေးရွာမှ ထမ်းစင်ဖြင့် လာပို့ခြင်းဖြစ်သည်။ ပြင်းထန်သော သေနတ်ဒဏ်ရာကို ဆေးမထည့်ရဘဲ တောထဲတွင် တစ်ပတ်ခန့် နေခဲ့ရသဖြင့် ဒဏ်ရာရခြေထောက်များမှာ ယောင်ကိုင်းနေပြီး မျက်နှာမှာလည်း သစ်ကိုင်းဝါးကိုင်းများ ရိုက်ထားသဖြင့် မျက်လုံးများပင် ပိတ်လုမတတ်ဖြစ်နေ၏။

"ကဲ...ကိုမောင်မောင်သန်းရေ ဒီတိုက်ပွဲမှာ ခင်ဗျားတပ်ခွဲက ပို့ဒိုင်ကသွားပြီး ပစ်ခတ်တိုက်ခိုက်ထားတာ ဒီအမျိုးသမီးက ခင်ဗျားလက်ချက်ပဲဖြစ်မယ်၊ ကျွန်တော် နည်းနည်းပါးပါးမေးပြီးပြီ သူက တော်တော်ယုံကြည်ချက်ပြင်းထန်တယ်ဗျ၊ ဒါပေမဲ့ အခုသူ့ပါတီကို သိပ်စိတ်နာသွားလို့ လက်နက်ချလာတာ၊ အဲဒီလိုမဟုတ်ရင် အသေခံမယ့်သဘောရှိတယ်၊ လိုအပ်တဲ့ပထမ ကုသမှုတွေတော့ တပ်ရင်းက လုပ်ပေးပြီးပါပြီ၊ ဒါပေမဲ့ အခြေအနေမကောင်းဘူး၊ အနီးဆုံးပေါင်းတည်ဆေးရုံကိုပို့ပေးမှ အသက်ရှင်လိမ့်မယ်၊ ဒဏ်ရာအရှိန်နဲ့ ဖျားသည်းများနေတယ်ဗျာ၊ ခင်ဗျားက ပြောတာဆိုတာ ပြေပြေလည်လည် ညက်ညက်ညောညောနဲ့ ပြောတတ်၊ ဆိုတတ်ရှိတော့ ဒီအမျိုးသမီးကို သွားတွေ့လိုက်ပါ၊ ကျွန်တော်တို့တပ်မတော်ရဲ့ သဘောထားလေးလည်း ရှင်းပြလိုက်ပါ၊ ရနိုင်မယ့်သတင်းလေးလည်း နည်းနည်းပါးပါး မေးကြည့်ပေါ့ဗျာ"

တပ်ရင်းမှူးက စကားကို အရှည်ကြီးပြော၍ ရပ်နားလိုက်သည်။ တပ်ရင်းမှူး၏ ညွှန်ကြားချက်ကြောင့် ဗဟိုဆေးတပ်၏ စစ်ရေးတာဝန်ခံ ထိုအမျိုးသမီးအား ကျွန်တော် သွားရောက်တွေ့ဆုံပါသည်။ တပ်ရင်းဆေးခန်း ယာယီလူနာဆောင်၌ သူမကို တွေ့ရ၏။ ကျွန်တော်က ပထောမစကား အနည်းငယ်ပြောပြီး သူ့ကိုမေးမိသည်။ မျက်လုံးဒဏ်ရာကြောင့် သူမက ကျွန်တော့်ကို မြင်ဟန်မတူ၊ အသံသာကြားပုံရ၏။

"ဘယ်လိုဖြစ်ခဲ့တာလဲ၊ ဖြစ်စဉ်ကိုတော့ နည်းနည်းပြောပေးပါဗျာ"

ကိုယ်က သွားတိုက်သူဆိုတော့လည်း သူမထံမှ ဖြစ်စဉ်ကိုတော့ သိလိုပါသေးသည်။

"ကျွန်မတို့ ဗဟိုဆေးကျောင်းဖွင့်နေတဲ့ အချိန်မှာ ဆေးကျောင်းလုံခြုံရေးနဲ့ ပတ်ဝန်းကျင်လှည့်လည်တိုက်ခိုက်ရေးအတွက် ကျွန်မ တာဝန်ယူရပါတယ်။ အဲဒီနေ့က ကျွန်မတပ်က ရဲဘော်နှစ်ယောက် ရိက္ခာနဲ့ ဟင်းသီးဟင်းရွက် သွားရှာတယ်၊ မနက်သွားပြီး ညနေပြန်လာနေကျ၊ ဒါပေမဲ့ အဲဒီနေ့က ပြန်ရောက်မလာဘူး၊ ဒါကြောင့် သိပ်မဝေးတဲ့ ဗိုလ်ကြီးတို့တပ်ကို လက်နက်ချသွားပြီလို့ ကျွန်မတို့ခေါင်းဆောင်ပိုင်းက ယူဆတယ်၊ မသေချာသေးလို့ မနက်မှ စခန်းပြောင်းမယ်လို့ စီစဉ်ထားတာ၊ မမျှော်လင့်ဘဲ ဗိုလ်ကြီးတပ်တွေက လာတိုက်လိုက်တော့ ကျွန်မတို့ အငိုက်မိသွားတာပေါ့"

"ဘယ်လိုဖြစ်ပြီး တစ်ယောက်တည်း ကွဲကျန်ခဲ့ရတာလဲ"

ကျွန်မတို့နေရာက တောင်စောင်းလေး၊ ဗိုလ်ကြီးတို့က ညအငိုက်ဖမ်းပြီး နှစ်ဖက်သုံးဖက်က ဝိုင်းပစ်တော့ စပစ်ခံရကတည်းက ကျွန်မခြေထောက် မှန်သွားတယ်၊ အကုန်လုံးလည်း တောင်စောင်းက လိမ့်ချပြေးကုန်ကြတယ်၊ ကျွန်မ ဒဏ်ရာရတာကို တွဲခေါ်ဖို့ပြောတာတောင် မကူညီကြတော့ဘူး၊ မစိန့်ဝင်းကအစ ပြေးတော့တာပဲ၊ ကျွန်မလည်း ဒဏ်ရာနဲ့ အောက်ကိုလိမ့်ချပြီး အောက်က လျှိုကြီးထဲမှာ ပုန်းနေခဲ့ရတယ်၊ လေးငါးရက်ကြာတဲ့အထိ ကူမယ့်သူ၊ ကယ်မယ့်သူမရှိခဲ့ပါဘူး၊ ဗိုလ်ကြီးတို့ဆီ လက်နက်ချရင်လည်း သတ်ပစ်တယ်လို့ ဗဟိုခေါင်းဆောင်တွေက ပြောထားတယ်၊ နောက်ဆုံးမှ ရွာသားတွေကတွေ့လို့ ဘယ်လိုမှ မတတ်နိုင်တော့တာနဲ့ ဗိုလ်ကြီးတို့ဆီ ရောက်လာတာ၊ ဗိုလ်ကြီးတို့သတ်ချင်လည်း သတ်ပါ"

"ဟာ...မဟုတ်ပါဘူးဗျာ၊ ဘာဖြစ်လို့သတ်ရမှာလဲ၊ ဒီလို အလင်းဝင်လာတဲ့သူတွေကို ကျွန်တော်တို့က လိုအပ်တဲ့ ဆေးဝါးကုသမှုပေးပါတယ်၊ ကောင်းကောင်းမွန်မွန်ထားပါတယ်၊ ခင်ဗျားကိုလည်း ဒီနေ့ပဲ ပေါင်းတည်ဆေးရုံကို ဆက်ပို့ပေးဖို့လုပ်ထားပါတယ်၊ နေကောင်းတဲ့အခါ ကျွန်တော်တို့လူကြီးတွေနဲ့ တွေ့ကြတာပေါ့ဗျာ"

"ဒါဆိုလည်း ကျေးဇူးပါပဲရှင်"

"ဗဟိုဆေးတပ်ရဲ့ အခြေအနေရော ဘယ်လိုရှိပါသလဲဗျာ"

"ဗိုလ်ကြီး သိပြီးသားဖြစ်မှာပါ၊ ကျွန်မ

**နှစ်ဖက်သုံးဖက်က ဝိုင်းပစ်တော့**
**စပစ်ခံရကတည်းက**
**ကျွန်မခြေထောက် မှန်သွားတယ်၊**
**အကုန်လုံးလည်း**
**တောင်စောင်းက**
**လိမ့်ချပြေးကုန်ကြတယ်၊**
**ကျွန်မ ဒဏ်ရာရတာကို**
**တွဲခေါ်ဖို့ပြောတာတောင်**
**မကူညီကြတော့ဘူး၊**
**မစိန့်ဝင်းကအစ...**



တို့ခေါင်းဆောင် မစိန်ဝင်းက ကျေးလက်အာအာနီ တည်ဆောက်ရေးနဲ့ နီရေး၊ ချွန်ရေး၊ သင်ကြားပို့ချပေးနေတာပဲ''

''ဖြွတ်၊ ထုတ်၊ သတ်တွေရော မရှိဘူးလားဗျာ''

''ကျွန်မတို့ရဲ့ ချမှတ်ထားတဲ့ မူဝါဒသဘောထားနဲ့ ဆန့်ကျင်တဲ့ ပါတီတွင်းက လူတွေကော၊ ကျေးလက်ဒေသကလူတွေပါ တောက်လျှောက် ရှင်းလင်းသုတ်သင်နေတာပါပဲ''

''ညော်''

လက်နက်ချ စစ်ရေးတာဝန်ခံအမျိုးသမီးမှာ ထိုစကားများပြောစဉ် အသံအနည်းငယ် မာလာ၏။ တော်တော်ခေါင်းမာတဲ့ အမျိုးသမီးပါလား။ ဗကပတွေဟာ ဒီလို ဒဏ်ရာအသည်းအသန် ရထားတာတောင် သူ့ပါဒကို မစွန့်လွှတ်ဘဲ ဝါဒဖွဲ့ပြင်းထန်ကြပါကလားဟု အမြင်တစ်ခုကို သူမအား မေးမြန်းရင်း ကျွန်တော်သိခဲ့ရ၏။

ပြီးတော့ သူမရဲ့အသံကို ကျွန်တော် ရင်းရင်းနှီးနှီးကြားခဲ့ဖူးသည်ထင်၏။ ဘယ်မှာ ကြားခဲ့ဖူးပါလိမ့်။ လုပ်ငန်းတာဝန်တွေကြားမှာ ပြေးလွှားသွားလာနေရသဖြင့် အတိတ်မှာ မှုန်ဝါးဝါးနှင့် ဖြစ်နေခဲ့ပါပြီ။ ထိုအတွေးနှင့် ဆက်မေးမိပြန်သည်။

''ကိုယ်ရေးရာဇဝင်နဲ့ ဇာတိဒေသလေးရော မသိရဘူးလားခင်ဗျာ''

''နောက်မှ အေးအေးဆေးဆေး ပြောပါရစေရှင်၊ အခုလောလောက်ပြောရတာကို မောနေပါပြီ''

ကျွန်တော်လည်း သူမထံမှ သိလာသမျှကို တပ်ရင်းမှူးထံသတင်းပို့လိုက်သည်။ ထို့နောက် တပ်ရင်းမှူး၏ ညွှန်ကြားချက်အရ သူမကို သိပ်မဝေးသော ပေါင်းတည်မြို့နယ်ဆေးရုံသို့လိုက်လံပို့ဆောင်ပေးသည်။ ဆေးရုံတွင် သူမကို မြို့နယ်ဆရာဝန်ကြီးမှ လိုအပ်သည်များစစ်ဆေး၍ လက်ခံကုသပေးသည်။

''ဗိုလ်ကြီး…အမြင်မှာ တပ်ရင်းမှူးကြီး၊ လွှတ်လိုက်တဲ့ ဧည့်သည်တွေရောက်နေတယ်''

ကျွန်တော့်ရုံးအဖွဲ့မှ လာရောက်သတင်းပို့သည်။

''ဟာ…ဦးတင်ရှိန်''

''ဟုတ်တယ် ဗိုလ်ကြီးရေ၊ ဗဟိုဆေးကျောင်းက စစ်ရေးတာဝန်ခံဆိုလို့ ဗိုလ်ကြီးတပ်ရင်းမှူးက ဦးတင်ရှိန်သိမှာပါ၊ လိုက်ကြည့်ပေးပါခင်ဗျာဆိုလို့ လိုက်လာတာပါ''

ဦးတင်ရှိန်မှာ မကြာသေးမီကမှ ကျွန်တော်တို့ထံ လက်နက်ချ အလင်းဝင်လာသည့် ဗကပ သာယာဝတီခရိုင် စစ်ရေးတာဝန်ခံ ဗိုလ်တင်ရှိန်ဖြစ်၏။ သူ့အား အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်ပြီး ဗဟိုမှ ဖြုတ်၊ ထုတ်၊ သတ်လုပ်ရန် စီစဉ်နေစဉ် ထွက်ပြေးလွတ်မြောက် အလင်းဝင်လာသူဖြစ်၏။ ဗဟိုဆေးကျောင်းနှင့် အချိန်ကြာမြင့်စွာနေဖူးသဖြင့် မစိန်ဝင်းကအစ အောက်ခြေ ရဲဘော်အဆင့်အထိ သူအကုန်သိလေသည်။

''ကဲ…ဦးတင်ရှိန်ရေ ခင်ဗျားက သူတို့ဆေးကျောင်းကအဖွဲ့တွေ အကုန်သိတဲ့ လူဆိုတော့ ဒီအမျိုးသမီးကို ဝင်ကြည့်ပေးပါ''

ဦးတင်ရှိန်က ဆေးရုံအတွင်းဝင်ကြည့်သည်။ ခဏအကြာတွင် ပြန်ထွက်လာသည်။

''ဗိုလ်ကြီးရေ၊ ဗိုလ်ကြီးတို့ရလာတာ တကယ့်အမျိုးသမီးပဲဗျ''

''ဘာဖြစ်လို့လဲဗျာ''

''သူက ဗိုလ်ကြီးတို့ရန်ကုန်တက္ကသိုလ်က ကျောင်းသားခေါင်းဆောင်တွေနဲ့ ရှေ့ဆင့်နောက်ဆင့် တောခိုလာတဲ့ အမျိုးသမီးပဲလေ၊ ကိုဘဆွေလေးတို့၊ ကိုသက်တို့ တောထဲရောက်ပြီး နှစ်နှစ်လောက်မှာ ကျွန်တော်တို့ဆီ ရောက်လာတာ၊ ဗဟိုမှာက်စ်လီနင်ဝါဒ ကျောင်းဆင်းပဲ၊ ရောက်လာတဲ့အဖွဲ့ထဲမှာ အတက်ကြွဆုံးလေ၊ တက္ကသိုလ်ကျောင်းသူတွေထဲမှာ မစိန်ဝင်းရဲ့ ညာလက်ရုံးပေါ့၊ ဇာတိက ဗိုလ်ကြီးတို့ ဧရာဝတီတိုင်းကပဲ''

''နာမည်က ဘယ်သူတဲ့လဲဗျာ''

''တော်လှန်ရဲမေပြောက်ကျား မွဝါးဝါး တဲ့ဗျာ''

''ဗျာ''

ဦးတင်ရှိန်စကားက ကျွန်တော့်၏ ခေါင်းသို့ မိုးကြိုးပစ်သလိုနှယ် ဒိန်းခနဲ ဝင်ဆောင့်လိုက်၏။

အို…ဒါဆို သူမက ကျွန်တော့်ငယ်ချစ်ဦး မွမှုားလေလေလား။ ဆေးရုံအတွင်းသို့ ကျွန်တော် အပြေးအလွှားပြန်ဝင်သွားခဲ့၏။ မြို့နယ်ဆရာဝန်ကြီးနှင့် တွေ့သည်။ ဆရာ

လက်နက်ကိုင်တော်လှန်ရေးအတွက်
မှုံ့ တောထဲရောက်ခဲ့တယ်၊
တောထဲမှာ အနာဂတ်ပျောက်သွားတယ်။
ဘဝတစ်ခုလုံး မှုန်ဝါးဝါးဖြစ်သွားတယ်...



ဝန်ကြီးက ကျွန်တော့်ခံစားချက်ကိုမသိရှာပါ။

"ဗိုလ်ကြီးမောင်မောင်သန်းရေ ဗိုလ်ကြီး လာဖို့တဲ့လူနာတော့ အကျန်စစ်ပြီးပြီ၊ မျက်စိကတော့ စိုးရိမ်စရာမရှိဘူး။ ပြန်ကောင်းမှာပါ။ ခြေထောက်ကတော့ Gangrene လိုက်နေလို့ ဖြတ်ရလိမ့်မယ်ထင်တယ်၊ နှလုံးလည်း သိပ်အားနည်းနေတယ်၊ အဖျားလည်းရှိတယ်၊ အခြေအနေကတော့ စိုးရိမ်ရပါတယ်ခင်ဗျာ"

"ဒါဆိုလည်း ကျွန်တော် ဝင်သွားကြည့်ပါရစေအုံးခင်ဗျာ"

"ရပါတယ်ခင်ဗျာ၊ ကြည့်ပါ"

"စစ်စတာရေ ဗိုလ်ကြီးကို လိုက်ပို့လိုက်ပါ"

ကျွန်တော်လိုက်ပို့သည့် သူနာပြုဆရာမလေးက ဘာကြောင့်ရယ်မသိ၊ စံပယ်ပန်းကုံးများ ကိုင်ထားဖေ၏။

"စစ်စတာရေ...ကျွန်တော့်ကို စံပယ်ပန်းတစ်ကုံးလောက် ကျေးဇူးပြုပါ"

ကျွန်တော်က အနူးအညွတ်တောင်းခံလိုက်သည်။

ကျွန်တော်နှင့် သူနာပြုဆရာမလေးတို့ လူနာခန်းအတွင်းသို့ ဝင်လိုက်ကြသည်။ ဦးခေါင်းရှိန်စကားကြောင့် သူမကို သေသေချာချာ ကြည့်တော့မှ သွယ်သွယ်လျလျ ယောင်ရုပ်က ထင်ပြည်းပြည်းပေါ်လာသည်။ ဟုတ်ပါပြီ၊ သေချာပါပြီ၊ သူမကား ကျွန်တော့်ရဲ့ ယောချစ်ဦး၊ မှုံ့ပါလား။ မှုံ့ သို့မဟုတ် ဝေဝေမှုံ့။ ကျွန်တော်က စံပယ်ပန်းကုံးလေးအား သူမ၏ မျက်နှာနားကပ်၍ အညင်သာဆုံးလေသံနှင့် သူမကိုခေါ်မိသည်။

"မှုံ့...မှုံ့...မှုံ့ရေ"

ကျွန်တော့်ခေါ်သံကြောင့်လား မသိ၊ သူမ အနည်းငယ်လှုပ်ရှားလာသည်။ ပြီးတော့ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်သည်။

"စံပယ်ပန်းအနံ့ရတယ်"

တိုးတိုးလေး ဆိုလိုက်၏။

"ဟုတ်တယ် မှုံ့၊ စံပယ်ပန်းအနံ့ပဲ၊ ဒီမှာလေ အမောင်ယူခဲ့တဲ့ စံပယ်ပန်း။ ပန်းပန်ရင် နန်းဆန်တယ်ဆိုတဲ့ မှုံ့ကိုပန်ပေးဖို့ ယူလာတဲ့ စံပယ်ပန်းလေး၊ မှုံ့ရဲ့ ငယ်ငယ်ကတည်းက ပန်းဆက်သမားအမောင်လေ"

ကျွန်တော်က မှုံ့နားကပ်၍ တိုးတိုးပြောပြီး စံပယ်ပန်းကုံးကို မှုံ့လက်ထဲ ထည့်ပေးလိုက်သည်။

"မှုံ့ကို နောက်တစ်ခါ ပြန်ခေါ်ပါအုံး"

"မှုံ့...မှုံ့...မှုံ့...အမောင့်ရဲ့မှုံ့ရေ"

"ဟုတ်တယ်၊ အမောင့်ရဲ့ မှုံ့ပဲ၊ ဓါသနာဘာဂီဆက်တိုင်းမီဆိုတဲ့ စကားအတိုင်း လက်နက်ကိုင်တော်လှန်ရေးအတွက် မှုံ့ တောထဲရောက်ခဲ့တယ်၊ တောထဲမှာ အနာဂတ်ပျောက်သွားတယ်၊ ဘဝတစ်ခုလုံး မှုန်ဝါးဝါးဖြစ်သွားတယ်၊ လေးဝါးဝါး၊ ဝေ့ဝါးဝါးဆိုတဲ့ တောနိဘက် ကရင်အမျိုးသမီးလေးတွေနဲ့ ဆင်တူဖြစ်အောင် မှုံ့နာမည်ကိုလည်း မှုံ့ဝါးဝါးလို့ ပြောင်းခဲ့တယ်၊ တကယ်တော့ ရောဝတီတိုင်း ဝါးခယ်မမြို့နယ်၊ ခတ္တီယရွာကလေးက အမောင့်ရဲ့ ငယ်ချစ်ဦး မှုံ့ပါ အမောင်"

"ခြေဘ်...အမောင့်ကို မှုံ့ မှတ်မိပြီနော်၊ အမောင်လေ မှုံ့ကို ဗိုလ်သင်တန်းဆင်းဆင်းချင်း အမောတကော ရှာခဲ့တယ်၊ စုံစမ်းသာမြို့င် ရှာပုံတော်ဖွင့်သလိုပါပဲ၊ မှုံ့တို့ ခတ္တီယရွာကလေးထိ ရောက်ခဲ့ပါတယ်၊ မတွေ့ခဲ့ပါဘူး။ နောက်ဆုံးတော့ အရှေ့တစ်ယောက်လို သတင်းစာထဲကတောင် ကြော်ငြာထည့်ခဲ့တယ်၊ ဒါပေမဲ့ မတွေ့ခဲ့ဘူး။ ခြေရာလည်း ပျောက်၊ ရေလည်းနောက်ပါပဲ၊ ဘယ်လိုတွေ ဖြစ်သွားရတာလဲ မှုံ့ရယ်"

"အမောင်ပြောတဲ့ နိုင်ငံရေးစာပေတွေ သမဂ္ဂမှာလေ့လာရင်း မှုံ့ လမ်းမှားကို လိုက်ခဲ့မိတယ် အမောင်၊ ဒီရောက်တော့ သူတို့ သိမ်းသွင်းတာခံရပြီး လက်နက်ကိုင်မိတာပါပဲ။ သူတို့စကားတွေလည်း ယုံခဲ့တယ်လေ၊ နောင်တ ရချင်ချင်ဖြစ်လို့ ပြန်မယ်စဉ်းစားတော့လည်း အမောင်တို့ဘက်က ပြန်လာတဲ့ သူတွေကို သတ်တယ်၊ ဖြတ်တယ်ဆိုတော့ မှုံ့ ဘယ်လိုမှ ပြန်မလာနိုင်တော့ဘူး"

"ဒီလိုမဟုတ်ပါဘူး မှုံ့ အမောင်တို့ဟာ ရန်သူပေါ်မှာ နေလို၊ မီးလိုကျင့်ပေးမယ့် အမှားမြင်လို့ ပြန်ဝင်လာတဲ့ မှုံ့တို့လိုလူတွေကို ရင်ဖွင့်ပြီး ခွင့်လွှတ်ကြိုဆိုလျက်ပါ မှုံ့၊ အမောင်တို့ကို ယုံပါ မှုံ့၊ မလိမ်ပါဘူး မှုံ့ရယ်၊ ကိုယ့်ချစ်သူကို လိမ်ရဲတဲ့သတ္တိ အမောင့်မှာ မရှိပါဘူး"

"ပြောတတ်လှချည်လား တပ်မတော်သားကြီး အမောင်ရယ်၊ အမောင့်စကားကြားရတော့ မှုံ့ ဝမ်းသာလိုက်တာ"

စကားပြောရင်း မှုံ့ မောနေသည်။ အသက်ပြင်းပြင်းရှူနေရသည်။ ထိုစဉ် အနားမှာရှိသည့် သူနာပြုဆရာမလေးက ကျွန်တော့်ကို မျက်ရိပ်ပြ၍ခေါ်သည်။

"အားနာပါတယ် ဗိုလ်ကြီးရယ်၊ ဗိုလ်ကြီးတို့ ဒီလိုပြောဆိုနေကြတာကို ကြားရရုံ



ထိုစဉ် အခန်းအပြင်ဘက်မှ ရေဒီယိုသံက

သဲ့သဲ့လေးပျံ့လွင့်လာနေ၏။ တိုက်တိုက်ဆိုင်ဆိုင်

ကျွန်တော် အလွန်ကြိုက်ခဲ့သော အဆိုတော်ကြီး ကိုရဲဝင်းရဲ့

"ငယ်ချစ်ဦးနဲ့ တွေ့ဆုံခြင်း"

နဲ့ ကျွန်မ ဓာတ်ရည်လည်ပါပြီ၊ လူနာကို လည်း သနားပါတယ်၊ ဗိုလ်ကြီးကိုလည်း ကရုဏာသက်ပါတယ်၊ ဒါပေမဲ့ လူနာဟာ သေနတ်ဒဏ်ရာအပြင် နှလုံးအားနည်းတဲ့ ရောဂါပါ ရှိနေတဲ့အတွက် ဝမ်းသာ၊ ဝမ်းနည်းတွေ ခုလို ချက်ချင်းမဖြစ်သင့်ဘူးလို့ ပြောပါရစေရှင်"

"ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ၊ သူ့ကို အားပေးစကား ခဏလေး ပြောပြီးရင် ကျွန်တော်ပြန်ပါ့မယ်"

ဆရာမလေးနှင့် စကားပြောပြီး မွှံဆီ ကျွန်တော် ပြန်ခဲ့သည်။

ကျွန်တော်ပေးခဲ့တဲ့ စံပယ်ပန်းကုံးလေး ကို မွှံက ခေါင်းမှာပန်ထားသည်။

စံပယ်ပန်းကုန်းလေးနဲ့ လှလိုက်သည့် မွှံ။ ချစ်စရာကောင်းလိုက်သည့် မွှံ။ မွှံ မျက်နှာက ပြုံးနေသည်။

"မွှံ အမောင့်ကို မမုန်းဘူးပေါ့၊ ဒါ ကြောင့် အမောင်ပေးတဲ့ ပန်းကုံးလေး ပန် ထားတာ၊ အို··မွှံရယ်၊ မွှံကို အမောင် သိပ်ချစ်တယ်၊ ဆေးရုံကဆင်းရင် မွှံကို အမောင် လက်ထပ်မယ်၊ ဘယ်သူတွေဘာ ပြောပြော လက်ထပ်မယ် သိလား"

ကျွန်တော်က ရင်တွင်း၌ စကားတွေ တတွတ်တွတ်ပြောပြီး မွှံအနား ပြန်ရောက် လာ၏။

မွှံကတော့ ခုတင်ပေါ်မှာ ခေါင်းအုံး နှစ်လုံးဆင့်ပြီး မှီထိုင်နေသည်။ မွှံ လက် နှစ်ဖက်က ခေါင်းက စံပယ်ပန်းကုံးလေးကို တယုတယကိုင်ထားသည်။ မျက်နှာကလည်း ပြုံးယောင်သမ်းနေ၏။

သူနာပြုဆရာမလေးက မွှံခေါင်းထက် က လက်နှစ်ဖက်ကို သွားကိုင်လိုက်၏။ ပြီး တော့ အောက်သို့ အသာချပေးလိုက်သည်။

ဆရာမလေး ရုတ်တရက် မျက်နှာ ပျက်သွား၏။ မွှံလက်မှ သွေးကိုစမ်းသည်။ ပတ်တီးဖြေထားပြီးစ ပွင့်နေသော မွှံရဲ့ မျက် လုံးနှစ်လုံးကို ငွမ်းစလေးနှင့် တို့လိုက်၏။ ပြီးတော့ မျက်လုံးနှစ်လုံးကို လက်ဖြင့် အသာ ပိတ်ပေးလိုက်၏။

"လူနာ ဆုံးသွားပါပြီ ဗိုလ်ကြီးရှင်"

"ဗျာ"

"ဗိုလ်ကြီးရဲ့မွှံ ဆုံးသွားပါပြီရှင်"

"ဖြစ်မှဖြစ်ရလေ မွှံရယ်၊ အမောင်နဲ့ ပြန်တွေ့ကြမှ ဆုံးရတယ်လို့ ကုသိုလ်ကံက နည်းလှချည်လား"

ကျွန်တော်က ရင်နဲ့အပြည့် ကြေကွဲ ခြင်းများနှင့် ဝမ်းနည်းပန်းနည်း ရေရွတ် လိုက်၏။ ထိုစဉ် အခန်းအပြင်ဘက်မှ ရေဒီ ယိုသံက သဲ့သဲ့လေးပျံ့လွင့်လာနေ၏။ တိုက် တိုက်ဆိုင်ဆိုင် ကျွန်တော် အလွန်ကြိုက်ခဲ့ သော အဆိုတော်ကြီး ကိုရဲဝင်းရဲ့ 'ငယ်ချစ် ဦးနဲ့ တွေ့ဆုံခြင်း'။

"ငယ်ချစ်ဦးနဲ့ လွဲရသည်မှကွယ် x x မမျှော်လင့်ပါဘဲ ပြန်လည်၍ တွေ့ဆုံကြ တော့ရင် x x x အုံ့ပြဲရင်းနဲ့ နောင်းလေ သော အချိန်များကို နှမြောရင်းသာ ငယ်ချစ် ဦးလေးနဲ့ တွေ့ဆုံ x x x မမေ့နိုင်အောင် ချစ်ခဲ့ပုံတွေရယ် x x x ဒေနှစ်ညိုမှိုင်းထား တမ်း တ ဖျာပါကြွယ်"

"ဘုရားသွားကျောင်းတက် အတူတူ ကွယ် ပူဇော်မဆုံခဲ့တယ် x x x နေ့နဲ့ညနဲ့ ကိုယ်တို့နှစ်ဦး မေတ္တာသယ်မှ ခွဲကာရယ် တစ်ယောက်တစ်ကမ္ဘာတစ်နယ်စီခြား ဝေး ပေမယ့်လည်းကွယ် x x x ဝိညာဉ်လေးများ သွားထံမယ် မောင့်ငယ်ချစ်ဦး မေ့မှုး ယာနေ့ တိုင်ကွယ်"

"ဩော် ဒီက လွမ်းသလို ငယ်ချစ် လည်း လွမ်းရှာလေသလား x x x မမေ့ပါတယ် x x x ကေသာဝယ် စံပယ်တစ်ကုံး သူပန်ဆင်လေတုန်းမို့ x x x ကိုယ့်ကို မမုန်း သေးကြောင်းတော့ နားလည်မိသေးတယ် x x x ရာသီတွေ ဘယ်လိုသစ်စေ ငယ်ချစ် ကို မေ့မရနိုင်တယ်"

မွှံ···မွှံ···သေတာတောင် အမောင့် စံပယ်ကုံးလေးကို ပန်သွားတဲ့ မွှံ။

မွှံ ကွယ်လွန်သွားပြီဆိုတော့ မွှံနဲ့ ကျွန် တော့်ရဲ့ ဇာတ်လမ်းက ဒီမှာတင် နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပါပြီ။

သူများတွေ ငယ်ချစ်ဦးနဲ့ ပြန်ဆုံကြ တာတော့ အမျိုးမျိုးအဖုံဖုံ ဖြစ်ကြပါလိမ့် မည်။

ကျွန်တော့်မှာတော့ ငယ်ချစ်ဦးနဲ့ တွေ့ ဆုံခြင်းမှာကား စစ်သားရင့်မာကြီးတစ် ယောက် ဖြစ်ပါလျက် ကိုယ့်လက်ချက်နဲ့ အသက်ပါ ပါသွားရရှာတယ်လို့ ဆိုရမယ့် အဖြစ်မို့ အမောင် ဘယ်လိုဖြေရမှာလဲ မွှံ ရယ်။

အမောင့်ကို ခွင့်လွှတ်ပါလေ မွှံ။ နောင် ဘဝဆိုတာ ရှိပါစေ မွှံ။ နောင်ဘဝဆိုတာ ရှိခဲ့လျှင်ဖြင့် ဖြစ်လေရာဘဝတိုင်းမှာ ချစ် သော မွှံနဲ့ ပြန်ဆုံရပါစေသားလို့ အမောင် ဆာဝစဉ်ဆုတောင်းနေမှာပါ မွှံ။

ချစ်သောမွှံတစ်ယောက် ကောင်းရာ သုဂတိသို့ ရောက်ပါစေသတည်း။

**သောင်းဝေဦး**

# CITY CARTOON



# CITY CARTOON



# CITY CARTOON



# မေမေပြန်လာခေါ်ပါ့မယ်.....

ဘုန်း (မြင့်သာမြင့်)

I'll Come back for you
by james less Millne
(RD: 1992, September)

မေမေလည်းပဲ သမီးလေးလိုပါပဲကွယ်။ ဒါပေမဲ့ သမီးကို ဘယ်နေရာမှာမဆို သမီးမှန်း မေမေသိပါတယ် သမီးရယ်။



ကျွန်ုပ်တော့်၏ အလုပ်တာဝန်မှာ လူပျောက်များကို ခြေရာခံ၍ ရှာဖွေပေးခြင်းမျိုး ဖြစ်သည်။ ပျောက်ဆုံးနေသော အမွေဆက်ခံမည့်သူများ၊ အိမ်မှလစ်ပြေးသော လင်ယောကျာ်းများ၊ အကြွေးမဆပ်နိုင်၍ တိမ်းရှောင်နေသူများ၊ စသည်ဖြင့် ပျောက်ဆုံးနေသူ၊ တိမ်းရှောင်နေသူ အမျိုးမျိုးတို့ကို ကျွန်တော် လိုက်လံရှာဖွေပေးခဲ့ရသည်။ သို့ရာတွင် အားလုံးသော အမှုများအနက် အံ့ဩစရာ အကောင်းဆုံး ရှာဖွေမှုမှာကား ဂျွန်စကွဲယား ဆိုသူထံမှ စာတစ်စောင်ဖြင့် စတင်ခဲ့ရပါ၏။

**သို့ရာတွင် အားလုံးသော**

**အမှုများအနက်**

**အံ့ဩစရာအကောင်းဆုံး**

**ရှာဖွေမှုမှာကား**

**ဂျွန်စကွဲယား ဆိုသူထံမှ**

**စာတစ်စောင်ဖြင့်**

**စတင်ခဲ့ရပါ၏။**

စာမှာ–

လူကြီးမင်းခင်ဗျာ

မြို့ရိုးရယ်ဖူလာနှင့် ကျွန်တော်တို့သည် ၁၉၅၅ ခုနှစ်မှာ လက်ထပ်ခဲ့ကြပါသည်။ ထိုသို့ လက်မထပ်ခင် လေးနှစ်ကမှ သူမ၏ ပထမလင်ယောကျာ်းသည် ကိုရီးယားစစ်ပွဲတွင် ကျဆုံးခဲ့ရာ သမီးကလေးဖြစ်သူ ရှစ်နှစ်သမီး ကလော်ဒီယာကို မကြည့်ရှုနိုင်တော့သဖြင့် နယူးယောက်မြို့ ယူတီကားအရပ်ရှိ မိဘမဲ့ကလေးဂေဟာသို့ ပို့လိုက်ရသည်။ ကလေးမလေးကိုလည်း အခြားသူများသို့ မွေးစားဖို့ပေးရန် သဘောတူလက်မှတ်ထိုးခဲ့သည်။ တစ်ဦးတည်းသော သမီးကလေးနှင့် ဤသို့ အဆက်အသွယ် ပြတ်ခဲ့ရသည့်အတွက် သူမမှာ စိတ်ထိခိုက်ခဲ့ရရှာပါသည်။ မကြာမီ ကာလအတွင်းကလည်း ကျွန်တော့်အနေဖြင့် ကလော်ဒီယာ ဘယ်ရောက်နေသည်ကိုသိရန် ကူညီရှာဖွေနေခဲ့ပါသည်၊ သို့သော် ကျွန်တော်တို့သည် သဲလွန်စ အနည်းငယ်မျှပင် မရခဲ့ပါ။

စကွဲယားက သူ၏စာတွင် သူ၏ဇနီးနှင့် ကလော်ဒီယာ နောက်ဆုံးခွဲခွာကြစဉ်က သမီးကလေး ငိုသည့်အခါ ''သမီးလေးရယ် . . . ခဏလေးပါကွယ်၊ မေမေပြန်လာပြီး ခေါ်မှာပါကွယ်''ဟု နှစ်သိမ့်စကား ပြောခဲ့ကြောင်းကိုလည်း ဖော်ပြထားသေးသည်။ ကလော်ဒီယာ၏ ပုံသဏ္ဍာန်သည် အသားလတ်လတ်၊ မျက်လုံးပြာပြာနှင့်ဟု ဆိုသည်။ ထို့ပြင်လည်း ကလေးမကလေးမှာ အဆိုအတီးအာက်တွင် ပါရမီထူးပါသည်ဟု ဆိုပြန်သည်။ မိဘမဲ့ကျောင်းမှ အစီရင်ခံစာများတွင် ကျောင်းမှ ထိုအရည်အသွေးကို အသိအမှတ်ပြု၍ သီချင်းဆို သင်ခန်းစာများကိုပင် ကလေးမကလေးကို ပေးသည်ဟု ဆိုထားသည်။ သို့ရာတွင် တစ်နှစ်ခန့်ကြာပြီးနောက် အစီရင်ခံစာများမလာတော့ပေ။ အကြောင်းမှာ ကလော်ဒီယာအား မွေးစားရန်ပေးပစ်လိုက်သောကြောင့် ဖြစ်သည်။ ယခုအခါ ၁၂ နှစ်ကျော်ခဲ့ပြီဖြစ်သည်။

စကွဲယားကို သွားရောက်တွေ့ဆုံသည့်အခါ သူ၏ ရိုးသားမှုကို ကျွန်တော်တွေ့မြင်ရသည်။ ကလော်ဒီယာ၏ ဘဝကို မည်သည့် အစနှောင့်အယှက်မှ မပေးလို၊ ကလော်ဒီယာ ချမ်းချမ်းသာသာ၊ ကောင်းကောင်းမွန်မွန်ရှိသည်ကို သိရုံမျှသာဖြစ်သည်။ အကယ်၍ ဖြစ်နိုင်ပါက တွေ့ဆုံရန်လောက်သာ ဖြစ်သည်ဟု သူ့ဇနီးက ပြောပြသည်။

''ဒီကိစ္စကို ဆောင်ရွက်ဖို့ ငွေကြေးအကုန်အကျ များချင်များမယ်၊ ဒါပေမဲ့ ခင်ဗျား ကလော်ဒီယာကိုတွေ့အောင် ဘာပဲလုပ်ရလုပ်ရ လုပ်ပေးပါ။ ကျွန်တော့်ဇနီး ဒုက္ခခံစားနေရတာ ကြာလှပြီဗျာ၊ ကျွန်တော် သူ့ကို ချစ်တယ်၊ ဒါကြောင့် အတတ်နိုင်ဆုံး ကူညီချင်တယ်''ဟု စကွဲယားက ပြောပြသည်။

သူတို့လိုလူမျိုးကို မတတ်နိုင်၊ မလုပ်ပေးနိုင်ဟုပြောရန် ခက်လှပါသည်၊ သို့သော် မိဘအရင်းများအတွက် ဥပဒေအရ မွေးစားခံသွားရှာသော သားသမီးများကို ခြေရာခံဖို့ မလွယ်ကြောင်း ကျွန်တော်က သတိပေးလိုက်ပါသည်။ ကလေးမွေးစားမှု ကိုယ်စားလှယ်ရုံးများသည် မွေးစားမိဘအမည်ကိုလည်းကောင်း၊ မွေးစားခံရသည့် ကလေးများ၏ အခြေအနေကိုလည်းကောင်း မည်သည့်အခါမျှ ထုတ်ဖော်ခြင်းမရှိတတ်ကြပါ။ တရားရုံးများကပင် မွေးစားခြင်းနှင့်ပတ်သက်၍ မှတ်တမ်းများကို ချိတ်ပိတ်သိမ်းဆည်းထားလေ့ ရှိကြပါသည်။

သို့သည့်ကိုင်အောင် ကျွန်တော်သည် ယူတီကားရှိ မိဘမဲ့ဂေဟာသို့ သွားခဲ့သည်။ ဂေဟာအာဏာပိုင်များသည် ကျွန်တော့်၏ အမေးများကို ဖြေကြားရန် ငြင်းဆိုခဲ့ကြသော်လည်း အရိပ်အမြွေ သဲလွန်စတစ်ခုကို ကျွန်တော် ရရှိလိုက်ပါသည်။ 'ကလော်ဒီယာအား ကောင်းစွာကျွေးမွေးစောင့်ရှောက်ထားကြပါသည်။ အမှန်မှာ ကလေးမကလေးမှာ သူ့ အတတ်ပညာနဲ့ သူ့အသက်မွေးနိုင်နေပါပြီ'ဟု ကျွန်တော် သိခဲ့ရပါသည်။

'သူ့အတတ်ပညာနှင့်သူ'' ဟူသော ညွှန်းဆိုချက်ကြောင့် ကလေးမကလေးသည် အဆိုကျော်တစ်ဦး ဖြစ်နေပြီလားဟု ကျွန်တော် တွေးမိသည်အတိုင်း အဆိုကျော်များစာရင်းတွင် ကျွန်တော်ရှာကြည့်ရာ ကလော်ဒီယာအမည်ရှိကြသော အသက် ၂၁နှစ်၊ ရွှေအိုရောင်ဆံပင် မျက်လုံးပြာပြာရှိသူ သုံးဦးကို တွေ့ရသည်။ တစ်ဦးက အလန်တာဟိုတယ်တွင် ဆိုနေသည်။ ဒုတိယတစ်ဦးမှာ နယ်လှည့်ဇာတ်အဖွဲ့နှင့် ကိုလာရာဒိုတွင် လှည့်လည်နေသည်။ သူတို့နှစ်ဦးစလုံး၊ ကျွန်တော်ရှာနေသည့် ကလေးမ မဟုတ်။ တတိယ ကလော်ဒီယာဘလဲယားမှာ လော့အိန်ဂျလီစ် ညကလပ်မှာ သီချင်းဆိုနေသည်။ ကျွန်တော်သည် လေယာဉ်ဖြင့် ကာလီဖိုးနီးယားသို့လိုက်ခဲ့ပြီး အမှုသည်တစ်ဦးအတွက် စုံစမ်းနေကြောင်း ညကလပ်သို့လာပြီး အနည်းငယ်မေးမြန်းလိုကြောင်း စာတစ်စောင် သူမထံ ရေးလိုက်ပါသည်။

နောက်ညတွင် ကျွန်တော်သည် ပထမပွဲအပြီး ကလပ်သို့ရောက်သွားပါသည်။ ကားလိပ်ကြီး ဆွဲတင်လိုက်သောအခါ ကလော်

ဒီယာဘာလဲယား ပေါ်လာပါသည်။ ပိန်ပိန်သွယ်သွယ် အလွန်လှပ၍ သာယာချိုအေးသောအသံဖြင့် ဇာတ်ခုံပေါ်တွင် ကြည်နူးစွာ တွေ့ရပါ၏။ ပရိသတ်က အလွန်အားပေးကြသလို ကျွန်တော်လည်း သဘောတွေ့ခဲ့ရပါသည်။

သူမ သီချင်းဆိုအပြီးတွင် အဝတ်လဲခန်းသို့ ကျွန်တော်လိုက်သွားသည်။ သူမသည် ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်၍ သိုးမွေးထိုးနေသည်။ ကျွန်တော်ဝင်သွား၍ နှုတ်ဆက်သည့်အခါ မော့မကြည့်ပါ။

''တွေ့ရတာ ဝမ်းသာပါတယ်၊ မစ္စတာဂိုးလ်မက်ဒါ၊ မနေ့ကျာက ရှင့်စာကို ဖတ်ပြီးပါတယ်၊ ကျွန်မကိုယ်တိုင်က စာမဖတ်နိုင်ဘူးလေ၊ ကျွန်မဟာ မျက်စိကွယ်နေပါတယ်ရှင်''

ဟု သူမက ဆိုပါသည်။

ကျွန်တော် ငိုင်သွားရပါတော့သည်။ ''ဝမ်းနည်းပါတယ် မစ္စဘာလဲယား။ ကျွန်တော် ဒါကို မသိပါဘူး''ဟု ထစ်ထစ်ငေါ့ငေါ့ ပြန်ပြောမိပါသည်။

''လူများများလည်း မသိကြပါဘူးရှင်၊ ကားလိပ်ဆွဲချပြီးမှ ကျွန်မကို သူတို့က ဇာတ်ခုံပေါ်က ဆွဲခေါ်ကြတာပါ''

''ဒီအတွက် တစ်ခုခုတော့ လုပ်ဖို့ကောင်းတာပေါ့''

''မလုပ်နိုင်တော့ပါဘူးရှင်၊ ကျွန်မဟာ တစ်သက်လုံးပဲ မျက်စိကွယ်နေတော့မှာပါ၊ ကဲ–အခု ရှင်ဘာလို့ချင်တာလဲ''

ကျွန်တော် ဘာကယ်တွေ့လိုသည့် မိန်းကလေး ဟုတ်ပါရဲ့လားဟု သံသယများစွာ ဖြစ်မိပါသည်။ ကျွန်တော့်၏ကိစ္စကို ပြောပြလိုက်သည့်အခါတွင်မှ သူမသည် နား ထောင်နေရာမှ မျက်နှာတင်းမာ အေးစက်သွားတော့သည်။

''ဟုတ်တယ် . . . ကျွန်မဟာ အဲဒီကလေးမလေးပါပဲ၊ ကျွန်မ ရှစ်နှစ်သမီးတုန်းက ကျွန်မအမေက ကျွန်မကို သူများကိုပေးပစ်ခဲ့တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ တဖြည်းဖြည်း မျက်စိကွယ်တော့မယ်ဆိုတာ သိလို့ပဲပေါ့''

ကလော်ဒီယာ၏ နာကြည်းမှုမှာ ကြီးမားလှကြောင်း ပေါ်လွင်လှသည်။ သူမ၏အမေ ဘယ်မှာရှိသည်ကို ဘာမှမသိခဲ့၊ ယခုလည်း သိလိုဟန်မရှိပါ။ သူမ၏ မွေးစားမိဘများအကြောင်းကိုတော့ ချစ်ခြတ်နိုးစွာ ပြောပြသည်။ သူတို့သည် မြို့ဆင်ခြေဖုံးတစ်နေရာတွင် နေကြသည်။ သူမ၏ အမေနှင့်တွေ့ဆုံရန် ကျွန်တော်၏ အကြံပေးချက်ကို ဘွင်းဘွင်းပင် ပယ်ချပါသည်။

ဤနှစ်ကဲ့ယားအား ကလော်ဒီယာ မျက်စိကွယ်နေသည့်အကြောင်း၊ သူမ လွန်မင်းစွာ နာကြည်းနေသည့်အကြောင်းများကို ကျွန်တော် ပြောပြသည့်အခါ သူသည် တစ်ခဏမျှ စကားမပြောဘဲ ငြိမ်နေပြီး ''ကျွန်တော် သိပ်ဝမ်းနည်းပါတယ်၊ ခင်ဗျား တတ်နိုင်သမျှ ကလော်ဒီယာ စိတ်ပြောင်းသွားအောင် ဖျောင်းဖျပေးစေချင်ပါတယ်''ဟု ဆိုသည်။

''ဖြစ်ချင်မှ ဖြစ်နိုင်တော့မယ်ဗျာ''

''မိဘမဲ့ဂေဟာကို ပို့တုန်းက ကလော်ဒီယာ မျက်စိကွယ်တော့မှာကို သူ့အမေ သိတယ်ဆိုတာကကော မှန်သလား''

ဟု ကျွန်တော်က မေးမိသည်။

ပိန်ပိန်သွယ်သွယ်
အလွန်လှပ၍
သာယာချိုအေးသောအသံဖြင့်
ဇာတ်ခုံပေါ်တွင် ကြည်နူးစွာ
တွေ့ရပါ၏။ ပရိသတ်က
အလွန်အားပေးကြသလို
ကျွန်တော်လည်း
သဘောတွေ့ . . .



ဖြန်စကွဲယားသည် ခေတ္တမျှဆိုင်းနေပြီး နောက်–

''အမှန်တရားဆိုတာ ရှုထောင့်အမျိုးမျိုး ရှိနိုင်တယ်လေ၊ ကျေးဇူးပြုပြီး လက်မလျှော့လိုက်ပါနဲ့ဗျာ''

ဟု တောင်းပန်စကား ဆိုရှာသည်။

ကျွန်တော်သည် ကလော်ဒီယာ၏ မွေးစားမိဘများနှင့် သွားတွေ့ပြီး သူတို့၏ အကူအညီကို တောင်းကြည့်မည်ဟု သူ့အား ပြောလိုက်သည်။ ထိုညနေ ကလော်ဒီယာ အလုပ်သို့သွားကြောင်း သေချာလောက်သည့်အချိန်တွင် ဘလဲယားတို့အိမ်သို့ ကျွန်တော် သွားပါသည်။ သူတို့၏ အကူအညီကို ကျွန်တော် မေတ္တာရပ်ခံသောအခါ မစ္စက် ဘလဲယားသည် စိတ်လှုပ်ရှားလာကာ–

''ကလော်ဒီယာဟာ သူမရဲ့ အမေရင်းနဲ့ ဘာမှပတ်သက်စရာ လိုတော့မယ်မထင်ပါဘူးရှင်''

ဟု ပြောတော့သည်။

ဘလဲယားက လေးနက်စွာဖြင့်–

''ကျုပ်တို့ဟာ ကလော်ဒီယာကို သူ့အမေအရင်းနဲ့ ဘယ်တုန်းကမှတွေ့ပေးဖို့ မကြိုးစားခဲ့ဘူးဆိုတာ ခင်ဗျားသိစေချင်တယ်။ သူ နာကြည်းနေတာက သူ့ကို မိဘမဲ့ဂေဟာမှာ ထားခဲ့တာကို သတိရနေလို့ပဲဗျ''

မစ္စက်ဘလဲယားက ဆက်၍–

''ရှင်···ဟိုတုန်းက အခြေအနေကို မြင်စေချင်တယ်၊ ကျွန်မတို့ မိဘမဲ့ဂေဟာ သွားတုန်းက ကလေးပေါက်စလေးတစ်ယောက်ကို မွေးစားဖို့ပဲ၊ ဟိုကျတော့ ကိုးနှစ်သမီး ကလော်ဒီယာကို တွေ့လိုက်ရတယ်၊ ဖအေ မရှိ၊ မအေမရှိ၊ မျက်စိကလည်း ကွယ် လုဆဲဆဲဖြစ်နေပြီ၊ ဒီတော့ ကျွန်မတို့ သူ့ကိုပဲ ခေါ်ခဲ့ရတယ်၊ အဲဒီအတွက်လည်း ကျွန်မတို့ ဘယ်တုန်းကမှ နောင်တရစရာ၊ ဝမ်းနည်းစရာ မရှိခဲ့ပါဘူး''

ဟု ရင်ဖွင့်သည်။

''သိပ်မှန်ပါတယ်၊ သူဟာ ကျုပ်တို့ သမီးအရင်းဖြစ်လည်း ဒီထက်တော့ ပိုမချစ်နိုင်ပါဘူး'' မွေးစားအဖေ မစ္စတာဘလဲယားက ထောက်ခံပါသည်။

''ဒါဆိုရင် သူ့အမေအရင်း ဘယ်လောက် ခံစားရမယ်ဆိုတာ ခင်ဗျားတို့ သဘောပေါက်မှာပါ''

ကျွန်တော်က သာယာညှင်းပြောင်းစွာ ပြောပြလိုက်ပါသည်။

ကျွန်တော်တို့ တစ်နာရီကျော်ကျော် ဆွေးနွေးဖြစ်ကြသည်။ ယင်းနာကြည်းမှုသည် ကလော်ဒီယာဘဝအတွက် အဆိပ်အတောက်ဖြစ်နေမည်။ ထို အဆိပ်အတောက်ကို ကြိုးစားဖယ်ရှားပစ်တာ ကောင်းမည်ဟု ကျွန်တော်က အတတ်နိုင်ဆုံး ဘလဲယားတို့ ဇနီးမောင်နှံအား ဖျောင်းဖျနားချရပါသည်။ နောက်ဆုံးတွင် သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မစ္စစ်ဘလဲယားက ဖြည်းညင်းစွာ ခေါင်းညိတ်ပါတော့သည်။

''ကောင်းပြီလေ၊ ကလော်ဒီယာကို ဒီအကြောင်းပြောပြမယ်၊ မနက်ဖြန်တော့ သူ့ဆီ ဖုန်းဆက်ကြည့်မယ်၊ နောက်ဆုံးအဖြေကိုတော့ သူကပဲ ပေးရမှာပေါ့''ဟု ဆိုသည်။

ကျွန်တော် ဖုန်းဆက်သည့်အခါ ကလော်ဒီယာသည် ချက်ချင်းပေါက်ကွဲပါလေတော့သည်။

''ကျွန်မကို ပေးပစ်လိုက်တယ်၊ စွန့်ပစ်လိုက်တယ်၊ ကျွန်မအနေနဲ့ အမေကို အငတ်ဆုံး၊ အလိုဆုံးအချိန်မှာ ကျွန်မကိုစွန့်ထားခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မျက်မမြင် ဒုက္ခိတတစ်ယောက်ရဲ့တာဝန်ကို မယူချင်လို့ပဲပေါ့၊ ဒါကို ကျွန်မ ခွင့်လွှတ်နိုင်မယ်လို့ ရှင် မျှော်လင့်သလားဟင်''

ဟု ပြန်ပြောတော့သည်။

''ဒါကတော့ ကလေးမရယ်···တစ်ဘက်က ဘာပြောစရာရှိတယ်ဆိုတာလည်း နားထောင်ဖို့ မကောင်းဘူးလား၊''

သူမသည် အတန်ကြာအောင် နှုတ်ဆိတ်နေပြီး နောက်ဆုံးတွင်–

''ကောင်းပြီရှင်···ကျွန်မ အင်မတန်ချစ်တဲ့ မွေးစားမိဘတွေအလိုအတိုင်း ကျွန်မ သူ့ကိုတွေ့မယ်၊ ဒီတစ်ခါပဲ တွေ့မှာနော်၊ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး ကျွန်မ ခံစားချက်တွေကတော့ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး''

ဟု အပြတ်ဆိုပါသေးသည်။

ထိုညနေမှာပင် ကျွန်တော်သည် ဇကွဲယားတို့ထံ ဖုန်းဆက်ပြောလိုက်သည်။ သူနှင့် သူ့ဇနီးတို့ ထိုညမှာပင် လော့အိန်ဂျလီးစ်မြို့သို့ လေယာဉ်ဖြင့်လိုက်ခဲ့မည်ဟု ပြန်ပြောပါ



သည်။ သူက ကလော်ဒီယာနဲ့ သူ့အမေကို နှစ်ယောက်ထဲ ပထမဆုံး ဆုံပေးရင် ပို ကောင်းမယ်ထင်တယ်၊ ဟိုတယ်ခန်းနှစ်ခန်း ငှားထားပြီး မနက်ကျတော့ ခင်ဗျားကိုခေါ် လိုက်မယ်ဟု ဆိုသည်။

ကျွန်တော်သည် ထိုညနေစောင်းတွင် ကလော်ဒီယာကို ဟိုတယ်စင်္ကြံလမ်းရှေ့ ခေါ်လာခဲ့ရာ သူမသည် တုန်လှုပ်ချောက်ချား နေပြီး မလိုက်လျောလိုတဲ့ ဆန့်ကျင်စိတ်များ ဖုံးလွှမ်းနေကြောင်း ကျွန်တော် သတိပြုမိ သည်။ သူ့အမေ၏ တံခါးအရောက်တွင် ကျွန်တော့်လက်မောင်းကိုဆုပ်ကိုင်ထားသည်။ သူ့ လက်မောင်းများ တင်းမာလာကာ–

''ကျွန်မကို သူနဲ့ နှစ်ယောက်တည်း မထားခဲ့ပါနဲ့၊ ကျွန်မကို အခန်းထဲပို့ပေးပါ၊ ကျွန်မက ဟယ်လို လို့ ဆိုလိုက်တာနဲ့ ရှင် လိုက်ဝင်လာပေါ့''

ကျွန်တော်တို့ တံခါးခေါက်ပြီး ဝင်သွား ကြပါသည်။ လက်တင်ကုလားထိုင်ကြီးပေါ် တွင် မျက်လုံးပြာနှင့် အမျိုးသမီးကြီးတစ်ဦး ထိုင်နေပါသည်။ ခေါင်းတွင် ဖြူနေသော ဆံပင်ကလွဲလျှင် ကလော်ဒီယာအစ်မဆိုလျှင် ပင် ယုံလောက်စရာပင်ဖြစ်သည်။

ထစ်ငေါ့သောအသံဖြင့်–

''တွေ့ရင်ပြောဖို့ နှစ်ပေါင်းများစွာ ကြို ရွယ်စုဆောင်းထားတဲ့ စကားတွေအားလုံး သတိမရ မမှတ်မိတော့ဘူးရှင်၊ သမီးလေးရဲ့ အသံက ဟိုညတုန်းက အသံအတိုင်းပါပဲ လားကွယ်''

''ကျေးဇူးပြုပြီး အနားတိုးလာပါကွယ်၊ ငါ့သမီးကို ကြည့်ချင်စမ်းလို့ပါ''

ကျွန်တော်သည် ကလော်ဒီယာကို သူ့ အမေဆီသို့ ဆွဲခေါ်ခဲ့သည်။ ကျွန်တော်တို့ သူ့ အနီးရောက်လျှင် သူမသည် မတ်တတ် ရပ်ပြီး လက်နှစ်ဘက်ကို ဆန့်လိုက်သည်။ သို့သော် ကျွန်တော်မျှော်မှန်းသလို သမီးကို ပွေ့ဖက်ရန် မကြိုးပမ်းပါ။ သူမ၏ လှသော လက်များသည် ကလော်ဒီယာ၏ ပခုံးကို ကိုင်စမ်းပြီး မျက်နှာပေါ်ရောက်သွားလျှင် ကယောင်ကတမ်း စမ်းသပ်ပါတော့သည်။

''အို··သမီးကြီးလာပြီကိုး၊ သိပ်လည်း လှလာမှာပဲနော်''

ကလော်ဒီယာ၏ လက်များသည် မြင့် မြောက်သွားပြီး သူ့အမေ၏လက်များကို ထိ လိုက်သည်။



ကျွန်တော်တို့
သူ့အနီးရောက်လျှင်
သူမသည် မတ်တတ်ရပ်ပြီး
လက်နှစ်ဘက်ကို
ဆန့်လိုက်သည်။ သို့သော်
ကျွန်တော်မျှော်မှန်းသလို
သမီးကို ပွေ့ဖက်ရန်
မကြိုးပမ်းပါ။ သူမ၏
လှသော လက်များသည်
ကလော်ဒီယာ၏ ပခုံးကို
ကိုင်စမ်းပြီး···

''အမေ···အမေဟာ မျက်မမြင် ဟုတ် လား''

ဟု မေးလိုက်သည်။

''အမေလည်းပဲ မျက်စိမမြင်ပါဘူး ကွယ်။ ဒါပေမဲ့ သမီးကို ဘယ်နေရာမှာမဆို သမီးမှန်း အမေသိနိုင်ပါတယ်''

''အို···အမေရယ်၊ ကျွန်မသာ အစက သိခဲ့ရင်···''

ကလော်ဒီယာ ရုတ်တရက်ငိုချလိုက်ပါ တော့သည်။

''အမေ ပြန်လာမခေါ်တာ ဘာမှ အံ့သြဖို့ မရှိတော့ပါဘူး။ ကျွန်မကို ပေးမင် တာလည်း အံ့သြဖို့မရှိတော့ပါဘူး။ ဒါပေမဲ့ ဘယ်သူကမှ ကျွန်မကို ပြောမပြကြဘူး လေ''

ကျွန်တော်သည် အခြားတစ်ဘက်ခန်း သို့ ကူးခဲ့ပါသည်။ အထဲတွင် အရပ်မြင့်မြင့် ယောကျာ်းကြီးသည် ပြတင်းပေါက်ကို မျက်နှာမူပြီး မြို့ဘက်သို့ကြည့်နေသည်။

စကွဲယားသည် ကျွန်တော့်ကို ဘာ ကြောင့် သူ၏ဇနီး မျက်စိကွယ်နေကြောင်း မပြောခဲ့ပါသလဲဟု မေးတော့မှ သူက–

''ခင်ဗျားက သူ့သမီးကို အဖြစ်မှန် ကြို ပြောမိမှာစိုးရိမ်တယ်၊ ကလော်ဒီယာက လည်း သူ့ကို ကရုဏာမရှိလို့ မတွေ့ချင်ဘူး ဆိုတာကိုလည်း၊ သူမခံနိုင်ဘူး၊''

ဟု ပြောပြသည်။

ကလော်ဒီယာသည် မွေးစားမိဘ ဘလဲယားတို့နှင့်ပင် ဆက်လက်နေထိုင်ပါ သည်။ သို့သော် ယခုမှာမူ သူနှင့် သူ့မိခင် ရင်းသည် တစ်ဦးကိုတစ်ဦး၊ ချစ်ခင်ရာ၌ နားလည်မှုဖြင့် ပြန်လည်ပေါင်းဖက်မိကြပြီး ဖြစ်သည်။

နားလည်မှုဆိုသည်မှာ မိခင်၏ မေတ္တာ ဓာတ်ကို ဆိုလိုပါသည်။ မိခင်သည် မျက်စိ ကွယ်စပြုနေပြီ။ သူ့သမီးမှာလည်း၊ သူ့ထံမှ အမွေခံကာ မျက်စိ တဖြည်းဖြည်းကွယ်တော့ မည် အရိပ်အယောင်များပြနေပြီ။ သမီး မျက် စိ ကွယ်သည့်အခါတွင် မျက်မမြင်မှုဆိုးမ အမေတစ်ယောက်အဖို့ ပေးနိုင်စွမ်းရှိသော အကူအညီနှင့် အကာအကွယ်တို့ထက် ပို၍ လိုအပ်လာမည်ဖြစ်သည်။ ထို့ကြောင့် အမေ သည် သမီးကို စွန့်လွှတ်လိုက်ခဲ့ရခြင်းဖြစ်ပါ သည်။

**ဘာနှင်း(မြန်မာပြန်)**

# ကိုယ့်ပတ်ဝန်းကျင် အလှဆင်

အာကာတစ်ခွင်ညအလှ
ပသာဒဖြစ်စေရာ။
လစန္ဒာရောင်ဝါထွန်း
ဆောင်ကြဉ်းချိန်ခါ။
သူ့ဝန်းကျင်မှာ
တိမ်မိုလ္လာဝန်းရံက။
ငွေလရောင်လင်းလက်အား
လျှော့ပါးပါရဲ့။

ထိုအခြင်းအရာရှုစား
လူသားတို့ဆင်ခြင်ဖွယ်။
ပတ်ဝန်းကျင်မသန့်ရှင်းက
ချို့ယွင်းချက်သဖွယ်။
ကျောင်း ရုံး အိမ် အသွယ်သွယ်
ကိုယ်နှီးနွယ်ရာဝန်းကျင်တစ်ဝိုက်။
ရှုပ်ပွကာအမြင်မတင့်လျှင်
ဂုဏ်ဝင့်ဖွယ်ကိုယ်အလှတရားကို
ပျက်ပြားထိခိုက်။

ကိုယ့်အမှိုက်တစ်မျှင်
၅၊တစ်စက်ခန္ဓာကိုယ့်အတွက်
ပေကျံလျှင်အချိန်နေရာမရွေး
မနေးသန့်စင်။
ထိုပမာပင်
ကိုယ်ကျင်လည်ရာဝန်းကျင်အား။
မှိုက်သရိုက်အညစ်ကြေးတို့
ကင်းစင်ရေးအားသွန်မှုကို
ပြုရန်စိတ်ထား။ ။

မနောသစ်(ပခုက္ကူ)





# ခရေပွင့်ပြီမေ

မြူအချော့တွေနဲ့
ကလူနော့ကာ လျောင်နေသည်သို့
တောင်လေပြည်(ပြေ) ခြွေအပင့်မှာ
ခရေပွင့်ကြွေပြီမေ။

အညှုတွယ်ငင် ညှာတာအပြုံးတွေနဲ့
ဥပါယ်တံမျဉ် မာယာသုံးလေသလား
ချစ်ဆုံးသူ အိမ်ရှေ့ဦးမှာ
မောင်တူးပါ မေအပင်စိုက်မယ်တဲ့
ရွှေရင်ခိုက် မူပိုစကား
ကြားလားခရေ။

ခရေဖူးရင်ဖြင့်
မေဦးအောင်ပန်ချင်ပါသတဲ့
ဟန်ပြင်ကာ ခေါင်းထက်ဝေဖို့
ပေါင်းမြက်ခြွေ နေခြည်အေးအောင်
ရေကြည်ပေးကာ တယုတယ
ပြုခဲ့ရနှစ်တာရှည်
သစ္စာခြွေပါလို့ အကြင်နာကဲ
မေတ္တာဝေသည်က ရင်မှာအမြဲ။

ဪ
ခုများတော့ မဖြေသာ
တမြေကွာ အလှမ်းဝေးတာကြောင့်
ဝေဒနာအလွှမ်းပေးသည်သို့
ပန်းကလေးတွေ မွှေးကြူမြလေတိုင်း
အတွေးမြူစ နွယ်တစ်မျှင်နှင့်
အေး,ပူမျှ ငယ်စဉ်က
နွယ်ငင်ကာ ဉာဏ်အကွက်တွေနဲ့
'ဟန်လက်'နဲ့ စိုက်ခဲ့လေသလား
ခရေကြိုက်သူ ဘယ်အိမ်နန်းဆီက
စိတ်ဝမ်းတွေ တငယ်ငယ်နဲ့
အသွယ်သွယ် ဘယ်သို့နွမ်းရှာလိမ့်
စခန်းနယ် မြေတစ်လျှောက်မှာ
အလွှမ်းသည် ခရေကောက်လို့ရယ်
(မလေးရယ် . . .)
ကိုယ်တစ်ယောက်တည်း(ထဲ)။ ။

ဆန်းလွင်(မြန်မာစာ)



# နေထွက်နေဝင် မွေ့လျက်စဉ်

မလှဲတလှဲ မြို့ရန်ကုန်မှာ
အင့်အဖူးဝတ်မှုံကူးလျက်
လွှန့်လူးပျော်မြူး ရန့်ထူးနှင့်
ကူးလူးပြေးလွှား ခုန်ပျံသွားရင်း
စိမ်းစားကျက်စား ဒိုင်ငှက်များလည်း
လူကြားမရှောင် လမ်းလယ်ခေါင်မှာ
အတောင်ဖြန့်ခင်း ခိုနားရင်းနှင့်
သတင်းအစုံ ညှော်နံ့ဖြိုလှဲ့
အမြဲလည်းမြူး မြို့ခြေဦးမှာ
ကြည်နူးမှတ်သိပ် မြို့ပုံရိပ်။
-ညှော် . .
ညလည်းမအိပ် မြို့နိမိတ်ကား
ခွာလိပ်ခေါက်သံ ညဦးယံ၌
ဆူညံသံနှော မြို့လယ်ကြောမှာ
အမောဖောက်နေ လူလှိုင်းတွေနဲ့
လိမ့်နေဘီးများ မရပ်နားဘဲ
လှုပ်ရှားရှန်းကန် ဝမ်းစာမှန်ဖို့
ပုံစံမျိုးစုံ မြို့ရန်ကုန်မှာ
အဟုန်မပျက် နေ့ညဆက်ကာ
နေထွက်နေဝင် မွေ့လျက်စဉ်။ ။

ခိုင်းမောင်(မာန်အောင်)




ဤမြေကမ္ဘာပေါ်တွင် ရှင်သန်ရပ်တည်နေကြသော လူသားများ၊ အပင်နှင့် တိရစ္ဆာန်များအပါအဝင် ဇီဝမျိုးစုံကွဲတို့၏ ခန္ဓာကိုယ်အတွင်း၌ ရေများပါဝင်ဖွဲ့စည်းထားသော အစိတ်အပိုင်းတို့ဖြင့် ပြည့်နှက်လျက်ရှိနေသည်။ ထိုသို့သော အပင်နှင့် သတ္တဝါတို့၏ ကိုယ်တွင်းရှိရေများကို ဇီဝရေဟု ခေါ်ဆိုပြီး တစ်ကမ္ဘာလုံးရှိ လူတို့အပါအဝင် ဇီဝမျိုးစုံကွဲတို့၏ ကိုယ်တွင်းရှိ ရေပမာဏစုစုပေါင်းသည် ကုဗမိုင်ပေါင်း ၂၆၉ အထိပင် ရှိနေသည်။

ဇီဝရုပ်တို့၏ ကိုယ်တွင်း၌ရှိနေသော ရေထုထည်ပမာဏသည် ကမ္ဘာ့ရေချိုထုကြီးတစ်ခုလုံး၏ ၀.၀၀၃ ရာခိုင်နှုန်းအထိ ရှိနေသလို၊ ကမ္ဘာပေါ်ရှိ ရေချိုနှင့် ရေငန်များစုစုပေါင်းပမာဏ၏ ၀.၀၀၀၁ ရာခိုင်နှုန်းအဖြစ်လည်း ပါဝင်လျက်ရှိနေသည်။ ထိုသို့ ပါဝင်နေမှု အချိုးအစားသည် တစ်ကမ္ဘာလုံးရှိ မြစ်ချောင်းများအတွင်းမှ ရေထုထည်ပမာဏ၏ ထက်ဝက်မျှဖြစ်သလို၊ ကမ္ဘာ့ရွံ့ညွန်ဒိုင်များအတွင်းရှိ ရေပမာဏ စုစုပေါင်း၏ ဆယ်ပုံပုံလျှင် တစ်ပုံခန့်နှင့်ညီမျှသော ပမာဏလည်းဖြစ်သည်။

လူသားတို့သည် အမိဝမ်းတွင်း၌ သန္ဓေသားအဖြစ် နေခဲ့ရစဉ်က ခန္ဓာကိုယ်တစ်ခုလုံးတွင် ရေသည် ရာနှုန်းပြည့်နီးပါး ပါဝင်နေခဲ့သည်။ အမိဝမ်းမှကျွတ်၍ မွေးကင်းစ ကလေးငယ်အရွယ် ဖြစ်လာသည့်အခါ ရေဓာတ်လျော့နည်းသွားပြီး ခန္ဓာကိုယ်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။ သိတတ်စအရွယ်သို့ ရောက်လာသောအခါ ရေပါဝင်မှုမှာ ၇၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး၊ အရွယ်ရောက်လာသည့်အခါ ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏမှာ ၇၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။



# ကျွန်ုပ်တို့ ခန္ဓာကိုယ်ထဲမှာ ရေတွေ ဘယ်လောက်ရှိနေသလဲ

သိပ္ပံစာရေးဆရာကိုကိုအောင်



တဖြည်းဖြည်းနှင့် အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ဟော်မုန်းဓာတ်များ ပြောင်းလဲသွားခြင်း၊ ခန္ဓာကိုယ်တွင်းရှိ ဇီဝဖြစ်စဉ်များ ပြောင်းလဲသွားခြင်းနှင့် ကျောက်ကပ်၏ အလုပ်လုပ်ပုံ ပြောင်းလဲသွားခြင်းတို့ကြောင့် ရေသောက်လိုစိတ် နည်းပါးလာခြင်းနှင့်အတူ ရေပါဝင်မှုကလည်း ခန္ဓာကိုယ် အလေးချိန်၏ ၅၀ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားသည်။

လူ့ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏ စုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းသည် ဆဲလ်များအတွင်း၌ရှိနေပြီး ကျန် ၃၅ ရာခိုင်နှုန်းသည် ဆဲလ်များအကြား၌လည်းကောင်း၊ သွေးထဲ၌ လည်းကောင်း ရှိနေကြသည်။ လူ့ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများအနက် ရေပါဝင်ဖွဲ့စည်းမှု အများဆုံးသော အစိတ်အပိုင်းမှာ အဆုတ်ဖြစ်ပြီး၊ ရေပါဝင်မှု အနည်းဆုံးသော အစိတ်အပိုင်းမှာ အရိုးများပင်ဖြစ်သည်။ အဆုတ်တွင် ရေပါဝင်မှုသည် ၉၀ ရာခိုင်နှုန်းအထိ ရှိနေသလို၊ ဦးနှောက်ထဲတွင် ရေပါဝင်မှုက ၈၅ ရာခိုင်နှုန်းနှင့် သွေးထဲ၌ ရေပါဝင်မှုမှာ ၈၂ ရာခိုင်နှုန်းအထိ ရှိနေသည်။

အရိုးထဲ၌မူ ရေပါဝင်နှုန်းက ၁၅ ရာခိုင်နှုန်းမျှသာ ရှိနေသော်လည်း ထိုရေများသည် တစ်စုံတစ်ခုသော ထိခိုက်မှုဒဏ်ကြောင့် လွယ်လင့်တကူ အရိုးမကျိုးစေရန် တတ်နိုင်သမျှ ကာကွယ်ပေးထားလျက်ရှိနေသည်။ လူတို့စားသုံးလိုက်သော အစားအစာများထဲတွင် ပါဝင်နေသော ရေများသည် အူလမ်းကြောင်းတစ်လျှောက် အစာများ ချောမွေ့စွာ ရွေ့လျားနိုင်အောင် ထောက်ကူပေးနေသလို၊ ကိုယ်တွင်းဆဲလ်များက စွန့်ထုတ်လိုက်သော အညစ်အကြေးများကို ကျင်ကြီးကျင်ငယ်အဖြစ် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်နိုင်ရန်လည်း ကိုယ်တွင်းရှိ ရေများကပင် လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ခန္ဓာကိုယ်ထဲ၌ ရေဓာတ်နည်းနေချိန်၌ ဆီးချုပ်ဝမ်းချုပ်ဖြစ်ခြင်းကို ခံစားကြရလေ့ရှိသည်။

မျက်လုံးနှင့် ဦးနှောက်တို့ကို ရေအဓိကပါဝင်နေသော အရည်များက ဝန်းရံကာ ကွယ်ပေးထားသလို၊ အမြဲစိုစွတ်နေရန် လိုအပ်သော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်သည့် မျက်စိ၊ ပါးစပ်နှင့် နှာခေါင်းတို့ကိုလည်း ရေကပင် အစိုဓာတ်ရှိနေအောင် လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်၏ အပူအအေး ရုတ်ချည်းပြောင်းလဲမှု ဖြစ်သည့်အခါ လူ့ခန္ဓာကိုယ်က ချက်ချင်းဆိုသလို ပူလိုက်အေးလိုက် မဖြစ်စေရန် ခန္ဓာကိုယ်တွင်းရှိ ရေများကပင် ထိန်းညှိပေးလျက်ရှိသည်။

ခန္ဓာကိုယ်အပူချိန်ထက် ပြင်ပအပူချိန်က ပိုပြီးမြင့်လွန်းနေပါက ကိုယ်တွင်းရှိ ရေများသည် ချွေးအဖြစ်ထွက်လာပြီး၊ ထိုချွေးများ အငွေ့ပျံသည့်အခါ ခန္ဓာကိုယ်သည် အေးမြသွားကာ သက်သောင့်သက်သာဖြစ်၍ ကျန်နေခဲ့သည်။ ခြေလက်စသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ လှုပ်ရှားလုပ်ဆောင်နိုင်ရန် ဦးနှောက်က စေ့ဆော်ပေးနေခြင်းဖြစ်ရာ ဦးနှောက်၏ စေ့ဆော်မှုကြောင့် ထွက်ပေါ်လာသော လျှပ်စစ်လှိုင်းများကို အကောင်းဆုံးသော လျှပ်ကူးပစ္စည်းဖြစ်သည့် ကိုယ်တွင်းရေများက သယ်ဆောင်ပေးသွားခြင်းကြောင့် ဦးခေါင်း၊ မျက်စိ၊ ပါးစပ်၊ လည်ပင်း၊ လက်နှင့် လက်ချောင်းများ၊ ခြေထောက်နှင့် ခြေချောင်းများ အားလုံးတို့က ဟန်ချက်ညီညီ လှုပ်ရှားနိုင်ကြခြင်းဖြစ်သည်။

လူတို့၏ ခန္ဓာကိုယ်အတွင်းရှိ ရေများသည် ရှူထုတ်လိုက်သော လေများနှင့်အတူ အခိုးအငွေ့များအဖြစ်လည်းကောင်း၊ ခန္ဓာကိုယ် လှုပ်ရှားသည့်အခါနှင့် ပူအိုက်သည့်အခါများတွင် ချွေးများအဖြစ်လည်းကောင်း၊ ကျင်ကြီးကျင်ငယ်များအဖြစ် လည်းကောင်း ခန္ဓာကိုယ်ပြင်ပသို့ အချိန်နှင့်အမျှ ထွက်သွားကြရသည်။ ထိုသို့သော ဇီဝဓာတု ဖြစ်စဉ်များကြောင့်ပင် ခန္ဓာကိုယ်တွင်းရှိ ရေများ






သည် နေ့စဉ် တစ်လီတာခန့် ဆုံးရှုံးနေရသည်။

ထိုကဲ့သို့ ဆုံးရှုံးသွားသော ရေများ၏နေရာတွင် လူတို့ နေ့စဉ်စားသုံးနေသော အစားအစာများ၊ သစ်သီးသစ်နှံများ၊ ဖျော်ရည်များ၊ အချိုရည်နှင့် သောက်ရေတို့၌ ပါရှိလာသော ရေများဖြင့် အစားထိုးကာ ပြန်လည်ဖြည့်ဆည်းပေးနေရသည်။ အကယ်၍ ရေဓာတ်ဆုံးရှုံးမှုကို အလျှင်မီအောင် ဖြည့်ဆည်းမပေးနိုင်ပါက ခန္ဓာကိုယ်တွင်း၌ ရှိသင့်သော ရေပမာဏအောက်သို့ ကျဆင်းသွားလိမ့်မည်ဖြစ်သည်။ ရေဓာတ်လျော့နည်းလာသည့်အခါ အာခေါင်ခြောက်လာခြင်း၊ တံတွေးနည်းလာခြင်း၊ ဆီးနည်းလာခြင်း၊ ဆီး၏အရောင် ရင့်လာခြင်းနှင့် ဆီးနံ့ ပြင်းလာခြင်း စသည့်လက္ခဏာများကို ပြသလာလိမ့်မည် ဖြစ်သည်။

ထိုသို့ ဖြစ်လာခဲ့လျှင် ကျန်းမာရေး မထိခိုက်စေရန်အတွက် ရေများများသောက်သုံးကြရမည်ဖြစ်သည်။ ပုံမှန်အားဖြင့် ၂၄ နာရီ တစ်ရက်တာအတွက် ရေ ၂လီတာခန့်အထိ သောက်သုံးကြရမည်ဖြစ်သည်။ ရေသောက်လျှင် တစ်ကြိမ်တည်းဖြင့် ပမာဏများများ သောက်ခြင်းထက် မိမိခန္ဓာကိုယ်အတွက် သင့်တင့်မျှတသည့် ပမာဏကို အချိန်နာရီခြား၍ မကြာခဏ သောက်သုံးပေးခြင်းမျိုးက ပို၍သင့်တော်သည်။

နွေရာသီကဲ့သို့ ပူပြင်းခြောက်သွေ့သည့် အချိန်ကာလမျိုးတွင် ခန္ဓာကိုယ်တွင်း၌ ရေဓာတ်ဆုံးရှုံးမှုများပြားလာတတ်သည့် အားလျော်စွာ သွေးထဲ၌လည်း ရေပါဝင်မှုနှုန်း ကျဆင်းသွားလေ့ရှိသည်။ ရေဓာတ်နည်းလာသော သွေးသည် ပို၍ပျစ်လာသည့်အတွက် ပျစ်သည့်သွေးကို တွန်းပို့နေရသော နှလုံးသည် ပုံမှန်ထက် အဆတိုး၍ အလုပ်လုပ်ပေးရသည်။ ထိုအခါ လွယ်လင့်တကူပင် ပင်ပန်းနွမ်းနယ်မှုကို ခံစားကြရသည်။

အကယ်၍ ခန္ဓာကိုယ်အတွင်းမှ ရေ တစ်လီတာခန့် ဆုံးရှုံးသွားသည်ကို ပြန်လည်မဖြည့်တင်းနိုင်ပါက နိုးကြားတက်ကြွမှု မရှိတော့ခြင်း၊ အာရုံစူးစိုက်နိုင်မှု ကျဆင်းလာခြင်း၊ အမြင်အာရုံ လျော့နည်းလာခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းများကို ခံစားကြရလိမ့်မည် ဖြစ်သည်။ ရေ လေးလီတာခန့် ဆုံးရှုံးသွားပြီဆိုလျှင် မူးမော်ခြင်းနှင့် ခေါင်းကိုက်ခြင်းများကို ခံစားကြရမည်ဖြစ်ပြီး ခန္ဓာကိုယ်တွင်းမှ ရေဆုံးရှုံးမှုပမာဏသည် ၁၂ လီတာအထိ ရောက်ရှိသွားခဲ့လျှင်မူ အသက်ဆုံးရှုံးသွားနိုင်သည်။

တစ်စုံတစ်ခုသော အကြောင်းကြောင့် ထိခိုက်ဒဏ်ရာရသည့် အခါမျိုး၌လည်း သွေးအလွန်အကျွံထွက်နေပါက ထွက်သွားသော သွေးများနှင့်အတူ ရေဓာတ်အများအပြား ဆုံးရှုံးသွားလိမ့်မည်ဖြစ်သည်။ ရေဓာတ်ဆုံးရှုံးမှုများပြားလွန်းပါက အသက်အန္တရာယ်

ရှိနိုင်သည်ဖြစ်ရာ ဆီနိုက်ဒဏ်ရာရသည့်အခါမျိုး၌ သွေးထွက်မလွန်စေရန် ဂရုပြုကြရမည်ဖြစ်သည်။

ပူပြင်းသော ရာသီကာလများ၌လည်း ပြင်းထန်သော လေ့ကျင့်ခန်းများကို မလုပ်သင့်သလို၊ ချွေးထွက်လွန်ကဲမှု မဖြစ်အောင်လည်း ဂရုပြုဆင်ခြင်ကြရမည်ဖြစ်သည်။ တတ်နိုင်သမျှ အရိပ်ထဲ၌ နေထိုင်သင့်ပြီး မကြာခဏဆိုသလို ရေသောက်ခြင်း၊ အချိုရည်၊ သံပုရာရည်နှင့် ဖျော်ရည်များကို သောက်သုံးခြင်း၊ ဓာတ်ဆားရည် သောက်သုံးခြင်းများကို ပြုလုပ်သင့်ကြသည်။ ဂလူးကို့စ်နှင့် ဓာတ်ဆားများ၊ အရန်သင့်ပါဝင်နေသော အုန်းရည်ကိုသောက်ခြင်းသည်လည်း ပူပြင်းသော ရာသီကာလမျိုးအတွက် အလွန်သင့်လျော်သည့် အလေ့အထတစ်ရပ်ပင် ဖြစ်သည်။

ခန္ဓာကိုယ်အတွင်း၌ ရှိသင့်သော ပမာဏထက် ရေအလွန်အကျွံ ပိုလျှံလာသည့်အခါ ကိုယ်တွင်းရှိ ဓာတ်ဆားများ၏ အချိုးအစားများစွာ လျော့နည်းသွားပြီး၊ ထိုသို့ လျော့နည်းသွားခြင်းက ဇီဝဓာတုဖြစ်စဉ်များကို ကမောက်ကမဖြစ်သွားစေသည်။

ပိုနေသော ရေများကို ကျောက်ကပ်ကလည်း စွန့်ထုတ်မပေးနိုင်တော့ပေ။ သွေးထဲ၌ ရေပမာဏ လွန်ကဲလာသည့်အခါ သွေးကျဲလာပြီး ရုတ်တရက် သွေးပေါင်ကျသွားခြင်းကို ဖြစ်စေနိုင်သလို အသက်အန္တရာယ်လည်း ရှိလာနိုင်သည်။

ပိုလျှံလာသော ရေများကြောင့် ကိုယ်တွင်း ဆဲလ်များက ပွလာနိုင်သော်လည်း ဦးနှောက်ဆဲလ်များကမူ အလိုက်သင့် ပွမလာနိုင်သည့်အတွက် ခေါင်းအလွန်ကိုက်ခြင်း၊ သတိလစ်ခြင်း၊ မေ့မြောသွားခြင်းများမှသည် အသက်ဆုံးရှုံးမှုအထိပင် ဖြစ်ပွားနိုင်သည်။ ကမ္ဘာပေါ်၌ အရပ်ဒေသအသီးသီးတွင် ရေကို အတိုင်းအဆမဲ့စွာဖြင့် အလွန်အကျွံ သောက်သုံးမှုကြောင့် အပြင်းအထန် ခေါင်းကိုက်သည့်ဝေဒနာကို ခံစားရသူများ၊ သတိလစ်မေ့မြောသွားသူများ အများအပြား ရှိခဲ့သည်။ ယင်းတို့အနက် အချို့မှာ ဆေးရုံနှင့် ဆေးကုသမှုဌာနများသို့ အချိန်မီရောက်ရှိပြီး ကုသမှုခံယူခဲ့ကြရာမှ ပြန်လည်ကျန်းမာလာသူများရှိသလို၊ အသက်ဆုံးရှုံးသွားရသူများလည်း အများအပြားရှိခဲ့သည်။

အချို့သော နိုင်ငံများ၌မူ လူငယ်များ အချင်းချင်း ရေသောက်ပြိုင်ကြရာမှ မိမိ အနိုင်ရရှိရေးအတွက် ရေကို အလွန်အကျွံ သောက်မိသဖြင့် ခေါင်းအလွန်ကိုက်ကာ ထိုမှတဆင့် သတိလစ်မေ့မြောသွားပြီး အသက်ဆုံးရှုံးသွားခဲ့ရသော သာဓကမျိုးလည်း အများအပြားရှိခဲ့သည်။

ထိုသို့ဖြစ်ရခြင်းမှာ ခန္ဓာကိုယ်ထဲ၌ ရှိသင့်သော ရေပမာဏထက် အလွန်အကျွံ ပိုလျှံလာသည့်အခါ ခန္ဓာကိုယ်တွင်းရှိ ဆိုဒီယမ်ကဲ့သို့သော ဓာတ်ဆားများ၏ ပါဝင်မှု အချိုးအစားသည် ပုံမှန်ရှိသင့်သော အတိုင်းအတာ ပမာဏအောက်သို့ များစွာလျော့နည်း ကျဆင်းသွားပြီး၊ ခန္ဓာကိုယ်အတွင်း၌ ပုံမှန်လှုပ်ရှားလည်ပတ်နေသော ဇီဝဓာတုဖြစ်စဉ်များကို ပျက်ယွင်းသွားစေသောကြောင့် ဖြစ်သည်။

**လူတို့၏ ခန္ဓာကိုယ်နှင့်**
**ရေသည် ခွဲခြား၍မရဘဲ**
**အချိုးအစားညီညွတ်မျှတစွာဖြင့်**
**ဒွန်တွဲလျက် ရှင်သန်ရပ်တည်**
**နေကြရသည်ဖြစ်ရာ...**



ခန္ဓာကိုယ်တွင်းအင်္ဂါများ ပုံမှန်လှုပ်ရှားလည်ပတ်နေချိန်၌ သွေးထဲရှိ ရေနှင့် ဓာတ်ဆားများထဲမှ မလိုအပ်သည်များကို ဖယ်ရှားစစ်ထုတ်၍ ခန္ဓာကိုယ်ပြင်ပသို့ ကျင်ငယ်ရည်အဖြစ် စွန့်ထုတ်ပေးသည်။ ပိုလျှံနေသော ရေများကြောင့် ဓာတ်ဆား အချိုးအစားများ ပြောင်းလဲသွားသည့်အခါ ကျောက်ကပ်၏ ပုံမှန်လုပ်ဆောင်ချက်များ ကစဉ့်ကလျား ဖြစ်သွားခြင်းနှင့်အတူ၊ အန္တရာယ်ရှိ ရေပိုများကိုလည်း ကျင်ငယ်အဖြစ် စွန့်ထုတ်နိုင်အောင် ကျောက်ကပ်က လုပ်ဆောင်ပေးနိုင်ခြင်း မရှိတော့ပေ။

တစ်ဖက်တွင်လည်း ပိုလျှံလွန်ကဲလာသော ရေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဦးနှောက်ဆဲလ်များက ဖောင်းပွမလာနိုင်တော့သည့်အတွက် သတိလစ်မေ့မြောကာ အသက်ဆုံးရှုံးသွားခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ရေကို ရေသောက်သလို သောက်သုံးခြင်းမပြုဘဲ နွားလယ်စာ စားသုံးသကဲ့သို့ ပမာဏများများဖြင့် အလွန်အကျွံသောက်သုံးခြင်းသည် အသက်အန္တရာယ်ရှိသော လုပ်ရပ်ဖြစ်သည့်အတွက် ထိုသို့သော လုပ်ရပ်မျိုးကို ရှောင်ရှားကြရမည် ဖြစ်သည်။

လူတို့၏ ခန္ဓာကိုယ်နှင့် ရေသည် ခွဲခြား၍ မရဘဲ အချိုးအစားညီညွတ်မျှတစွာဖြင့် ဒွန်တွဲလျက် ရှင်သန်ရပ်တည်နေကြရသည် ဖြစ်ရာ ခန္ဓာကိုယ်အတွက် လိုအပ်သည့် ရေကို ပမာဏနည်းနည်းဖြင့် ပုံမှန်ဖြည့်ဆည်း သောက်သုံးခြင်း၊ ရေဓာတ်ပါဝင်သည့် အစားအစာများကို သင့်တင့်မျှတစွာ စားသုံးဖြည့်ဆည်းပေးခြင်း၊ ထိခိုက်ဒဏ်ရာရသည့်အခါ သွေးထွက်မလွန်စေရန် ဂရုစိုက်ခြင်း၊ ပူပြင်းသော ရာသီကာလများတွင် ရေဓာတ်ဆုံးရှုံးမှုကိုဖြစ်စေသော ချွေးအထွက်လွန်ခြင်းမျိုး မဖြစ်အောင် ဂရုပြုဆင်ခြင်ခြင်း၊ ရေကို အတိုင်းအဆမဲ့စွာဖြင့် အလွန်အကျွံ သောက်သုံးခြင်းမျိုးမှ ရှောင်ရှားခြင်း စသည်တို့ကို လိုက်နာလုပ်ဆောင်ကြခြင်းအားဖြင့် ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ခွင့် ရရှိကြလိမ့်မည် ဖြစ်ပေသည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**



ရပ်ကွက်လေး၏ နေ့လယ်ခင်းကား တိတ်တိတ်ဆိတ်ဆိတ်ပင် ရှိနေသည်။ ဘယ်ဆီဘယ်ဝယ်ကမှန်းမသိ တွန်ကြူးနေလေသော ဥဩငှက်ကလေး၏ အသံကိုသာ တစ်ချက်တစ်ချက် ကြားနေရသည်။ အရောင်းပါးသည့် နေ့လယ်နေ့ခင်းအချိန်မို့ ကောင်တာတွင်ထိုင်ကာ ရောင်းရငွေများကို နိုင် ရေတွက်နေလိုက်သည်။ ရပ်ကွက်တွင်းက စတိုးဆိုင်လေးမို့ ဆိုင်ကြီးများ၏ ရောင်းအားနှင့် မယှဉ်သာသော်လည်း နိုင့် ဆိုင်ကလေးသည် သူ့အတိုင်းအတာနှင့်သူတော့ ရောင်းရလေသည်။ အလှကုန်၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ စသည်ဖြင့် အမျိုးအမည်စုံသည်မို့လည်း အတော်လေးတော့ ရောင်းအားကောင်းပါသည်။

"အန်တီနိုင်…အာလူးကြော် အထုပ်ကြီး နှစ်ထုပ်လောက်ပေးပါ"

ဆိုင်ရှေ့မှ ဈေးဝယ်အသံကြောင့် ကောင်တာစားပွဲဆီမှထကာ ဆိုင်ရှေ့သို့ နိုင် ထွက်သည်။ ဈေးဝယ်မှာ နိုင်တို့ဆိုင်နှင့် သုံးအိမ်ကျော်အိမ်မှ ကလေးထိန်း၊ အိမ်အကူ မိန်းကလေး မြူဖွေးဖြစ်သည်။ နိုင့် ဆိုင်တွင် ဝယ်နေကျဖောက်သည်မို့ နိုင်နှင့် အတော်ရင်းနှီးပါသည်။ သူ့အလုပ်လုပ်ရာအိမ်တွင် စကားပြောဖော် မရှိခြင်းကြောင့်လား၊ နိုင့်ကို ခင်သောကြောင့်လားတော့ မသိ၊ နိုင့်ဆိုင်ကိုလာလျှင် မြူဖွေးက တွေ့ရာလေးပါး စကားစမြည်ပြောပြီးမှ ပြန်လေ့ရှိသည်။ တစ်ခါတရံလည်း သူတို့ရွာကအကြောင်း၊ တစ်ခါတရံတော့လည်း သူထိန်းရသော ကလေးများအကြောင်း၊ တစ်ခါတရံတော့လည်း သူ့ဘဝဇာတ်ကြောင်း စသည်ဖြင့် မြူဖွေးက ရောက်တတ်ရာရာ ပြောပြလေ့ရှိသည်။ ခိုင်ကလည်း ဆိုင်အကူမရှိ၊ အရောင်းစာရေးမရှိ တစ်ယောက်တည်း ဆိုင်ထိုင်သူမို့ မြူဖွေးရောက်လာလျှင် ဘာရယ်မဟုတ် ဟိုမေး သည်ပြောဖြင့် အမှုန်းတော့ ပြေလေသည်။

မြူဖွေးက အဖေမရှိတော့။ အမေ တစ်ယောက်တည်းကသာ ရှန်းကန်ရှာဖွေရသည်။ ပညာလည်း ဖြစ်ဖြစ်မြောက်မြောက် သင်မပေးနိုင်သော အမေဖြစ်သူက မြူဖွေး

မိုးခေါင်ရေရှား ရပ်ဝန်းမို့
စိုက်ရေးပျိုးရေး မဖြစ်ထွန်းသော
မြူဖွေးတို့ ရွာလေးတွင်
ယောကျ်ားလေးဆိုလျှင်
ပုတက်၊ မြွေ စသည်တို့ကို
ဖမ်းရောင်း၊ မိန်းကလေးဆိုလျှင်
ဆိတ်ကျောင်းရုံသာရှိသည်။

ကို နေပူစပ်ခါးတွင် လုပ်ကိုင်မစားရစေလိုသော စေတနာတော့ရှိသည်။ ပြောမည်သာပြောရသည်။ မိုးခေါင်ရေရှား ရပ်ဝန်းမို့ စိုက်ရေးပျိုးရေး မဖြစ်ထွန်းသော မြူဖွေးတို့ ရွာလေးတွင် ယောကျ်ားလေးဆိုလျှင် ပုတက်၊ မြွေ စသည်တို့ကို ဖမ်းရောင်း၊ မိန်းကလေးဆိုလျှင် ဆိတ်ကျောင်းရုံသာရှိသည်။ နေပူစပ်ခါးတွင် နဖူးကချွေး ခြေမကျအောင် လုပ်ကိုင် စားသောက်စေကာမူ လူ့မွေးသူ့မွေး ပြောင်မည့်အလုပ်မရှိပေ။ ထို့ကြောင့် အရိပ်ထဲတွင်လည်း နေရအောင်၊ မြို့တွင်လည်း နေရအောင်ဆိုသော ရည်ရွယ်ချက်ဖြင့် မြူဖွေးကို ကလေးထိန်း၊ အိမ်အကူအဖြစ် မြို့သို့ ထည့်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ကလေးထိန်း၊ အိမ်အကူဆိုသော်လည်း ဝမ်းဝအောင်တော့ စားရသောက်ရမည်၊ အဝတ်အစားဆိုလျှင်လည်း အိမ်ရှင်ဆင်ခသော အဟောင်းအမြင်းလေးဖြစ်ဖြစ် ခါးလှအောင်တော့ ဝတ်ရမည်။ အနည်းဆုံးတော့ ရေခနဲသောက် မြက်ခြောက်စားဘဝမှ ကျွတ်မည်။ သည်လိုအတွေးဖြင့် အိမ်အကူလုပ်နိုင်းခြင်းဖြစ်သည်ဟု မြူဖွေးက ပြောပြသည်။

"အာလူးကြော်က ခါတိုင်းဝယ်နေကျ အထုပ်မျိုးပဲ ပေးလိုက်နော်၊ ကလေးက အဲဒါပဲ စားတာမို့လို့"

အာလူးကြော်နှစ်ထုပ်ကို နိုင် ဖြုတ်ပေးလိုက်တော့ မြူဖွေးက လက်ထဲတွင် လိပ်ကိုင်လာသော ပိုက်ဆံအလိပ်ကလေးကို ဖြန့်ကာ ပိုက်ဆံရှင်းသည်။ သည်နေ့တော့ မြူဖွေးက အခါတိုင်းနေ့တွေလို ရောက်တတ်ရာရာ စကားတွေမပြော။ ပိုက်ဆံရှင်းပြီး သည်နှင့် ပြန်ရန်ပြင်သည်။

"ပြန်လိုက်အုံးမယ် အန်တီနိုင်ရေ၊ ကလေးက အာလူးကြော် စောင့်နေမှာမို့၊ ပြီးရင် အဝတ်လျှော်၊ မီးပူတိုက်တွေလည်း ပြတ်အောင် လုပ်ပေးရအုံးမှာ၊ သမီးက နောက်ရက်ဆို အလုပ်ထွက်တော့မှာလေ၊ နိုင်ငံခြားသွားမလို့"

ဆိုင်ရှေ့မှပြန်အထွက် မြူဖွေးပြောလိုက်သော စကားကြောင့် နိုင် အံ့ဩသွားသည်။ "ဘယ်နိုင်ငံလဲ"ဟု နိုင်မေးတော့ အိမ်နီးချင်းနိုင်ငံတစ်ခု၏ အမည်ကို မြူဖွေးက ရွတ်ပြသည်။ "ဘယ်သူနဲ့ ဘာလုပ်၊ ဘယ်လို" စသည်ဖြင့် မေးခွန်းတချို့ နိုင့်



ခေါင်းထဲ တစ်နီးစီရောက်လာသည်။ မေးမည် ပြင်ဆဲ ဖြူဖွေးက နိုင့်ရှေ့ကနေ ခပ်သုတ်သုတ် ထွက်သွားလေသည်။

''အလုပ်ထွက်တဲ့ နေ့ကျရင်တော့ အန်တီနိုင့်ကို အေးအေးဆေးဆေး လာနှုတ်ဆက်ပါအုံးမယ်''

ဖြူဖွေးပြန်သွားတော့ နိုင် ဆက်တွေးနေမိသည်။ ဖြူဖွေးသည် အခြေခံလူတန်းစားအလွှာမှ ဖြစ်သည်။ လက်မှုပညာ၊ အတန်းပညာရယ်လို့လည်း ဟုတ်ဟုတ်ငြားငြား တတ်သည်မဟုတ်။ ငွေအရင်းအနှီးလည်း ရှိသည်မဟုတ်။ အိမ်အကူလုပ်ရာမှ ရသည့်လစာကိုပင် ဖြူဖွေးအမေက သုံးလစာခန့် ကြိုထုတ်ကာ အကြွေးဆပ်ထားသည်ဟု ဖြူဖွေးပြောဖူးသည်။ လုပ်ငန်းအဆက်အသွယ်ဖြင့် သွားသည်ဆိုရအောင်ကလည်း ဖြူဖွေးသည် ရွာကတက်လာကတည်းက တစ်အိမ်ပြီးတစ်အိမ်ပြောင်းကာ အိမ်အကူအလုပ်သာ လုပ်ဖူးသည်။ ပြင်ပအလုပ်ကို တစ်ခါမျှ လုပ်ဖူးသူမဟုတ်။ သည်လို ဖြူဖွေးသည် တစ်ပက်နိုင်ငံသို့ မည်သို့မည်ပုံသွားကာ မည်သည့်အလုပ်ကို လုပ်ကိုင်ပါမည်နည်းဆိုတာ တွေးစရာကြီးဖြစ်နေလေသည်။ နိုင်နှင့် ဘာမျှမဆိုင်သော်လည်း နိုင့်ရင်ထဲတွင် စနိုးစနောင့်။

ဖြူဖွေးနှင့်တွေ့လျှင်တော့ သေချာမေးမြန်းကြည့်ဦးမည်ဟု နိုင် တေးထားလိုက်သည်။ တကယ်ပင် ကျကျနန အလုပ်အကိုင်ကောင်းဆိုလျှင်တော့ ဖြူဖွေးအတွက် ဝမ်းသာရမည်ပေါ့။ ဖြူဖွေးကတော့ နိုင့်ဆိုင်ကို နောက်ထပ် ရောက်မလာခဲ့ပါ။ ဖြူဖွေး အလုပ်လုပ်ခဲ့ရာအိမ်မှ အကြီးဆုံးမလေး ကိုယ်တိုင် မုန့်လာဝယ်သည်ကိုတွေ့တော့ ဖြူဖွေး အလုပ်ထွက်သွားပြီဟုသာ မှတ်လိုက်ရသည်။ နိုင် မျှော်နေသေးသော်လည်း ဖြူဖွေးကတော့ ရောက်မလာခဲ့ပေ။



ဖြူဖွေးနှင့် တွေ့မည့်တွေ့တော့လည်း ဈေးရှေ့တွင် တည့်တည့်တိုးသည်။ ဟင်းချက်စရာ အသားငါး၊ အသီးအရွက်များ ဝယ်ခြမ်းအပြီး ဈေးထဲက နိုင် ထွက်အလာ ဖြူဖွေးနှင့် တွေ့ခြင်းဖြစ်သည်။ ဖြူဖွေး တစ်ယောက်တည်းတော့ မဟုတ်။ ဖြူဖွေးတို့အရွယ် မိန်းကလေးနှစ်ယောက်နှင့် အတူဖြစ်သည်။ နိုင့်ကိုတွေ့တော့ ဖြူဖွေးကပင် နှုတ်ဆက်သည်။

''အန်တီနိုင်...ဈေးလာတာလား''

ဖြူဖွေးက အိမ်အကူ လုပ်စဉ်ကနှင့် မတူ။ လှတပတလေး ဝတ်စားထားလေသည်။ နိုင့်ကို ဈေးရှေ့က လက်ဖက်ရည်ဆိုင်ဆီသို့ ဖြူဖွေးကခေါ်သည်။ ညှိသည်တစ်ယောက်နှင့် ထိုဆိုင်တွင် ချိန်းထားသည်ဟု ဆိုသည်။ ညှိသည် မလာသေးခင် အေးအေးဆေးဆေး စကားပြောရအောင်ဟုဆိုကာ ဖြူဖွေးက ခေါ်ခြင်းဖြစ်သည်။ ဈေးလည်း ဝယ်ပြီးနေပြီမို့ လက်ဖက်ရည်ဆိုင်ထဲသို့ နိုင် လိုက်သွားလိုက်သည်။ ဖြူဖွေးကို မေးချင်သည်များကလည်း ရှိနေသည်လေ။ လျှာရှည်သည်ဟု ဆိုဆို၊ စပ်စုသည်ပဲ ပြောပြော သိသင့်သိထိုက်တာလေးများကိုတော့ မေးရ ပြောရပေဦးမည်။ ၁၈ နှစ်သာသာခန့်သာ ရှိသေးသော ဖြူဖွေးသည် တကယ်တော့ နိုင့်သမီးအရွယ်ပင် မဟုတ်ပါလား။ အရွယ်ကောင်း မိန်းမပျိုလေးတွေလည်း ဖြစ်နေသည်လေ။

ယောက်ျားလေးဆိုလျှင်မှ ခေါင်ကျကျပြားကျကျဟု ဆိုနိုင်သော်လည်း မိန်းမသားဘဝကမူ နုနုနယ်နယ် ပန်းလေးတစ်ပွင့်လိုမျိုးမို့ မညှိုးနွမ်းအောင် ထိန်းသိမ်းနိုင်မှ တန်ကာ ကျမည်ထင်သည်။ နိုင့်သမီးသာဆိုလျှင်ဖြင့် ခြေခြားမြေခြားသို့ ဘာမသိတာမသိ သွားရမည်ကို နိုင် ဘယ်လိုမျှ စိတ်ချနိုင်မည် မဟုတ်ပေ။ သွေးမတော် သားမစပ်သော်ငြား ဖြူဖွေးသာ ကိုယ့်သားသမီးဆိုလျှင်ဟူသော စိတ်ထားဖြင့် နိုင် မေးချင်ပြောချင်ပါသေးသည်။ ဝမ်းသာစရာဆိုလျှင်လည်း မုဒိတာဖြင့် ဝမ်းသာလိုက်ချင်သည်။ လက်ရှိတွင်တော့ ဖြူဖွေး၏နိုင်ငံခြားသွားတော့လားနှင့် ပတ်သက်ပြီး နိုင့် ရင်ထဲ ဘဝင်မကျ ရှိနေခဲ့ဖြစ်သည်။ သေချာမေးလိုက်၊ ပြောလိုက်ရလျှင်တော့ စိတ်ချလက်ချ ဘဝင်ကျသွားမည် ထင်သည်။

မေးကြည့်တော့ ဖြူဖွေးက ဘာမျှ ရေရေရာရာမသိပေ။
တစ်ဖက်နိုင်ငံဟုသာ သိသည်။ ဘယ်မြို့ ဘယ်နေရာဟု ဖြူဖွေးမပြောနိုင်။
ဘယ်ပုံဘယ်နည်း သွားကြမည်ကိုလည်း မသိ။



ဆိုင်ထဲ ထိုင်မိတော့ ဖြူဖွေးကပင် စကားစသည်။

"အန်တီနိုင့်ဆိုင်ကို လာနှုတ်ဆက်တဲ့ မလို့ပဲ၊ အလုပ်ကထွက်ပြီး ရွာကို တန်းပြန်သွားရလို့ မလာဖြစ်တာ အန်တီနိုင်ရဲ့၊ အိမ်ရှင်တွေကလည်း အလုပ်ထွက်မှာကို မကြည်သလိုလို၊ ဘာလိုလိုနဲ့မို့ သမီးလည်း သုတ်သုတ် ပြန်သွားရတာ၊ ခု အန်တီနိုင်နဲ့တွေ့တော့ အတော်ပဲ၊ တစ်ခါတည်း နှုတ်ဆက်ရတာပေါ့၊ နောက်တစ်ပတ်လောက်ဆို သမီးတို့က နိုင်ငံခြားသွားတော့မှာလေ"

နိုင် မေးချင်နေသောအကြောင်းအရာကို ဖြူဖွေးကပင် စလာသည်မို့ အတော်ဖြစ်သွားသည်။ မေးကြည့်တော့ ဖြူဖွေးက ဘာမျှ ရေရေရာရာမသိပေ။ တစ်ဖက်နိုင်ငံဟုသာ သိသည်။ ဘယ်မြို့ ဘယ်နေရာဟု ဖြူဖွေးမပြောနိုင်။ ဘယ်ပုံဘယ်နည်း သွားကြမည်ကိုလည်း မသိ။ ဖြူဖွေးတို့ကို ခေါ်သွားမည့်သူက ဈေးထဲတွင်ဆုံရာမှ ခင်မင်နေသူ၊ မမြဟု ပြောသည်။ တစ်ဖက်နိုင်ငံတွင် အလုပ်အကိုင်ကောင်းသည်၊ လစာလည်း ကောင်းသည်ဟုဆိုသဖြင့် ရွာမှ အဖော်နှစ်ယောက်ကိုပင် ပြန်ခေါ်ကာ လိုက်သွားဖို့ ဖြူဖွေးကြံသည်။ အိမ်ရှင်ထံတွင် ကြိုယူထားသော အိမ်အကူလစာ သုံးလစာကိုပင် မမြက ဈိုက်ရှင်းပေးလိုက်သည်ဟု ဖြူဖွေးက ပြောသည်။

"အထည်ချုပ်စက်ရုံမှာ လုပ်ရမှာတဲ့၊ တစ်လကို ငါးသိန်း ခြောက်သိန်းလောက် အိမ်ပြန်ပို့နိုင်မှာလို့ မမြက ပြောတယ်၊ တစ်နှစ်၊ နှစ်နှစ်လောက် လုပ်မယ်စိတ်ကူးတယ်၊ ငွေလေး နည်းနည်းလောက်စုမိရင် ပြန်လာမယ်၊ ပြီးရင် စက်ချုပ်ဆိုင်လေး ဖွင့်စားမယ် စိတ်ကူးတယ် အန်တီနိုင်"

ဖြူဖွေးက တက်တက်ကြွကြွ ပြောနေသည်။ နိုင့် ခေါင်းထဲတွင်တော့ ဘဝင်မကျစိတ်က ပိုမိုကြီးထွားလာသည်။

"ဖြူဖွေးက စက်ချုပ်တတ်လို့လား"

အထည်ချုပ်စက်ရုံတွင် လုပ်ရမည်ဆို၍ နိုင် မေးမိသည်။

"မတတ်ဘူးလေ၊ ဟိုရောက်မှ သင်ပေးမှာတဲ့"

မဟုတ်တော့။ ဘာမှန်းမသိသေးသော်လည်း၊ မဟုတ်တော့ဟုသာ နိုင် တွေးမိသည်။ ကျွမ်းကျင်လုပ်သားများကိုသာ လိုချင်ကြသော သည်ခေတ်အခါဝယ် စက်ချုပ်ပင် မတတ်သေးဘူးကို အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ဖို့ တစ်ဖက်နိုင်ငံအရောက် ပိုက်ဆံစိုက်ကာခေါ်သည်။ ဟိုရောက်မှ သင်ပေးမည်ဟုဆိုသည်။ လစာကလည်း အများသား။ တစ်လလျှင် ငါးသိန်း ခြောက်သိန်းခန့်ပင် အိမ်ပြန်ပို့နိုင်ဦးမည်ဟု ဆိုရာ သံသယဖြစ်လောက်အောင် ကောင်းနေသည့် အနေအထားဟုသာ နိုင်တွေးမိသည်။ နိုင် မေးကြည့်သလောက်လည်း တရားဝင်အလုပ်သမား ပို့ဆောင်သည့် အလုပ်အကိုင် အေဂျင်စီမျိုးလည်း မဟုတ်။ ကလေးမလေးတွေ၊ အသက် ၁၈ နှစ်သာသာ ဖြူဖြူစင်စင် အရွယ်ကောင်း ကလေးမလေးတွေ။ မြန်မာမိန်းမပျိုလေးတွေ။ မပြောကောင်း မဆိုကောင်း အလိမ်အညာခံရ ရောင်းစားခံရလျှင် ဘုရား…ဘုရား။

ထိုစဉ် ဆိုင်ထဲသို့ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး ဝင်လာသည်။ ထိုအမျိုးသမီးသည် ခံ့ပင်အကောက်ကို ရဲနေအောင် ခေါးဆိုးထားသည်။ ဝတ်စားပုံကလည်း ပေါ့ရှေ့ဖြစ်သည့်အပြင် ရွှေတွေလည်း အတော်များများ ဝတ်စားထားသေး သည်။ "မမြ"ဟု ဖြူဖွေးက မိတ်ဆက်ပေးသည်။ ဘာကြောင့်မှန်းတော့မသိ၊ နိုင့်ရင်ထဲက သံသယစိတ်က ထိုအမျိုးသမီးကို အတွေ့တွင် ပိုမိုကြီးထွားလာသည်။ သို့သော်လည်း နိုင့် သံသယသည် သံသယသက်သက်သာ ဖြစ်သည်။ ဘာဆက်လုပ်ရမည် နိုင် မသိ။ ထိုစဉ် ခေါင်းထဲ ဖျတ်ခနဲအကြံပေါ်သည်။

"ဖြူဖွေးတို့ပြောပြလို့အလုပ်အကြောင်း သိရတယ်၊ ဟန်ကျလိုက်တာ၊ ကျွန်မ တူမလေး နှစ်ယောက်ကိုပါ ထည့်ချင်လိုက်တာ၊ ရမလားဟင်"

နိုင့် စကားကြားတော့ မမြမျက်နှာ ဝင်းခနဲဖြစ်သွားသည်။ နိုင်ကလည်း ယုတ္တိတန်အောင် ဆက်ပြောရသေးသည်။ သည်လိုနှင့် တစ်ဖက်နိုင်ငံမသွားခင် မမြရှိနေမည့် အိမ်လိပ်စာကို နိုင် ရခဲ့သည်၊ တကယ်တမ်း နိုင့်မှာက တူမ မရှိချေ၊ ရှိခဲ့လျှင်တောင် ခြေးမြေခြားသို့ ဘုမသိ ဘမသိ သွားဖို့ နိုင် လွှတ်မည်မဟုတ်။ သို့သော်လည်း သည်လို ပရိယာယ်သုံးမှသာ ဖြူဖွေးတို့နှင့် ကွင်းဆက်ပြတ်မသွားမည် ဖြစ်သည်လေ။

အိမ်ပြန်ရောက်တော့ နိုင် တအောင့်တနား ထိုင်စဉ်းစားသည်။ ထို့နောက် ရပ်ကွက်ထဲရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင် တစ်ယောက်ထံသို့သွားကာ ဖြူဖွေးတို့ဖြစ်စဉ်ကို ပြောပြကြည့်လိုက်သည်။ တကယ်တော့ နိုင်က စိတ်ထဲ စနောင့်စနင်းဖြစ်နေတာက လွှဲလျှင် ဘာဖြစ်လာနိုင်မည်၊ ဘာလုပ်ရမည်ကို သေချာမသိ၊ မမှန်းဆတတ်ချေ။ သို့သော် အမျိုးသမီးရေးရာအဖွဲ့ဝင် အစ်မကြီးကတော့ဖြင့် သင်တန်းတွေလည်း တက်ထား၊ အမျိုးသမီးငယ်တွေကို ကူညီထား

သည့် အတွေ့အကြုံလည်း များစွာရှိထားသူမို့ နိုင် ပြောပြလိုက်သည်နှင့် ချက်ဆို နားခွက်က မီးတောက်လေသည်။

''ဒါ-လူကုန်ကူးမှုဖြစ်နိုင်တဲ့ အနေအထားပဲ မဟုတ်လား အခမ့လက်ထပ်ဖို့များ ရည်ရွယ်သလားပဲ၊ မိန်းကလေးတွေအရွယ်ကလည်း အရွယ်ကောင်းလေးတွေ''

အမျိုးသမီးရေးရာအဖွဲ့၏ အဆင့်ဆင့် ချိတ်ဆက်လုပ်ဆောင်မှုဖြင့် လူကုန်ကူး ရဲ တပ်ဖွဲ့သို့ ထိုဖြစ်စဉ်က ရောက်ရှိသွားသည်။ နိုင်ကတော့ မသိစိတ်၏ စေ့ဆော်မှုဖြင့်သာ လုပ်နေရသည်။ ဘာကိုမျှ သေချာမသိသူမို့ နိုင်လုပ်နေတာတွေ မှားများမှားသွားမလားဟု မသေမချာရှိနေဆဲ ဖြစ်သည်။

''နိုင်လည်း စိုးရိမ်စိတ်နဲ့သာ ပြောရတယ်၊ မှားသွားရင်တော့ ဒုက္ခနော်၊ လျှာရှည်သလို ဖြစ်သွားမယ်ထင်ပါရဲ့''

သို့သော်လည်း နိုင် မမှားခဲ့ပါ။ အဆင့်ဆင့် ချိတ်ဆက်ဆောင်ရွက်မှုဖြင့် နောက်ဆုံးတွင် သိလိုက်ရသည်က မမြဲဆိုသော အမျိုးသမီးသည် လူကုန်ကူးမှုဖြင့် ကျော်စောသတင်းရှိသူ။ ယခုလည်း ဖြူဖွေးတို့ကို တစ်ဖက်နိုင်ငံသို့ တရားမဝင် လူကုန်ကူးရန် ကြံစည်ခြင်းပင်ဖြစ်သည်။ အထည်ချုပ်စက်ရုံ ဆိုသည်မှာလည်း အကာယ်တော့ မဟုတ်။ အခမ့လက်ထပ်နိုင်းရန်ရည်ရွယ်ကာ ရောင်းစားမည်ဖြစ်သည်ဟု ဆိုသည်။ ရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးသောအခါ ဖြူဖွေးတို့တင် မဟုတ်။ မိန်းကလေးငယ် ၁၀ ဦးခန့်ကိုပါ လူကုန်ကူးရန်အကြံဖြင့် သွေးဆောင်ခေါ်ယူထားသည်ဟု နိုင်တို့ ပြန်သိရသည်။ တော်ပါသေးသည်။ အချိန်မီလေ။ လက်မတင်လေး။

အတန်းပညာ နည်းပါးသလို
အသိပညာလည်း
နည်းပါးလွန်းသော ဖြူဖွေးအပို့
နောက်ထပ် မမမြတွေနှင့်
တွေ့လျှင်ကော သည်လိုကိစ္စတွေ
ထပ်ဖြစ်ဦးမလား နိုင် မသိနိုင်။
ဆင်းရဲနွမ်းပါးခြင်းနှင့်
အလုပ်အကိုင် အခွင့်အလမ်း
ရှားပါးခြင်းတို့မှ
ရုန်းထွက်နိုင်မည်ထင်ရသော…

ပြဿနာအားလုံး ပြီးစီးသွားတော့ ဖြူဖွေးနှင့် နိုင် သွားတွေ့ဖြစ်သည်။ ဖြူဖွေးက နိုင့်ကို ကျေးဇူးတွေ အထပ်ထပ်တင်လေသည်။ ဖြူဖွေးသဘောထားကို မေးကြည့်တော့ ရွာကိုတော့ မပြန်ချင်ဟု ဆိုသည်။ ဖြူဖွေးက စက်ချုပ်ဝါသနာပါသည်။ စက်ချုပ် သင်ချင်သည်။ သို့သော် စက်ချုပ်သင်ရန် ငွေမရှိ။ စက်ဝယ်ရန်လည်း ငွေမရှိ။

''အိမ်အကူပဲ ပြန်လုပ်ရတော့မှာပေါ့ အန်တီနိုင်ရယ်၊ ရွာပြန်တော့လည်း ဘာမှ လုပ်ကိုင်စားစရာမရှိတော့ ငတ်မှာပဲလေ''

အတန်းပညာ နည်းပါးသလို အသိပညာလည်း နည်းပါးလွန်းသော ဖြူဖွေးအပို့ နောက်ထပ် မမမြတွေနှင့် တွေ့လျှင်ကော သည်လိုကိစ္စတွေ ထပ်ဖြစ်ဦးမလား၊ နိုင် မသိနိုင်။ ဆင်းရဲနွမ်းပါးခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်းတို့မှ ရုန်းထွက်နိုင်မည် ထင်ရသော အခွင့်အလမ်း အတုအယောင်များ ကြုံလာလျှင် ကောက်ရိုးတစ်မျှင်လို ဆွဲမိဦးမည်ကတော့ သေချာသလောက်ပင်။

နောက်ဆုံးတော့ နိုင် တစ်ခုဆုံးဖြတ်လိုက်သည်။ ဖြူဖွေးကိုတော့ မေးရသည်။

''ဖြူဖွေး စက်ချုပ်သင်မလား''

ဖြူဖွေးမျက်နှာ တစ်ချက်လက်ပြီး ချက်ချင်း ပြန်မှိန်သွားလေသည်။

''သင်ချင်တာပေါ့၊ အမေက ပြောဖူးတယ်၊ စက်ချုပ်တတ်လို့ကတော့ ဘယ်နေရာ သွားသွား ထမင်းမငတ်ဘူးတဲ့လေ၊ သင်ချင်တယ်၊ ဒါပေမဲ့ အန်တီနိုင်ရယ် သမီးမှာ မှ သင်စရာပိုက်ဆံမရှိတာ''

နိုင် ပြုံးရင်း ခေါင်းကို ဖြည်းဖြည်း ရမ်းသည်။

''ဒီအတွက် ဘာမှ မပူနဲ့ ဖြူဖွေး''

နိုင်တို့ ရပ်ကွက်ထဲက အမျိုးသမီးရေးရာ အဖွဲ့များနှင့် ချိတ်ဆက်ကာ အခြေခံ စက်ချုပ်သင်တန်းသို့ ဖြူဖွေး တက်ရောက်ဖြစ်သွားသည်၊ ဖြူဖွေးတို့ သုံးယောက်လုံးဖြစ်သည်။ အမျိုးသမီးရေးရာအဖွဲ့မှ အခမဲ့ဖွင့်လှစ်သော သင်တန်းဖြစ်သည်မို့ သင်တန်းကြေးလည်း တစ်ပြားတစ်ချပ်မျှ ကုန်စရာမလို။ ဒိုင့် အိမ်တွင်တည်းပြီး သင်တန်းသွားတက်ကြသည်။ သင်တန်းဆင်းတော့ ဈေးထဲရှိ



စက်ချုပ်ဆိုင်တစ်ခုတွင် ဖြူဖွေးတို့ အလုပ်ရသည်။ လခရသည့်အပြင် ကိုယ်ချုပ်ရသည့် အထည်တစ်ထည်ချင်းအပေါ်တွင်ပါ ကော်မရှင်ရသေးသည်မို့ ဖြူဖွေးတို့ လုပ်ပျော်ကြလေသည်။

''ဆိုင်မှာလုပ်ပြီး ပိုက်ဆံစုမယ် အန်တီနိုင်၊ အတွေ့အကြုံလည်းရ၊ ပိုက်ဆံလည်းစုမိပြီဆိုရင် စက်ကလေးတစ်လုံးလောက်ဝယ်ပြီး သုံးယောက်ပေါင်း ဆိုင်ဖွင့်မယ် စိတ်ကူးတယ်၊ လိုတော့ အတွေ့အကြုံ လိုပါသေးတယ်၊ ဒါပေမဲ့ ဒီလောက် လမ်းစပေါ်လာတာကိုပဲ မဆိုးဘူး။ သမီးတို့ ကြိုးစားမယ် အန်တီနိုင်''

ဖြူဖွေးစကားကြားတော့ နိုင် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးမိရသည်။ နိုင့် အတွေးတို့ နိုင့် လုပ်ဆောင်ချက်တို့ မှားခဲ့သည့်မှာ မဟုတ်သေးချေလေသည်။

----------x x x----------

နွေရာသီအားလပ်ရက်မို့ ကမ်းခြေတစ်ခုဆီသို့ နိုင်တို့ အပန်းဖြေခရီး ထွက်ကြသည်။ အဝေးဆီမှ လှမ်းမြင်နေရသော ဖြူလွလွ သဲမှုန်များ၊ ပင်လယ်ပြင်ဆီမှ တိုက်ခတ်လာသော လေနုအေးလေးများ၊ တရိပ်ရိပ်ပြေးလာနေသော လှိုင်းခေါင်းဖြူလေးများသည် နိုင့်ကို တမဟုတ်ချင်း ကြည်နူးသွားစေခဲ့သည်။ ထို့ကြောင့် အခန်းထဲတွင်ပင် နားမနေတော့ဘဲ ချက်ချင်းဆိုသလို ကမ်းခြေတစ်ပိုက် နိုင် လမ်းလျှောက်ထွက်ခဲ့လိုက်သည်။

ကမ်းခြေရှိ သဲသောင်ပြင်ပေါ်ရောက်တော့ ကောင်းကင်တစ်ခုအလားပင် နိုင် ထင်လိုက်မိသေးသည်။ သဲသောင်ပြင်ပေါ်တွင် ကြယ်လေးများ အပြည့်ဖြစ်နေလေသည်၊ တချို့ကြယ်လေးများက လှုပ်လှုပ်ရွရွ တချို့ကြယ်လေးများကတော့ ငြိမ်ငြိမ်သက်သက် ရှိနေကြလေသည်။ တကယ်စင်စစ် ကြယ်လေးများတော့ မဟုတ်ပေ။ သဲသောင်ပြင်ပေါ်တွင် လာတင်နေသော ကြယ်ငါးလေးများ ဖြစ်လေသည်၊ ရေထဲသို့ အချိန်မီ မရောက်ပါက သေကြေပျက်စီးကြပေရော့မည်။

နိုင်သည် တရွေ့ရွေ့လျှောက်နေရင်းက ကြယ်ငါးလေးတွေကို တတ်နိုင်သလောက် ကောက်ကာ ပင်လယ်ပြင်ကျယ်ကျယ်ကြီးဆီ အရောက်ပြန်ပို့နေမိတော့သည်။ တစ်ကောင်・・・နှစ်ကောင်・・・သုံးကောင်။ များများတော့လည်း မဟုတ်။ နိုင်နိုင်သလောက်အစွမ်းလေးဖြင့်သာ တစ်လှမ်းချင်း၊ တစ်ကောင်ချင်း ကောက်နေမိခြင်းသာ ဖြစ်သည်၊ ကမ္ဘာနှင့်ချီပြီးတွေးလျှင် နိုင့် လုပ်ဆောင်မှုသည် ဘာမျှမဖြစ်စလောက်။ တကယ့်ကို မဖြစ်စလောက် သေးသေးလေး။ သို့သော် နိုင် ကောက်မိသလောက် ကြယ်ငါးလေးတွေကတော့ ရှင်သန်ခွင့်ရမည် ဖြစ်သည်။

ကြယ်ငါးလေးတွေကို နိုင် ဆက်ကောက်နေမိသည်။ ကြယ်ငါးကောက်သူတွေ များလာလျှင်တော့ ကြယ်ငါးလေးတွေ အတော်များများ ရှင်သန်ခွင့်ရမည် ထင်ပါသည်။

**နေနိုင်**

# ဖြစ်မှုဖြစ်ရလေ

ကျွန်မရဲ့ တူတော်မောင် မင်္ဂလာဆောင်တဲ့နေ့မှာ သတို့သမီးနဲ့ သူအမေဟာ လီမောက်စင်း(Limousing) ကားစီးပြီး ဘုရားကျောင်းအလာမှာ အဖိုးကြီးက ယာဉ်မောင်းကို စကားပြောချင်တာနဲ့ ရှေ့ခန်းနဲ့ နောက်ခန်းခြားထားတဲ့ မှန်တံခါးကိုတွန်းလိုက်တယ်။ (အဲဒီမှန် ကာထားလို့ နောက်ခန်းကပြောရင် ရှေ့ခန်းကမကြားနိုင်ဘူးလေ)

ပြီးတော့ အဖိုးကြီးက ဒရိုင်ဘာရဲ့ပခုံးကို လှမ်းပုတ်လိုက်တယ်။ ဒရိုင်ဘာက ကြောက်လန့်တကြားနဲ့ ကားကိုဆွဲကွေ့လိုက်ပြီး ကားကို ရပ်လိုက်တယ်။

''လူလေးရေ ဆောရီးပါကွာ၊ မင်းကို လန့်အောင်လုပ်လိုက်မိလို့'' အဖိုးကြီးက တောင်းပန်စကားဆိုတယ်။

''အို・・・ကျွန်တော်ကသာ တောင်းပန်ရမှာပါ''လို့ ဒရိုင်ဘာလေးက အားတုံ့အားနာနဲ့ ပြောတယ်။ ပြီးတော့–

''ကျွန်တော်က မင်္ဂလာဆောင်ကားကို အရင်က မမောင်းဖူးဘူး။ ရှာပနကားကိုပဲ မောင်းနေကျ''လို့ ဆက်ပြောပါတယ်။

**မောင်သီဟ**



# လည်ပင်းရိုး ကြီးပေါင်းတက်ခြင်း

ဒေါက်တာရဲကို

နိစ္စဓူဝ ရုန်းကန်လှုပ်ရှားနေရသော ဘဝများတွင် ကျန်းမာရေးအတွက် ကောင်းကျိုး ဆိုးကျိုးများသည် နေ့စဉ်ယှဉ်တွဲလျက် ဖြစ်ပေါ်နေပေသည်။ လူတို့၏ ခန္ဓာကိုယ်သည်လည်း အမျိုးမျိုးသော လှုံ့ဆော်မှုများ၊ သက်ရောက်မှုများကြောင့် ကာယိကဝေဒနာ အမျိုးမျိုးကို ခံစားနေရခြင်းဖြစ်သည်။

ရောဂါအမျိုးမျိုးအနက်မှ အရိုးကြီးပေါင်းတက်ခြင်းသည် ယနေ့ခေတ်အချိန်အခါတွင် ကျန်းမာရေးအသိနှင့် မဖြစ်အောင် ကာကွယ်နိုင်သော ရောဂါဖြစ်သည်။ ကွန်ပျူတာကို ကြာရှည်စွာအသုံးပြုသူများ၊ မိုဘိုင်းဖုန်းကို ကြာရှည်စွာ အသုံးပြုသူများ၊ ညစဉ်အိပ်စက်သောအခါ ပုံသဏ္ဌာန်မမှန်သော အနေအထားဖြင့် အိပ်စက်သူများတွင် ဖြစ်နိုင်ခြေ မြင့်မားပါသည်။

အရိုးကြီးပေါင်းတက်ခြင်းဆိုသည်မှာ မိမိတို့ခန္ဓာကိုယ်ရှိ ကျောရိုးမကြီးမှ ကျောရိုးအဆစ်ကလေးများသည် အသက်အရွယ် အိုမင်းကြီးရင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းလာကာ အရိုးအတက်ထွက်ခြင်း၊ ရေဓာတ် လျော့နည်းလာပြီး အရိုးဆစ်များ ခြောက်သွေ့ကာ ကျုံ့သွားခြင်း၊ နောက်ဆက်တွဲ ဆိုးကျိုးအနေနှင့် အရိုးဆစ်ရောင်ရမ်းမှု ဖြစ်ပေါ်ခြင်းကို ဆိုလိုပါသည်။

အသက် ၆၅ နှစ်နှင့် အထက်ရှိသော သူများကို လည်ပင်းရိုးဓာတ်မှန်ရိုက်ကြည့်ပါက ၉၀ ရာခိုင်နှုန်းခန့်တွင် လည်ပင်းရိုးကြီးပေါင်းတက်ခြင်း၊ အဆစ်အမြစ်ရောင်ရမ်းခြင်းကို တွေ့ရှိနိုင်ပေသည်။ ထိုကဲ့သို့ တွေ့ရှိသော်လည်း အများစုမှာ ရောဂါလက္ခဏာခံစားရမှု အလျင်းမရှိပေ။ ရောဂါလက္ခဏာခံစားရသော်လည်း ခွဲစိတ်ကုသခြင်း မဟုတ်သော အခြားကုထုံးများ၏ အကူအညီဖြင့် ကုသခြင်းဖြင့် သက်သာနိုင်ကြပြီ ဖြစ်သည်။

## ရောဂါလက္ခဏာများ

လည်ပင်းရိုးကြီးပေါင်းတက်ခြင်းတွင် များသောအားဖြင့် ရောဂါလက္ခဏာပြသလေ့ မရှိပေ။ ခံစားရပြီဆိုပါကလည်း ရောဂါလက္ခဏာအနေနှင့် လည်ပင်းရှိ ကြွက်သားများ တောင့်တင်းခြင်း၊ နာကျင်ခြင်းတို့ ဖြစ်ပေါ်ခံစားရလေ့ရှိပါသည်။ တစ်ခါတရံ လည်ပင်းရိုးကြီးပေါင်းတက်ခြင်းမှ ကျောရိုးတွင်းရှိ







အာရုံကြောများကို ဖိမိခြင်းကြောင့် သက်ဆိုင်ရာ အာရုံကြောများ၏ လုပ်ဆောင်မှုများ ကျဆင်းကာ ထုံကျင်မှု၊ ကြွက်သားများ အားနည်းလာကာ လေးလံမှု၊ ထိုမှတဆင့် လမ်းလျှောက်နိုင်ရန် ခက်ခဲလာခြင်း၊ ဆီးသွားမှု၊ ဝမ်းသွားမှုတို့ကို ထိန်းချုပ်နိုင်ရန် ခက်ခဲခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

**ဖြစ်ပွားရခြင်းအကြောင်းရင်း**

အသက်ကြီးရင့်လာသည်နှင့်အမျှ ခန္ဓာကိုယ်တွင်း ကျောရိုးမကြီးရှိ အရိုးနှင့် အရိုးနုများသည် ပျက်စီးယိုယွင်းမှုကို ခံစားလာရပါသည်။ ကျောရိုးအဆစ်များကြားရှိ အရိုးနုပြားများသည်လည်း အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ခြောက်သွေ့ခြင်း၊ ကျုံ့ခြင်းတို့ ဖြစ်လာပါသည်။ ထိုမှတဆင့် အရိုးနုပြားများသည် အရိုးဆစ်များကြားဘေးသို့ နောက်သို့ ကျွံဝင်မှု ဖြစ်ပေါ်လာကာ အနီးနားရှိ အာရုံကြောများကို ထိမိကာ အာရုံကြောဝေဒနာများကို ခံစားရနိုင်ပါသည်။ ထို့အပြင် အရိုးအတက်ထွက်မှုမှတဆင့် လည်ပင်း ကြွက်သား၊ အရွတ်များကိုသက်ရောက်စေပြီး လည်ပင်းတောင့်တင်းမှု ညောင်းညာကိုက်ခဲမှုကို ဖြစ်ပေါ်စေပါသည်။

အသက်သည် အဓိကအကြောင်းချက်ဖြစ်သည့်အပြင် လုပ်ကိုင်သော အလုပ်အကိုင်သည်လည်း လည်ပင်းရိုးကြီးပေါင်းတက်မှုကို ဖြစ်ပေါ်စေပါသည်။ ထိုင်၍ ဦးခေါင်းနှင့် လည်ပင်းတို့အား ကြာရှည်စွာ မလှုပ်ဘဲ လုပ်ကိုင်ရသောအလုပ်များဖြစ်သည့် ကွန်ပျူတာအသုံးပြုသူများ၊ ရုံးဝန်ထမ်းများ၊ စာဖတ်သူများ၊ အထည်ချုပ်လုပ်သူ ဝန်ထမ်းများတွင် ပို၍ ဖြစ်နိုင်ခြေများ လေ့ရှိသည်။ လည်ပင်းရိုး ထိခိုက်မိခြင်းကြောင့်လည်း လည်ပင်းရိုးကြီးပေါင်းတက်ခြင်း ဖြစ်နိုင်ခြေများပါသည်။ မျိုးရိုးဗီဇသည်လည်း ကြီးပေါင်းတက်ရသော အကြောင်းရင်းတစ်ခု ဖြစ်သည်။

**ရောဂါရှာဖွေခြင်း**

ဓာတ်မှန်ရိုက်ခြင်းသည် အကောင်းဆုံး၊ အလွယ်ဆုံး၊ အစောဆုံး သိရှိနိုင်သော ရောဂါရှာဖွေမှုဖြစ်ပါသည်။ ဓာတ်မှန်ရိုက်ခြင်းဖြင့် လည်ပင်းရိုးကြီးပေါင်းတက်ခြင်း၊ အရိုးအတက်ထွက်ခြင်းတို့ကို ဆောလျင်စွာ တွေ့ရှိနိုင်ပါသည်။ ထို့အပြင် ကွန်ပျူတာဓာတ်

> အသက်ကြီးရင့်လာသည်နှင့်အမျှ ခန္ဓာကိုယ်တွင်း ကျောရိုးမကြီးရှိ အရိုးနှင့် အရိုးနုများသည် ပျက်စီးယိုယွင်းမှုကို ခံစားလာရပါသည်။

မှန် (CT.Scan) ရိုက်ခြင်းဖြင့်လည်း ပိုမို တိကျသော အဖြေစစ်ဆေးမှုကို သိရှိနိုင်ပါသည်။ အခြားစစ်ဆေးမှုများအနေနှင့် သံလိုက်ဓာတ်မှန်(MRI)၊ အာရုံကြောဓာတ်မှန် (myelogram)၊ အာရုံကြောလုပ်ငန်းဆောင်တာများ စစ်ဆေးမှု(Nerve Function test, Nerve Conduction Study) တို့ လုပ်ခြင်းဖြင့်လည်း ရောဂါရှာဖွေနိုင်ပါသည်။



## ကုသခြင်း

ကုသခြင်းသည် ရောဂါအတိမ်အနက်ပေါ် မူတည်၍ အမျိုးမျိုးကွဲပြားပါသည်။ လည်ပင်းရိုးကြီးပေါင်းတက်ခြင်း၏ အဓိက ရောဂါလက္ခဏာဖြစ်သော နာခြင်းကို သက်သာအောင် ပြုလုပ်ခြင်းသည် အရေးအကြီးဆုံးသော ကုသမှုပင်ဖြစ်သည်။ အနာသက်သာခြင်း၊ ကြွက်သားများ နာကျင်တောင့်တင်းမှု မရှိခြင်းမှသည် နေ့စဉ် လုပ်ငန်းဆောင်တာများကို မထိခိုက်စေမှုသည် ကုသမှု၏ ထိရောက်မှုပင်ဖြစ်သည်။ သို့မှသာ အာရုံကြော ထိခိုက်ပျက်စီးမှု မရှိစေမှာ ဖြစ်ပါသည်။

ဆေးဝါးများအနေနှင့် အဓိကအားဖြင့် အနာသက်သာစေသော အကိုက်အခဲပျောက် ဆေးဝါးများ၊ ကြွက်သားများ ပြေလျော့စေသော ဆေးဝါးများ၊ လိုအပ်ပါက ထိုးဆေးများအဖြစ် ထုံဆေးများထိုးခြင်းဖြင့် နာသောနေရာများ သက်သာစေပါသည်။ လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းသည် ထိရောက်သော ကုသမှုတစ်ခုပင်ဖြစ်သည်။ လည်ပင်းကြွက်သားများ၊ ပခုံးကြွက်သားများကို ပြေလျော့စေရန်၊ သန်မာလာစေရန် ပုံမှန်လေ့ကျင့်ခန်း လုပ်ပေးခြင်းဖြင့် လည်ပင်းရိုး ကြီးပေါင်းတက်ခြင်းရောဂါ ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ဆေးဝါးများ၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ဖြင့် မသက်သာဘဲ ရောဂါအခြေအနေ ဆိုးရွားလာကာ အာရုံကြောထိခိုက်မှု ဆိုးရွားစွာဖြစ်ပေါ်လာပြီး ကြွက်သားများ လေးလံလာခြင်း၊ အာရုံကြော ဖိမှုကြောင့် လမ်းလျှောက်ရန် ခက်ခဲလာခြင်းတို့ ဖြစ်ပေါ်လာပါက ခွဲစိတ်ကုသရန် လိုအပ်လာမည် ဖြစ်ပါသည်။



အရိုးကြီးပေါင်းတက်ခြင်းသည် လည်ပင်းတွင် အဖြစ်များပြီး အသက်အရွယ်ကြီးရင့်မှု ဖြစ်သည်ဆိုသော်လည်း ကြိုတင်ကာကွယ် လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ဖြစ်ပေါ်လာပါကလည်း သင့်တော်သော ဆေးဝါးကုသမှုခံယူခြင်း၊ Neck Collar လည်ပင်းထောက် တပ်ထားခြင်း၊ အပူ၊ အအေး ကပ်ခြင်းဖြင့် သက်သာအောင် ပြုလုပ်နိုင်ပြီဖြစ်ပါသည်။ မိမိတို့၏ နေထိုင်မှုပုံစံ ပြောင်းလဲခြင်းဖြင့် လည်ပင်းရိုး ကြီးပေါင်းတက်ခြင်းကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။

**ဒေါက်တာရဲကို**

မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

သန့်ဇင်

စံပြအလှမယ် (Model) မြတ်နိုးအိမ်



ပထမ

ဝဏ္ဏဝင်း



ဒုတိယ
ကော်ခင်းဦး







တတိယ
ကိုကိုကော်

မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

ပြင်ပရှုခင်းဓာတ်ပုံ(Outing) အစီအစဉ်(အကြီးတန်း)

သံလျင်– ကျောက်တန်းရေလယ်ဘုရား



ပထမ

ကိုကိုဇော်



ဒုတိယ

မူမူညွန့်



တတိယ

ကျော်မိုးလတ်

# အချိန်လွန်ပိတောက်ရဲ့ ဝေဒနာသံစဉ်များ

မေလေထိပ်ပန်



အပြောင်းအလဲများလှတဲ့ ချစ်မေတ္တာတွေထဲမှာမှ မပြောင်းလဲဘဲ ချစ်တတ်သူက နိုင်ပါ…လူသားတိုင်းဟာ နှလုံးသားကိုယ်စီ ခံစားချက်ကိုယ်စီ ရှိကြတာပဲလေ…လွမ်းခဲ့မိလို့ အပြစ်ရှိခဲ့မယ်ဆိုရင်လည်း အပြစ်ဒဏ်ကို ခံယူရမယ့်သူက နိုင်ပါလေ…

ပဲခူးမြို့ အ.ထ.က(   )ကျောင်းမှာ ကျောင်းတက်ခေါင်းလောင်းသံ မြည်လာပြီလေ၊ နိုင့်နှလုံးသားတွေ လှုပ်ရှိုးသလို ခံစားလိုက်မိတယ်။

နိုင်တစ်ယောက် ကျောင်းခန်းတွင်းမှ မာန်လာရာလမ်းကို လှမ်းမျှော်ကြည့်နေမိတယ်။ မာန် နောက်ကျနေသဖြင့် နိုင် စိတ်တွေ စိုးရိမ်မိတယ်။ မျှော်တုန်းမျှော်ဆဲမှာပဲ မာန် စက်ဘီးလေးကို လျှင်မြန်စွာနင်းပြီး ရောက်လာပြီ။ ခုမှ နိုင် သက်ပြင်းချလို့ ပျော်သလိုခံစားလိုက်ရတယ်။ မာန် မျက်နှာက နိုင်အတွက် ပျော်စရာအရုပ်လေး မဟုတ်လား။

မာန်နှင့်နိုင်က အတန်းမတူပါ။ အခန်းလည်း မတူပါ။ ထမင်းစားဆင်းချိန်ရောက်တိုင်း နိုင်တို့အတန်းရှေ့မှာ အမြဲလာရပ်ကြည့်နေကြ။ နိုင်တို့အတန်းထဲက မိန်းကလေးတွေ အားလုံးကလည်း လှကြတယ်လေ။

မာန်နှင့် နိုင်ကတော့ ရင်းနှီးပြီးသား သူငယ်ချင်းတွေဆိုတော့ ထွေထွေထူးထူး ပြောစရာ မလိုတော့ဘူး။ အမြဲတွေ့နေကျ ဖြလား။

ပြီးတော့ ညနေကျောင်းဆင်းချိန် ရောက်တိုင်း နိုင့်အိမ်သို့ဝင်နေကျ

"နိုင်…မာန်တို့ ကျူရှင်ကျွက်မြွေ့ကစား ရအောင်နော်"

"မကစားချင်ဘူး မာန်။ နိုင် ခေါင်းမူး နေတယ်"

"လာပါ နိုင်ရာ…တစ်ပွဲနှစ်ပွဲလောက် ကစားပြီးရင် မာန် ပြန်တော့မှာပါ"

မာန်က တဖွတ်ထိုး…သူလုပ်ချင်ရာကို လုပ်တတ်သူ။ နောက်ဆုံး နိုင်က အလျှော့ ပေးပြီး လိုက်လျောပေးရတယ်လေ။ မာန် ကျေနပ်ရင် ပြီးတာပါပဲ။ မာန်အလိုကျ လိုက် လျောမှုတွေ ပေးခဲ့ရတာကိုက နိုင့်ရဲ့ အကျင့် လိုလို ဖြစ်နေခဲ့တာကို။ မာန့်ပြုံးပြင်မှာ စိုးရိမ် ခဲ့တာလည်း နိုင်ပဲလေ။

နေ့စဉ် ကျောင်းတက်ရက်များတွင် လည်း နိုင့်အတန်းရှေ့မှာ တရစ်ဝဲလည်လည် ပါ။ မာန်ရဲ့ သံယောဇဉ်ကြိုးကို နိုင်က ယုံ ကြည်ခဲ့ပြီးသားပါ။ မာန့်မျက်လုံးတွေရဲ့ အကြည့်ရပ်ဝန်းထဲမှာ သံယောဇဉ်အရိပ် အငွေ့တွေက အထုအထည်တွေနဲ့လေ။

နိုင်ရဲ့အိမ်ကိုလာတိုင်းလည်း မာန်နှင့် နိုင် တကျက်ကျက်၊ ငြင်းခုံရစမြဲပါ။ နိုင့် အပေါ် ဘုဂလန့် အမြဲပြောတတ်တာက မာန်။ နိုင် မခံချင်အောင် စတတ်နောက် တတ်တဲ့ မာန်။ နိုင့်ကို အရုပ်ဆိုးမတဲ့။ တကယ်တော့ နိုင့်ကို ချစ်ခင်သူတွေများမှန်း သိလျက်နှင့် နိုင် လှမှန်းသိလျက်နှင့် တမင် သက်သက် အရွဲ့တိုက်ပြီး ပြောတတ်တဲ့ မာန်။ နိုင် မကျေမနပ်ဖြစ်နေတဲ့ပုံကိုကြည့် ပြီး ရယ်သွမ်းသွေးချင်တဲ့ မာန်။

တစ်နေ့…

မာန် ရောက်လာတယ်။

"နိုင်ရေ…နိုင်ရေ…" တကြော်ကြော် အော်ခေါ်ရင်း နိုင့်ကိုရှာနေတယ်လေ။ နိုင့်ကို တွေ့တော့ သူ့မျက်နှာမှာ အပြုံးတွေဝေလို့။ နိုင် သူ့ကို ဝေခါးဝါးကြည့်နေမိတယ်။

"နိုင့်ကို မာန် ပြောစရာရှိတယ် သိ လား"

မာန်က နိုင့်ကို ပြုံးစေ့စေ့ကြည့်ရင်း ပြောလိုက်တယ်လေ။ နိုင် ရင်တွေလှုပ်ရှား သွားခဲ့မိတာပေါ့။ မာန် ဘာပြောမှာပါလိမ့်။ မာန်ကတော့ ပြုံးစိစိ။

"ပြောမှာသာ ပြောစမ်းပါ မာန်ရာ"

နိုင်က သိလိုဇောနဲ့မေးတော့ မာန်က အားရပါးရရယ်တယ်လေ။

"ပြောမှာပေါ့နိုင်ရာ…နိုင်တို့အတန်းထဲ က နိုင့်သူငယ်ချင်း ဖူးဖူးကလေ မာန်ရဲ့ အချစ်ကို ဒီနေ့ပဲ လက်ခံလိုက်တယ်သိလား"

မာန်က ပြုံးပျော်ရွှင်မြူးစွာ ပြောပြနေ တာလေ။ နိုင်က မာန်ရဲ့မျက်နှာကိုကြည့်ရင်း "အော်" တစ်လုံးသာ ဆိုနိုင်ခဲ့တယ်လေ။

မာန်နှင့် ဖူးဖူး ဘယ်လိုကဘယ်လို ချစ်သူတွေဖြစ်သွားကြမှန်းတောင် နိုင် မသိ လိုက်ရပါလား။ မာန်ပျော်ရင် ပြီးတာပဲ မ ဟုတ်ပါလား။ ဒီတော့ မာန်ပြုံးသလို

နိုင်လည်း ပြုံးပြုံးပြရင်း ချော်လဲရောထိုင် လုပ်နေမိတော့တာပေါ့…။

မာန်ကတော့ ပြောဆိုပြီးပြန်သွား တယ်။ နိုင့်မှာတော့ ရင်ထဲမှာ ဟာလာ ဟင်းလင်းနဲ့ အဖြေမရှိတဲ့ပုစ္ဆာကို တွက်နေရ တဲ့အတိုင်း။

နိုင် ရင်ထဲမှာ မွန်းကြပ်သလို ခံစား မိလိုက်ပြီး ဝမ်းနည်းသလိုလို အားငယ်သလို လိုနဲ့ မျက်ရည်တွေ အလိုလိုကျလာခဲ့မိတယ် လေ။ ဘာကြောင့် ဘယ်လိုကြောင့် မျက်ရည်ကျခဲ့ရသလဲဆိုတာ မိမိကိုယ်တိုင် အဖြေမရှာရဲသေးဘူး။ အဲဒီအဖြေ မတွေ့ပါ စေနဲ့လို့ပဲ ဆုတောင်းနေမိသလိုလို။

နောက်နေ့တွေ…နောက်နေ့တွေ…။

နိုင်ရဲ့အတန်းရှေ့မှာ မာန်တစ်ယောက် တရစ်ဝဲလည်လည်ပါပဲ။ နိုင့်အပေါ် သံယော ဇဉ်နဲ့ လာခြင်းမဟုတ်။ နိုင် နားလည်ခဲ့ပါပြီ။ နားလည်လိုက်ပါပြီ။ မာန်က ဖူးဖူးရဲ့ချစ်သူ မဟုတ်လား။ တစ်ခါတစ်လေ ကိုယ်ဖြစ်ချင် တာကိုသာ ရှေ့တန်းတင်တွေးခဲ့မိ။ စိတ်ကူး

ခဲ့မိခြင်း မဟုတ်ပါလား။ ပုံးအဆူ လှမယ် ဆိုသလို အမှုကိုလည်း ဘယ်သူသိမှာလဲ လေ။

မာန်တစ်ယောက် ဖူးဖူးနှင့် ချစ်သူတွေ ဖြစ်နေကြပေမယ့် နိုင့်ဆီတော့ အလာ မပျက်။ တာဝန်ကျေပါတယ်ဆိုတဲ့ မာန်ရဲ့ လုပ်ရပ်တွေက နိုင့်ရင်ကို ပူလောင်စေတယ်။ ဘာလို့မှန်းတော့ မသိဘူး။

ပိတောက်ပန်းတွေပွင့်တိုင်း ပန်းတွေ ပွေ့ပြီး နိုင့်ဆီ အပြေးလာပေးတတ်တာ မာန်။ ပိတောက်ကြိုက်တဲ့ နိုင့်ဆန္ဒကို ဖြည့် ဆည်းပေးခဲ့တဲ့ မာန်။ တခြား ပိတောက်တွေ ထက် ပို၍ ဝါထိန်မွှေးကြိုင်တယ်လို့ ထင်ခဲ့မိ တဲ့ နိုင်…။

ယခုနှစ်လည်း ပိတောက်ပန်းတွေ

> **ပိတောက်ပန်းတွေပွင့်တိုင်း ပန်းတွေပွေ့ပြီး**
> **နိုင့်ဆီ အပြေးလာပေးတတ်တာ မာန်။**
> **ပိတောက်ကြိုက်တဲ့ နိုင့်ဆန္ဒကို ဖြည့်ဆည်းပေးခဲ့တဲ့ မာန်။**
> **တခြား ပိတောက်တွေထက်. . .**

ပွေ့ပြီး နိုင့်ဆီကို ရောက်လာပြန်ပါပြီ။ မာန့် လက်ထဲမှာ ပိတောက်ပန်းတွေနဲ့ ဝါဝါထိန် လို့။

"မာန်…ဖူးဖူးကို ပိတောက်ပန်းတွေ သွားပေးပြီးပလား"

မရဲတရဲမေးမိသွားတယ်။ ဘာကြောင့် မေးမိမှန်းတောင် မသိတော့တဲ့ နိုင်။

"ဟင့်အင်း…နိုင့်ကိုပဲ ပေးနေကျလေ"

"မာန်တို့က ချစ်သူတွေလေ"

နိုင်ကပြောတော့ မာန်က နိုင့်ကို တွေ တွေလေးကြည့်တယ်လေ။ မာန့်အကြည့်ထဲ မှာလည်း ပဟေဠိတွေနဲ့။

"နိုင်က စကားကိုများတယ်၊ ရော့ ပိတောက်ပန်းတွေကို ဘုရားလည်း တင် လိုက်၊ နိုင်လည်း ပန်နော်"

ပြောပြီးတာနဲ့ မာန် လှည့်ထွက်သွား တယ်။ နိုင် ဘယ်လိုနားလည်ရမလဲ မာန် ရယ်။ ပန်းပိတောက်တွေပေးရုံနဲ့ တာဝန်ကျေ နေပြီလို့ ထင်နေရောသလား။ ပုံပြင်တွေ ပြောပြီး အချောကောင်းကောင်းနဲ့ တဝေ့ဝေ့

လောင်အောင် လုပ်နေသလား။

မာန်တစ်ယောက် ပျောက်ချက်သား ကောင်းနေပြန်တယ်။ နိုင်တို့ အတန်းရှေ့မှာလည်း လာရစ်ဝဲတာလည်း မတွေ့ဘူး။ နိုင့်အိမ်ကို မလာတာလည်းကြာနေပြီ။ မာန် ဘယ်မှာပါလိမ့်။

မကြာခင်မှာပဲ နိုင်တို့ကျောင်းမှ ပဲခူး အ.ထ.က( )ကျောင်းကို ပြောင်းသွားတာတဲ့။ မာန်က မပြောမဆိုလုပ်တတ်တာ သူ့ရဲ့အကျင့်။ လှိုင်းပုတ်တဲ့သောင်လို လှိုင်းရဲ့ခြေရာမကျန်ရစ်အောင် ပဥ္စလက်ပညာနဲ့ နိုင့်ကို ဝေဒနာတွေပေးနေသလား။ နားလည်ရခက်တဲ့ မာန့်ရဲ့အကျင့်ကို မကျေနပ်ချင်သလိုလို။

မာန်တစ်ယောက် ဘွားခနဲ ပေါ်လာပြန်တယ်။ သူ့လက်ထဲမှာ စားစရာအထုပ်တွေနဲ့။ မာန့်ကိုတွေ့တော့ နိုင် ဝမ်းသာသွားတာလေ။ နိုင့်မျက်နှာလေးမှာ အပြုံးတွေနဲ့။

"မာန်··ကျောင်းပြောင်းသွားတယ်ဆို"

"အေး"

"ဘာဖြစ်လို့လဲ"

"နောက်မှ မေးစမ်းပါနိုင်၊ မာန့်လက်ထဲကအထုပ်တွေ ယူပါအုံး"

"ဘာတွေ ဝယ်လာတာလဲ"

"ဒီနေ့ မာန် မွေးနေ့လေ၊ နှစ်တိုင်း နိုင့်ဆီ လာပို့နေကျကို မေ့နေပြန်ပြီလား"

"မမေ့ပါဘူး မာန်ရယ်···စောစောက တောင် မာန့်ကို တွေးနေမိတာပါ"

သူ့ကို မမေ့ဘူးဆိုတော့ မာန် ပျော်သွားပုံရတယ်လေ။ တကယ်လည်း မာန်ရဲ့ မွေးနေ့ဆိုတာကို စောစောကပဲ သတိရနေမိတာ။ သတိရနေဆဲမှာပဲ မာန် ရောက်လာတာလေ။

"မာန် ဘာဖြစ်လို့ ကျောင်းပြောင်းသွားတာလဲဆိုတာ ပြောပြအုံးလေ"

"နောက်မှပဲ ပြောတော့မယ်ဟာ"

ပြောပြောဆိုဆို မာန် ပြန်သွားတယ်လေ။ စကားကိုတောင် ဝအောင်မပြောလိုက်ရတဲ့အတွက် ရင်ထဲမှာ မကျေနပ်ချင်။ ဘယ်ပြုပြီး ညာနဲ့ရိုက်သွားတဲ့ ရိုက်ချက်ကို နိုင် ခံစားရင်းနဲ့ မာန့်ကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့တာ။ မာန်ကတော့ နိုင့်ကို ကျောပေးရင်းနဲ့လေ။ နိုင်ကတော့ ငေးကြည့်ရင်းနဲ့···။

သည်နှစ် ကျောင်းတက်နှစ်ကုန်ဆုံးခဲ့ပြီ။



နောက်နှစ် ကျောင်းအဖွင့်မှာ နိုင် တောင်ကြီး အ·ထ·က( )ကျောင်းမှာ တက်ရတယ်။ အဖေ့ညီမအပျိုကြီး တောင်ကြီးမှာ တစ်ယောက်တည်းဖြစ်နေတော့ တွဖြစ်သူ နိုင့်ကိုခေါ်လိုက်တယ်လေ။ မာန်ကို နိုင် ခွဲခဲ့ရတာပေါ့။ မာန်ကလည်း သူ့အလုပ်နဲ့သူဆိုတော့ မတွေ့ဖြစ်တော့ဘူးလေ၊ ဘဝဆိုတာ ညှိသည်လိုနေကြရတဲ့ အဖြစ်ဆိုတော့ ညှိသွားညှိလာသဘောမျိုးနဲ့ပဲ အချိန်တွေ ကုန်ခဲ့ကြတာလေ။

တစ်နှစ်ပြီးတစ်နှစ် အလီလီပြောင်းခဲ့ပြီ။ နိုင်က တောင်ကြီးကောလိပ်မှာ ကျူတာဝင်လုပ်နေတယ်။ မာန်ကတော့ စင်ကာပူမှာလို့ သတင်းရတာပဲ။ မာန်နဲ့နိုင် အနေတွေဝေးခဲ့တာ နှစ်တွေကြာခဲ့ပြီတဲ့။ ကာလရဲ့ ရွေ့လျားမှုက ဘဝကိုပြောင်းလဲမှုတွေ ပေးနေခဲ့တယ်လေ။ ဘဝဆိုတာ အလုပ်နဲ့ တည်ဆောက်ကြရတာမဟုတ်လား။

ဘဝကိုယ်စီရှိကြပေမယ့် မာန့်ကိုတော့ မမေ့ခဲ့ပါဘူး။ မေ့ဖို့လည်း မကြိုးစားခဲ့ဘူး။ မာန်ကတော့ နိုင့်အပေါ် ဘယ်လိုသဘောရှိသလဲ မသိခဲ့ဘူးလေ။ မေ့တောင် မမေ့ခဲ့ပါဘူး မာန်ရယ်···။

တောင်ကြီးတန်ဆောင်တိုင်ပွဲက နှစ်စဉ် နှစ်တိုင်း စည်ကားမြဲ။ မီးပုံးပျံပြိုင်ပွဲကလည်း အလွန်ကြည့်ကောင်းလှတယ်လေ။ ချမ်းအေးလိုက်တာလည်း၊ နိုက်နိုက်တုန်။ ရှမ်းအိုးစည်သံတွေကလည်း မြူးကြွကြွ။ လူတွေကလည်း၊ တိုးတိုးကြိတ်ကြိတ် စည်ကားလှတယ်လေ။ နိုင်လည်း သူငယ်ချင်းတစ်ဖွဲ့နဲ့ပေါ့။ ညရဲ့အလှ၊ မီးပုံးပျံရဲ့အလှတွေကို ကြည့်ရင်းနဲ့···။

လူအုပ်တွေကြားမှာ မမျှော်လင့်ဘဲ တွေ့လိုက်ရသူက မာန်ပါ။ နိုင် အံ့ဩသွားသည်။ ဝမ်းသာမိသည်။ နှစ်အကြာကြီးကွဲပြီးမှ တွေ့ရသည့် မာန်ရဲ့ပုံက ရင့်ကျက်နေ

သည့် အသွင်။ နိုင်ကတော့ တည်တည်ငြိမ်ငြိမ်လေးပေါ့။

"မာန်…တန်ဆောင်တိုင်ပွဲ လာတာလား။ မတွေ့ကြတာ ကြာပြီနော်"

"ဟုတ်တယ် နိုင်၊ တောင်ကြီး တန်ဆောင်တိုင်ပွဲ သွားချင်တဲ့ဆန္ဒရှိတာနဲ့…"

မာန်၏ စကားမဆုံးခင် ကလေး နှစ်ယောက်နှင့် ခပ်ချောချောအမျိုးသမီး ရောက်လာပြီး မာန်ကိုပြောလိုက်ပါတယ်။

"ကိုမာန်…မိတို့သားအမိ လိုက်ရှာနေကြတာ"

နိုင့်ဆီသို့လည်း အကြည့်တစ်ချက် ရောက်လာခဲ့တယ်လေ။ မာန်က မိတ်ဆက်ပေးပါတယ်။ သူ့ဇနီးနဲ့ ကလေးတွေဖြစ်ကြောင်းပေါ့။ မာန့်ဇနီးကတော့ အပြုံးတစ်ချက်ဖွင့်ရင်း နှုတ်ဆက်ပါတယ်။ နိုင်လည်း အသက်မပါတဲ့အပြုံးနဲ့ နှုတ်ဆက်မိခဲ့တာ။

နိုင်လည်း မာန်တို့မိသားစုကို လိပ်စာကတ်လေး ထုတ်ပေးပြီး၊ မပြန်ခင်လာခဲ့ဖို့ ဖိတ်ခေါ်ရင်း နှုတ်ဆက်ပြန်ခဲ့တယ်လေ။ အပြန်လမ်းမှာတော့ လှပတဲ့ တန်ဆောင်တိုင်ညရဲ့ အရောင်လည်း မှေး၊ နှလုံးသားတွေလည်း စွေ့စွေ့ခုန်ခဲ့ရပြီလေ။ အသက်မဲ့ ခန္ဓာကိုယ်နဲ့ နိုင်ပြန်ခဲ့ရတာ လေးလံနေတယ်။

နိုင်ပေးခဲ့တဲ့ လိပ်စာကတ်အတိုင်း မာန် ရောက်လာတယ်။ မာန် မိသားစုတော့ မပါခဲ့။

"မာန့် မိသားစုတွေပါ ခေါ်ခဲ့ရောပေါ့"

"ဘာလဲ နိုင့်မိသားစုနဲ့ မိတ်ဆက်ပေးမလို့လား"

မာန်က နိုင့်အခြေအနေ စူးစမ်းလိုစိတ်နဲ့ ပြန်မေးတယ်လေ။ နိုင်က ရယ်လိုက်တယ်။ မာန်က နိုင်ညွှန်ပြသည့် ထင်းရှူးပင်ရိပ်အောက်က ခုံတန်းရှည်လေးမှာ ဝင်ထိုင်လိုက်တယ်။

"နိုင်"

မာန် ခေါ်လိုက်ပြီး နိုင့်ကို စိုက်ကြည့်နေတဲ့ မျက်ဝန်းတွေက ညှို့မှိုင်းသွားပြီး အဝေးတစ်နေရာကို ငေးကြည့်နေပြန်တယ်လေ။ နိုင့်ကို ဘယ်လိုအကြောင်းပြချက်ပေးရမလဲဆိုတဲ့ အတွေးမျိုးလား…။

"ပြောလေ မာန်"

"ပြောမယ် နိုင်၊ ပြောမယ်…မာန်နဲ့ နိုင် မခွဲခင် နိုင်မေးခဲ့တဲ့မေးခွန်းကို မာန်ပြောချင်တယ်"

**မာန်တစ်ယောက် ပြောပြောဆိုဆို သူ့ ထုံးစံအတိုင်း ချာခနဲလှည့်ထွက်သွားပြီလေ။ နိုင်ကတော့ အရင်အတိုင်းပဲ မာန် ကျောပေးရာအရပ်မှာ တွေတွေလေးငေးရင်း ကျန်ရစ်ခဲ့ရပြန်ပြီ။ ဒီတစ်ခါတော့ ကျန်ရစ်ခဲ့ခြင်းသည် တစ်သက်တာ၏နောက်ဆုံး . . .**

"ဘာများလဲ မာန်ရယ်"

"ဟိုတုန်းက မာန် ဘာလို့ ကျောင်းပြောင်းသွားတာလဲလို့ နိုင်မေးခဲ့တယ်လေ"

"ဟုတ်တယ်လေ၊ မာန်…ခုမှ ဘာဖြစ်လို့ ပြေမှာလဲ၊ ကြာခဲ့ပြီပဲ"

"ဒီလို နိုင်ရဲ့"

လို့ အစချီပြီး သူနှင့် ဖူးဖူး ချစ်သူဖြစ်ခဲ့ရတာ သူငယ်ချင်းတွေ အလောင်းအစားလုပ်ရင်း ချစ်သူဖြစ်ခဲ့ရကြောင်း၊ ဖူးဖူးကလည်း မာန်နဲ့ နိုင်ရဲ့ခင်မင်မှုကို ဖျက်ဆီးပေလိုလို့ မာန့်အချစ်ကို လက်ခံခဲ့ကြောင်း၊ နောက်တော့ မာန်က ဖူးဖူးနဲ့ ချစ်သူဖြစ်ခဲ့ပေမယ့် နိုင့်အပေါ်ကိုသာ ဂရုစိုက်ခဲ့သည့် မာန့်ကို ချစ်သူအဖြစ်မှ လမ်းခွဲကြောင်း၊ နိုင် ဘယ်ရောက်နေလဲလို့ လိုက်ရှာခဲ့ကြောင်း၊ မိဘများ၏ သဘောတူသည့်သူနှင့် မာန် လက်ထပ်ခဲ့ကြောင်းများကို စီကာပတ်ကုံး ပြောပြပြီး၊ မာန် သက်ပြင်းလေးလေး ချလိုက်တယ်လေ။

"ဪ…မာန်ရယ်၊ ဖူးဖူးကို တကယ် မချစ်ဘဲနဲ့များ…"

နိုင့်စကားက တစ်ဝက်တစ်ပျက်။

"နိုင်ရော…အိမ်ထောင်က တောင်ကြီးကပဲလား"

မာန်ရဲ့အမေးကို နိုင် ရယ်မောလိုက်တယ်။ ပြီးမှ ဖြေတယ်။

"နိုင်က တစ်ကိုယ်တည်းပါပဲ"

"ဪ…နိုင်ရယ်…"

လို့သာ မာန့်ရင်တွင်းမှာသာ ညည်းတွား မိတယ်လေ။

"မာန်တို့ မနက်ကျပြန်ကြတော့မယ်"

"ဟုတ်လား မာန်"

နိုင်ရဲ့ အမေးလေးက ဝမ်းနည်းသံလေး စွက်သွားသလို မျက်ဝန်းထဲမှာလည်း မျက်ရည်စတို့ လာဝဲချင်ချင်။ ဖော်ပြရန်မစွမ်းသည့် ခံစားချက်အပြင်းစားတို့က နှလုံးသားထက်မှာ နေရာယူ မင်းမူကြီးစိုးသဲ့။

"နိုင်"

"နိုင်"

ထပ်ဆင့်ခေါ်လာသည့် မာန်ရဲ့အသံ။

"ပြောလေ မာန်၊ ဘာလို့ ခဏခဏ ခေါ်နေရတာလဲ"

"ပြောမယ် နိုင်၊ ပြောမယ်၊ မာန် မသေခင် ကာလလေးမှာ မာန် အပြောချင်ခဲ့ဆုံး စကားလေးတစ်ခွန်းကို ပြောခွင့်ပြုပါတော့ နိုင်"

"ပြောလေ မာန်"

မာန်က နိုင့်ကို မှုးမှုးစိုက်စိုက်ကြည့်ပြီး ပြောလာသည်။ နိုင်…ဟိုတစ်ချိန်တုန်းက မျှော်လင့်နေခဲ့သည့် စကား၊ အကြားချင်ဆုံး စကား၊ မျှော်လင့်တောင့်တခဲ့သော စကား။

"တကယ်တော့…တကယ်တော့ ဟိုအရင်ကတည်းက နိုင့်ကို မာန်ချစ်ခဲ့မိတာပါ"

မာန်တစ်ယောက် ပြောပြောဆိုဆို သူ့ ထုံးစံအတိုင်း၊ ချာခနဲလှည့်ထွက်သွားပြီလေ။ နိုင်ကတော့ အရင်အတိုင်းပဲ မာန့် ကျောပေးရာအရပ်မှာ တွေတွေလေးငေးရင်း ကျန်ရစ်ခဲ့ရပြန်ပြီ။ ဒီတစ်ခါတော့ ကျန်ရစ်ခဲ့ခြင်းသည် တစ်သက်တာ၏ နောက်ဆုံးဖြစ်လိမ့်မည်ဟု ထင်သည်လေ။

တစ်ချိန်တုန်းက နိုင် မျှော်လင့်ခဲ့တဲ့ စကား၊ အပြောင်းအလဲမများ၊ ခိုင်ခိုင်မြဲမြဲချစ်တတ်သူက နိုင်ပါ မာန်။ ဘဝတွေ စည်းခြားပြီးမှ ပြောလာတဲ့စကားကို အနှစ်စကားတွေလို နိုင် မယူဆချင်ဘူးလေ။ အခါလွန်မှ ပွင့်တဲ့ ပိတောက်တွေအတွက် အနာဂတ မဖြစ်ချင်တော့ဘူးလေ။ နိုင် ကဗျာလေး တစ်ပုဒ် ရေးလိုက်မိတယ်။ ခွင့်လွှတ်ပါတော့ မာန်…။

ဒီကဗျာက နှလုံးသွေးစက်တွေနဲ့ ရေးဖွဲ့ခဲ့တဲ့ ဝေဒနာအရင်းတည်တဲ့ ကဗျာလေး တစ်ပုဒ်ပါ…။

တစ်ခက်ပိတောက်နဲ့
အသက်လောက်ချစ်
အနှစ်ကေား လှစ်ဟသွားလည်း
မွှေးယာပိတောက်
ငြိုရာပျောက်လို့
လွင့်ပျောက်ထွက်ပြေး
ဟို ဝေး…ဝေး…
ပိတောက်သစ္စာ
မုသားသာဟု
အစဉ်အလာရှိ
ထိမသိ
တွယ်ငြိနှင်းမှ
အနာတရပို
ဘာမှ မကျေးချွင်တော့ပါ…။



နိုင်လေ…ကိုယ့်ဘာသာရေးခဲ့ ဒီကဗျာလေးကို ကိုယ့်ဘာသာပဲဖတ်ရင်း၊ ကိုယ့်ဘာသာပဲ ကြေကွဲလို့၊ ကိုယ့်ဘာသာ ငိုနေမိတာကို…မာန် မသိနိုင်ပေမယ့်၊ အသက်မဲ့ကဗျာလေးကတော့ သိနေပေလိမ့်မယ်လို့ ထင်နေမိတော့တယ် မာန်ရယ်…

**မေလတ်ဟန်**

# သူ သဘောပေါက်သွားပြီ

ဂျော့ဝါရှင်တန်(George Washington)ဟာ ကိုယ်ကျင့်သိက္ခာ မြင့်မားသူဖြစ်တယ်။ ပထမပိုင်းမှာ ပြည်သူတွေရဲ့ ဆန္ဒမဲကို ဝယ်ဖို့ဆိုတဲ့ကိစ္စဆိုတာကို ဆန့်ကျင်ခဲ့တယ်။ သူက ကိုယ်တိုင်က သူ့အဖွဲ့အစည်းမှာ အထက်တန်းကျတဲ့ မြေပိုင်ရှင်ကြီးတစ်ဦး ဖြစ်တာရယ်၊ ဝန်းကျင်မှာ သူနဲ့ မကင်းရာမကင်းကြောင်း၊ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်သူတွေရှိတာကြောင့် ရွေးကောက်ပွဲမှာ သူ့ကိုပဲ မဲထည့်လိမ့်မယ်လို့ တွက်ထားတယ်။

ဒါပေမဲ့၊ ၁၇၅၅ ခုနှစ်မှာ ဗာဂျီးနီးယား (Virginia)ကနေ အမတ်တစ်နေရာမှာ ဝင်ပြိုင်တော့ မယုံနိုင်လောက်အောင် ရှုံးနိမ့်ခဲ့ရတယ်။ သူ့ပြိုင်ဘက် သောမတ်စ်ဆွာရင်တန်(Thomas Swearington)ဆိုသူက အမှန်တကယ်တော့ ဖြီးတတ် ဖြန်းတတ်တဲ့လူပဲ၊ သူနိုင်သွားတယ်။

အဲဒီ ရွေးကောက်ပွဲကာလမှာ ဝါရှင်တန်က စည်းရုံးဟောပြောတာလည်း မလုပ်ဘူး။ ကျေးမွေးဧည့်ခံတာလည်း မလုပ်ဘူး။ ဆွာရင်တန်ကတော့ အရက်စည်ကြီးတစ်လုံး ထောင်ထားပြီး လာသမျှလူတွေကို သောက်ချင်တဲ့လူ သောက်နိုင်အောင် စီစဉ်ထားတယ်။ မဲ ၂၇၀–၄၀နဲ့ သူနိုင်သွားတယ်။



ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သတင်းစာတစ်စောင်မှာ ဟင်နရီ အင်န်တေလာ(Hanry N.Taylor)ဆိုသူက ဝါရှင်တန်ကို နောက်တစ်ကြိမ် ဒီလိုအမှားမျိုး မပြုလုပ်ဖို့ ဝေဖန်တယ်။ ဝါရှင်တန်က မဲဆန္ဒရှင်တွေကို ဝယ်လို့ရတာ သိသွားတယ်။ သူ့အမှားကို သူ ဝန်ခံတယ်။

နောက်နှစ် ရွေးကောက်ပွဲအချိန်ကျတော့ သူ ရွေးကောက်ပွဲ မစခင်ကို လုပ်သင့်လုပ်ထိုက်တာအားလုံး လုပ်နိုင်းတယ်။ ဝါရှင်တန်ရဲ့နာမည်နဲ့ ကြော်ငြာတယ်။

''ရမ်ဂါလန် ၄၀၊ ဘီယာအပြင်းစား ၄၇ ဂါလန်၊ အခြား အရက်၊ ဘီယာအမျိုးမျိုး စုစုပေါင်း ဂါလန် ၁၆၀ကို ဆန္ဒမဲပေးမယ့် အရေအတွက်နီးပါး အပြည့်ကောင်းကောင်းနဲ့ ဧည့်ခံခဲ့တယ်။

ဒီတစ်ကြိမ်မှာတော့ ဝါရှင်တန်ဟာ မဲ ၃၀၇–၄၅ နဲ့ အောင်ပွဲခံနိုင်ခဲ့တယ်။ အဲဒီနောက်ပိုင်း ဒီနည်းဗျူဟာကိုပဲ ကျင့်သုံးခဲ့တာ ဝါရှင်တန်တစ်ယောက် ဘယ်ရွေးကောက်ပွဲမှာမှ မရှုံးတော့ဘူး။

**မောင်သီဟ**

# မူးယစ်ဆေး

ရဲကားပေါ်မှ အရွယ်ကြီးလှသော သံတူကြီးသည် ပြည့်တန်ဆာမတစ်ယောက်၏ ခြေထောက်နားမှာ ရှိနေသည်။ အမျိုးသမီးက ခပ်ကုပ်ကုပ်ထိုင်နေသည်။ မျက်စိကလည်း ခပ်မှေးမှေးထားသည်။ အမျိုးသမီးသည် မူးယစ်ဆေး တိုက်ဖျက်ရေး ထွားကျိုင်းသည့် ရဲစုံထောက်နှစ်ဦးကြားမှာ ညပ်နေသကဲ့သို့ ရှိသည်။ ၎င်းကားမှာ အမှတ်အသားမပါချေ။ သူတို့၏ နောက်ဘက် ကားအခန်းထဲမှာ နီယွန်မီးချောင်းမှ အလင်းရောင်



ရှိသည်။ ကားသည် ရှီကာဂိုလမ်း၏ ပြင်ပရောက်နေပြီ။

''အဲဒီလူ အစာရှိ・・・အလကားကောင်၊ လူယုတ်မာ၊ သူက ကျွန်မလင်ကို မူးယစ်ဆေး ဟီရိုအင် ရောင်းလိုက်တာပေါ့။ အဲဒီပစ္စည်းက အညစ်အကြေးဆိုတာ ကျွန်မ သိပါတယ်၊ ဒီလိုလေ– အရင်တစ်ညက သူပြန်လာတယ်၊ ဝတ်ထားတဲ့အဝတ်ကို ဆုတ်ဖြဲပစ်တယ်၊ ဆံပင်က ချွေးစိုနေတယ်၊ သူက ခေါက်တုံ့ခေါက်ပြန်ပြေးတယ်၊ အုတ်နံရံနဲ့ ခေါင်းနဲ့တိုက်မိတယ်၊ သူ မသိတတ်မှု

ကြောင့် ဖြစ်ရတာတွေပါပဲ၊ သူ့အနားကို ကျွန်မ မသွားနိုင်ပါဘူး။ သူက အော်ဟစ်နေတယ်၊ အထိမခံနိုင်ပါဘူး။ ကျွန်မ သမီးလေး ဝင်လာပါတယ်၊ သူက သူ့အဖေကို ဖြတ်သန်းပြီး သန့်စင်ခန်းသွားမှာပါ၊ သူက 'အဲဒီလူ ဘယ်သူလဲ'လို့ မေးပါတယ်၊ ကျွန်မက နင့်အဖေလို့ ဖြေလိုက်တယ်၊ သမီးက ငိုပြီး မဟုတ်ပါဘူးလို့ ပြောပါတယ်'' အမျိုးသမီးက စုံထောက်နှစ်ဦးကို ရှည်လျားစွာ ပြောသည်။

သို့တိုင်အောင် ပြောရန်စကားက မကုန်သေးချေ။

''ဒါကြောင့် အစာရိုက်ကို ဖမ်းဆီးဖို့ ကျွန်မက ရှင်တို့ကိုကူညီပါတယ်၊ ကျွန်မယောကျ်ားကို သူက မကောင်းဆိုးဝါးပစ္စည်းတွေ သူကရောင်းတယ်လေ၊ ကျွန်မ ပြောပါအုံးမယ်၊ အဲဒီအိမ်ကို ရှင်တို့ဝင်ပြီး ဖမ်းဆီးတဲ့အခါ ကျွန်မယောကျ်ား အဲဒီမှာရှိနေရင် ရှင်တို့က အစာရှိုက်ကိုပဲ ဖမ်းဆီးရပါမယ်၊ ကျွန်မယောကျ်ားကို လွှတ်ပေးမယ်လို့ ကတိပြုပါ။ ပြီးတော့ ယောကျ်ားကို အဲဒီသို့ကြိုက်က အစိုးရဆေးရုံမှာ တင်ပေးရပါမယ်၊ ကျွန်မဟာ ၂၂နှစ်တာပတ်လုံး လူတောမတိုးနိုင်ခဲ့ပါဘူး။ ဒီလို လုပ်ကိုင်နေတာကို ကျွန်မ သိပါတယ်၊ သူက မူးယစ်ဆေးရောင်းပြီဆိုတော့ ဒီ ပိမစ်၊ ဖမစ်ကောင်ကို ကျွန်မ မျက်ခြည်မပြတ် စောင့်ကြည့်ပါတယ်''

သတင်းပေးသူပြောသမျှကို စုံထောက်တို့က စိတ်ရှည်စွာနားထောင်သည်။ သတင်းပေးသူအမည်က ဒီးနပ်···ဒီးနပ်ဆိုသည်က အချစ်နတ်သမီး၊ ထို့ပြင် ချစ်ဖွယ်ကောင်းသူဟု အဓိပ္ပါယ်ရသည်။ အမည်နှင့် လူက လုံးဝလိုက်ဖက်ခြင်းမရှိချေ။ စုံထောက်တို့က မူးယစ်ဆေးရောင်းသည့် တိုက်ခန်းကို ဝင်စီးသည်။ ဒီးနပ်၏ယောကျ်ားက လွှန်ခဲ့သော သီတင်းပတ်က ဤအခန်းမှာ မူးယစ်ဆေး သုံးစွဲခဲ့သည်။ သူတို့က ရှောမတူကြီးဖြင့် အခန်းတစ်ခု၏ တံခါးကို ရိုက်ချိုးဖွင့်လိုက်သည်။ အခန်းထဲမှာ စားပွဲတစ်ခုကို ဝိုင်းထိုင်လျက် လူလေးယောက်ကိုတွေ့သည်။ ထိုသူတို့က မူးယစ်ဆေး ဟီရိုအင်သုံးစွဲလျက်ရှိသည်။ သို့သော် သူတို့ကို ဒီးနပ်ပြောခဲ့သည့် အဓိကလူကလွတ်မြောက်သွားသည်။ ဒီးနပ်က ပြောသည်။

''ရှင်တို့က မဟုတ်တဲ့အခန်းတံခါးကို ရိုက်ဖွင့်တာကိုး၊ ဒီတိုက်ခန်းအားလုံးမှာ နေကြသူတွေဟာ ဆွေမျိုးတွေချည်းဖြစ်ပါတယ်၊ အဖိုးတန်ပစ္စည်းအားလုံးကို သိုဝှက်ပြီးပြီပေါ့၊ သူတို့အားလုံး ဆွေမျိုးဆိုတာ ရှင်တို့မှ မသိဘဲ''

''ဟုတ်တယ်···မသိပါဘူး''

ဟု ကားမောင်းသူက လေသံပျော့ပျော့ဖြင့် ပြောသည်။

''ဒီးနပ်···ကျွန်ုပ်တို့ဟာ အမြဲတမ်းသတင်းရဲ့နောက်မှာပဲ ဖြစ်နေပါတယ်''

''ဟုတ်ပါတယ်-ရှင်တို့အတွက် ကျွန်မက သတင်းရှာပေးပါတယ်''

ဟု ဒီးနပ်ကပြောသည်။ ဒီးနပ်က တောက်လျှောက် စကားကြောမပြတ်အောင် ပြောလေသည်။ သူများ ဘယ်လိုမှတ်ချက်ပေးသည်ဆိုခြင်းကို အရေးမထား–



အစာရိုက်ကို ဖမ်းဆီးဖို့ ကျွန်မက ရှင်တို့ကိုကူညီပါတယ်၊
ကျွန်မ ယောကျ်ားကို သူက မကောင်းဆိုးဝါးပစ္စည်းတွေ သူကရောင်းတယ်လေ
ကျွန်မ ပြောပါအုံးမယ်၊ အဲဒီအိမ်ကို ရှင်တို့ဝင်ပြီး ဖမ်းဆီးတဲ့အခါ···

''ရှင်တို့အတွက် သတင်းရအောင် ကျွန်မက ရှာပေးပါတယ်၊ ရှင်တို့က လေ့ ကားပေါ် မြန်မြန်တက်ရမယ်၊ ဒုတိယ အဆင့်က အခန်းကို နောက်ဘက်က ဖောက်ထွင်းရပါမယ်၊ တတိယအထပ်ကို တက်မယ်၊ ရှေ့ဘက်ရော နောက်ဘက်ပါ တစ်ပြိုင်တည်းရောက်ရမယ်။ အဲဒီမှာ ကျွန်မ ယောက်ျား ရှိလိမ့်မယ်၊ ၁၁ နာရီနဲ့ မွန်းလွဲ ၁ နာရီကြားမှာ သူအမြဲရှိတယ်၊ မူးယစ်ဆေး သုံးတယ်၊ ၅ နာရီနဲ့ ၇ နာရီအတွင်းမှာလည်း ရှိတယ်၊ သူ အိမ်က ဘယ်အချိန်ထွက်သွားတယ်ဆိုတာ ကျွန်မက ဖုန်းဆက်ပြောမယ်''

မူးယစ်ဆေးနှိမ်နင်းရေးအဖွဲ့မှ အထက်တန်းအရာရှိက–

''ရှာဖွေဖို့ ဖမ်းဆီးဖို့ ဝရမ်းစာ၊ အမိန့်စာက ဘယ်လိုလဲ''ဟု မေးမြန်းသည်။

''ဝရမ်းစာအတွက် ကျွန်မ လက်မှတ်ထိုးပါမယ်''ဟု ဗီးနပ်ကပြောသည်။ ''ကျွန်မ အမည်နဲ့ လက်မှတ်ထိုးမှာပါ၊ ကျွန်မက အဲဒီ မိမစ်၊ ဖမစ် လူယုတ်မာကို ဖမ်းမိစေဖို့ပါ။ ရှင်တို့ ဝင်စီးတဲ့အခါ ကျွန်မယောက်ျား ရှိနေတယ်ဆိုရင် ယောက်ျားကိုလွှတ်ပေးပါ၊ ဆေးရုံတင်ပေးပါ''

အချိန် မိနစ် ၃၀ ကြာသည်။ အချိန်ပို လုပ်ရသည်။ တိုက်ခန်းနေရာ၊ ဖုန်းနံပါတ်များ မှတ်သားရသည်။ ထို့နောက် ဗီးနပ်က ကားပေါ်မှဆင်းလိုက်ပြီး လမ်းသွားလမ်းလာလူအုပ်ထဲမှာ ပျောက်ကွယ်သွားသည်။ အထီးကျန်ဘဝနှင့် စိတ်နောက်ကျိရှုပ်ထွေးနေသူ၊ လက်စားချေဖို့ အစွဲအလမ်းတစ်ခုသာ သူ့ကို စိုးမိုးလျက်ရှိသည်။

''တစ်နေ့ကို ဒေါ်လာ ၄၀– သူ့ယောက်ျားဟာ လောကငရဲခံနေရတာပဲ''

ဟု စုံထောက်တစ်ဦးက ပြောလိုက်သည်။

''ဒီ ရှိကာဂိုမြို့အနေနဲ့ စဉ်းစားကြည့်ပါ။ လူ ခုနစ်သောင်းက မူးယစ်ဆေး ဟီရိုအင် သုံးစွဲကြတယ်၊ အများစုက တစ်ရက်မှာ ဒေါ်လာ ၂၀ ဖိုး သုံးစွဲကြတယ်၊ တချို့က ဒေါ်လာ ၄၀ ဖိုး၊ ဒါထက်ပိုပြီး ဒေါ်လာ ၁၀၀ ဖိုး သမားလည်း ရှိနေတယ်၊ သီတင်းတစ်ပတ်မှာ ခုနစ်ရက် ဒီလောက်ငွေတွေ ကုန်ခန်းရတာဟာ ငရဲသွားဖို့ပဲလေ''

ဒါဟာ ရှိကာဂိုက မူးယစ်ဆေး သုံးစွဲသူအတွက်သာ ရှိပါသေးတယ်။ တစ်နှစ်မှာ ဒေါ်လာသန်းငါးဆယ် ဖြစ်ပါမယ်။ မှောင်ခိုသွင်းကြတာပါ။ မူးယစ်ဆေးနှင့် အလားတူ အန္တရာယ်ဖြစ်နိုင်သော ဆေးသုံးစွဲခြင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာနရဲ့ မှန်းခြေကတော့ ၆၀,၀၀၀ ကျော် ဖြစ်ပါတယ်။ အခြားဌာနအချို့ ဖော်ပြတာကတော့ ၂၀၀,၀၀၀ ကျော်က မူးယစ်ဆေးသုံးစွဲကြပါတယ်။ ဒီတော့ တစ်နှစ်မှာ အနည်းဆုံး ဒေါ်လာသန်း ၃၅၀ ကုန်ဆုံးပါတယ်၊ နောက်ပြီးတော့ ကိုကင်း– ဆေးခြောက်ဆိုတာတွေ ရှိသေးတယ်။ အဲဒါတွေကို မှောင်ခို သွင်းတော့ တစ်နှစ်မှာ ဒေါ်လာတစ်သန်း ကုန်ကျပါတယ်။

မူးယစ်ဆေးတင်သွင်းမှုကြောင့် ပြည်ထောင်စုနိုင်ငံကတော့ စိတ်မကောင်းစရာ



ဒီ ရှိကာဂိုမြို့အနေနဲ့ စဉ်းစားကြည့်ပါ။
လူ ခုနစ်သောင်းက မူးယစ်ဆေး ဟီရိုအင် သုံးစွဲကြတယ်၊
အများစုက တစ်ရက်မှာ ဒေါ်လာ ၂၀ ဖိုး သုံးစွဲကြတယ်

ဖြစ်ရတယ်။ ဒါပေမဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ စိတ်ချမ်းသာပျော်ရွှင်ရတဲ့ အခြေအနေရောက်လာမယ်လို့လည်း မျှော်လင့်ထားပါတယ်။ ဝေးကွာတဲ့ အရှေ့ဘက်နိုင်ငံတွေမှာလည်း မူးယစ်ဆေးသုံးစွဲသူတွေ များပြားလာတယ်။ အသီအကျပြောရမယ်ဆိုရင်–ဟောင်ကောင်ပါ၊ တခြားမြို့တွေကတော့ အဲဒါလောက်အမြတ်အစွန်းမရကြပါဘူး။ မှောင်ခိုသွင်းရာမှာပါ ဘိန်းချက်ဖို့အတွက် ဆေးရွက်ရဖို့ စိုက်ပျိုးသူတွေကို ကြိုတင်ငွေပေးထားရပါတယ်။ နိုင်ငံတွေက– တူရကီ၊ မက္ကဆီကို၊ ထိုင်းနိုင်ငံ၊ သို့မဟုတ် မြန်မာပြည် ဘိန်းချက်ဖို့ ကုန်ကြမ်းဆေးရွက်များပါ။ ၎င်းတို့မှတဆင့် ဘိန်းအတုံးအခဲကို ရောင်းပါသည်။ အလေးချိန် တစ်ဆယ်ကီလိုအတွက် ဒေါ်လာ ၃၅၀ ရရှိပါသည်။ ထို ဘိန်းဖြူ တစ်ဆယ်ကီလိုကို ဖြူဖြင့်၍ ချက်လိုက်ပြန်သော် ဟီရိုးအင်အစစ်ရရှိသည်။ ၎င်းကို အလွန်အကျွံ ဈေးတင်၍ နယူးယောက်မှ လမ်းများပေါ်မှာဖြစ်စေ၊ ဒီကာဂိုမှ လမ်းများပေါ်မှာဖြစ်စေ ရောင်းလိမ့်မည်။ ဒေါ်လာ ၂၂၅,၀၀၀ ရမည်။ သို့မဟုတ် မူးယစ်ဆေးဖြတ်ချိန် ဖြစ်နေလျှင် ထိုထက်ပို၍ ရလိမ့်မည်။ ဘိန်းဖြူဈေးက အမျိုးမျိုးပြောင်းတတ်သည်။ ဘိန်းဖြူ စွဲနေသူများကတော့ ရသည့်နည်းနှင့်



ဝယ်ကြသည်။ ပိတ်ပင်တားဆီးထားသည့်ကြားမှာ တစ်ဖုံတစ်စီတိ စသည် ဝယ်ယူကြသည်။

ဆေးရုံမှာတင်၍ ကောင်းစွာ ဆေးဝါးကုသပေးခြင်းခံရသူတို့ကတော့ ဘိန်းဖြူကို မထိတော့ပါ။ ဘိန်းဖြူသုံးစွဲသည့် အမေရိကန်များရနိုင်သောနေရာရှိပါသည်။ မှောင်ခိုဈေးမှာပါ။ ဆေးသုံးသူက သူတောင်းစားလိုတောင်းလိမ့်မည်၊ ငွေခိုးမည်၊ သို့မဟုတ် သုံးလက်စ ဆေးအရှိန်မပြေသည်အထိတော့ သူ စိမ်ကျနေပါသည်၊ နောက်ထပ် သုံးရမည့်အချိန်အထိပင်။

မှောင်ခိုအရောင်းအဝယ်လုပ်သူတွေ သူဌေးကြီးများဖြစ်ကြပါတယ်။ ဒါပေမဲ့ ရလေ လိုလေ ဆိုတဲ့စကားလို သူတို့ လောဘမသတ်နိုင်ကြပါဘူး။ တစ်မျိုးပြီး တစ်မျိုး ဆက်လုပ်ကြပါတယ်။ နာရီများမှောင်ခိုကုန်ကူးပါတယ်။ အရက်နှင့် ရွှေကို မှောင်ခိုရောင်းဝယ်ကြပါတယ်။ ဒီအလုပ်နှင့် ချမ်းသာကြပါတယ်။ လူတွေ ဒုက္ခဖြစ်တာ၊ ဘဝပျက်တာကို ကျောခိုင်းထားကြတယ်။

ဂျာမနီပြည်က ရွှေမှောင်ခိုသမား။ သူက ဆွစ်ဇာလန်မှ ရွှေများဝယ်ယူပါတယ်။ သူက ဘန်ကောက်ကို လေယာဉ်နှင့်သွားပါတယ်။ သူဝတ်ထားတဲ့ အင်္ကျီအောက်မှာ ရွှေ ဝှက်ထားပါတယ်။ သူ ထိုင်းနိုင်ငံရောက်တော့ ကပ်စ်တန်အဖွဲ့က ရှာဖွေရာမှာ မှောင်ခိုရွှေ တွေ့ပါသည်။ သူက ဒဏ်ငွေဆောင်ရသည်။ ထောင်တွင်းမှာလည်း နှစ်လလောက် နေခဲ့ရသည်။ ဤနည်းဖြင့် အမျိုးကို ဖျက်ဆီးသူများ လျော့ပါးပါစေဟု ဆန္ဒပြုမိပါသတည်း။

**ငွေမောင်**

စာရေးဆရာ Timothy Green လေ့လာဆည်းပူးရှာ၍ရေးသားသော The Smugg-lers စာအုပ် ၁၉၇၀ မှ ဘာသာပြန်ပါသည်။



## ဆုတောင်းမပြည့်ခဲ့ပါလားကွယ်

လူတစ်ယောက် ဘုရားရှိခိုးကျောင်းတစ်ကျောင်းရဲ့ ဘေးနားမှာ သူစက်ဘီးလေးကို ထောင်ထားခဲ့ပြီး အနီးအနားမှာရှိတဲ့ မိတ်ဆွေတစ်ဦးရဲ့အိမ်ကို သွားလည်တယ်။ အဲဒီမှာ အချိန်အတော်ကြာ စကားစမြည်ပြောနေတာ စက်ဘီးကိုမေ့သွားတယ်။ အတန်ကြာတော့ အိမ်ရှင်ဖြစ်တဲ့ မိတ်ဆွေက အိမ်ကကားနဲ့ သူ့ကိုလိုက်ပို့တယ်။

နောက်တစ်နေ့ကျမှ သူက စက်ဘီးကျန်ခဲ့တာကို သတိရသွားတယ်။ "သွားပြီ၊ ငါ့စက်ဘီးတော့ သူများယူသွားပြီ" လို့ စဉ်းစားမိပြီး စိတ်မသက်မသာနဲ့ စက်ဘီးထားခဲ့တဲ့ ဘုရားရှိခိုးကျောင်းကို ပြန်သွားတယ်။ စက်ဘီးလေးက သူထားခဲ့တဲ့နေရာမှာပဲ လက်ရာမပျက် ပြန်တွေ့ရတယ်။ သူ အရမ်းအံ့ဩဝမ်းသာသွားတာပေါ့။ ဘုရားသခင်ရဲ့ ကျေးဇူးဆိုပြီး ဘုရားကျောင်းထဲ ကျေးဇူးတော်ကို ချီးမွမ်းတော့တာပေါ့။ ဘုရားရှိခိုး ဆုတောင်းပြီး ပြန်ထွက်လာတော့ သူ့စက်ဘီးက မရှိတော့ဘူး။

**မောင်သီဟ**


# ကြွယ်ကိုင်းရဲ့ အိမ်ယာ

မူကြို

(၁)

"ရှီ...ရှီ...ရှီ...ရှီ...ရှီ..."

စူးစူးဝါးဝါးမြည်သံ ထွက်ပေါ်လာသည့် ဝီစီခရာ မှုတ်လိုက်သည့်အသံကြောင့် အထည်ချုပ်စက်ရုံတွင် ညဆိုင်းဆင်းခဲ့ပြီး အိပ်ပျော်နေသည့် သူမကို ပုတ်နိုးလိုက်သလို ဖြစ်သွားခဲ့သည်။



အိပ်ရာထဲမှ လန့်ဖျပ်ကုန်းရုန်းထပြီး နောက်ဖေးမီးဖိုချောင်မှာ ထမင်းချက်နေသည့် မိခင်အနီးသို့ ကြောက်လန့်တကြားအပြေးတစ်ပိုင်း ရောက်ရှိသွားတော့သည်။

''ဟဲ့…ဟဲ့ ဘာဖြစ်တာလဲ၊ အောင်မယ်လေး…လန့်လိုက်တာ သမီးရယ်''

ကတုန်ကရီနှင့် ပြေးဝင်ရောက်ရှိလာသည့် သူမပုံစံကိုကြည့်၍ ရင်ဘတ်ပေါ်လက်ပိုက်ပြီး အမေက လန့်မေး,မေးလိုက်ခြင်းဖြစ်သည်။

သူမရင်ထဲ ဆို့နင့်မွန်းကျပ်လာသည့် ဝေဒနာနှင့်အတူ အမေ့ရင်ခွင်ထဲဝင်ကာ ငိုရှိုက်လိုက်လေသည်။ အမေက သူမ ကျောကုန်းကို ပွတ်သပ်နှစ်သိမ့်ပေးပြီး-

''ပြီးခဲ့တာတွေ မေ့လိုက်ပါတော့ သမီးရယ်၊ စိတ်ထဲ ထားမနေနဲ့တော့လေ၊ သမီးရင်သွေးလေးအတွက် ဘဝကို ကြံကြံခံ ရင်ဆိုင်ရအုံးမယ် မဟုတ်လား။ မငိုနဲ့ တိတ်တော့နော်…တိတ်…တိတ်''

သူမကို မငိုဖို့ရန် နှစ်သိမ့်ဖျောင်းဖျနေသည့် အမေ့အသံတွင်လည်း ဝေဒနာအပိုင်းအစများ ရောယှက်နေမှန်း သူမ သိနေမိသည်။

''ဖွားဖွားကြီး…မီးမီးကို အရုပ်ဝယ်ပေး…ဟီး-ဟီး-ဟီး''

''ရှီ…ရှီ…ရှီ…ရှီ…ရှီ…''

ဝရန်တာမှ သမီးငိုသံနှင့်အတူ ပီပီမှုတ်သံက ထပ်ထွက်လာပြန်သည်။

အမေက သူမအနီးမှခွာကာ သမီးရှိရာ ဝရန်တာဘက်ကို လှမ်းမျှော်ရင်း-

''ကလေး ဘာဖြစ်လဲမသိဘူး။ သွားကြည့်လိုက်အုံးမယ်၊ ထမင်းအိုး ခဏကြည့်ထားအုံး''

အမေ အိပ်ရေးလည်းထွက်၊ ထမင်းအိုးက ဆူလာ၏။ သူမအာရုံများ ထမင်းအိုးဆီ ရောက်သွားပြီး ယောက်မကိုင် လက်နှီးရှာ အိုးအဖုံးဖွင့်၍ မွှေနေလိုက်သည်။

''သမီးရေ…ကလေး ခဏထွက်ချော့အုံးမယ်၊ အမေ အရုပ်သည်နောက် လိုက်ဝယ်ပေးမလို့''

ထမင်းအိုးမွှေရင်းတန်းလန်းနှင့် အမေက အိပ်ရေးထွက်နိုင်းနေပြန်သည်။

ထမင်းအိုးငှဲ့ဖို့ အချိန်အနည်းငယ် လိုသေးသဖြင့် သမီးရှိရာ ဝရန်တာသို့ ထွက်ကြည့်ရပြန်သည်။

''မေကြီး…သမီး အရုပ်လိုချင်တယ်၊ ဟီး…ဟီး…ဟီး''

ဘွားအေကိုယ်တိုင် သွားဝယ်နေမှန်း သိသိနှင့် သမီးက သူမကိုမြင်တာနှင့် ဂျီကျနေပြန်သည်။ သူမ ဖြုန်းခနဲ အိပ်ရာမှ လန့်ပြီး ထလာလို့ပဲလားတော့မသိ၊ ခေါင်းထဲမှုးနောက်နောက်ဖြစ်ကာ ရင်ထဲ ကတုန်ကမီဖြစ်လာ၏။ သမီးကို စိတ်မရှည်ချင်တော့၊

''ဖွားဖွားကြီး သွားဝယ်နေတယ်လေ၊ ဂျီကျရင် မေမေရိုက်မှာနော်''

သူမအသံမှာ ဒေါသသံစွက်နေမှန်း သမီးက သိ၍ပဲလား၊ ဒါမှမဟုတ် ဘွားအေအားကိုးလို့ပဲလားတော့ မသိပေ၊ သမီးက ငိုသံမြှင့်လိုက်သည်။

''ဟီး…ဟီး…ဟီး အရုပ်ဝယ်ပေးပါဆိုမှ ဟီး…ဟီး…ဟီး''

သူမ ဒေါသနှင့် သုံးနှစ်အရွယ် သမီးတင်ပါးကို ခပ်ဆတ်ဆတ်လေး ရိုက်လိုက်တော့သည်။ သမီးက ပို၍ကျယ်လောင်စွာ ငိုပါတော့သည်။

''ဟဲ့…ဟဲ့ ကလေးကို ဘာလို့ရိုက်နေရတာလဲ…မရိုက်စမ်းပါတော်၊ စိတ်မှ မှန်သေးရဲ့လား မသိဘူး၊ တကယ်ပါပဲ''

အမေက ပြောပြောဆိုဆို စိတ်တိုသွားသည့်ပုံစံနှင့် ဝယ်လာသည့် မျက်နှာဖုံးရုပ်လေးကိုင်ကာ ကလေးကို မနိုင့်တနိုင်ကောက်ချီပြီး အိမ်အပြင်လမ်းမသို့ ထွက်သွားပါတော့သည်။ အမေပြောသလို သူမ စိတ်မှန်သေးရဲ့လားဆိုသည်ကို ပြန်ဆန်းစစ်နေမိသည်။ အမေ ပြောစရာဖြစ်လောက်အောင် အိပ်ရာထက်မှ ခေါက်ခနဲ ထပြေးနိုင်လောက်သည်အထိ စွဲအားကြီးမားသည့် ဇီဇီခရာသံ။

ကလေးအပေါင်းတို့အား အရုပ်လိုချင်

**လက်လှုပ်မှ ပါးစပ်လှုပ်ရတော့မည့်ဘဝမို့ သမီးကို အဘေးတာလျှင် နို့ဖြတ်ပြီး အမေနှင့်ထားကာ အထည်ချုပ် စက်ရုံတစ်ရုံတွင် သူမ အလုပ်ဝင်ခဲ့ရသည်။**

စိတ် ဝင်လာအောင် အချက်ပေးမှုတ်လိုက်သည့် အရုပ်သည်၏ ဇီဇီခရာသံ။

တစ်ချိန်က သူမကို ငရဲခန်းအထိ ရောက်အောင် ဆိုက်ဆိုက်မြိုက်မြိုက် ပို့ဆောင်ပေးခဲ့သည့် ဇီဇီခရာသံ။ သို့တည်းမဟုတ်၊ နတ်ဆိုးများ တောတိုးလာသည့်အသံ။

(၂)

နက်ရှိုင်းလွန်းသည့် ကြေကွဲခြင်းများနှင့် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်မှာ သူမ ယောက်ျား ဆိုင်ကယ်မှောက် သေဆုံးခြင်းက စခဲ့ပါသည်။ မွေးကင်းစ ကလေးငယ်နှင့် ဆက်လျှောက်ရမည့်လမ်းအတွက် မတွေးရဲလောက်အောင် ကြောက်ခြားသွေးပျက်ခဲ့ရပါသည်။

သူမ မိခင်သာ အနားမှာမရှိခဲ့ပါလျှင် မှန်းဆ၍မရနိုင်လောက်အောင် ဆိုးရွားသွားမည်မှာ သေချာ၏။ လက်လှုပ်မှ ပါးစပ်လှုပ်ရတော့မည့်ဘဝမို့ သမီးကို အဘေးတာလျှင် နို့ဖြတ်ပြီး အမေနှင့်ထားကာ အထည်ချုပ်စက်ရုံတစ်ရုံတွင် သူမ အလုပ်ဝင်ခဲ့ရသည်။

ထိုမှတဆင့် ဘဝတူအလုပ်သမများ၏ အဖော်စပ်မှုကြောင့် ထိုင်းနယ်စပ် အထည်ချုပ်စက်ရုံတွင် ပြောင်းရွှေ့လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့သည်။ ရွာလွန်ရွက်တိုက် မလုပ်သင့်မှန်းသိသော်လည်း တစ်လ သုံးလေးသိန်း လုပ်အားခနှင့် တာဝန်ယူ ခေါ်ဆောင်သွားမည့်သူကလည်း လက်ရှိစက်ရုံမှ လုပ်ဖော်ကိုင်ဖက်များ ဖြစ်နေသည့်အတွက် မရဲတရဲ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

''အပျိုလေးတွေတောင် ပါနေသေးတာ၊ ကလေးအမေ မုဆိုးမက ဘာကိုတွေးကြောက်နေရာရှိလဲ''

ဆိုသည့် စကားတွေကို မခံချင်စိတ်ဝင်ပြီး သွားဖို့ဆုံးဖြတ်တာလည်း ပါလိမ့်မည် ထင်၏။ မည်သို့ပင်ဖြစ်စေ မိခင်အိုနှင့် သမီးငယ်အတွက် ဘဝတိုက်ပွဲ မလွဲမသွေဝင်ရပေမည်။ ပြည်ပနိုင်ငံမဆိုထားနှင့် ပြည်တွင်း ရန်ကုန်မြို့ကိုပင် နှံ့နှံ့စပ်စပ် မရောက်ဖူးသေးသည့်အတွက် စိတ်ထင့်မှုကတော့ ရှိနေသည်မှာ အမှန်ပဲဖြစ်သည်။

သူမ၏ မိခင်အနေနှင့်လည်း သူမကို ပြန်မှီခိုနေရသူပီပီ ဦးဆောင်ရှာဖွေသူ၏ စိတ်ဆန္ဒအတိုင်း လိုက်လျောပေးရုံကလွဲပြီး အခြားမရှိ။ အိုစာမင်းစာမရှိဘဲ ဘဝဆိုးဆိုးနှင့် အသက်ရှည်နေသည့် 'သက်ဆိုးရှည်' ဘဝမျိုးမို့ ညှစ်ပြီးသား ကြံဖတ်ကြီးလို မီးဆိုက်လျှင်လည်း မီးခံမရ။ အမှိုက်ပုံထဲ စွန့်ပစ်မခံရတာ တော်လှဟု သဘောပိုက်ကာ သမီးစီမံသမျှ ခေါင်းညိတ်ရရုံသာ။ ဒီလိုနှင့် မမြင်ဖူးသေးသည့် 'ဘတ်ငွေ'ကို မျှော်ရည်လျက် 'ကျပ်ငွေ'ကို သစ်စိမ်းချိုး ချိုးကာ အိမ်ဂရန်ပေါင် လမ်းစရိတ်လုပ်ပြီး စိတ်တူကိုယ်တူ ငါးယောက်စု၍ ထိုင်းနယ်စပ် မြဝတီမြို့သို့ ထွက်ခွာခဲ့တော့သည်။

နယ်စပ်ဂိတ်ကိုရောက်သည်နှင့် ဦးဆောင် ခေါ်လာသူက အရင်ဆုံး သွားရောက် ညှိနှိုင်းပြီး သူမနှင့် ကျန်သုံးယောက်ကို ခပ်လှမ်းလှမ်းမှာ နေခိုင်းထားသည်။ ပြောဆိုဆွေးနွေးပြီး ပြန်လှည့်လာကာ လေးယောက်ထဲမှ သူမ တစ်ယောက်တည်းကို ခွဲပြီး–

"ညီမမှာပါတဲ့ငွေက အပေါ်လမ်းက သွားဖို့ မလုံလောက်ဘူး။ ဒီရောက်တော့ အစ်မတို့မှန်းထားတာထက် ပိုတောင်းနေတယ်၊ ညီမ အငှားယောက်ျားခေါ်မယ်ဆိုရင် ငွေတစ်ပြားမှ ပေးစရာမလိုဘူးလို့ ပြောနေတယ်"

"ဘယ်လို…အစ်မ။ ညီမက အငှားယောက်ျား ခေါ်ရမယ်ဆိုတာ ဘာကိုပြောတာလဲ"

"ဒီမှာက ဒီလိုပဲ။ ညီမက ရုပ်ချောနေတော့ ငွေမယူဘဲ ရစ်နေတာ၊ ရှင်းပြီလား"

"ဟာ…မဖြစ်နိုင်တာ အစ်မရာ၊ ကျွန်မက မိန်းမပျက်မှ မဟုတ်တာ၊ ဘာလဲ ကျွန်မက အဲဒီလိုရုပ်မျိုး ပေါက်နေလို့လား"

"မဟုတ်ဘူးလေ ညီမရဲ့၊ အစ်မတို့ အုပ်စုမှာ ညီမက ခန္ဓာကိုယ်လည်းလှ၊ ရုပ်ကလည်း ချောတော့ သူတို့က အာရုံကျနေတာ။ ညီမစဉ်းစားနော်၊ အစ်မတို့က ငွေပေးဝင်သွားလို့ရနေပြီ၊ ညီမတစ်ယောက်တည်း လှည့်ပြန်ရမှာစိုးလို့ ပြောနေတာ၊ မကြာပါဘူး ညီမရယ်၊ အလွန်ဆုံး တစ်နာရီပေါ့၊ အစ်မတို့ စောင့်နေပေးမှာပါ"

သူမ မျက်ရည်များဝဲလာသည်အထိ ဝမ်းနည်းသွားသည်။ ဆက်ပြောစရာ စကားလုံး မရှိတော့။ လိုရင်းကိုပဲ ပြောရပေတော့မည်။

"ညီမအတွက် လိုအပ်တဲ့စရိတ်ငွေကို အစ်မ ခေတ္တစိုက်ထားပေးပါ၊ အလုပ်ဝင်ပြီး လုပ်အားခရတာနဲ့ အစ်မကို အရင်ဆုံးပေးပါ့မယ်၊ အဲသလိုမှ မလုပ်ရင် မြဝတီမြို့က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ဆီ သွားပြီး ဒီကိစ္စကိုဖွင့်ပြောအကူအညီတောင်းမယ်၊ အစ်မကြိုက်သလို ဆုံးဖြတ်ပါ"

သူမစကားကြောင့် တာဝန်ယူခေါ်ဆောင်သူ တစ်ချက်တွေဝေစဉ်းစားသွားသည်။ အမှန်တကယ် ကုန်ကျငွေထက် ပိုလိုချင်စိတ်ဖြင့် လှလည်ကျနေမှန်း သူမ ရိပ်မိသဖြင့် ယခုလိုပြောလိုက်ခြင်း ဖြစ်သည်။

"ငါးသောင်းလောက်ပဲ လိုတာပါ၊ အစ်မ စိုက်ထားလိုက်ပါ့မယ်၊ ကတိတော့ တည်ပါစေနော်"

သူမ စကားပြောချင်စိတ် မရှိတော့သည့်အတွက် တိုတိုတုတ်တုတ်ပဲ ပြန်ပြောလိုက်သည်။

"စိတ်ချ"

စက်ရုံတစ်ခုထဲမှာ အလုပ်လုပ်ကြသည့် လုပ်ဖော်ကိုင်ဖက်များသည်ပင် ငွေနှင့်ပတ်သက်လာလျှင် ရက်စက်တတ်ကြကြောင်းကို သူမ သင်ခန်းစာအကြီးကြီး ရလိုက်ပါတော့သည်။

(၃)

သူမတို့စီးလာသည့်ကားက ထိုင်းနိုင်ငံပိုင်နက်ထဲမှာ မောင်းနှင်နေမှန်းတော့ သူမ သိနေ၏။ သို့သော် ဘယ်မြို့ ဘယ်ရွာမှန်းတော့ မသိပါချေ။ ရင်ထဲမှာဖြင့် အကာအကွယ်မဲ့သည့် ဟင်းလင်းပြင်ထဲ တစ်



ယောက်တည်း လျှောက်သွားနေသလို ဟာတာတာဖြစ်နေ၏။ ကြောက်စိတ်အားငယ်စိတ် ဝင်လာတိုင်း ပြည်တွင်းအထည်ချုပ်စက်ရုံများ၏ နှိပ်ကွပ်မှုများကို ပြန်တွေးပြီး စိတ်ကိုပြန်တင်းရပြန်သည်။

မိန်းမထောင်ပုံစံ စရိုက်ကြမ်း၊ နွတ်ကြမ်း၊ လျှာကြမ်းများကို လက်ရွေးစင်ထုတ်ပြီး 'စူပါ'ဘွဲ့တပ်၍ အုပ်ချုပ်ခိုင်းစေမှုများ၊ အဆက်ဖား၊ အောက်ဗိ၊ လူမျိုးခြားလုပ်ငန်းရှင်များ၊ အလိုကျ နွမ်းပါးသည့် အလုပ်သမများအပေါ် ဆဲဆိုဖိနှိပ်မှုများ။ ထိုကဲ့သို့ အကြောင်းတရားများကပင် ယခုကဲ့သို့ ပြည်ပအထည်ချုပ်စက်ရုံဘက်ကို ဖြစ်ချင်ရာဖြစ် စွန့်စွန့်စားစား ထွက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

သူမ၏ တောင်စဉ်ရေမရ အတွေးမဆုံးခင်မှာပင် အုတ်တံတိုင်းမြင့်မြင့်ကြီးနှင့် အသင့်ဖွင့်ထားသည့် တံခါးပေါက်အကျယ်ကြီးအတွင်းသို့ ကားကွေ့ဝင်လိုက်သည်ကို သိလိုက်ရပြီး ကျယ်ဝန်းလှသည့် စက်ရုံကြီးကို ငေးမောနေစဉ်မှာပင် စက်ရုံခြံဝင်းတံခါးကြီးက 'ဂျိမ်း'ခနဲ ပိတ်သွားခဲ့ပါတော့သည်။

သူမ လုပ်ငန်းခွင်ထဲဝင်ရောက်ပြီး ပထမဆုံး သတိပြုမိသည်မှာ…ထိုင်း စက်ချုပ်သမဟူ၍ ရှိမနေခြင်းပဲဖြစ်သည်။ မြန်မာ၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း၊ တိုင်းရင်းသားပေါင်းစုံရှိသည်။ ပြည်ထောင်စုအထည်ချုပ်လုပ်ငန်းလို့တောင် ပြောချင်ပြောလို့ရသည်။ အုပ်ချုပ်ရေး အထက်ပိုင်းနေရာတာဝန်များအတွက် ထိုင်းအမျိုးသမီးနည်းနည်းပါးပါးသာ ရှိသည်။ သူမတို့ ပြည်တွင်းစက်ရုံ လုပ်အားခထက် ပိုရတာလည်း မှန်ပါသည်။ လုပ်ငန်းသုံး မော်တာစက်များလည်း ပိုကောင်းပါသည်။ သို့သော် အလုပ်ချိန် ၁၂ နာရီဝန်းကျင် လုပ်ရသည့်အတွက် သေသေချာချာ ပြန်တွက်ကြည့်လျှင် သိပ်အကွာကြီးတော့ မဟုတ်ပေ။ စက်ချုပ်သမအားလုံး၏ တစ်ခုတည်းသော တူညီသည့်ခံယူချက်မှာ– လူမျိုးတူ၊ နိုင်ငံသားအတူ ဆွေမျိုးအရင်းအချာတွေ နှိပ်စက်ခံနေရတာနဲ့စာရင် သူစိမ်းတွေ နှိပ်စက်တာက ဖြေသာသေးသည်ဟု သဘောပိုက်ကာ ကြိတ်မှိတ်သည်းခံ လုပ်ကိုင်နေကြတာကို တွေ့ရလေသည်။ ထောင်တွင်း အကျဉ်းကျခံနေရသည့် စက်ချုပ်သည့် စက်ရုပ်များပမာ ဖြစ်နေခဲ့သည်။

ထိုင်းအစိုးရ အသိအမှတ်ပြု ခေါ်ယူထားသည့် အလုပ်သမအင်အားထက် သူမတို့လို နားလည်မှုနှင့် ရောက်လာသည့် တရားမဝင်အလုပ်သမအင်အားက အဆမတန်ပိုများနေသဖြင့် မကြာခဏ ဝင်ရောက်စစ်ဆေး ဖမ်းဆီးလေ့ရှိမှန်းသိရသည်။

ဒီလိုနှင့် ကျီးလန့်စာစား ပုံစံမျိုး ကြောက်ကြောက်လန့်လန့်နှင့်ပင် သူမ လုပ်သက်အချိန် သုံးလပြည့်ခဲ့ပါတော့သည်။

မြိုးမြိုသုံးစွဲနေခဲ့သည့်အတွက် အကြွေးအားလုံးပေးဆပ်ပြီး အိမ်ဂရန်လည်း ပြန်ရွေးပြီးပြီမို့ ဒီတစ်လကုန်လျှင် ရမည့်လုပ်အားခနှင့် အိမ်ပြန်ဖို့ သူမ ဆုံးဖြတ်ထားလိုက်သည်။ ဒီမှာ အလုပ်ဆက်လုပ်နေလျှင် နှလုံးရောဂါရမှာ သေချာ၏။ ဘယ်အချိန် စစ်ဆေးရေးတွေ ဝင်လာမလဲ စိုးရိမ်စိတ်နှင့် အလုပ်လုပ်ရသည့်အတွက် စိတ်ဖြောင့်ဖြောင့်တန်းတန်း နေထိုင်လို့မရပေ။ စက်ရုံအပြင်ဘက်ကို တစ်ခါမှ ထွက်မကြည့်ဖူးပဲ အိပ်ချိန်ကိုလုပြီး အလုပ်လုပ်နေခဲ့ရသည်။ တချို့အလုပ်သမများ အပြင်ထွက်လည်သည့်အခါ စက်ရုံအပြင်ဘက်မှာရှိသည့် ဆိုင်ကယ်သမား၊ ယိုးဒယားကျားတို့က သွားလိုရာ လိုက်ပို့ပေးပြီး သူတို့လိုချင်တာ ပြန်ပေးခဲ့ရသော။ သူတို့လူမျိုးအချင်းချင်း တွေ့ဆုံပြောဆိုကြသည့်အခါ–

"ငါ မြန်မာသားစားတာ ဘယ်နှယောက်…ဘယ်နှခါ"စသဖြင့် ဂုဏ်ယူပြောဆို စားမြုံ့ပြန်လေ့ရှိကြမှန်းသိသိနှင့် ဆိုင်ကယ်နောက် လိုက်နေသည့် မြန်မာမိန်းကလေးများကို သူမ နားမလည်နိုင်အောင် ဖြစ်မိသည်။

သူမတို့လို တရားမဝင်အလုပ်သမများအတွက် စက်ရုံထဲ စစ်ဆေးရေးဝင်လာပြီဆိုလျှင် စက်ရုံအနောက် ဝါးတောထဲသို့ ပြေးပုန်းနိုင်စေရန် အနောက်ပေါက်တံခါးကို အမြဲဖွင့်ထားပေးပြီး ခရာမှုတ်၍ အချက်ပေးသည်ဟု သိရသည်။ အန္တရာယ်ကျရောက်လာမည့် နိမိတ်ဆိုးရောသံကို အမြဲနားစွင့်၍ သတိ





**ဆိုင်ကယ်မောင်းသူက ဝါးတောထဲ မြွေလိမ်မြွေကောက် မောင်းနှင်နေသဖြင့် ပြုတ်မကျစေရန် ကျောကုန်းနောက်မှာ မျက်နှာအပ်၊ မျက်စိစုံမှိတ်၊ သိမ်းကျုံးပက်ကာ လိုက်ပါနေရသည်။**

ကပ်ထားရသည်။ မှတ်မှတ်ရရ သူမ စက်ရုံ ရောက်ပြီး ၃ လနှင့် ၁၄ ရက် နေ့လယ် ၂ နာရီအချိန်က အဖြစ်အပျက်ပဲဖြစ်သည်။

(၄)

"ဒွီ…ဒွီ…ဒွီ…ဒွီ…ဒွီ…ဒွီ"

ခရာမှုတ်သံက စက်ရုံတစ်ခုလုံး ဆူညံသွားတော့သည်။ မထင်မှတ်ဘဲ မြှိုန်းခနဲ ကြားလိုက်ရသဖြင့် သူမ ခေါင်းနားပန်း ကြီးပြီး ရုတ်တရက်ကြောင်သွားသည်။ ဘယ်အချိန် မြည်လာမလဲ စိတ်ထင့်နေသည့်ကိစ္စက တကယ်တမ်းကြုံရသည့်အခါ လူတစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ ချွေးစေးတွေပျံကာ မတ်တတ်မေ့သလို ဖြစ်သွားတော့သည်။

"ဟဲ့…ဘာရပ်လုပ်နေတာလဲ၊ ပြေးတော့လေ…ပြေး…ပြေး"

သူမ လက်မောင်းကို တွန်းလည်းတွန်း၊ ပြောလည်းပြော၊ ပြေးလည်းပြေးသွားသည့် အလုပ်သမတစ်ဦးကြောင့် သတိဝင်သွားပြီး အနောက်မှ ပြေးလိုက်သွားပါတော့သည်။

သူမအရှေ့ တော်တော်လှမ်းလှမ်းမှ လှစ်လှစ်၊ လှစ်လှစ်နှင့် ပြေးနေသူတွေမှ အများကြီး။ သူမတစ်ယောက်သာ နောက်ဆုံးဖြစ်နေလေသည်။ စက်ရုံအနောက်ပေါက်က အထွက်၊ ဝါးတောအဝင်၌ ရှေ့မှပြေးသူများကို ဖျတ်ခနဲ ခပ်ရေးရေးသာတွေ့လိုက်ရပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားချေပြီ။ ကြောက်စိတ်နှင့် နောက်ကိုပြန်လှည့်ကြည့်သည့်အခါ ယောက်ျားနှစ်ယောက် ပြေးလိုက်လာသည်ကို တွေ့ရလေသည်။ ကြောက်စိတ်က အမြန်နှုန်းမြှင့်ပေးလိုက်သလို သူမ အားကုန်ထုတ်ပြေးရပါတော့သည်။ ခြေဦးတည့်ရာ ခွတ်ရွတ်ပြေးရင်း အနောက်ကို လှည့်ကြည့်ပြန်သည့်အခါ မိဖို့ ရန် နည်းနည်းပဲလိုတော့ကြောင်း သိလိုက်ရစဥ်မှာပင်…အမြန်မောင်းလာသည့် ဆိုင်ကယ်တစ်စီးက သူမအနား 'ကျွီ'ခနဲ ဘရိတ်အုပ် ရပ်လိုက်ပါသည်။ "အောင်မလေး" အော်သံနှင့်အတူ သူမ လန့်ဖျတ်ခြေစုံရပ်သွားပါတော့သည်။

ဆိုင်ကယ်ပေါ်မှလူက လက်ဟန်ခြေဟန်နှင့် 'လာ–တက်–တက် ဟိုမှာလာနေပြီ"ပုံစံ လုပ်ပြနေသောကြောင့် သူမ တွေဝေစဥ်းစားမနေတော့ဘဲ ဆိုင်ကယ်ပေါ် ဖျစ်ခနဲ တက်လိုက်ပါတော့သည်။ ဆိုင်ကယ်မောင်းသူက ဝါးတောထဲ မြွေလိမ်မြွေကောက် မောင်းနှင်နေသဖြင့် ပြုတ်မကျစေရန် ကျောကုန်းနောက်မှာ မျက်နှာအပ်၊ မျက်စိစုံမှိတ်၊ သိမ်းကျုံးပက်ကာ လိုက်ပါနေရသည်။ ဆိုင်ကယ်က မြန်လွန်းသဖြင့် သူမ ဆက်မစီးရဲတော့ဘဲ ကျောကုန်းကိုပုတ်၍ ရပ်ခိုင်းရတော့သည်။ ဆိုင်ကယ်သမားက မရပ်သေးဘဲ အရှိန်တင်မောင်းနေသဖြင့် ပြုတ်မကျအောင်ထိန်း၍ ကျောကုန်းကို ထုရိုက်ရပ်ခိုင်းသော်လည်း အချည်းအနှီးသာ။ ဆိုင်ကယ်မောင်းရင်း ရယ်မောဟားတိုက်နေလိုက်သေးသည်။ သူမ မူလကြောက်စိတ်သက်ဝင်သည့် မူယန်ခြောက်ခြားစိတ်ကြီး ဝင်လာပါတော့သည်။ ထိုစိတ်ကပင် ကြောက်စိတ်ကို မောင်းထုတ်လိုက်သလိုမျိုး သတ္တိတွေဝင်လာပြီး ဆိုင်ကယ်သမားရော သူမပါ ဆိုင်ကယ်ပေါ်မှ ဆွဲချခုန်ဆင်းလိုက်မည်ဟု မိုက်မိုက်ကန်းကန်း ဆုံးဖြတ်လိုက်စဥ်မှာပင်–

'ကျွီ'ခနဲ ရပ်တန့်ဘရိတ်အုပ်လိုက်ပါတော့သည်။

အန္တရာယ်အနံ့အသက်ရလိုက်သည့် သမင်တစ်ကောင်လို သူမ ဘေးဘီဝဲယာကို လှမ်းကြည့်ပြီး အလျှင်အမြန် ပြေးသမ်းရှာလိုက်သည်။ သူမနှင့် မလှမ်းမကမ်းမှာရှိနေသည့် ရုတ်ရုတ်ပြုတ်ပြုတ် တဲအိမ်တစ်လုံး။

ကိုးတောင်ကျားခေါ်လာသည့် သားသမင်ကို ပွဲတော်တည်မည့် ကိုးတောင်ထက်ကြီးသည့် ကျားနှစ်ကောင်က တဲအိမ်အနီးမှာ အဆင်သင့်။ ထိုနှစ်ယောက်မှာ သူမနောက်မှ ပြေးလိုက်လာသူများဖြစ်နေခဲ့ပြီး စက်ရုံကိုစစ်ဆေးရန် လာသူများမဟုတ်မှန်း သူမ သိလိုက်ရသည့်အချိန်က နောက်ကျသွားခဲ့လေပြီ။

ဆိုင်ကယ်မောင်းသူက ဦးထုပ်ကို ချွတ်လိုက်ပြီး တြိဂံပုံစံပိုင်းကာ တစောာသံခြောက်ကပ်ကပ်ရယ်သံနှင့် သူမအနားသို့ တရွေ့ရွေ့ တိုးတက်လာကြသည်။

ကျားမာယာလှည့်ကွက်ထဲက ရုန်းထွက်ဖို့ သူမ လမ်းစရှာမရတော့ဘဲ မျက်ရည်တွေသာ ကျလာတော့သည်။ မိန်းမတို့လက်နက် မျက်ရည်စက်ဆိုတာ ဘီလူး သုံးကောင်အလယ်တွင် အပ်တစ်ချောင်းလောက်ပင် အသုံးမဝင်တော့ပေ။

ဝါးတောကြီးကို လေတစ်ချက်ဝှေ့လိုက်သည့်အသံက သူမနားထဲတွင် ငရဲမှက်သံပမာလို ကြားလိုက်ရပြီးသည့်နောက်။

(၅)

လောက၌ မတူညီသည့် ရုပ်တည့်မှုများနှင့် မတူညီသည့် ပြုလဲမှုများက အစဥ်အမြဲ ရှိနေဦးမည်ဟု ထင်ပါသည်။

သူမဘဝ၏ အခါးသီးဆုံးပြုလဲမှုက

ယနေ့ထက်တိုင် နာကျင်မှုမရနိုင်သော်လည်း တစ်ခါလဲပြိုလဲရုံနှင့် တစ်သက်လုံး ပြန်မထတော့ဘဲ ရေစုန်မျှောချလိုက်သည့် အဖြစ်မျိုးကိုတော့ အဖြစ်မခံနိုင်ပါ။

သူမကို ကျေးမွေးစောင့်ရှောက်ခဲ့သည့် အမေအိုအတွက် သမီးတစ်ယောက်ရဲ့ တာဝန်။

သူမက မွေးထားသည့် သမီးငယ်အတွက် မိခင်တစ်ယောက်၏ ဝတ္တရား။

ထို တာဝန်နှင့် ဝတ္တရားများအတွက် မဖြစ်မနေ ဆက်လက်ရှန်းကန်ရပ်တည်ရပေမည်။

သူမစိတ်ကူးနှင့် တည်ဆောက်ခဲ့ဖူးသည့် မိသားစုဘဝနှင့် ယခုလက်ရှိဘဝမှုတို့မှာ ပြည်တွင်းမှာလုပ်စားတော့ မဝတာဝ၊ ပြည်ပထွက်လုပ်တော့ ငရဲကျရတဲ့ ဘဝမျိုးတွေက ကွာခြားလွန်းလှပါသည်။ သောစာရှင်စာ ရေးတတ်ရုံ မိန်းကလေးလည်း ငယ်စဉ်ဘဝက ဆရာဝန်မကြီးလုပ်မယ် မပြောခဲ့ရင်တော့ ကျောင်းဆရာမကြီးလုပ်မယ် လောက်တော့ ပြောခဲ့မှာ သေချာပါသည်။

ဘယ်မိန်းကလေးမှ အပျက်မ,ကြီးလုပ်မယ်ဟု မပြောကြမှာ ပို၍သေချာပါသည်။ မပျက်ချင်ဘဲ ပျက်သွားခဲ့ကြရတဲ့ ဘဝတွေ၊ မပျက်သင့်ဘဲ ပျက်ခဲ့ကြရတဲ့ ဘဝတွေ . . . အားလုံးကို ကိုယ်နဲ့ရင်းပြီး ကိုယ်ချင်းစာစိတ် ကြီးထွားလာပါသည်။

ထိုစိတ်နှင့်ပင် အမျိုးကောင်းသမီး မြန်မာမိန်းကလေး ဂုဏ်သိက္ခာအတွက် အဆင်းရဲဆုံးစာရင်းဝင်နိုင်ငံမှာ ဆင်းရဲတာ ရှက်စရာမဟုတ်ဘဲ အမျိုးဖျက်ခံရတာက ရှက်စရာအပြင်၊ ကြေကွဲရင်နင့်စရာမို့ သူမနဲ့ ခင်မင်သည့် စာရေးသူတစ်ယောက်ကို မရှက်မကြောက် ပြောပြရေးခိုင်းခဲ့ပြီး သူမရှိရင်းစွဲပဲ တွေးပါသည်။

သူမလို ဘဝလှေကိုလှော်ခတ်ရင်း၊ လှော်တက်မနိုင်၊ ပဲ့ကိုင်မရှိ၊ လှိုင်းရိုက်တဲ့ ရေ တိမ်မှာ မနစ်ကြစေရန် တရားမဝင် နယ်စပ်နိုင်ငံများမှာ အလုပ်မလုပ်ကြဖို့ အမြဲလို ကူညီတားမြစ်နေပါတော့သည်။

"ဟယ် . . . ထမင်းအိုးက ဆန်ပြုတ်အိုးကပ် ဖြစ်တော့မယ်၊ ဘုရား . . . ဘုရား။ ဟဲ့ . . . သမီး . . . ရှူးသွားပြီလား . . . ပြောစမ်း"

**မူကြီ**



## အဲဒါမှဒုက္ခ



ကျွန်မ တက်ရောက်ပညာသင်ကြားနေတဲ့ တက္ကသိုလ်ကျောင်းမှာ နောက်တစ်နေ့ ကျွန်မရဲ့ အစီရင်ခံစာ ဖတ်ပြဖို့ရှိတယ်။ ကျွန်မအတွက် အစီရင်ခံစာကို ကျွန်မရဲ့ ယောကျ်ားလေးမိတ်ဆွေ (Boy Friend) က ညတွင်းချင်း အပြီးရိုက်ပေးလို့ ကျွန်မ အတော်လေး စိတ်အေးသွားရပါတယ်။

နောက်တစ်နေ့ကျတော့ အစီရင်ခံစာကိုယူပြီး ဂုဏ်ယူမှုနဲ့ ကျောင်းကို လာခဲ့တာပေါ့။ ကျောင်းရောက်တော့ ကျွန်မ သူငယ်ချင်းမကို တွေ့တဲ့အခါ သူငယ်ချင်းမက–

"ဒီမှာတွေ့လား။ ငါ့ရဲ့အစီရင်ခံစာ၊ အဲဒါ ငါ့ယောကျ်ားလေး မိတ်ဆွေ(Boy Friend)က ကူညီလုပ်ပေးတာ၊ တစ်ပတ်တောင် ကြာသွားတယ်"လို့ ပြောတယ်။

သူငယ်ချင်းမရဲ့ အစီရင်ခံစာကိုကြည့်လိုက်တော့ ကျွန်မရဲ့ အစီရင်ခံစာနဲ့ တူနေတာကို အံ့ဩဖွယ် တွေ့လိုက်ရပါတယ်။

**မောင်သီဟ**

# ဂင်းနက်စ် မှတ်တမ်းများ

ကိုခန့်(သုတေသန)



# ဦးခေါင်းဖြင့် လှေကားထစ်၃၆ထစ်ကို တက်ပြရန်ကြိုးပမ်းသူ

ယုံချင်ယုံ မယုံချင်နေပါ။ လက်တွေ့ လုပ်ပြသွားခဲ့သည့် တရုတ်နိုင်ငံသား၏ စွမ်းရည်က အံ့သြဖွယ်ရာပင်ဖြစ်ပါသည်။ မတ်လ ၁၀ ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ တရုတ်နိုင်ငံသားတစ်ဦးဖြစ်သူ လီလောင်းလောင်းက ၎င်း၏ ဦးခေါင်းဖြင့် လှေကားထစ် ၃၆ ထစ်ကို တက်ပြပြီး ယခင်တင်ထားခဲ့သည့် လှေကားထစ် ၃၄ထစ် (၂မိနစ်နှင့် ၅၅စက္ကန့်) ဂင်းနက်စ်စံချိန်ကို ချိုးရန် ကြိုးပမ်းမှုကို သရုပ်ပြသခဲ့ပါသည်။ အီတလီနိုင်ငံ၏ Lo Show dei Record အစီအစဉ်အရ လီလောင်းလောင်းသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ရှေ့မှောက်တွင် ဆက်တင်လုပ်ထားသည့် လှေကားထစ်၃၆ထစ်ကို ပုံပါအတိုင်း ဦးခေါင်းဖြင့် ခန္ဓာကိုယ်တစ်ခုလုံးကို ဟန်ချက်ညီထိန်းရင်း ခုန်တက်ခဲ့ပါသည်။ ယင်းသို့ ခုန်တက်ခဲ့ရာ လှေကားထစ် ၃၆ ထစ်ကို ၃မိနစ်အတွင်း အရောက်ခုန်နိုင်ခဲ့သော်လည်း ယခင်စံချိန် လှေကားထစ် ၃၄ထစ်၏ သတ်မှတ်စံချိန်အတွင်း ၃၆ ထစ်ကို ခုန်တက်ပြမှုတွင် ၅စက္ကန့် နောက်ကျခဲ့ရသည့်အတွက် ဂင်းနက်စ်မှတ်တမ်း မဝင်ခဲ့ပေ။ မည်သို့ပင်ဆိုစေကာမူ လီလောင်းလောင်း၏စံချိန်ကို မည်သူမျှ မကျော်ဖြတ်နိုင်သေးသည့်အတွက် မူလဂင်းနက်စ်စံချိန်ရှင်ဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါသည်။



## အံ့မှုဖွယ်ပါရမီရှင်





မတ်လ ၁၄ ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်း သတင်းအရ အီသီယိုပီးယား နိုင်ငံသား အသက်၂၀ခန့်ရှိသူ ကီယာဘူးယာလီမား၏ စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဝင်ဖြစ်ခဲ့ရပါသည်။ အစီအစဉ်အရ ကီယာဘူးယာလီမားသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ စောင့်ကြည့်လေ့လာသူများ၏ ရှေ့မှောက်၌ ပုံတွင်ပြသထားသည့်အတိုင်း သောက်ရေဗူး ဝ ဒသမ ၅လီတာဆံ့သည့် ရေဗူး၂ဗူးနှင့် ၁ လီတာဆံ့ ရေဗူး၁ဗူးတို့ကို သောက်ပြခဲ့ပါသည်။ ယင်းနောက် စက္ကန့်အနည်းငယ်အကြာတွင် သောက်ပြီးခဲ့သည့် ရေများအား ၅၆ ဒသမ ၃၆ စက္ကန့်အတွင်း ပြန်လည်ထွေးထုတ်မှုကို အံ့အားသင့်ဖွယ်ရာ လုပ်ဆောင်သွားခဲ့ပါသည်။ သရုပ်ပြသမှုအပြီးတွင် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများက ကီယာဘူးယာလီမား၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုသောအားဖြင့် ဂင်းနက်စ်မှတ်တမ်းနှစ်ခုကို တစ်ပါတည်း အပ်နှင်းပေးခဲ့ပါသည်။

## ဘာရိုက်ခနဲ့ ဘာကပြင့် နှစ်ထပ်ကွမ်းဂင်းနက်စ်ချန်ပီယံတင်သူ



မတ်လ(၁၇)ရက်ကထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ ဂျပန်နိုင်ငံသား ဘာရိုက်ဒန့်စ်အက ချန်ပီယံဖြစ်သူ တာကာဟီယို အိဂါရာရှိ(၁၁) အာရှိတာကာ၏ အကစွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်း(နှစ်ထပ်ကွမ်း)ဖြစ်ခဲ့ရပါသည်။ အာရှိတာကာသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ စောင့်ကြည့်လေ့လာသူများ၏ ရှေ့မှောက်၌ ပုံတွင်ပြသထားသည့်အတိုင်း ခန္ဓာကိုယ်တစ်ခုလုံးကို ဝဲဘက်လက်တစ်ဖက်တည်းဖြင့် ဟန်ချက်ညီထောက်ပြီး အလွတ်ခုန် ဘာရိုက်ဒန့်အကကို ၅၅စက္ကန့်အတွင်း ၁၃၉ကြိမ်ထိ သရုပ်ပြသနိုင်ခဲ့ပါသည်။ အာရှိတာကာသည် ယခင်က ၅၅စက္ကန့်ကို ၁၃၃ကြိမ်သာ ခုန်နိုင်ခဲ့ပါသည်။ ယင်းနောက် ဝဲဘက်လက်တစ်ဖက်တည်းဖြင့် ခန္ဓာကိုယ်တစ်ခုလုံးကို တံတောင်ဆစ်နှင့်အားပြုကာ ဟန်ချက်ညီထောက်ပြီး အလွတ်ခုန်ဘာရိုက်ဒန့်အကကို ၄၅စက္ကန့်အတွင်း ၁၈၇ ကြိမ်ကို ထပ်မံသရုပ်ပြသနိုင်ခဲ့ပါသည်။ ၎င်းသရုပ်ပြသမှုကို ယခင်က ၃၀စက္ကန့်အတွင်း ၆၆ကြိမ်သာ ကပြသနိုင်ခဲ့ပါသည်။ သရုပ်ပြသမှုအပြီးတွင် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများက အာရှိတာကာ၏ စွမ်းဆောင်ရည်နှစ်ရပ်ကို အသိအမှတ်ပြုသောအားဖြင့် ဂင်းနက်စ်မှတ်တမ်းနှစ်ခုကို တစ်ပါတည်း အပ်နှင်းပေးခဲ့ပါသည်။



# အသက်၁၄နှစ်သားလေး၏ ခြေထောက်လှည့်စွမ်းရည်

မတ်လ(၆)ရက်ကထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ ဗြိတိန်နိုင်ငံသား အသက်၁၄နှစ်အရွယ်ရှိ မက်ဖဲလ်၏ မွေးရာပါ အရိုးအဆစ် ပြောင်းလဲမှုကလည်း ဂင်းနက်စ်မှတ်တမ်းဝင်ဖြစ်ခဲ့ရပါသည်။ ပုံတွင်ပြထားသည့်အတိုင်း မက်ဖဲလ်သည် ၎င်း၏ ခြေထောက်တစ်စုံအား သာမန်အနေအထားမှနောက်ဘက်သို့ လှည့်လည်ရာတွင် ဖဲဘက်ခြေထောက်သည် ၁၄၃ ဒီဂရီသို့ လည်းကောင်း၊ ယာဘက်ခြေထောက်သည် ၁၅၇ ဒီဂရီသို့လည်းကောင်း လှည့်နိုင်ပြီး ၎င်းအတိုင်း ၁၀ မိနစ်ခန့်ခြေထောက်နောက်ပြန်ဖြင့်လမ်းလျှောက်မှုကို သရုပ်ပြနိုင်သည့်အတွက် ဂင်းနက်စ်မှတ်တမ်းဝင်မှုကိုလက်ထူးဖြစ်ခဲ့ရပါသည်။







# တံတောင်ဆစ်ဖြင့် အစွမ်းပြသူ

ဖေဖော်ဝါရီလ(၂၃)ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ ပါကစ္စတန်နိုင်ငံသားဖြစ်သူ မူဟာမက်ရာရှစ်၏ တံတောင်ဆစ်စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဖြစ်ခဲ့ရပါသည်။ အစီအစဉ်အရ မူဟာမက်ရာရှစ်သည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ရှေ့မှောက်တွင် ခင်းကျင်းထားသည့် ဘီယာဗူးများအား ၎င်း၏ တံတောင်ဆစ်စွမ်းရည်ဖြင့် ထုခွဲ(သို့မဟုတ်) ဖောက်ခွဲခြင်းကို စက္ကန့် ၃၀အတွင်း ဘီယာဗူး ၇၇ ဗူးအား ဖောက်ခွဲပြသနိုင်ခဲ့ပါသည်။ သာမာန်လူသားတို့ မလုပ်နိုင်သည့် စွမ်းဆောင်ရည်ကို မူဟာမက်ရာရှစ်က လုပ်ဆောင်နိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် ၎င်းအား ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်း အပ်နှင်းပေးခဲ့ပါသည်။ ဘီယာဗူးများကို နှမြောလှပေစွ။







# ကြိုးနှစ်ချောင်းဖြင့် အလှတ်ခုန်စံချိန်သစ်တင်သူ

မတ်လရောက်တွင် ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ ဂျပန်နိုင်ငံသူ အာယူမီဆာကာမာကီ၏ စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ပါသည်။ တကယ်တော့ အာယူမီဆာကာမာကီ၏ တစ်ဦးတည်း စွမ်းဆောင်ရည်တော့မဟုတ်ပေ။ အစီအစဉ်တကျ ဆောင်ရွက်ပေးခဲ့သူသုံးဦး၏ စွမ်းဆောင်ရည်ကြောင့်သာ ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ခြင်းလည်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စာရေးသူတို့၏ ပတ်ဝန်းကျင်တွင် မြင်တွေ့နေကြဖြစ်သည့် ကြိုးတစ်ချောင်းကို တစ်ဖက်စီမှလွှဲပေးပြီး အလွတ်ခုန်ပြသမှုသာ မြင်တွေ့ရခြင်းကြောင့်ဖြစ်ပါသည်။ ယခုဖြစ်ရပ်က ကြိုးနှစ်ချောင်းကို ဘယ်၊ ညာဟန်ချက်လွှဲပေးရင်း သတ်မှတ်ချိန်အတွင်း ခုန်ပြနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ အစီအစဉ်အရ အာယူမီဆာကာသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ ရှေ့မှောက်တွင် ကြိုးလွှဲပေးသူနှစ်ဦး၏ ဘယ်၊ ညာဟန်ချက်ညီ လွှဲပေးမှုတွင် အချိန်အားဖြင့် စက္ကန့်၃၀အတွင်း အကြိမ်အရေအတွက် ၁၂၉ကြိမ်ကို အောင်မြင်စွာအလွတ်ခုန်နိုင်ခဲ့ပါသည်။ ထိုသို့ ခုန်ရာတွင်လည်း ဘယ်ခြေတစ်လှည့်၊ ညာခြေတစ်လှည့်ဖြင့် စည်းချက်ညီခုန်ပြသွားနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း သာမန်လူသားတို့ မလုပ်နိုင်သည့်စွမ်းရည်ကို အာယူမီဆာကာမာကီ၏အဖွဲ့က အောင်မြင်စွာလုပ်ပြနိုင်ခဲ့မှုကြောင့် ပွဲအပြီးတွင် ဂင်းနက်စ်မှတ်တမ်းကို တစ်ပါတည်း အပ်နှင်းပေးအပ်ခဲ့ပါသည်။

**ကိုခန့်(သုတေသန)**

**Source..Guinness World Records.com**



# အောင်မြင်နေသူအလား ကျန်းမာရေးသမား

ရွှေရတီ

လူတို့သည် ဘဝရပ်တည်နိုင်ရေးအတွက် နေ့စဉ် စား၊ ဝတ်၊ နေရေး ဤသုံးထွေကို ရှေ့တန်းတင်လျက် ကြီးပွားရေး၊ စီးပွားရေး၊ တိုးတက်ရေး၊ အောင်မြင်ရေး၊ ငွေရေးကြေးရေး၊ ပညာရေး စသည့်အရေးတို့တွင်သာ အထူးအာရုံစိုက်ကြ၊ လုံးပမ်းကြိုးစားလျက် ရှိကြသည်။

လူ့ဘဝသက်တမ်း(တစ်ရာ) ပြည့်မီစွာနှင့် ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် ကျန်းမာရေးကို ဂရုစိုက်ကြရမှန်း မသိကြပေ။

အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း။ အလှမ်းကျယ်တော့ အလယ်လပ်ဆိုသလို၊ မရဏာလမ်း ခြေလှမ်းမိတော့မှ ကျန်းမာရေးကို အလေးထားကြ၊ သတိရကြသည်။

ဝေဒနာဖိစီး သေခါနီးကျမှ ကျန်းမာရေးကို တောင့်တကြတော့သည်။

အချို့လည်း အချိန်နှောင်းပြီမို့ နောင်တရတာ ကလွဲ၍ အခြားနည်းလမ်း မရှိပြီ။ ဖားလို ခါးတောင်းကျိုက်လို့ သေပွဲဝင်ကြရုံသာ ရှိကြ၏။



အချို့လည်း ကိုယ်ရှာထားတာ ကိုယ်မစားလိုက်ရ၊ လူငနွား ဖြစ်ကြရ၏။

အချို့လည်း ကိုယ်ကြိုးစားတာ ကိုယ်မရ လူဖြစ်ကျိုးမနပ် ဖြစ်ကြရ၏။

ဟိုအစားရှောင်ရ၊ ဒီအစား မတည့်၊ မြင်သာမြင် မစားရတဲ့ လူပြိတ္တာဘဝ ဖြစ်ကြရ၏။

လူ့ဘောင်၊ လူ့သက်တမ်းတစ်လျှောက်မှာ အသက်ရှည်ရှည်၊ အနာရောဂါကင်းဝေးပြီး လူတန်းစေ့နေထိုင်ရေးအတွက် ကျန်းမာရေးသည်သာ အဓိကအရေးကြီးဆုံးအချက် ဖြစ်ပေသည်။

ရွှေ ငွေ ဥစ္စာပေါကြွယ်ဝလည်း မကျန်းမာလျှင် ချမ်းသာသုခ အမှန်မရပေ။

ရာထူးဂုဏ်ရှိန်၊ ပညာပြည့်စုံသော်လည်း မကျန်းမမာလျှင် ချမ်းသာသုခ မခံစားနိုင်ပေ။

ထို့ကြောင့် ရှေးလူကြီးသူမများက "အာရောဂျ ပရမံ လာဘံ" ဟု ပြောကြ၏။

* အနာရောဂါကင်းခြင်းသည် ချမ်းသာသုခဖြစ်၏။
* ရောဂါဘယကင်းခြင်းသည် အောင်မြင်မှုရလဒ်ဖြစ်၏။
* ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်၏။
* ကျန်းမာမှ ချမ်းသာရာရ၏။
* ကျန်းမာမှ ဂုဏ်ကျက်သရေတိုး၏။
* ကျန်းမာသုခသည် ချမ်းသာအစစ်ဖြစ်၏။
* ကျန်းမာနေခြင်းသည် ကျန်းမာရေးသတိမူခြင်းဖြစ်၏။

အမြဲကျန်းမာနေစေရန်မှာ ကျန်းမာရေး သတိမူစိတ်ရှိရမည်။

လူတစ်ရာလျှင် ၉၈ ဦးသည် မိမိကျန်းမာရေးကို ဂရုစိုက်ရမှန်း မသိကြပေ။ သိအောင်လည်း မကြိုးစားကြပေ။

ယေဘုယျအားဖြင့်၊ သန်မာမြန်ဆန်နေချိန်တွင် ကျန်းမာရေးဆိုတာ အလကားပါဟု ထင်မှတ်ထားကြသည်။

ကျန်းမာရေးတွင် အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်း အဆင့်နှစ်ခုသာရှိသည်။

ကျန်းမာရေး ကောင်းခြင်း၊ ကျန်းမာနေခြင်းသည် အောင်မြင်ခြင်းဆုလာဘ်တစ်ခုနှင့် တူပေသည်။ အောင်မြင်နေသူတစ်ဦးပမာ အောင်မြင်မှုတစ်ခု ရရှိပိုင်ဆိုင်ထားခြင်းဖြစ်သည်။

> လူတစ်ရာလျှင်
> ၉၈ ဦးသည်
> မိမိကျန်းမာရေးကို
> ဂရုစိုက်ရမှန်း
> မသိကြပေ။
> သိအောင်လည်း
> မကြိုးစားကြပေ။

ကျန်းမာနေသူတို့သည် လွတ်လပ်ပေါ့ပါး စားချင်ရာစား၊ သွားချင်ရာသွား၊ လုပ်ချင်ရာလုပ် အစစအဆင်ပြေအောင်မြင်စွာ လုပ်ကိုင်နိုင်သည်။

ကျန်းမာရေးမကောင်းခြင်း၊ မကျန်းမာခြင်းသည် ရှုံးနိမ့်ခြင်း၊ ကျဆုံးခြင်းတစ်ခု ရင်ဆိုင်ကြုံတွေ့လိုက်ရခြင်းဖြစ်သည်။

မစားနိုင်၊ မသောက်နိုင်၊ မသွားနိုင်၊ မလုပ်နိုင်၊ မအိပ်နိုင်၊ ငွေကုန်၊ စီးပွားပျက်၊ ပတ်ဝန်းကျင်၊ မိသားစု အတူနေသူများပါ စိတ်ညစ် စိတ်ဆင်းရဲကြရသည်။ ရောဂါဝေဒနာ ဖိစီးလာမှ မိမိကိုယ်ကိုယ် လူဖြစ်ရှုံးသူ၊ ရှုံးနိမ့်နေသူတစ်ဦးပါလားဟု သိမြင်လာပေမည်။ ကျန်းမာခြင်း၏တန်ဖိုးကို သိမြင်နားလည်လာပေမည်။ (လူအများစုသည် ကျန်းမာရေးပြန်ကောင်းလာလျှင်လည်း ကျန်းမာရေးကို ပြန်ဂရုမစိုက်ချင်ကြပေ၊ သေခါမှ သေရော အသိခေါက်ခက် အဝင်နက်ကြ၏)။

**ကျန်းမာရေး သတိမူစိတ်ဆိုသည်မှာ–**

(၁) ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိရန်။

(၂) အိပ်၊ စား၊ နေထိုင်၊ မိမိကိုယ်တိုင် စည်းကမ်းသေဝပ်ရန်

တို့ ဖြစ်သည်။





# စိတ်ကျန်းမာရေးသည် ကိုယ်(ရုပ်) ကျန်းမာရေးထက် ပိုအရေးကြီးသည်။



**ကျန်းမာရေးအသိဆိုသည်မှာ –**

ကျန်းမာရေးဆိုင်ရာ ပညာ၊ အတွေ့အကြုံ၊ ဗဟုသုတမျိုးရန် လေ့လာကျင့်ကြံလုပ်ဆောင်ရမည်။ မပြခန့်ာ မြဲမြံရန်၊ ကိုယ်ခံစွမ်းအား ပွံ့ဖြိုးရန် နေ့စဉ် ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ပြုလုပ်သင့်ပါသည်။

အားကစားသမားတစ်ဦးက ပြောဖူးသည်။ နေ့စဉ် ကိုယ်လက်လှုပ်ရှား အားကစားတစ်မျိုး၊ နှစ်မျိုး မနက်/ည မှန်မှန်ပြုလုပ်သင့်သည်။ ငယ်ရွယ်ချိန် သန်မြန်နုပျိုစဉ် ကိုယ်လက်လှုပ်ရှားခြင်း များများလေ့ကျင့်ထားသင့်သည်။ ကိုယ့်ကိုယ်ကိုယ် များများ အပင်ပန်းခံ ညှင်းဆဲထားမှ၊ အသက်အရွယ်ကြီးရင့် အိုမင်းချိန်တွင် ထို အပင်ပန်းခံ လေ့ကျင့်မှုသည် အလေ့အကျင့်ကောင်းတစ်ခုပမာ သက်သက်သာသာဖြစ်ပြီး ရောဂါဝေဒနာ ဝင်ရောက်ဖိစီးမှုဒဏ်မှလည်း ကင်းဝေးနိုင်မည်ဖြစ်သည်။ အနာခံမှ အသားစိ၊ ချွေးထွက်များမှ သွေးထွက်နည်းမည်။ အလေ့အကျင့်ကောင်းတို့မည်သည့် အထူးတလည် ပင်ပန်းအားစိုက်စရာမလိုတဲ့ သက်သောင့်သက်သာ လုပ်မြဲအလုပ်ကို သူ့ဘာသာသူ လုပ်ဆောင်စေသည်။

**ကျန်းမာရေးသတိဆိုသည်မှာ –**

– အစားအသောက်ကို အာဟာရပြည့်ဝအောင် ရွေးချယ်မှီဝဲစားသုံးပါ။

– မျှတညီညွတ်မှုရှိအောင် စုံလင်စွာစားသောက်ပေးပါ။

– ကြေညက်အောင်ဝါးစားမှ ကြေချက်မှုအား ကောင်းမည်။

– ပူပူနွေးနွေး စားသောက်ပါ။

– သန့်ရှင်းလတ်ဆတ်သောရေ များများသောက်သုံးပါ။

– လတ်လတ်ဆတ်ဆတ် အစားအစာများ စားသောက်ပါ။

– အဆီ/အပူ/အချို/အငန်များ တတ်နိုင်သမျှ လျှော့စားပါ။

– အရက်သေစာ၊ ဆေးလိပ်၊ ကွမ်းများ ရှောင်ကြဉ်ပါ

စသည်တို့ဖြစ်သည်။

**ကိုယ်တိုင် စည်းကမ်းသေဝပ်မှုရှိပါ –**

ဆိုသည်မှာ အအိပ်၊ အနေ၊ အစား စည်းကမ်းရှိပါ။ ကိုယ့်ကိုယ်ကိုယ် အလိုမလိုက်ပါနှင့်။ ခမ်းမိုက်မထိ စားပွဲဝိုင်းမှ အမြန်ဆုံးထနိုင်အောင် လေ့ကျင့်ပါ။ အစားအသောက် စည်းကမ်းရှိပါ။

နေ့စဉ် စောစောအိပ်၊ စောစောထ အလေ့အကျင့်ပြုလုပ်ပါ။ အိပ်ချိန်တွင် အိပ်ရေးဝဝ အိပ်ပါ။ အိပ်ရာတွင် တောင်တွေး မြောက်တွေး မစဉ်းစားပါနှင့်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်တတ်အောင် အိပ်ပါ။ အိပ်ချိန်သည် သာမန်အားဖြင့် ၆နာရီမှ ၈နာရီ အပြည့် ရှိရမည်။

စိတ်နေစိတ်ထား ကောင်းမွန်အောင် အမြဲပြုကျင့်ပါ။

စိတ်ကျန်းမာရေးသည် ကိုယ်(ရုပ်) ကျန်းမာရေးထက် ပိုအရေးကြီးသည်။ ထို့ကြောင့်လည်း "စိတ်ဖျံမှ ကိုယ်နု" "စိတ်ထောင်းတော့ ကိုယ်ကြေ" စသဖြင့် ဆိုရိုးရှိကြသည်။

မဖြစ်နိုင်သော စိတ်ကူးယဉ်အကြောင်းကိစ္စများကို မတွေးတော၊ မစဉ်းစားပါနှင့်။

လောဘကြီးလွန်းလျှင်လည်း စိတ်ဒုက္ခရောက်ရတတ်သည်။

ဒေါသမထိန်းချုပ်လျှင်လည်း စိတ်ဒုက္ခရောက်တတ်သည်။

ဖေါ့ဖေါ့ဆဆ လုပ်သည်ဟု မဆိုလို၊ ဘယ်အရာကိုမဆို စိတ်လွတ်ကိုယ်လွတ်၊ နားနားနေနေ လူမပင်ပန်းအောင်၊ စိတ်မပင်ပန်းအောင် လုပ်ပါ။



စိတ်ကို အမြဲကြည်လင်၊ စိတ်ဖြူစင်အောင် ထားပါ။ စိတ်ကောင်းစိတ်မြတ် မွေးမြူပါ။ စိတ်ပုပ် စိတ်ယုတ်များ လက်မခံပါနှင့်။

စိတ်ကို ယုံယုံကြည်ကြည်၊ ပိုင်ပိုင်နိုင်နိုင်ရှိအောင် လုပ်ပါ။

လိုချင်သောအရာများကို စိတ်ထဲထည့်ထားပါ။

သူတစ်ပါး မကြိုက်နှစ်သက်သောအရာ၊ ကိစ္စများ ရှောင်ရှားပါ။

မိမိကိုယ်ကို အမြဲသုံးသပ်ပြီး အဖျက်စိတ်ကူးများ ပယ်ဖျောက်ပါ။

ကိုယ်တိုင်လည်း ပျော်ပျော်နေပါ၊ သူတစ်ပါးကိုလည်း ပျော်ရွှင်ပါစေ။

သည်းခံခွင့်လွှတ်တတ်သော အလေ့အကျင့် မျိုးထောင်ပါ။

မိမိကိုယ်ကို အပြုသဘော တိုက်တွန်းအားပေးပါ။

ဤသို့ဖြင့် သင့်၏ကျန်းမာရေးကို ဂရုစိုက် လေ့ကျင့်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ရွှေရတီ**

## ကြိုမြင်တယ်လေ

မိန်းမပျိုတစ်ယောက် အရှေ့ပိုင်းကို အလည်အပတ်သွားရင်း ဒေသခံ အချစ်သူရဲကောင်း (Romeos) တစ်ယောက်နဲ့အတူ ညပိုင်း ကားစီးပြီးခရီးသွားနေတယ်။ ကမ်းခြေတစ်နေရာ လူပြတ်တဲ့နေရာရောက်တော့ ကားက ရုတ်တရက်ဆိုသလို ထိုးရပ်သွားတယ်။

ကောင်လေးက စိတ်ပျက်တဲ့အမူအရာနဲ့

''ခုကွာပဲကွာ ဂက်စ်(Gas)ကုန်သွားပြီ''လို့ ပြောတယ်။

ကောင်မလေးက ဘူဖြေရရ သူခြင်းတောင်းထဲက ဓာတ်ဘူးကို ထုတ်လိုက်တယ်၊

''ဟေး– မင်းအဆင်ပြေရဲ့လား။ အဲဒါ Red လား။ Black လား''လို့ ကောင်လေးက အကြံအစည်နဲ့မေးတယ်။

ကောင်မလေးက အပြုံးချိုချိုလေးနဲ့ ပြန်ပြောလိုက်တာက–

''(Gas)'' ပါတဲ့။ ◾

**မောင်သီဟ**



ကိုသားကြီး

# CELEBRITY and SHOWBIZ







## လန်ဒန်တံတားနဲ့အပြိုင်

လန်ဒန်မြို့လယ်မှာ ပြိုးပြိုးပြက်ပြက်နဲ့ လင်းလက်တောက်ပသွားတယ်။ ကမ္ဘာလှည့်ခရီးသွားတွေ ဝိုင်းလာတယ်။ ဒါဟာ တခြားကမ္ဘာက ဂြိုဟ်သားတစ်ယောက်မဟုတ်ပါဘူး။ နစ်ကီမင်ဂျာပါ။ အသက် ၃၄ နှစ်ရှိပြီဖြစ်ပေမယ့် လှမ်းကာမျှနဲ့ ရမ်းခါမကျသေးတဲ့ ကောက်ကြောင်းတွေနဲ့အတူ သူမဘေးမှာ ပရိသတ်တွေဝိုင်းနေခဲ့ပါတယ်။နာမည်ကျော် ရက်ပ်ပါအဆိုတော်ဟာ သူမရဲ့ အယ်လ်ဘမ်အသစ် London Bridge အတွက် သရုပ်ဆောင်ရိုက်ကူးခဲ့တာပါ။ ကျောက်တွေနဲ့ စီခြယ်ထားတဲ့ သူမဝတ်စုံက အမြင်ဆန်းပြီး ဆွဲဆောင်မှုအပြည့်ရှိခဲ့သလို ခေါင်းမှာ ကျောက်တန်းတွေ အတွဲလိုက် ကျနေတဲ့ ပုံစံကလည်း ဖက်ရှင်သစ်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘာတွေဘယ်လိုပဲဝတ်ဝတ် နစ်ကီမင်ဂျာရယ်လို့ သူမကို နာမည်ကြီးစေတဲ့ အရာကိုတော့ မဖုံးအုပ်နိုင်ခဲ့ပါဘူးဆိုပဲ။





## မနေ့တစ်နေ့ကလိုပါပဲ

ပြင်သစ်ရဲဝတ်စုံဝတ်ထားသူတွေ၊ ဘဝတစ်ခုလုံး အမြန်ဆုံး အဆုံးသတ်သွားနိုင်တဲ့ သေနတ်တွေ၊ နှိပ်စက်ညှင်းပန်းမှုတွေ၊ ဒါတွေဟာ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလတုန်းက ဖြစ်ခဲ့တာပါ။ ဒါပေမဲ့ ကင်ကာဒါရှီယန်အတွက်တော့ မနေ့တစ်နေ့ကလိုပါပဲ။ နာမည်ကျော် အမေရိကန်မော်ဒယ်ဟာ ပါရီကတိုက်ခန်းမှာ ဓါးပြတိုက်ခံခဲ့ရတယ်။ ဒေါ်လာ၁ဝသန်းဖိုးလောက်ရှိတဲ့ လက်ဝတ်ရတနာတွေနဲ့ ရတီ၂ဝရှိတဲ့ စေ့စပ်လက်စွပ်ပါသွားတယ်။ ဒါဟာ ပါရီမှာ အနှစ် ၂ဝ အတွင်း အကြီးမားဆုံး လက်ဝတ်ရတနာ လုယက်မှု ဖြစ်ခဲ့တယ်။ အမှုနဲ့ပတ်သက်တယ်လို့ သံသယရှိသူ ၁၇ ဦး ဖမ်းဆီးခံခဲ့ရတယ်။ ၁၀ ဦးကို စစ်ဆေးနေတယ်။ အဲဒီတုန်းက အဖြစ်အပျက်ကို ရုပ်သံအစီအစဉ်တစ်ခုမှာ ညီမတွေကို ပြန်ပြောတဲ့ပုံစံနဲ့ ကင်က ဖွင့်ဟသွားတယ်။ ပါးစပ်ကိုတိတ်နဲ့ပိတ်ပြီး အိပ်ယာထက် ဆွဲခေါ်သွားခြင်း ခံရတာကြောင့် မုဒိမ်းကျင့်ခံရပြီလို့ ထိတ်လန့်ခဲ့ရသလို ခေါင်းကိုချိန်ထားတဲ့ သေနတ်က ကျည်တွေ ဘယ်အချိန် ထွက်လာမလဲလို့လည်း သေမလောက် ကြောက်ရွံ့ခဲ့ရတယ်လို့ ကင်ကဆိုလေရဲ့။





## ချစ်ခဲ့ဖူးလားဖြေပါ – –



ရူပဗေဒပညာရှင်၊ စကြာဝဠာ ဗေဒဆိုင်ရာပညာရှင်၊ ကမ်းဘရစ်ချ်တက္ကသိုလ်ရဲ့ စကြာဝဠာသီအိုရီ ရှာဖွေပြုစုရေး ဒါရိုက်တာ စတဲ့ဂုဏ်ပုဒ်တွေနဲ့ အင်္ဂလိပ်သိပ္ပံပညာရှင်ကြီး စတီဖန်ဟော့ကင်းဟာ အားလုံးရဲ့ ဦးညွှတ်ခြင်းခံရသူပါ။ ဒါပေမဲ့ ဟော့ကင်း လေးစားရတဲ့ ပုဂ္ဂိုလ် ၃ ဦး ရှိပါသေးတယ်။ သူတို့က မာရီလင်မွန်ရိုး၊ အိုင်းစတိုင်းနဲ့ ဂါလီလီယိုပါလို့ ပီးရက်စ်မော်ဂန်က ဖွင့်ဟလိုက်ပါတယ်။ ဗြိတိန်နာမည်ကျော် ဂျာနယ်လစ်မော်ဂန်ဟာ အသက် ၇၅ နှစ်အရွယ် သိပ္ပံပညာရှင်ကြီးနဲ့ ရင်းရင်းနှီးနှီးဆုံတွေ့ခွင့်ရစဉ် သိရှိခဲ့သမျှကို Good Morning Britain သတင်းစာနဲ့ အင်တာဗျူးမှာ ဖွင့်ချလိုက်တာပါ။ စိတ်ဝင်စားစရာအကောင်းဆုံးက ဟော့ကင်းရင်ထဲက စွဲလန်းမှုတစ်ခုကို ထုတ်ပြောခဲ့တာပါပဲ။ ''သူဟာ မာရီလင်မွန်ရိုး ပရိသတ်တစ်ယောက်ပါ၊ အတော်လေးကို စွဲလန်းပါတယ်၊ သူ့ရဲ့ရုံးခန်းထဲမှာ မွန်ရိုး ပိုစတာကြီးရှိသလို စားပွဲပေါ်မှာလည်း ကိုယ်တစ်ပိုင်းပုံရှိပါသေးတယ်''လို့ မော်ဂန်က ဆိုပါတယ်။ အသက် ၃၆ နှစ် ဆိုတဲ့ အရွယ်ကောင်းကြီးမှာ ပဟေဠိဆန်ဆန်သေဆုံးခဲ့တဲ့ အမေရိကန် မင်းသမီးကြီးရဲ့ ညို့ဓာတ်ပြင်းပုံများကတော့ ညြချလောက်စရာပါပဲ။



# ကတာမကြိုက်ရင် ရှိုးပွဲလာမကြည့်နဲ့

ဗြိတိန်နာမည်ကြီးအဆိုတော်အဒဲလ် ရဲ့ ဩစတြေးလျနိုင်ငံဖျော်ဖြေရေးခရီးစဉ် အစောပိုင်းနေ့ရက်တွေကလုပ်ခဲ့ပါတယ်။ သူမရဲ့နာမည်ကျော် Hello သီချင်းသီဆိုနိုက်မှာ ချစ်သူကိုလက်ထပ်ခွင့်တောင်းချင်တဲ့ ကောင်လေးတစ်ယောက်ကို စင်ပေါ်တက်ခွင့်ပေးခဲ့ပြီး ကောင်မလေးနဲ့ အဆင်ပြေစေခဲ့တာမျိုးပေါ့။ ပရိသတ်တွေ နှစ်သက်သဘောကျခဲ့ကြတဲ့ အဒဲလ်ရဲ့ ဖျော်ဖြေပွဲဟာ မဲလ်ဘုန်းမှာတော့ ပြဿနာတက်ခဲ့ရပါတယ်။ ပရိသတ်တွေဟာ သူတို့နှစ်သက်တဲ့ အဆိုတော်ကို စိတ်ရောကိုယ်ပါအားပေးခဲ့ကြတယ်။ တချို့နေရာတွေမှာ ဆူဆူပူပူလေးတွေဖြစ်ခဲ့တယ်။ ဒါကြောင့် လုံခြုံရေးတွေက ပရိသတ်တွေကို ကိုယ့်နေရာကိုယ်ထိုင်ဖို့ပြောပြီး အခြေအနေထိန်းဖို့ ကြိုးစားတယ်။ ဒါကို စင်ပေါ်က အဒဲလ်ကြားချိန်မှာ ဘယ်လို အတွေးပေါက်သွားလဲတော့မသိဘူး။ သူ့ပရိသတ်တွေကို မကဖို့ ထိုင်နေဖို့ပြောတဲ့ လုံခြုံရေးတွေကို အော်ဟစ်ဆူပူခဲ့သလို ဖျော်ဖြေပွဲကလည်း တစ်ဝက်တစ်ပျက်နဲ့ရပ်ခဲ့ရတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မတူညီတဲ့အယူအဆတွေ အမျိုးမျိုးကွဲပြားနေပြီး ပရိသတ်တချို့က အဒဲလ်ရဲ့ လုပ်ရပ်ကို ချီးကျူးနေကြပါသတဲ့။





# အချစ်စစ်ကို တွေ့ရှိချိန်

X-MEN ရုပ်ရှင်ဇာတ်ကားရဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ နီကိုးလက်စ်ဟော့ကတော့ ဘယ်သူမှထင်မထားတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွဲနေပါသတဲ့။ သူမကတော့ အမေရိကန်ရေကူးဝတ်စုံမော်ဒယ်လေး ဘရန်နာဟိုလီပါပဲ။ ရွှေအိုရောင် ဆံနွယ်ရှင် အလန်းဇယားလေးဖြစ်ပေမယ့် Playboy မဂ္ဂဇင်းမော်ဒယ်တစ်ဦးဖြစ်နေသလို နောက်ကြောင်းလည်း သိပ်မရှင်းတာကြောင့် နီကိုးရဲ့ပရိသတ်တွေ သဘောမတွေ့ ဖြစ်နေကြတာပါ။ ဘရန်နာဟိုလီဟာ 5 SECONDS OF SUMMER တီးဝိုင်းရဲ့ ဒရမ်သမား အက်ရှ်တန်၊ ကင်ကာဒါရှီယန်ရဲ့ အစ်ကိုဝမ်းကွဲ ဘရော်ဒီဂျန်နာ၊ ဟောလီဝုဒ်သရုပ်ဆောင် လီယိုနာဒိုဒီကာပရီယိုတို့နဲ့ ဇာတ်လမ်းတွက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ၂၀၁၄ အထိ ဂျနီဖာလောရင့်စ်နဲ့ ၅ နှစ်တာ တွဲခဲ့ဖူးတဲ့ နီကိုးကလည်း ဘာသားနဲ့ ထုထားတာမို့လို့လဲလို့ ဘရန်နာရဲ့ပရိသတ်တွေက တုံ့ပြန်နေကြပါတယ်။ သူတို့နှစ်ယောက်ဟာ အချစ်စစ်ကို တကယ်ရှာတွေ့သွားကြတာလားဆိုတာတော့-----



# မော်စကိုညချမ်းရဲ့အလှနတ်ဘုရားမ







ပါးလွှာတဲ့ဝတ်ရုံအောက်မှာ ရှုမဆုံးတဲ့ အလှတရားတွေရှိတယ်။ ခြေတစ်လှမ်းဟာ ဒီအလှတရားနဲ့အတူ ကုဋေတစ်သန်းမကတန်ခဲ့တယ်။ သူမဟာ မော်စကိုညချမ်းရဲ့ အလှနတ်ဘုရားမလေးပဲလို့ ရုရှားမီဒီယာတွေက နီကိုးရှာဇင်ဂါရဲ့အလှကို ဖွဲ့ကြတယ်။ အမေရိကန်အဆိုတော်ဟာ BraVo နိုင်ငံတကာဂီတဆုပေးပွဲကို တက်ရောက်လာခဲ့တာပါ။ ပါးလွှာတဲ့ လိပ်ပြာဒီဇိုင်း ဝတ်ရုံအောက်က အလှတရားတွေဟာ မြင်သူတိုင်းကို ရင်ဖိုစေခဲ့ပါတယ်။ ဒါပေမဲ့ ဖက်ရှင်နဲ့ပတ်သက်ရင် ရဲဝံ့တဲ့ဘုရင်မလို့ တင်စားခံရတဲ့ X Factor ကြယ်ပွင့်ဟောင်းဟာ ပရိသတ်တွေကို ပထမဆုံးအကြိမ် ဖမ်းစားနိုင်ခဲ့တာတော့မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ရက်အနည်းငယ်ကတင် အနက်ရောင်သားရေဝတ်စုံနဲ့ သူမရဲ့ လော့စ်အိန်ဂျလိစ်ညချမ်းမှာ အားလုံးမျော့ပါခဲ့ရပြီးပါပြီ။ ဖော်မြူလာဝမ်း ချန်ပီယံ လူးဝစ်ဟာမီတန်ရဲ့ချစ်သူဟောင်းဟာ ဘူဂေးရီးယားတင်းနစ်သမား ဒီမီထရော့ဗ်နဲ့တွဲနေပြီး သူမရဲ့ အင်စတာဂရမ် ပရိသတ်က ၃ သန်းကျော်ရှိပါသတဲ့။

# ခိုင်မြဲသောအချစ်တို့နဲ့



"သူ့ကို ကျွန်မအရမ်းလွမ်းတာပဲ"လို့ အင်စတာဂရမ်မှာ ပုံတစ်ပုံနဲ့အတူ ဖွင့်ဟလာသူကတော့ ဗြိတိန်အဆိုတော်မလေး ပါရီအီဝက်ဒ်ပါ။ Little Mix ဂီတအဖွဲ့ရဲ့ ကြယ်ပွင့်တင်ထားတဲ့ပုံက ချိန်ဘာလိန်နဲ့ အနမ်းမိုး ရွာနေပုံဖြစ်ပါတယ်။ သူတို့နှစ်ယောက် ဇာတ်လမ်းက သိပ်မကြာသေးပါဘူး။ အာဆင်နယ်အသင်းရဲ့ ခရစ္စမတ် ပွဲကျပ်ကာလမှာ ပါရီအီဝက်ဒ် လာရောက်အားပေးခဲ့သလို ဒီဇင်ဘာလ X Factor အစီအစဉ်မှာ Little Mix ဂီတအဖွဲ့ ဖျော်ဖြေစဉ် ချိန်ဘာလိန် လာအားပေးတဲ့ပုံရိပ်တွေ ထွက်ပေါ်လာတဲ့နောက်ပိုင်းဆိုပါတော့။ လက်ရှိအချိန်မှာ အမေရိကန်ကို ဖျော်ဖြေရေးခရီးထွက်နေရတဲ့ ပါရီအီဝက်ဒ်ဟာ အင်စတာဂရမ်ပေါ်ကနေ ချိန်ဘာလိန်ကို အလွမ်းသည်ခဲ့တာဖြစ်ပြီး သူတို့ နှစ်ယောက်ရဲ့ သံယောဇဉ်တွေ တစ်စထက်တစ်စ ပိုခိုင်မာလာပြီလို့ အတွင်းသိတွေက ဆိုနေကြပါသတဲ့။



"ဆက်ပြောပါအုံး အစ်ကို၊ အစ်ကို နှစ်ယောက်လည်း အဲဒီကျောက်စိမ်းတုံးကြီးယူပြီး ထွက်ပြေးကြရောလား။ ဟုတ်လား"

"ပြေးတာပေါ့ကွာ၊ မပြေးလို့မှမရဘဲ၊ ဒီအတိုင်းဆက်နေရင် ငါတို့ ကျိန်းသေ အသတ်ခံရမှာ၊ ဒီတော့ သူတို့ လက်မဦးမီ တို့က အချိန်မီ ထလစ်ရတော့တာပေါ့"

"အစ်ကိုတို့ပြေးတော့ကော သူတို့က ထမလိုက်ကြဘူးလား"

# ဂြိုဟ်တယ်

သူ့လယ်ဖင်းနှင့်
သူ့စည်း



"လိုက်တာပေါ့ မောင်ရာ၊ ဘယ်မလိုက်ဘဲ နေပါ့မလဲ၊ ငါပြောခဲ့ပါရောလား။ ငါတို့ရထားတဲ့ ကျောက်စိမ်းတုံးကြီးက သိန်းသောင်းချီတန်တဲ့ ကျောက်စိမ်းတုံးကြီးပါဆို၊ ပြောရရင် သူတို့ကုမ္ပဏီမှာ နှစ်နှစ်၊ သုံးနှစ်နေမှ တစ်လုံးလောက်တောင် ရဖို့မလွယ်တဲ့ ကျောက်စိမ်းတုံးမျိုးပဲ၊ ဒီတော့ သူတို့က ဘယ်လက်လွှတ်ခံပါ့မလဲ၊ ဒါပေမဲ့ တို့ ဒီကျောက်ကို ရလာတာကလည်း ရေမဆေးကျောက်အဖြစ်နဲ့ ရလာတာ၊ သူတို့ရှာပြီးသား မြေစာတွေထဲကနေ ရလာတာ၊ ဒီတော့ သူတို့က ဒီကျောက်ကို တို့ဆီကနေ သိမ်းယူခွင့်မရှိဘူး။ တို့ကျေနပ်အောင် တို့ကြိုက်တဲ့ဈေးနဲ့ တရားဝင်ပြန်ဝယ်ယူရမယ်၊ ထုံးစံက အဲဒီအတိုင်းရှိတယ်၊ ဒီတော့ စောစောက ငါပြောတဲ့အတိုင်း သူတို့က တို့ကို သိန်း ၅၀-၆၀လောက်ကလေးနဲ့ မဖြစ်စလောက်ပေးပြီး ဒီကျောက်ကို အချောင်ရချင်နေတယ်။ တို့ကလည်း ဒီလောက်နဲ့တော့ ဘယ်နည်းနဲ့မှ မရောင်းနိုင်ဘူး။ တင်းခံနေလိုက်တယ်၊ အဲဒီမှာတင် သူတို့နဲ့ ကြာလေ ထိပ်တိုက်တွေ့လေဆိုသလို ဖြစ်လာတော့တာပဲ"

"သူတို့နယ်မြေ သူတို့ပိုင်နက်ထဲမှာဆိုတော့ သူတို့ထင်သလို ခြယ်လှယ်တဲ့ သဘောပဲနော်...အစ်ကို"

"သေချာတာပေါ့ သူတို့ကုမ္ပဏီမှာ လူအင်အားက အများကြီး၊ လက်နက်တွေလည်းရှိတယ်၊ ငါတို့မှာကနှစ်ယောက်တည်း။ ပြီးတော့ သူတို့ကို ခုခံဖို့ဆိုတာလည်း အပ်တို့ တစ်ချောင်းတောင်မှ..."

စကားစ ပြတ်သွားသည်။ ထိုအချိန်တွင် တချပ်ချပ်မြည်သံပေးကာ ဖြည်းဖြည်းမှန်မှန် ထွက်ပေါ်လာသော ဖိနပ်သံများကို သူတို့ကြားလိုက်ရသည်။ မကြာမီ သေနတ်ကို အသင့်အနေအထားဖြင့် ကိုင်ထားသော ကင်းသမားက သူတို့အနီးသို့ ရောက်လာသည်။ ကင်းသမား၏ မျက်လုံးများ မှေးစင်းနေပုံ၊ အိပ်ချင်စိတ်ဖြင့် ပါးစပ်ဟကာ သမ်းဝေလိုက်ပုံတို့ကို သဲတိုင်များကြားမှ သူတို့မြင်လိုက်ရသည်။ ကင်းသမားခြေသံ အဝေးသို့ရောက်သွားတော့မှ သူတို့က ပြောလက်စ စကားကို ဆက်လိုက်ကြသည်။

> တို့ ဒီကျောက်ကို ရလာတာကလည်း ရေမဆေးကျောက်အဖြစ်နဲ့ ရလာတာ၊ သူတို့ရှာပြီးသား မြေစာတွေထဲကနေ ရလာတာ၊ ဒီတော့ သူတို့က ဒီကျောက်ကို တို့ဆီကနေ သိမ်းယူခွင့်မရှိဘူး။

"ဒီလိုနဲ့ တို့နှစ်ယောက်လည်း ပြေးနိုင်မှ လွတ်မယ်ဆိုတဲ့ စိတ်မျိုးနဲ့ အသားကုန် ပြေးရတော့တာပေါ့ကွာ၊ ပြေးရတာမှ တကယ် အသက်ကိုလုပြီး ပြေးရတာ၊ သူတို့က တို့ပြေးပြီဆိုတာသိတာနဲ့ တရကြမ်း လိုက်တော့တာပဲ၊ ကားသွားနိုင်တဲ့နေရာဆို ကားနဲ့လိုက်၊ ကားမပေါက်တဲ့ နေရာမျိုးဆို လူအင်အားနဲ့ ဖြန့်ပြီးတော့လိုက်ပေါ့ကွာ၊ ငါတို့ကတော့ ကျောက်စိမ်းတုံးကြီးနဲ့အတူ ပြေးတဲ့အခါ ပြေးလိုက်၊ ပုန်းတဲ့အခါ ပုန်းလိုက်နဲ့ပေါ့၊ လမ်းမှာ ရွာတွေကိုတွေ့ပေမယ့် အရဲမဝင်ရဲဘူး။ များသောအားဖြင့် ရွာတွေကို ကျော့ရှောင်ပြီး တောတွေ၊ တောင်တွေထဲကနေပဲ ပြေးကြရတာ၊ တစ်ခါတစ်ခါ တို့က ပုန်းနေရင်းနဲ့ သူတို့ကိုမြင်ရတယ်၊ သေနတ်တွေနဲ့ တောနင်းပြီး တို့ကိုလိုက်ရှာနေကြတာ၊ တောနင်းပြီး တောင်ရှာတယ်ဆိုမှတော့ ကားလမ်းတွေပေါ်မှာ၊ ရွာတွေပေါ်မှာ ဘယ်လောက်တောင် ရှာလိုက်မလဲဆိုတာ မင်းစဉ်းစားကြည့်ပေါ့၊ တို့အဖြစ်က အမြဲတမ်း အသက်ကို ဖက်နဲ့ထုပ်ထားရတဲ့ အဖြစ်မျိုးပဲ၊ တွေ့တာနဲ့ တစ်ခါတည်း သတ်ထားခဲ့မှာပဲ၊ ဒီကြားထဲ အသက်လုပြီး ပြေးရပါတယ်ဆိုမှ ငါ့အဖော် ဘိုးတော်ကြီးက သိပ်လမ်းမလျှောက်နိုင်ပြန်ဘူး၊ အေးလေ- အသက်ကလည်း ကြီး၊ အားကလည်း နည်းရတဲ့အပြင် နေ့မသိ၊ ညမသိနဲ့ ပုန်းလျှိုးကွယ်လျှိုး ပြေးချည်းနေရတာဆိုတော့ သူလည်း ဆင်းရဲဒုက္ခကို မခံနိုင်တော့ဘဲ ယိုင်လာတော့တာပေါ့၊ ဒါထက် မင်းကို ငါမြတ်ပြောရအုံးမယ်၊ အဲဒီအဘိုးကြီးက မင်းလိုပဲ အင်းမသာတိကွ၊ အင်းမသားတဲ့"

"အင်းမသာ၊ ဟုတ်လား အစ်ကို၊ နာမည်ကရော ဘယ်သူတဲ့လဲ"

"အဘိုးကြီးနာမည်က ဦးမြင့်ရွှေတဲ့ကွ"

"ဟာ...ဦးမြင့်ရွှေ ဟုတ်လားအစ်ကို"

"အေး ဟုတ်တယ်၊ ဘာလဲ...မင်းက သူ့ကိုသိလို့လား"

"မ...မသိပါဘူး အစ်ကို၊ ကျွန်တော် မသိပါဘူး။ နောက်တော့ အဲဒီ ဦးမြင့်ရွှေက ဘယ်လို ဆက်ဖြစ်သွားသလဲ၊ အစ်ကိုနဲ့အတူ ဆက်ပါမလာတော့ဘူးလား"

"ဟုတ်တယ်၊ ပါမလာတော့ဘူး။ ပြေးရင်းလွှားရင်း မြို့ကိုလှမ်းမြင်ရတော့မှပဲ တောင်ပေါ်မှာ သူသေသွားတယ်ကွ၊ အမောဆို့ပြီး သေသွားတယ်ပဲ ဆိုပါတော့ကွာ၊ ငါလည်း မြို့ထဲဝင်ခါနီးတော့ ကျောက်စိမ်းတုံးကြီးကို တစ်ပါတည်း ယူမသွားသင့်ဘူးလို့ စဉ်းစားမိတယ်၊ ဒါနဲ့ သူ့ကို လဲပြိုတဲ့နေရာမှာ သေသေချာချာဝှက်၊ ပြီးတော့ မြို့ထဲကို မယောင်မလည်နဲ့ဝင်လာပြီး အခြေအနေကို ကြည့်၊ အဲဒီနောက် ကြုံရာကားပေါ် အမြန်တက်ပြီး ငါ ရွာရောက်အောင် ပြန်လာခဲ့တော့တာပဲ၊ ဖြစ်ချင်တော့ ရွာပြန်ရောက်ပြီး သုံးရက်ပဲနေလိုက်ရတယ်၊ ရဲက ငါ့လာဖမ်းတော့တာပဲ၊ လူသတ်မှုနဲ့ ဖမ်းတာ၊ ငါက ကျောက်မှော်ကိုမသွားခင် လူသတ်မှု ကျူးလွန်ခဲ့တယ်၊ ပြောရရင် အဲဒီ လူသတ်မှုကြောင့်လည်း ငါရွာက ထွက်ပြေးခဲ့တာပဲ"

"လူသတ်မှုက ဘာကြောင့်ဖြစ်ရတာလဲ အစ်ကို"

"ပြောရရင် အရှည်ကြီးပဲ၊ တို့အမေက သားနှစ်ယောက်မွေးတယ်၊ သားတွေကို အောင်ငြိမ်းနဲ့ အောင်သိန်းဆိုပြီး နာမည်ပေးတယ်၊ ငါ့အစ်ကို အောင်ငြိမ်းက တစ်မြန်နှစ်

ထိုပစ္စည်းကို မြင်လိုက်သည်နှင့် အောင်သိန်းက
မျက်နှာ ဝင်းခနဲဖြစ်သွားသည်။ ထိုပစ္စည်းကား အခြားမဟုတ်။
အောင်သိန်း အလွန်လိုချင်နေသော သံပြတ်လွှအတိုလေး နှစ်ချောင်းပင်။

က အသတ်ခံလိုက်ရတာယ်၊ အဲဒါ ငါ့အစ်ကို သတ်သွားတဲ့သူကို ငါက အချိန်မဆိုင်းဘဲ ပြန်သတ်လိုက်တာပဲ၊ အတိုချုပ်ပြောရရင် အဲဒါပဲ၊ ခုတော့ ငါ့မှာက လူသတ်မှုရော၊ ဓားမြမှုရော ပေါင်းလိုက်ရင် အနည်းဆုံး ထောင်ဆယ်နှစ်လောက် ကျတော့မယ့်ပုံပဲ၊ ဒီအတိုင်းသာဆိုရင် ငါ့ကျောက်စိမ်းတုံးကြီး နဲ့ ပြန်တွေ့ဖို့ ဘယ်လွယ်တော့မလဲကွ''

ထိုအခိုက် လက်နှိပ်ဓာတ်မီးရောင်တစ်ချက်က သူတို့အပေါ်သို့ ဝင်းခနဲထိုးကျလာသည်။ ကင်းသမား၏ အသံကပါ ဆက်တိုက် ထွက်ပေါ်လာသည်။

''ဟိုအကျဉ်းသားနှစ်ယောက်က တိုးတိုး တိုးတိုးနဲ့ ဘာတွေစကားများနေတာလဲ၊ ခုထိမအိပ်သေးဘူးလား''

ကင်းသမားအသံကြောင့် သူတို့နှစ်ယောက်လုံး ငြိမ်သွားသည်။ အချုပ်ခန်းအတွင်းမှ အတုံးအရုံးအိပ်ပျော်နေကြသော အချုပ်သားများ၏ ဟောက်ကျိုကျို သွားကြိတ်သံ၊ တခူးခူးဟောက်သံများက ထွက်ပေါ်လျက်ရှိသည်။ အတန်ကြာသော် တစ်ယောက်က လေသံမျှဖြင့် စကားပြန်စလိုက်သည်။

''ဟေ့ကောင်…အောင်ကို၊ အိပ်နေပြီလား''

''မအိပ်သေးပါဘူး၊ အစ်ကို၊ မအိပ်ချင်သေးပါဘူး''

''အေး…တို့ ဒီလောက်နဲ့ပဲ တော်ကြစို့ကွာ၊ ညဉ့်နက်လှပြီ။ မင်း ငါပြောတာသာ မမေ့နဲ့နော်။ သံပြတ်လွှ၊ သံပြတ်လွှ''

''စိတ်ချပါ အစ်ကို၊ အဲဒါ ကျွန်တော့်တာဝန်ထားပါ၊ ကျွန်တော် မရရအောင် လုပ်ပေးပါ့မယ်''

''အေး…အဲဒါကို သေချာလုပ်၊ တို့ ဘယ်နည်းနဲ့မှ ထောင်ကျခံလို့မရဘူး။ ဒီ အချုပ်ခန်းကနေ ဖောက်ထွက်မှ ဖြစ်မယ်။ မင်းမျက်စိထဲ မြင်ယောင်ကြည့်လိုက်စမ်း။ တို့နှစ်ယောက် ကျောက်စိမ်းတုံးကြီးဆီကို အတူတူသွားယူကြပုံ၊ ယူပြီး ရောင်းပြီး ငွေတွေကို တစ်ဝက်စီခွဲယူကြပုံတွေ မင်းတွေးကြည့်စမ်း။ တွေးရုံနဲ့တင် ရင်ဖိုပြီး ပျော်စရာမကောင်းဘူးလား''

''ဟုတ်ပါတယ်၊ ကောင်းပါတယ်၊ ကျွန်တော်က အစ်ကိုနဲ့လိုက်ဖို့ တက်ကြွပြီးသားပါ''

''ဒါပေါ့…ငါကလည်း မင်းကို ခေတ္တလူမဟုတ်မှန်း၊ သတ္တိကောင်းမှန်းသိလို့ ငါ့လူအဖြစ် ရွေးလိုက်တာပေါ့''

----------x x x----------

သိပ်မကြာလှသော ရက်ပိုင်းအတွင်းမှာပင် အောင်ကိုက ပစ္စည်းလေးတစ်မျိုးကို အောင်သိန်းအား ထုတ်ပြလိုက်သည်။ ထိုပစ္စည်းကို မြင်လိုက်သည်နှင့် အောင်သိန်းက မျက်နှာ ဝင်းခနဲဖြစ်သွားသည်။ ထိုပစ္စည်းကား အခြားမဟုတ်။ အောင်သိန်း အလွန်လိုချင်နေသော သံပြတ်လွှအတိုလေး နှစ်ချောင်းပင်။

''မင်း တယ်တော်ပါလား အောင်ကို၊ ဘယ်လည်း ဝိရိပါလား''

''ပိုင်ပါတယ် အစ်ကို့ရေ၊ ပြီးခဲ့တဲ့အပတ်ကတည်းက ထောင်ဝင်စာလာတွေ့တဲ့ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ကို ဒီဟာတွေ ယူခဲ့ဖို့ သေသေချာချာမှာလိုက်တာပဲ၊ ဒီနေ့ ထောင်ဝင်စာလာတွေ့တော့ ဒီကောင်က ကျွန်တော်ပြောတဲ့အတိုင်း ယူလာတယ်၊ အစောင့်တွေက ကျွန်တော့်ကို သိပ်ဂရုမစိုက်တော့ဘူး။ မကြာခင် လွတ်တော့မယ့်ကောင်ဆိုပြီး သိပ်အလေးမထားတော့ဘူး။ အဲဒါ ကျွန်တော်တို့ချင်း စကားပြောနေတဲ့အချိန် ဘေးမှာစောင့်နေတဲ့ ရဲကလည်း မျက်နှစ်တစ်ဘက်လှည့်ပြီး ငေးနေတဲ့အချိန်၊ အဲဒီအချိန်မှာပဲ ကျွန်တော့်ကောင်က ကျွန်တော့်ကို ဒါတွေ လှစ်ခနဲလှမ်းပေးလိုက်တာပဲ''

''ကောင်းကွာ၊ တယ်ကောင်း''

အောင်သိန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း သဘောတွေ ကျနေသည်။ အောင်ကို့စကားက ဖြစ်နိုင်သည်။ သည်ကောင်က ခွားခိုးမှုဖြင့် အချုပ်ထဲဝင်လာရခြင်းဖြစ်သည်။ လောလောဆယ် သည်ကောင့်အမှုက သက်သေမခိုင်လုံသဖြင့် အမှုမစစ်သေး။ စစ်ပါကလည်း ထောင် ၆ လ ထက် ပိုမကျနိုင်။ တစ်ဖန် ထို ၆ လကလည်း ချုပ်ရက်နှင့်ပင် လွတ်သွားနိုင်သည်။ သို့ကြောင့် ရဲများက အောင်ကို့လိုကောင်မျိုးကို သိပ်ဂရုစိုက်ပြီး သတိထားနေခြင်းမျိုး မရှိကြ။ ယခု ထိုအခွင့်အရေးကိုပင် အောင်ကိုက ပိုင်ပိုင်နိုင်နိုင် အသုံးချလာခဲ့ခြင်းဖြစ်သည်။

''အစ်ကိုလိုချင်တဲ့ ပစ္စည်းတော့ရပြီ၊ လုပ်ငန်းက ဘယ်တော့စမလဲ''

''စမှာပေါ့၊ မကြာခင်စမှာ၊ မင်းသိတယ်မို့လား။ သကြံန်အကြိုနေ့ကဒီတစ်ပတ်အတွင်းမှာပဲလေ''

----------x x x----------

အချုပ်ခန်းရှေ့တွင် တောင်မြောက်လမ်းတစ်လမ်းရှိသည်။ ထိုလမ်း၏ ဟိုမှာဘက်တွင် ရုံးကြီးဝင်းရှိသည်။ ရုံးကြီးဝင်းနှင့် မျက်နှာချင်းဆိုင်မှာက အရှေ့အနောက်လမ်းတစ်လမ်းရှိပြန်ပြီး ထိုလမ်းဘေးတွင် သင်္ကြန်မဏ္ဍပ်တစ်လုံးရှိသည်။ ထိုမဏ္ဍပ်က ရုံးကြီးဝင်းနှင့် ပိုနီးသော်လည်း အချုပ်ခန်းမှ နေ၍ သိပ်ဝေးလှသည်ဟု မဆိုနိုင်ပြန်။

သင်္ကြန်အကြိုနေ့မှစပြီး ထိုမဏ္ဍပ်တွင် လူစည်နေသည်။ စင်ပေါ်က ကခုန်နေသူတွေ၊ စင်အောက်က မူးယစ်ပျော်ရမ်းနေသူတွေနှင့် ရှုပ်ယှက်ခတ်နေသည်။ ထိုမဏ္ဍပ်က

**ကြေးခွန်းကို သံမဲတလင်းနှင့် သွေးထားသော ချွန်မြဖွေးလက်နေသည့် သူ့လက်ထဲမှ လက်လုပ်ဓားကိုပါ အချုပ်သားအားလုံးမြင်သာအောင် ထောင်ပြလိုက်သည်။ အချုပ်သားများက အောင်သိန်းကို ကြောက်လန့်နေကြသည်။**



ညနေပိုင်းလောက်တွင်သာ ခေတ္တရပ်နားပြီး ညပိုင်းရောက်တော့ တစ်ဖန် ပြန်စည်၊ ပြန်ဆူလာပြန်သည်။

စင်ပေါ်မှ စည်တိုသံတဒိန်းဒိန်းနှင့် တူရိယာသံမျိုးစုံတို့က ဧရာမ ဆောင်းဘောက်ကြီးများမှတစ်ဆင့် နားကွဲမတတ် မြည်ဟိန်းထွက်ပေါ်နေသည်။ ထိုအသံများက ဒန်းကျင်အရပ်ရပ်သို့ ပြေးလွှားရိုက်ခတ်ကာ မငြိမ်းမှုစိုးမိုးလျက်ရှိသည်။

အချုပ်ခန်းထောင့် ရဲသားကာလေးက သေနတ်ကို မြေထောက်ကိုင်ထားရင်း မဏ္ဍပ်ဘက်သို့ ငေးကြည့်နေသည်။ သူ့မြေထောက်က ထွက်ပေါ်လျက်ရှိသော တေးသွားနှင့်အပြိုင် တဖျပ်ဖျပ်စည်းလိုက်နေသည်။ ထိုသို့ အပြင်မှအာရုံကို နစ်မြောဝင်စားနေသောကြောင့်လည်း သူက အချုပ်ခန်းပတ်ပတ်လည်သို့ ကင်းလှည့်ရမည့် တာဝန်ကို မေ့လျော့နေမိသည်။

ထိုအချိန်၌ အောင်သိန်းက ထို အလစ်အခိုက်ကို ပိုင်နိုင်စွာအသုံးချနေလေပြီ။

''အားလုံး ငြိမ်ငြိမ်နေနော်၊ နည်းနည်းမှ လှုပ်ရှားမယ်မကြံနဲ့၊ ဒီမှာ ငါ့လက်ထဲမှာ တွေ့လား။ ငြိမ်ငြိမ်မနေမယ့်ကောင်ကို တစ်ခါတည်း အသေထိုးသတ်ပစ်လိုက်မယ်''

အောင်သိန်းက တိုးတိုးကြိတ်ကြိတ် ကြိမ်းခါးလိုက်သည်။ ကြေးခွန်းကို သံမဲတလင်းနှင့် သွေးထားသော ချွန်မြဖွေးလက်နေသည့် သူ့လက်ထဲမှ လက်လုပ်ဓားကိုပါ အချုပ်သားအားလုံးမြင်သာအောင် ထောင်ပြလိုက်သည်။ အချုပ်သားများက အောင်သိန်းကို ကြောက်လန့်နေကြသည်။ ပြောသည့်အတိုင်း မလှုပ်ဝံ့ဘဲ ငြိမ်ကုပ်နေကြသည်။ သို့သော် ထိုသို့ ငြိမ်နေရင်းမှပင် အချို့က အချုပ်ခန်း၏ အပေါ်ဘက်ဆီသို့ မော့ကြည့်နေမိကြသည်။

အချုပ်ခန်း၏ အနောက်ဘက်အမိုးအောက်တွင် နှစ်ပေပတ်လည် အပေါက်တစ်ပေါက်ရှိသည်။ နေ့ခင်းဘက် အလင်းရောင်ရစေရန် ဖောက်လုပ်ထားသော ထိုအပေါက်ကို သံတိုင်များဖြင့်ပင် ကာရန်ထားသည်။ ထိုအပေါက်မှာ အစွန်ဘက်တွင် ရှိသဖြင့် မီးလုံးနှင့်ဝေးကာ အတန်ငယ်မှောင်နေသည်။ ထိုအမှောင်နှင့် အပြင်ဘက်မှ ဆူညံသံများကို အကာအကွယ်ပြုကာ ထိုအပေါက်မှ သံတိုင်များကို သံဖြတ်လွှဖြင့် တက်ဖြတ်နေသူကား အောင်ကိုပင်တည်း။

အောင်သိန်းက ကြိမ်းပြန်သည်။

''ငါတို့ အချုပ်ခန်းကို ဖောက်နေတယ်၊ မကြာခင်ပြီးတော့မယ်၊ ပြီးတာနဲ့ တို့နဲ့အတူ အပြင်ကိုလိုက်ချင်တဲ့သူ လိုက်နိုင်တယ်၊ မလိုက်ချင်တဲ့သူက ငြိမ်ငြိမ်ကျန်နေခဲ့ကြ၊ ရဲကို လှမ်းအော်ဖို့ကတော့ နည်းနည်းမှ မစဉ်းစားနဲ့''

အောင်သိန်းကကြိမ်းလေ အချုပ်သားတွေက ပိုကြောက်လေ။ သို့နှင့်ပင် အစောင့်ရဲက ဝေးဝေးတစ်ခါ ကင်းလာပတ်လိုက်၊ မဏ္ဍပ်ဘက်ကို ပြန်ငေးနေလိုက်၊ သူတို့က ထိုအခွင့်အရေးကို အသုံးချကာ သံတိုင်ဖြတ်လိုက်နှင့် ညဥ့်မနက်မီပင် သူတို့လုပ်ငန်းအောင်မြင်သွားသည်။ အမှန်တော့ အလုပ်ကလည်း ပြောပလောက်အောင် မောက်လှသလို၊ ကြာမြင့်စရာလည်း အကြောင်းမရှိပေ။ အောင်ကိုက သံတိုင်သုံးချောင်းမျှသာ ဖြတ်ရန်လိုသည်။ ထို သံတိုင်သုံးချောင်းကို ဖြတ်ပြီး အောက်မှနေ၍ အပေါ်သို့ဆွဲကွေးလိုက်ပါက လူတစ်ကိုယ်စာအပေါက်က အဆင်သင့်ဖြစ်သွားပေပြီ။

ကိစ္စပြီးသည်နှင့် သူတို့ စတင်လှုပ်ရှားကြသည်။ အောင်သိန်းက အပြင်ထွက်လိုသူများကို တစ်ယောက်ပြီးတစ်ယောက် ထွက်ကြရန် အချက်ပေးလိုက်သည်။ သူကိုယ်တိုင်ကမူ နောက်ဆုံးမှ ထွက်ရန်ဖြစ်သည်။ အစီအစဉ်အရ ထိုဖောက်ပြီးသားအပေါက်မှထွက်၍ အပြင်သို့ လျှောဆင်းလိုက်ပါက အချုပ်ခန်း၏အပြင်ဘက် ကင်းပတ်လမ်းပေါ်ရောက်မည်။ ထိုမှတစ်ဆင့် ရင်စို့သာသာခန့်ရှိသော အုတ်တံတိုင်းကို ကျော်၍ခုန်ချလိုက်ပါက အချုပ်ခန်းအပြင်ဘက် မြေပြင်ပေါ်သို့ ရောက်သွားမည်။ ထိုမြေပြင်နှင့် ဝါးတစ်ရိုက်ခန့်တွင် သံဆူးကြိုးတစ်ထပ်ရှိသေးသော်လည်း ထိုမျှလောက်ကို မှုစရာမရှိတော့ပြီ။

အချုပ်သားများက သူ့ထက်ငါ အလုအယက် ထွက်ကြလေသည်။ အောင်သိန်းက ပိပိရိရိလုပ်ကြဖို့ အားလုံးကို ကြပ်မတ်ပေးနေရသည်။ အပြင်ထွက်မည့်သူများ ကုန်သွားသောအခါ အချုပ်ခန်းတွင်း၌ အသက်ကြီးသူ၊ နေမကောင်းသူနှင့် အမှုသေးသမားများလောက်သာ ကျန်နေတော့သည်။

အောင်သိန်းက ကျန်နေသူအားလုံးကို လက်ထဲမှဓားအား တစ်ချက်ထောင်ပြလိုက်ပြီးနောက် အပေါက်ရှိရာသို့ လွှားခနဲခုန်တက်လိုက်သည်။ ထိုအပေါက်မှ လျှောဆင်းကာ အုတ်တံတိုင်းကိုပါ ထပ်ပံခုန်ကျော်လိုက်သည်။ ပြီးနောက် သံဆူးကြိုးဆီသို့ ဖျတ်ခနဲ ပြေးကပ်လိုက်ပြီး အပြင်မှ အောင်ကို ဆွဲဟပေးထားသော နေရာမှပင် ကိုယ်လုံးကိုလှဲကာ လှိမ့်ထွက်လိုက်သည်။

အခြားအကျဉ်းသားများက ကိုယ့်လမ်းကိုယ် ပြေးကြလေပြီ။ သူတို့နှစ်ယောက်ကလည်း အမှောင်တွင်းသို့ တိုးဝင်ကာ သုတ်ခြေတင်လိုက်ကြသည်။ ထိုအချိန်မှာပင် အချုပ်ခန်းဆီမှ အော်ဟစ်လိုက်သော အသံတချို့ကို သူတို့ကြားလိုက်ရသည်။ မရှေးမနှောင်းမှာပင် "ဖောက်…ထိုင်း"ဟူသော သေနတ်သံနှင့်အတူ ကျည်တစ်တောင့်က သူတို့ခေါင်းပေါ်မှ ဝီခနဲဖြတ်သန်းသွားသည်။ ထိုသေနတ်သံ ပေါ်လာချိန်မှာပင် မကျွပ်ဘက်ဆီမှ ဆူညံသံများလည်း တစ်ခနဲရပ်တန့်သွားတော့သည်။

————x x x————

"ဘယ်နှယ့်လဲ ငါ့ညီ၊ မောနေပြီလား။ မကြာခင်ရောက်တော့မှာပါကွ"

"မမောပါဘူး အစ်ကိုရ၊ ဒါ မောစရာမှ မဟုတ်တာ"

"ကြိုက်ပြီကွာ၊ ဒီစိတ်ဓာတ်မျိုးမှ ယောကျ်ားကွ၊ လောကမှာ ဘာမဆို ခွန်မှ စားရတယ်ဆိုတာ ဒါအစစ်ပဲဟေ့"

အောင်သိန်းက အားပေးစကားပြောလိုက်သည်။ ပြီးလျှင် တက်ကြသောခြေလှမ်းများဖြင့် သူက ရှေ့မှဦးဆောင်ကာ သွားနေလေသည်။ အောင်ကိုကလည်း နောက်မှနေ၍ ထက်ချပ်မကွာ လိုက်ပါနေသည်။ သူတို့ အချုပ်မှလွတ်ခဲ့သည်မှာ သုံးရက်ရှိခဲ့ပြီ။ ယခုလို ကားတစ်တန်၊ ခြေလျင်တစ်တန်နှင့် ခရီးနှင်နေကြသည်မှာလည်း ထိုရက်အတိုင်းပင် ဖြစ်သည်။ တောအထပ်ထပ်၊ တောင်အထပ်ထပ်ကို ကျော်ဖြတ်နေရသော ဤခရီးမှာ အောင်ကိုအတွက် အသစ်အဆန်းဖြစ်သော်လည်း အောင်သိန်းအတွက်မူ ကျွမ်းပြီးသားဖြစ်သည်။ သူက သူမှတ်သားထားသော လမ်းအတိုင်းပင် ရှေ့ဆောင်ကာ တန်းတန်းမတ်မတ် သွားလျက်ရှိသည်။

သို့နှင့် အချိန်တန်သော် အောင်သိန်းထံမှ ဝမ်းသာအယ်လဲ ပြောလိုက်သံက ထွက်ပေါ်လာတော့သည်။

"ဟော…ရောက်ပြီဟေ့၊ ဟိုမြင်ရတဲ့ တောင်ဟာ ခရီးဆုံးပဲ၊ ရည်မှန်းချက်ကို ရောက်ပြီကွ၊ ရောက်ပြီ"

အောင်သိန်းလိုပင် အောင်ကိုလည်း အားတက်သွားသည်။ သူတို့ခြေလှမ်းများက ပိုသွက်လာကြသည်။ မကြာမီပင် ထိုတောင်ခြေသို့ ရောက်သွားကြရာ ရောက်ရောက်ချင်းဆိုသလိုပင် သူတို့ လုပ်ငန်းစလိုက်ကြသည်။ အောင်သိန်းညွှန်ပြသော နေရာတစ်ဝိုက်ကို ပါလာသော ဓားရှည်များဖြင့် နှစ်ဦးသား ခုတ်ထွင်ရှင်းလင်းကြသည်။ ရှင်းလင်းရင်းနှင့် ရှေ့မြင်ကွင်းက ရုပ်လုံးပေါ်လာသည်ထက် ပေါ်လာသည်။ တောင်ခြေတွင် လိုဏ်ဂူသဏ္ဍာန် အပေါက်ဝတစ်ခုရှိရာ ၎င်းမှာ သဘာဝလိုဏ်ဂူမျိုးမဟုတ်ဘဲ သတ္တုရှာဖွေသော မိုင်းတွင်းဟောင်းတစ်ခုမျှသာဖြစ်ကြောင်း ပေါ်လွင်လာသည်။ လိုဏ်ခေါင်းထဲတွင် သံတိုသံစများ၊ သံလမ်းအကျိုးအပျက်များကို သူတို့တွေ့ကြရသည်။

"လေးလသောက်ပဲရှိသေးတယ်၊ ချုံတွေက တော်တော်ထသွားတာပဲကွ၊ လာဟေ့၊ ငါ့နောက်လိုက်ခဲ့"

အောင်သိန်းကပင် ရှေ့ဆောင်ပြီး လိုဏ်ခေါင်းအတွင်းသို့ဝင်သည်။ ထိုအခါ လိုဏ်အတွင်းမှ လင်းနို့များက လန့်ပျံသွားကြသည်။ ညှီစို့စို့ အောက်သိုးသိုးအနံ့များကိုပါ သူတို့ရှူရှိုက်လိုက်ကြရသည်။ အတွင်းသို့ ခြေလှမ်း ၁၅ လှမ်းမျှ ဝင်သွားပြီးနောက် သူတို့ ရပ်လိုက်ကြသည်။ အောင်သိန်းက-

"ဒီနေရာပဲဟေ့၊ ဒီသံပြားကြီးအောက်မှာ ကျင်းတစ်ကျင်းရှိတယ်၊ အဲဒီကျင်းထဲမှာ ငါ ဟိုကောင်ကြီးကို ဝှက်ခဲ့တာ၊ ကိုင်း- တို့ ဒီသံပြားကြီးကို မ,ရအောင်၊ တစ်ယောက်တည်း မရဘူးကွ၊ နှစ်ယောက်မ,မှ ဖြစ်မှာ"

ပြောပြီး အောင်သိန်းက ပါလာသော သံတူရွင်းဖြင့် ထိုသံပြားကြီးကို ထိုးကော်လိုက်သည်။ အတော်အားစိုက်ပြီး ထိုးကော်တော့မှ ထိုသံပြားကြီးက အနည်းငယ်ကြွတက်လာသည်။ ထိုအခါ ဟ,သွားသောနေရာကို အောင်ကိုက လက်သွင်းပြီး အားဖြင့်

**အောင်သိန်းညွှန်ပြသော နေရာတစ်ဝိုက်ကို ပါလာသော ဓားရှည်များဖြင့် နှစ်ဦးသား ခုတ်ထွင်ရှင်းလင်းကြသည်။ ရှင်းလင်းရင်းနှင့် ရှေ့မြင်ကွင်းက ရုပ်လုံးပေါ်လာသည်ထက် ပေါ်လာသည်။ တောင်ခြေတွင် လိုဏ်ဂူသဏ္ဍာန် အပေါက်ဝတစ်ခုရှိရာ . . .**



ဝင်မ,ပေးလိုက်သည်။ သံပြားကြီးက အပေါ်သို့တက်လာရာ အောက်တွင် အတော်ကျယ်သော ကျင်းတစ်ကျင်းက ထင်ရှားစွာပေါ်လာတော့သည်။

''လုပ်ပေ့ာ-အောင်ကို၊ သံပြားအစွန်းကို ဟိုသစ်သားတုံးနဲ့ မြန်မြန်ထောက်လိုက်၊ ငါ ဒီက ထိန်းထားမယ်''

အောင်ကိုက အောင်သိန်းညွှန်ပြသော သစ်သားတုံးကို အမြန်ကောက်ယူကာ သံပြားကြီးကို ထောက်ပေးလိုက်သည်။ သည်တော့မှ သံပြားကိုထိန်းထားသောလက်အား အောင်သိန်းက လွှတ်လိုက်သည်။

''ဟူး…တော်တော်လေးတဲ့ ကောင်ကြီးပဲ၊ တစ်ယောက်တည်းအားနဲ့တော့ ဘယ်လိုမှကို မရွေ့နိုင်ဘူး''

အောင်သိန်းက ရေရွတ်လိုက်သည်။ မှန်သည်။ သံပြားကြီးမှာ အလွန်ထုထဲလှသည်။ ထို့ပြင် သံပြားပေါ်၌ မီးရထားသံလမ်းကဲ့သို့ သံချောင်းကြီးများကို အချောင်းလိုက်၊ အချောင်းလိုက် ပူးကပ်ပြီး ဂဟေဆော်ထားလေသေးသည်။

အောင်သိန်းက ပြောလိုက်သည်။

''ကိုင်း…တို့လုပ်ငန်းစရအောင်၊ ငါ ကျင်းထဲကိုဆင်းမယ်၊ မင်းအပေါ်က စောင့်နေ''

ပြောပြောဆိုဆို အောင်သိန်းက ဓါတ်ခန့်အနက်ရှိသော ကျင်းအတွင်းသို့ ဖျတ်ခနဲခုန်ဆင်းလိုက်သည်။ အောက်ရောက်သည်နှင့် ခါးကိုကုန်းကာ မြေကြီးများကို ယက်ဖော်နေသည်။ ကြာကြာတော့ မဖော်လိုက်ရပါ။ အောင်သိန်းလက်ထဲ၌ မြေမှုန့်များ ပေလူးလျက်ရှိသော စစ်သုံးအိတ်တစ်လုံးက ရောက်လာသည်။ အောင်သိန်းက လက်ကို ဖုတ်ဖက်ခါလိုက်သည်။ ပြီးလျှင် အပြုံးဖြင့် အောင်ကိုမြင်သာအောင် အိတ်ကို မြှောက်ပြလိုက်သည်။

''အောင်ပြီပေ့ာ…ဒီမှာ တွေ့တယ် မဟုတ်လား''

အောင်ကိုက အပေါ်မှ ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် အောင်သိန်းက အိတ်ကိုလွယ်ပြီး ကျင်းနံရံကို ခြေဖြင့်ကန်ကာ အပေါ်သို့ပြန်တက်လာသည်။ ထိုသို့တက်လာနေရင်း အောင်သိန်းထံမှ တစ်စုံတစ်ခုက ကျင်းအတွင်းသို့ ပြုတ်ကျသွားသည်ကို အောင်ကို သတိပြုမိလိုက်သည်။

အောင်သိန်းက အပေါ်ရောက်သည်နှင့် ကျင်းနှုတ်ခမ်းမှာပင် ခြေနှစ်ဖက်ကို တွဲလောင်းချကာ ထိုင်လိုက်သည်။ ထို့နောက် လွယ်ထားသော အိတ်အတွင်းမှ ကျောက်တုံးကြီးတစ်တုံးကို ထုတ်ယူလိုက်သည်။ ထိုကျောက်တုံးမှာ ပုံသဏ္ဌာန်အားဖြင့် မညီးပြားပြားအရောင် ရှိလေသည်။

''အနည်းဆုံး သိန်းတစ်ထောင် အောက်တော့ ဘယ်ရောက်လိမ့်မလဲကွာ၊ ဒီကျောက်မျိုးက ရုတ်တရက်ကြည့်ရင်တော့ ဘာမှမဟုတ်သလိုပဲ၊ ဒါမျိုးက သေသေချာချာ ကြည့်တတ်မှ ကျောက်စိမ်းမှန်းသိရတာ၊ မှန်းစမ်း…မင်းကို ငါလက်တွေ့ပြမယ်''

ပြောပြီး အောင်သိန်းက သူ့အင်္ကျီအိတ်ကပ်ကို လက်ဖြင့်စမ်းလိုက်သည်။ ပြီးလျှင် ကျင်းအောက်သို့ပါ လှမ်း၍ ငုံ့ကြည့်လိုက်သည်။

''ဟာ…ကျောက်စိမ်းကြည့်တဲ့ ဓာတ်မီးက အောက်မှာကျကျန်နေခဲ့ပြီ၊ အဲဒီဓာတ်မီးနဲ့ထိုးပြမှ ဒီကျောက်ရဲ့အလှအပကို မင်းမြင်ရမှာ၊ ကိုင်း…ငါတော့မောနေပြီ၊ မင်းသာ ဆင်းကောက်လိုက်စမ်းကွာ အောင်ကို''

''ဟုတ်ကဲ့ အစ်ကို''



အောင်သိန်းက အောင်ကို့ကို အောက်ဆင်းခိုင်းလိုက်သည်။ သို့သော် အောင်ကိုက အောက်သို့ ခုန်ဆင်းရမည့်အစား နောက်ကိုပြန်ဆုတ်သွားသည်။ တစ်စုံတစ်ခုကိုပါ ခိုင်ခနဲလှုပ်ရှားလိုက်သည်။ ထိုလှုပ်ရှားမှုကြောင့် အောင်သိန်းက မျက်နှာကိုလှည့်ပြီး အောင်ကိုအား မော့ကြည့်လိုက်သည်။ ဤတွင် သူတွေ့လိုက်သောမြင်ကွင်းကြောင့် သူ့ပါးစပ်က ဟောင်းလောင်းပွင့်ကာ သူ့မျက်လုံးများကပါ ပြူးကျယ်သွားရတော့သည်။ အကြောင်းမှာ သူ ကျင်းထဲ ဆင်းခိုင်းထားသော အောင်ကိုက သူ့အပေါ်မှ ဖိကာ သစ်သားတုတ်တစ်ချောင်းကို ကိုင်လျက် ချိန်ရွယ်ထားသောကြောင့်ပင်။

သူ အံ့အားသင့်နေစဉ်မှာပင် အောင်ကို လက်ထဲမှ သစ်သားတုတ်က သူ့နဖူးပေါ်သို့ ဖြောင်းခနဲ ကျရောက်သွားသည်။ ဝင်းခနဲ မီးပွင့်သွားခြင်းနှင့်အတူ အောင်သိန်း ကျင်းထဲသို့ ထွေးခနဲ ကျသွားတော့သည်။

----------x x x----------

အောင်သိန်း ကျင်းထဲကျသွားပြီး နောက် အောင်ကိုက လိုက်ပါခုန်ဆင်းလိုက်သည်။ ပြီးနောက် အောင်သိန်းရင်ခွင်ထဲမှ အိတ်ကိုဆွဲယူလိုက်သည်။ ထိုအိတ်ကို လွယ်ထားလိုက်သည်။ အောင်သိန်းကား ခပ်ဆွေ့ဆွေ့ လဲလျောင်းကာ ငြိမ်သက်လျက်ရှိသည်။ သို့သော် သေဟန်မတူသေးပေ။ အောင်ကိုက အောင်သိန်း၏ ဘောင်းဘီနပ်မှ ကြိုးများကို ဖြုတ်လိုက်သည်။ ထိုကြိုးများဖြင့်ပင် အောင်သိန်း၏ လက်နှစ်ဖက်ကို နောက်ဘက်တွင် ပူးယှက်၍ အထပ်ထပ်ချည်နှောင်ထားလိုက်သည်။

ဖြစ်ချင်တော့ အောင်ကို ကျင်းပေါ် ပြန်တက်ရန် ပြင်ဆင်နေချိန်မှာပင် အောင်သိန်းက ပြန်သတိရလာသည်။ မျက်လုံးက ပွင့်လာသလို ကိုယ်လုံးကြီးကပါ လူးလွန့်လှုပ်ရှားလာသည်။ မျက်နှာတစ်ခုလုံး သွေးများဖြင့် နီရဲရဲစို၍လျက်ရှိကာ မပီသသော ညည်းညူသံများကပါ ထွက်ပေါ်လျက်ရှိသည်။

အောင်ကိုက ခါးထောက်ပြီး ငုံ့ကြည့်လိုက်သည်။ နှုတ်မှပါ ပြောလိုက်သည်။

''ကိုင်း…ကိုအောင်သိန်း၊ ခင်ဗျား

ဒီမှာပဲနေခဲ့ပေတော့။ ခင်ဗျားက ဆော်တော် အကြံကြီးတဲ့သူပဲ၊ ကျောက်ကြည့်တော်စီးကို တမင်ပစ်ချတာယ်၊ ပြီးတော့ ကျုပ်ကိုဆင်း ကောက်ခိုင်းတယ်။ ကျုပ် အောက်ရောက်ပြီဆိုတာနဲ့ သံပြားကြီးကို ဒေါက်ဖြုတ်ပြီး တွင်းကို ပိတ်လိုက်မယ်၊ ကျုပ်ကို အရှင်လတ်လတ် ပိတ်သတ်ထားခဲ့ပြီး ခင်ဗျားက ကျောက်စိမ်းတုံးကို တစ်ယောက်တည်း မောင်ပိုင်စီးမယ်၊ ဒီအကြံပဲ မဟုတ်လား"

အောင်သိန်းက ငြိမ်နေသည်။ အောင်ကို့ စကားကို နားထောင်နေဟန်ဖြင့်လည်း သွေးများဖြင့်ပေကျံနေသော သူ့မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်လျက်ရှိသည်။

"ကျုပ်ကလည်း ခင်ဗျားလောက်တော့ လျှင်ပြီးသားပါ။ ခင်ဗျား ကျုပ်အပေါ်ကောက်ကျစ်တော့မယ်ဆိုတာကိုလည်း သိပြီးသားပါ။ ပြီးတော့ ခင်ဗျားကို ကျုပ်ပြောလိုက်အုံးမယ်၊ ဟောဒီ ကျောက်စိမ်းတုံးကြီးကို ခင်ဗျားနဲ့အတူရလာတဲ့ ဦးမြင့်ရွှေဆိုတာ တခြားလူမဟုတ်ဘူး။ ကျုပ်အဖေ။ ကျုပ်အဖေ။ ကျောက်မှော်ဘက်ကို တက်သွားပြီးကတည်းက သူ့သတင်းပျောက်သွားလို့ ကျုပ်က အမြဲတမ်းလိုက်ထောက်လှမ်းနေတာ၊ တောင်ပေါ်မှာ ကျုပ်အဖေ အမောဆို့ပြီး သေပြီလို့ ခင်ဗျားပြောတုန်းက ကျုပ်က ကြိတ်ပြီး စိတ်ထိခိုက်ခဲ့ရသေးတယ်၊ ဒါပေမဲ့ အကြောင်းစုံကို ရေဆုံးရေဖျား သိချင်သေးတာမို့ ကျုပ်က ကျုပ်အဖေမှန်း ခင်ဗျားကို ထုတ်မပြောခဲ့ဘူး။

ခုတော့ ဇာတ်ကြောင်းက ကျုပ်ထင်တဲ့အတိုင်း ပေါ်လာခဲ့ပြီ၊ ကျုပ်အဖေကို ခင်ဗျား သတ်ပစ်လိုက်တာ ဒီ ကျောက်တုံးကြီးကို တစ်ယောက်တည်း အပိုင်စီးချင်လို့ ကျုပ်အဖေကို ခင်ဗျားသတ်လိုက်တာ၊ ဒီမယ် ကိုအောင်သိန်း၊ အချုပ်ထဲမှာ ခင်ဗျားပြောတုန်းက ကျုပ်အဖေသေပြီးမှ ကျောက်စိမ်းတုံးကို ဒီနေရာမှာ ဝှက်ထားခဲ့တာလို့ ခင်ဗျားပြောခဲ့တယ်မဟုတ်လား။ အမှန်တော့ အဲဒါ လုံးဝမဟုတ်ဘူး။ ဒီသံပြားကြီးကို ခင်ဗျား တစ်ယောက်တည်း ဘယ်နည်းနဲ့မှ မလို့မရဘူး။ ဒီနေရာမှာ ကျောက်စိမ်းတုံးကြီး ဝှက်ထားခဲ့တဲ့အလုပ်ကို ခင်ဗျားတစ်ယောက်တည်း ဘယ်နည်းနဲ့မှ လုပ်လို့မရဘူး။ နှစ်ယောက်အတူတူ ဝှက်ပြီးမှ ကိစ္စအားလုံး ပြီးပြီဆိုတော့မှ ကျုပ်အဖေကို ခင်ဗျား ရှင်းပစ်လိုက်တာ"

အောင်ကိုအသံက ပိုရှဲမာလာသည်။ နာကျည်းမှုဖြင့် ဒေါသပါ ပါလာသည်။ ထို့နောက် သူက လက်နှစ်ဖက်ကိုကား၍ ကျင်းနံရံများကို လှမ်းကိုင်လိုက်သည်။ အပေါ်သို့တက်ရန်လည်း ပြင်လိုက်သည်။

"ကိုင်း...ကျုပ်သွားပြီ၊ ခင်ဗျားလို လူစားမျိုးအတွက် ဒီပုံစံမျိုးနဲ့သာ အထိုက်တန်ဆုံးပဲ။ စိတ်ချ ကိုယ့်လူ၊ ကျုပ်အပေါ်ရောက်တာနဲ့ ခင်ဗျား စိတ်အေးလက်အေးနေရအောင် သံပြားကြီးကို ပိတ်ပေးခဲ့မှာပါ၊ ဟား...ဟား...ဟား...ဟား"

အောင်ကိုက ရယ်သွမ်းသွေးရင်း အပေါ်သို့ တစ်ထစ်လှမ်းတက်လိုက်သည်။ ပြီးလျှင် အားထည့်ပြီး အပေါ်သို့ တစ်ချက်တည်း ခုန်တက်လိုက်သည်။ ဤတွင် ဖြစ်ချင်တော့ အပေါ်ရောက်ချင်စောဖြင့် ခုန်အတက်၊ ကျင်းနှုတ်ခမ်းတွင် ထောက်ထားသော သစ်သားချောင်းကို သတိမထားမိဘဲ သူ့ခြေထောက်ဖြင့် လှမ်းကန်လိုက်သလို ဖြစ်သွားရာမှ ထိုသစ်သားဒေါက်က ပြောင်းခနဲ ပြုတ်ထွက်သွားတော့သည်။ ထိုသို့ ဒေါက်ပြုတ်သွားခြင်းနှင့်အတူ အပေါ်မှ သံပြားမည်းမည်းကြီးက ဝုန်းခနဲ အောက်သို့ပြုတ်ကျလာတော့သည်။ သို့နှင့် အခြေအနေက တမုဟုတ်ချင်းဆိုသလို လျှင်မြန်စွာ ဖြစ်ပျက်သွားသည်။ သူက ပြုတ်ကျလာသော သံပြားထုကြီးကို ကြောက်လန့်တကြား လှမ်းမြင်လိုက်ချိန်မှာပင် ထိုသံပြားကြီးက သူ့ဦးခေါင်းပေါ်သို့ တည့်တည့်မတ်မတ် ကျရောက်လာသည်။ သံပြားနှင့် သူ့ဦးခေါင်း ထိတွေ့မိလိုက်ချိန်တွင် သံပြားတွင်ရှိသော ဓားမသံချောင်းကြီးတစ်ခုက သူ့ငယ်ထိပ်ကို ဟက်တက်ကွဲအောင် ရိုက်ခွဲလိုက်ချေပြီ။ လူကပါ ကျင်းအတွင်းသို့ နောက်လန်ပြီး ပြုတ်ကျသွားရလေပြီ။

သံပြားကြီးက အောက်သို့ ဝုန်းခနဲ အကျ၊ မြေမှုန့်များက ထောင်းထောင်းထသွားသည်။ သို့သော် သံပြားကြီးက မလှုပ်မယှက် ငြိမ်သက်သွားခြင်းနှင့်အတူ မကြာမီပင် ဖုန်မှုန့်များလည်း စဲသွားသည်။ ထိုအခါ မိုင်းတွင်းဟောင်းကြီးအတွင်း၌ အခြေအနေက နဂိုနေအတိုင်း ပြန်လည်တိတ်ဆိတ်သွားတော့သည်။

**ရဲမြတ်တင်**

**အောင်ကိုအသံက ပိုရှဲမာလာသည်။ နာကျည်းမှုဖြင့် ဒေါသပါ ပါလာသည်။ ထို့နောက် သူက လက်နှစ်ဖက်ကိုကား၍ ကျင်းနံရံများကို လှမ်းကိုင်လိုက်သည်။**



# CITY CARTOON



# CITY CARTOON



# CITY CARTOON



# ရည်းစားမဟုတ်တဲ့ ချစ်သူ

သာစုအောင်

**အခန်း(၁)**

ဒီနေ့ လပြည့်ညပါ ညို့··

အသေအချာပြောရရင် တိမ်ညိုတွေကင်းတဲ့ ပွင့်လင်းရာသီရဲ့ လပြည့်တစ်ညပဲပေါ့။

အပြင်ဘက်လောကကြီးမှာ မှောင်ရိပ်မသန်းခင်ပဲ ပေဘာ်ဒီ အခန်းကျဉ်းလေးထဲကို ကိုယ်ရောက်နေခဲ့ပါပြီ ညို့။ ဟုတ်တယ်လေ ညို့ရဲ့ လပြည့်ညရဲ့ လှပခြင်းတွေနဲ့ သူ့ရဲ့ အလင်းရောင်တွေကို မမြင်တွေ့အောင် ရှောင်တိမ်းနိုင်ဖို့အတွက် ကိုယ့်တက်က အဆင်သင့် ဖြစ်နေရမယ် မဟုတ်လား။



စိတ်ချလိုက်စမ်းပါ ညို… ကိုယ်ပေးထားမိတဲ့ ကတိတွေအတွက် ဘယ်တော့မှ မပျက်ကွက်ရအောင် ကိုယ်အမြဲတမ်း ဖွစ်ဆောင်နေပါ့မယ်။ ကိုယ့်စိတ်ကြိုက် ဖန်တီးထားတဲ့ ဟောဒီအခန်းကျဉ်းလေးထဲမှာ ဘယ်အလင်းရောင်မှ မဝင်ရောက်နိုင်အောင် စီမံထားပြီးဆိုမှတော့ အပြင်ဘက်ကမ္ဘာမှာ ကြိုက်သလောက် ထိန်ထိန်သာနေပါစေ၊ ကိုယ့်နေရာ အခန်းကျဉ်းလေးထဲမှာတော့ မှောင်အတိကျနေတဲ့ လမိုက်ညပဲ ဖြစ်နေရမယ်ဆိုတာ ယုံလိုက်စမ်းပါ ညို…ရယ်။

**အခန်း(၂)**

ပွင့်လင်းသာယာတဲ့ နွေဦးရာသီရဲ့ လပြည့်ညတွေကို ဟိုးငယ်ငယ် ကလေးဘဝထဲက ကိုယ်နဲ့ ညိုတို့နှစ်ယောက် လက်မလွှတ်တမ်း စောင့်ကြည့်ခဲ့ကြဖူးတယ်။ လပြည့်ညတွေကို ရောက်တိုင်း ညိုတို့အိမ်ရှေ့က မြေကွက်လပ်ကလေးကို ကိုယ်အရင် မရောက်တဲ့အခါမှာ ညိုကပဲ အမြဲလာလာခေါ်ခဲ့ရတာ အခုထိ မှတ်မိနေတုန်းပါ။

ဒီတုန်းကတော့ နောက်ကျခြင်းဆိုတာ သေခြင်းတရားကလွဲပြီး ဘယ်အရာမှမကောင်းတဲ့အကြောင်း တကယ့်ကိုကောင်းကောင်း မတွေးတတ်သေးတဲ့ အရွယ်ပဲပေါ့…ညို။ ဒီလိုနဲ့ပဲ နွေရာသီရောက်တိုင်း လပြည့်ညကို စောင့်ကြည့်တတ်တဲ့အကျင့်တစ်ခုကို ရင်ခုန်ကြည်နူးတတ်တဲ့ အရွယ်ထိအောင် ညိုကပဲ ဦးဆောင်ခဲ့တယ်လေ၊ တစ်ခါတရံမှာဆို ကောင်းကင်က လမင်းကြီးကိုမကြည့်ဘဲ ညိုကိုပဲ ငေးနေမိတဲ့ ကိုယ့်ကို မသိသလို အမူအရာနဲ့ စကားတွေ ဖောင်ဖွဲ့နေတတ်တဲ့ ညိုဟာ ကောင်းကင်က လမင်းကြီးနဲ့ အလှချင်းပြိုင်နေသလားလို့တောင် ထင်မှားမိခဲ့ပါရဲ့…ညို။

**အခန်း(၃)**

"တကယ်တမ်းတွေးကြည့်ရင် ပွင့်လင်းသာယာတဲ့ အခုလိုနွေရာသီရဲ့ လပြည့်တစ်ညကို လွတ်လပ်တဲ့အဖျိုစင်မိန်းကလေးတစ်ယောက်ရဲ့ဘဝနဲ့ တစ်ထပ်တည်းကျတဲ့ သဘာဝသင်္ကေတတစ်ခုပဲလို့ ညိုတော့ တွေးမိတယ် သိလား၊ ကိုဦး"

တစ်ခုသောနွေရဲ့ လပြည့်တစ်ညမှာ ထင်မှတ်မထားပါဘဲ လပြည့်ညရဲ့ သဘာဝတရားကို ညို အဲဒီလို အဓိပ္ပါယ်ဖွင့်ခဲ့တာ ကိုယ် သတိရနေတုန်းပါပဲ ညို။

တကယ်ဆို ခံစားမှုပါတဲ့ စကားလုံးတိုင်းဟာ ဂန္ထဝင်မြောက်တတ်ကြတယ်ဆိုတဲ့ စကားကို ကိုယ်ကြားဖူးခဲ့ပေမယ့် အဲဒီညက ညို နှုတ်ဖျားက ထွက်ကျလာတဲ့စကားလုံးတွေအတွက် ကိုယ် ဘာကြောင့်များ မသုံးသပ်ခဲ့မိသလဲ ညို…။

"တကယ်တော့ အခုလိုလပြည့်တစ်ညကို မြင်ခွင့်ရဖို့ဆိုတာ တစ်လလုံးလုံး စောင့်ရတာ ကိုဦးရဲ့၊ တစ်လလုံးမှာမှ တစ်ညပဲ အပြည့်အဝသာခွင့်ရှိတဲ့ ဟောဒီ လပြည့်ညရဲ့ လမင်းကြီးကို ညိုကတော့ မြင်ခွင့်ရတဲ့ အခုလိုရာသီမှာ တကယ်ကို လက်မလွှတ်တမ်း စောင့်ကြည့်ချင်တာပဲ"

"ကိုဦးပဲစဉ်းစားကြည့်လေ၊ လသာတဲ့ညတိုင်း သပြည့်ညမဟုတ်သလို လပြည့်ညနဲ့ ကြုံရပြန်တော့လည်း အခုလို တိမ်ညိုတွေကင်းတဲ့ ပွင့်လင်းရာသီမှာသာ လပြည့်ညရဲ့အလှတရားတွေကို အပြည့်အဝမြင်ခွင့်ရှိတာမဟုတ်လား"

အဲဒီလို ညိုစကားသံလေးတွေရဲ့အဆုံးမှာ ကိုယ်နဲ့ညို အကြည့်ချင်းဆုံတဲ့ ခဏမှာပဲ တိမ်ညိုတွေကင်းတဲ့ ညို့နှလုံးသား ကောင်းကင်ယံကအချစ်ရဲ့ လပြည့်တစ်ညကို ကိုယ်အသေအချာ မြင်ခွင့်ရခဲ့ပါရဲ့ ညို။ တကယ်ဆို အဲဒီညက ကိုယ့်ရင်ထဲမှာလည်း လပြည့်ညရဲ့ လတစ်စင်း ညိုနဲ့အတူတူ အပြိုင်လင်းခဲ့ပါရဲ့။ ဒါပေမဲ့ တိမ်ညိုတွေတော့ မကင်းခဲ့ပါဘူး ညို…။

အခုအချိန်မှာတော့ အဲဒီအတိတ်စာမျက်နှာတွေအတွက် ညို ကိုယ့်ကို ဒဏ်ခတ်လိုက်ပြီဆိုတာ သေချာသွားခဲ့ပြီလား ညို။ မုန်းသင့်တဲ့ ကိုယ့်လိုလူတစ်ယောက်ကို မုန်းချင်သလောက် မုန်းလိုက်ပါတော့ဆိုတဲ့ စကားနဲ့တောင် မလုံလောက်တော့အောင် ဖြစ်ခဲ့ရပြီမို့ တစ်ခုပဲပြောလိုက်ပါရစေ ညို…။ မဘူညီတဲ့ အနေအထားတွေနဲ့ နှစ်ဦးစလုံးရဲ့ ရင်တွင်းမှာ လပြည့်ညရဲ့ လနှစ်စင်း တစ်ပြိုက်နက်တည်း လင်းခဲ့ကြတယ်ဆိုတာ အကြွင်းမဲ့ယုံကြည်ပေးပါတော့လား ညို…။

အတိတ်စာမျက်နှာတွေအတွက်
ညို ကိုယ့်ကို
ဒဏ်ခတ်လိုက်ပြီဆိုတာ
သေချာသွားခဲ့ပြီလား ညို။
မုန်းသင့်တဲ့ ကိုယ့်လိုလူတစ်
ယောက်ကို မုန်းချင်သလောက်
မုန်းလိုက်ပါတော့ဆိုတဲ့
စကားနဲ့တောင်
မလုံလောက်တော့ . . .



တိမ်ညိုတွေကင်းတဲ့
ပွင့်လင်းရာသီဆိုတာ
တစ်နေ့မှာ
ရှိလာအုံးမှာပါပဲဆိုတဲ့
အတွေးတစ်ခုနဲ့
ကိုယ်အဝေးကို
ထွက်ခွာခဲ့မိတာကိုတော့. . .

### အခန်း(၄)

ဆယ်တန်းအောင်စာရင်းတွေ ထွက်တော့ ကိုယ်တို့တွေအောင် မြင်ခဲ့ကြလို့ ပျော်မဆုံးဖြစ်ခဲ့ရပေမယ့် အဲဒီ အပျော်နေ့ရက်တွေဟာ သိပ်ကြာကြာမခံခဲ့ကြပါဘူး ညီ။ မိသားစုနဲ့ အိမ်ရဲ့အခြေအနေအရ နားနေလို့မရတဲ့ ကိုယ်က အဝေးသင်မတက်ခင် တစ်နှစ်ကာလကို ရန်ကုန်မှာ အလုပ်လုပ်ရင်း ငွေရှာခဲ့ရတာယ်။ မိသားစု စားဝတ်နေရေးတွေကြားမှာ ကိုယ့်ပညာရေး လမ်းဆုံးခန်း တိုင်ဖို့အတွက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပါလားဆိုတဲ့ အဖေရဲ့ မပြောချင်ဘဲပြောခဲ့တဲ့ စကားကို ကိုယ် ဘယ်လိုငြင်းနိုင်အားပါ့မလဲ။

ကိုယ့်ရဲ့အထက်မှာ နှစ်ယောက်၊ ကိုယ့်အောက်မှာ နှစ်ယောက် သားသမီးငါးယောက် စလုံးကို ပညာတတ် လူတစ်လုံး သူတစ်လုံးဖြစ်အောင် မြေတောင်မြှောက်ပေးခဲ့ကြတဲ့ အဖေနဲ့ အမေဟာ ကိုယ်ဆယ်တန်းအောင်တဲ့ နှစ်မှာပဲ ပိုင်ဆိုင်မှုတော်တော်များများကို သူများလက်ထဲ ထိုးအပ်ခဲ့ရပါပြီ ညီ…။

ဆယ်တန်းကို နှစ်နှစ်ဆက်တိုက် ဖြေခဲ့ရတဲ့ အစ်မကြီးရဲ့ ကျောင်းစရိတ်နဲ့ ဘော်ဒါကြေး၊ နောက် ဆယ်တန်းအောင်ပြီး ဘွဲ့မယူခင် မိန်းမယူသွားတဲ့ ကိုလတ်အတွက် မိဘဝတ္တရား မပျက် ဆောင်ရွက်ပေးခဲ့ရတဲ့ ကုန်ကျမှုအတိုင်းအတာတွေဟာ ကိုယ်တို့အိမ်ရဲ့ စီးပွားရေးပုဒ်စာမှာ အနုတ်လက္ခဏာတွေပဲ ဖြစ်ခဲ့ရပါတယ် ညီ…။

အဲဒီလို အကြောင်းအမျိုးမျိုးတွေကိုတွက်လို့ မိဘတွေဘက်ကကြည့်ရင် ကိုယ်ဟာ နောက်ဆုံး ကောက်ရိုးတစ်မျှင်ပါပဲ။ အဲဒီလို အခြေအနေတွေကြောင့် သောကတိမ်ညိုတွေ မကင်းတဲ့ ကိုယ့်ရင်ထဲက အချစ်ရဲ့ လပြည့်တစ်ညကို ညီမြင်အောင် မပြနိုင်ခဲ့တာအတွက် ကိုယ်တကယ် အခံရခက်လှပါရဲ့ ညီ။

ဒါပေမဲ့ တိမ်ညိုတွေကင်းတဲ့ ပွင့်လင်းရာသီဆိုတာ တစ်နေ့မှာ ရှိလာအုံးမှာပါပဲဆိုတဲ့ အတွေးတစ်စနဲ့ ကိုယ်အဝေးကို ထွက်ခွာခဲ့မိတာကိုတော့ ကိုယ်သာ အသိဆုံးပဲပေါ့ ညီရယ်။

### အခန်း(၅)

''ကိုဦးရေ…မဟာရန်ကုန်ရဲ့ နီယွန်မီးရောင်စုံတွေအောက်မှာ လပြည့်ညတွေ ပျောက်နေပြီလား''

ဆိုတဲ့ ညီရဲ့အမေးစကားကို ဖုန်းထဲကနေ ကြားခဲ့ပြန်တော့ ကိုယ့်ရင်တွေ မောခဲ့ရပါသေးရဲ့ ညီ။ တကယ်ဆို အဲဒီအချိန်က နီယွန်မီးရောင်စုံတွေအောက်မှာ ကိုယ်တကယ်ပဲ လပြည့်ညတွေ ပျောက်ဆုံးခဲ့တဲ့ အချိန်ပဲပေါ့။

အရာရာ သေချာနိုင်ဖို့ အတွက် ကိုယ်ရွေးမိတဲ့လမ်းဟာ နည်းနည်းတော့ ကြမ်းခဲ့ပါတယ် ညီ။ ဘဝရဲ့ လှိုင်းတံပိုးတွေကြား ကိုယ်မနေမနား ကူးခတ်ခဲ့ပေမယ့် ကိုယ်တကယ် မြင်ခွင့်ရခဲ့တဲ့ ညီ့နှလုံးသားကောင်းကင်ယံက အချစ်ရဲ့ လပြည့်တစ်ညကိုတော့ ကိုယ် ထာဝရမမေ့ခဲ့ပါဘူး ညီ။

ဒီလိုနဲ့ တစ်စတစ်စ အချိန်တွေ ကုန်ဆုံးသွားခဲ့ကြသလိုပဲ ကိုယ်လည်းအဝေးသင်တက္ကသိုလ်ကျောင်းသားဘဝကို ရန်ကုန်မြေမှာ ငွေရှာရင်း ဖြတ်သန်းနေတဲ့ ကာလမှာ ညီ့ဆီက နောက်ဆုံးအနေနဲ့ရောက်ရှိလာတဲ့ စာလေးတစ်စောင်မှာ လပြည့်ညတွေကို ချစ်တတ်တဲ့ ညီက မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ကိုယ်ပိုင်အလင်းရောင်မရှိတဲ့ လမင်းကြီးနဲ့နှိုင်းပြီး ယဉ်ယဉ်လေး ပုံနှိုင်းပြခဲ့တာ မှတ်မိနေပါသေးရဲ့ ညီ။

တကယ်ဆို အဲဒီအချိန်က အဲဒီစာလေးကို ဖတ်နေရင်းနဲ့ ညီ့ရင်ထဲမှာရှိနေတဲ့ အချစ်ရဲ့ လပြည့်တစ်ညကို တစ်ဘဝစာ မြင်ခွင့်မရတော့ဘူးဆိုတာ ကိုယ် ဘယ်လိုသိနိုင်အားပါ့မလဲ။ တစ်ချိန်ချိန်မှာ ကိုယ့်ရဲ့ချစ်ခြင်း အလင်းရောင်တွေနဲ့အတူ ထိန်ထိန်ညီးအောင်သာနေမယ့် ညီ့ရင်ထဲက လပြည့်တစ်ညကို ကိုယ်တကယ်ပဲ မြင်ခွင့်ရလိမ့်အုံးမယ်ဆိုတဲ့ အတွေးနဲ့ ကိုယ်တကယ်ပဲ ကြည်နူးခဲ့မိပါသေးရဲ့။

### အခန်း(၆)

''မောင်ကိုဦး မင်းရဲ့အိမ်က ဒီနေ့ ဖုန်းဝင်လာတယ်၊ မင်း သူငယ်ချင်းကောင်မလေးတစ်ယောက် ဒီနေ့ပဲ ဆုံးလို့တဲ့''

ည ၈ နာရီလောက် ကိုယ် အလုပ်က ပြန်အရောက်မှာ အဆောင်ပိုင်ရှင် ဒေါ်ကြီးရဲ့ ဖုန်း



သတင်းက ကိုယ့်နားထဲကို အလုံးအရင်းနဲ့ ဝင်ရောက်လာခဲ့တယ်။ ကိုယ့်နားကိုယ် မယုံနိုင်လို့ ထပ်မေးမိတဲ့အချိန်မှာတော့–

"ဟုတ်တယ်ကွဲ့၊ မင်း သူငယ်ချင်းလို့ပြောတယ်.နာမည်က စိမ်းလဲ့ညို ဆိုလားပဲ"

အဲဒီစကားရဲ့ အဆုံးမှာတော့ ကိုယ့်နှလုံးသားတစ်ခုလုံးဟာ သွက်သွက်ခါအောင် တုန်လှုပ်ခြောက်ခြားသွားခဲ့ရသလို လက်မှာပတ်ထားတဲ့ နာရီကို အလျင်စလိုကြည့်လိုက်မိပေမယ့် ရန်ကုန်ကနေ မိုင် ၁၀၀ ကျော်ဝေးတဲ့ မြို့လေးကို ပြန်သွားဖို့ အတွက်ဘယ်လိုမှမဖြစ်နိုင်တော့တဲ့ အချိန်ပဲမို့ ရှည်လျားလွန်းတဲ့ ညတာကို ပြင်းထန်စွာခံစား ကျော်ဖြတ်ခဲ့ရပါတယ် ညို…။

**အခန်း(၇)**

ညို့ အသုဘချတဲ့နေ့မှာ ကြိတ်ကြိတ်တိုးလိုက်ပို့ခဲ့ကြတဲ့ လူတွေရဲ့ကြားက ကိုယ်ကြားခဲ့ရတဲ့ စကားသံတချို့က ကိုယ်တို့နှစ်ယောက်ရဲ့ ဘဝအမှန်ကို တကယ်ပဲ အစလှန်သလို ဖြစ်ခဲ့ရပါတယ်…ညို။

"အဲဒီ ကောင်လေးပေါ့၊ အခုသေတဲ့ ကောင်မလေးရဲ့ အခင်ဆုံးသူငယ်ချင်းဆိုတာ"

"ကောင်မလေးက သူ မသေခင်မှာ တွေ့ချင်တယ်လို့ ပြောခဲ့တဲ့ ကောင်လေးလား"

"ဟုတ်တယ် အဲဒီကောင်လေးပဲ"

"သူငယ်ချင်းကော ဟုတ်ရဲ့လားဟယ်"

"အဲဒါတော့ မပြောတတ်ဘူး။ ရည်းစားမဖြစ်ခဲ့တဲ့ ချစ်သူတွေများ ဖြစ်နေမလားပဲ"

"ဟာ…နင့်စကားကြီးကလဲ"

"အေးလေ…ဘာပဲဖြစ်ဖြစ်ပေါ့ဟယ်၊ အသက်ကလေးငယ်ငယ်နဲ့ ရှိက်ကလေးကလည်းချော၊ ပညာရေးတစ်ပိုင်းတစ်စနဲ့ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးနေတဲ့ မိဘတွေရဲ့ကြားမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေရတဲ့အထိများ ဘယ်လိုစိတ်ဝေဒနာတွေ ခံစားခဲ့ရတယ်ဆိုတာ တွေးမရစရာပဲနော်"

ဟုတ်ပါရဲ့ ညို…သူတို့တွေ ပြောခဲ့ကြသလိုပဲ ကိုယ်နဲ့ညိုရဲ့အဖြစ်က ရည်းစားမဖြစ်တဲ့ ချစ်သူတွေဘဝနဲ့ပဲ ဇာတ်သိမ်းမလှခဲ့သူတွေပါ။ ကိုယ့်ကို ညိုပြောခဲ့သလိုပဲ ညိုကိုလည်း ပြောလိုက်ချင်ပါရဲ့၊ တစ်လမှာ တစ်ညသာ မြင်ခွင့်ရတဲ့ အပြင်ဘက်ကမ္ဘာက လပြည့်တစ်ညကိုစောင့်ကြည့်မယ်ဆို မြင်ခွင့်ရနိုင်ပေမယ့် တစ်ဘဝမှာ တစ်ညသာ မြင်ခွင့်ရခဲ့တဲ့ ညို့ရင်ထဲက လပြည့်တစ်ညကိုတော့ ဒီဘဝမှာ မြင်ခွင့်မရနိုင်တော့တာ တကယ်ကို သေချာသွားခဲ့ပါပြီ ညို။ ဒီလိုအခြေအနေမျိုးမှာတော့ တိမ်ညိုတွေကင်းတဲ့ မှင့်လင်းရာသီဆိုတာ မျှော်လင့်နေစရာအကြောင်း မရှိတော့ပါဘူး ညို။

တကယ်တော့ အသွင်သဏ္ဌာန် အယူအဆ ဘဝအတွေတွေ မတူညီစွာ ကွဲပြားနေကြပေမယ့် လူတစ်ဦးချင်းစီရဲ့ နှလုံးသားမှာတော့ အချစ်ဆိုတဲ့ အရာကို တူညီစွာပေါက်ဖွားခဲ့ကြပါရဲ့။ အလွမ်း၊ အဆွေး၊ သောက၊ ဒုက္ခဆိုတဲ့ အချစ်ရဲ့ ဘေးထွက်ဆိုးကျိုးတွေရဲ့ ဒဏ်ကိုတော့ ကိုယ်လည်း ကြုံကြွံခံကျော်ဖြတ်ရအုံးမှာပေါ့ ညို။

အနာဂတ်ဆိုတာ ကိုယ့်အတွက် မလိုအပ်ပေမယ့် အတိတ်နောက်ကြောင်းကိုတော့ ဘဝပြောင်းသွားတောင် မေ့လို့မရနိုင်ပါဘူး ညို။ လက်ရှိ ပစ္စုပ္ပန်အနေအထားကနေ လာမယ့် အနာဂတ်ပေါင်းများစွာဟာ အတိတ်ကာလ ပြန်ရောက်သွားတဲ့တိုင်အောင် မျှော်လင့်ချက်တွေ ပျောက်ဆုံးပြီး အလွမ်းသံသရာ လည်နေအုံးတော့မယ်ဆိုတာတွေးရင်း ကိုယ့်နေရာအခန်းကျဉ်းလေးထဲကနေ ညို့ကို လွမ်းရင်းနဲ့ လပြည့်တစ်ညကို အလွမ်းတွေနဲ့ ကျော်ဖြတ်ရအုံးတော့မယ် ညို။

**သာစွအောင်**



# ဘဝအမှောင်ထက် ဆိုးသည့်အမှောင်

(၁)

''ကိုစံတလူက ကျွန်တော့်စာတွေ ဖတ်ဖူးတာပေါ့ . . . ဟုတ်လား''

ကျွန်တော့်စကားကို ကြားတော့ ကိုစံတလူ ဟက်ဟက်ပက်ပက်ကြီး ရယ်လိုက်ပါသည်။ သူရယ်ရခြင်းအကြောင်းကို အမှတ်မထင် အတွေးဝင်လာခြင်းကြောင့် သူ့ကို အားတုံ့အားနာ ဖြစ်သွားရပါတော့၏။

''စာရေးဆရာကလည်း ဘယ်လိုလုပ် ကျွန်တော် ဖတ်ရမှာလဲဗျာ''



ဟုတ်ပါသည်။ သူသည် မျက်မမြင် ဂုဏ်တကတစ်ဦး ဖြစ်ပါသည်။ သူနှင့် ကျွန်တော်သည် မွန်ပြည်နယ်ရှိ တရားရိပ်သာ တစ်ခုတွင် ဆုံကြခြင်းဖြစ်သည်။ ကျွန်တော် တရားစခန်းဝင်ရင်း သူနှင့်ဆုံခြင်းဖြစ်သည်။ သူက ဤရိပ်သာမှာပင် ရာသက်ပန်စခန်းဝင်နေခြင်းဖြစ်သည်။

သူ့ဇာတိကလည်း ဤဒေသပင် ဖြစ်သည်။ သူ့မှာ မိဘများမရှိတော့ပါ။ ဆွေမျိုးမောင်နှမများကလည်း သူ့ကိုဝမ်းတောင် သူတို့ အနိုင်နိုင်ဆိုတော့ ဤရိပ်သာသို့ ရောက်လာရခြင်းဖြစ်သည်။ ဤရိပ်သာမှ တရားပြ ပဓာနဆရာတော်က သူနှင့် ဆွေတော်မျိုးစပ်ဖြစ်သည်။

သူ ရှစ်နှစ်သားအထိတော့ သူလိုပါလို အကောင်းပကတိဖြစ်၏။ နောက်တော့ ကျောက်ကြီးပေါက်တော့ မျက်စိနှစ်လုံးစလုံး ပျက်သွားလေတော့၏။ ထိုစဉ်ကတော့ သူ့မိဘများ ရှိနေသေးသည်။

ကိုစံတလှကို ကရုဏာသက်သော လူပျိုကြီး ကိုစံညွန့်က သူ့ကို တယောထိုးသင်ပေးသည်။ ကိုစံညွန့်က ဤဒေသတွင် နာမည်ကျော်သော ပွဲသဘင်စ တီးဝိုင်း၏ ခေါင်းဆောင်ဖြစ်သည်။ ကိုစံညွန့် ရည်ရွယ်ချက်ကတော့ တယောပညာတတ်လျှင်ဖြင့် သူတို့တီးဝိုင်းနှင့် လိုက်ပါက စျေးသုံးလေးဘာလေး ရနိုင်သည်ဆိုသည့် သဘောပင်ဖြစ်၏။

ကံဆိုးချင်တော့ သူ့မိဘများကလည်း ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားကြသည်။ နောက်တစ်ချက်ကတော့ သူ့ဆရာလည်းဖြစ်၊ တီးဝိုင်းခေါင်းဆောင်လည်းဖြစ်သော ကိုစံညွန့်က ဈေးသူနှင့်အိမ်ထောင်ကျကာ ဆံထုံးနောက်သျှောင်ပါသည့်အနေနှင့် သူလည်း ဈေးကို ပြောင်းသွားခြင်းဖြစ်၏။

သောင်ပြင်မှာ လွှတ်ထားသော ရွှေဟင်္သာလို ကိုစံတလှတွင် နိဗ္ဗာန် ဉာဏ်ပင်လည်းမရှိ၊ ထောက်စရာ တောင်ဝှေးလည်းမဲ့သည့်ဘဝသို့ ရောက်ရှိနေခြင်းပင်ဖြစ်၏။ တောင်မင်း၊ မြောက်မင်းကယ်ပါဘဝသို့ ရောက်နေတော့၏။

''စံတလှ မင်းမျက်မမြင်ကျောင်း တက်ချင်လား''

နွေရာသီကျောင်းအပိတ်မှာ ရွာသို့ အလည်ပြန်လာသော ရန်ကုန်က ကျောင်းဆရာဦးဘိုးထင်က သူ့ကို လှစ်လျူ မထားရက်ခြင်းကြောင့် မေးလိုက်ခြင်းဖြစ်သည်။ ထိုသို့သောကျောင်းကို ပထမဦးဆုံး အကြိမ်အဖြစ် သူကြားလိုက်ခြင်းဖြစ်သည်။ ပါးစပ် အဟောင်းသားနှင့်ငေးကာနားထောင်နေ၏။

''ဆရာပြောတာ ကြားလားစံတလှ''

''ကြား…ကြားပါတယ် ဆရာ''

''ဒါဖြင့် နေမှာလား မျက်မမြင်ကျောင်းကို''

''ဟုတ်…ဟုတ်ကဲ့ပါဆရာ''

(၂)

ဤသို့နှင့် ကိုစံတလှသည် အသက်တစ်ဆယ့်ငါးနှစ်အရွယ်တွင် အထုပ်ကလေးကို ပိုက်၊ ကိုစံညွန့်ကြီး သူ့ကိုလက်ဆောင်ပေးထားသော တယောကိုကိုင်ကာ ကျောင်းဆရာဦးဘိုးထင်နှင့်လိုက်၍ ရန်ကုန်တက်လာ၏။

ထိုစဉ်က လွတ်လပ်ရေးရပြီးသည်နှင့် ငါးနှစ်တောင် မပြည့်သေးသောကြောင့် အင်္ဂလိပ်တို့အမြောက်ဖြင့် ပစ်ချိုးထားသော စစ်တောင်းတံတားအနေနှင့်သာ ရှိသေး၏။ ထို့ကြောင့် ရန်ကုန်ကပဲလာလာ မုတ္တမကပဲလာလာ၊ စစ်တောင်းရောက်လျှင် လှေသမ္ဗန်ပြောင်းစီးရတာချည်းဖြစ်၏။

ရထားကလည်း ကိုယ်ဦးကိုယ်ယူ သဘောနှင့် ထိုင်ခုံမဲ့သော လက်မှတ်ရောင်းချခြင်းကြောင့် ရထားမထွက်မီတွဲထိုးလာသော ရထားပေါ်သို့ အလူးအလဲကြီးစွာ လုတက်ရင်း နေရာလုကြရသည်။ ထိုသို့ ရထားတွဲထိုးတာ မိချင်သောကြောင့် ဘူတာမှာ ညအိပ်လာ ရောက်ကာ နေရာလုလေ့ရှိသည်။ ရန်ကုန်မှာပဲဖြစ်ဖြစ် မုတ္တမမှာပဲဖြစ်ဖြစ် ဤသို့ချည်းဖြစ်၏။

ခုလည်း ဦးဘိုးထင်နှင့် ကိုစံတလှတို့သည် ညနေလေးနာရီလောက်ကတည်းက မုတ္တမဘူတာသို့ရောက်ခဲ့ကြသည်။ ထမင်းစားမှာလား၊ ထမင်းဆိုင်ရှိသည်၊ ရေချိုးမှာလား၊ နေရာရှိသည်။ ဦးဘိုးထင်တို့ကတော့ ရွာမှပါလာသော ထမင်းကို စားကြသည်။ ဤညတစ်ညလုံး ဤမုတ္တမဘူတာ မီးမှိန်မှိန်အောက်မှာ နံနက်ရထားကို စောင့်ရင်း အချိန်ဖြုန်းရတော့မည်။ ဦးဘိုးထင်ကတော့ ဆေးလိပ်သောက်လိုက်၊ လမ်းလျှောက်လိုက်နှင့် အချိန်ကိုကုန်လွန်စေခဲ့သည်။

ကိုစံတလှသည်
အသက်
တစ်ဆယ့်ငါးနှစ်အရွယ်တွင်
အထုပ်ကလေးကို ပိုက်၊
ကိုစံညွန့်ကြီး
သူ့ကိုလက်ဆောင်
ပေးထားသော
တယောကိုကိုင်ကာ
ကျောင်းဆရာ
ဦးဘိုးထင်နှင့်လိုက်၍
ရန်ကုန်တက်လာ၏။



စံတလူသည် တယောကို
ပခုံးပေါ်တင်၊
ထိုးတံကိုကြိုးပေါ်တင်ပြီး
ကနဦး ကြိုးညှိသလို
စမ်းလိုက်သည်။
ထို့နောက်
တယောသံချို့နွဲ့နွဲ့နှင့်အတူ
တည်ကြည်ခန့်ညားသော
တေးသွားသည်
သူ့နှုတ်ဖျားမှ
ထွက်ပေါ်လာတော့သည်။



ညဦးပိုင်းရှစ်နာရီလောက်ရောက်တော့ ဦးဘိုးထင်ခမျာ ထလိုက်၊ ရပ်လိုက်၊ လျှောက်လိုက်၊ ဆေးပေါ့လိပ်ဖွာ လိုက်လုပ်လာတာ ကြာတော့ငြီးငွေ့လာတော့၏။ မိုးလင်းဖို့ကလည်း အများကြီးလိုသေးသည်။ ထို့ကြောင့် . . .

"ကဲ...စံတလူရေ အပျင်းပြေတစ်ပုဒ်လောက် တယောထိုးစမ်းပါကွာ"

ထို့ကြောင့် စံတလူသည် တယောကို ပခုံးပေါ်တင်၊ ထိုးတံကိုကြိုးပေါ်တင်ပြီး ကနဦး ကြိုးညှိသလိုစမ်းလိုက်သည်။ ထို့နောက် တယောသံချို့နွဲ့နွဲ့နှင့်အတူ တည်ကြည်ခန့်ညားသော တေးသွားသည် သူ့နှုတ်ဖျားမှ ထွက်ပေါ်လာတော့သည်။ ကနေ့ခေတ်စားနေသော ကိုစောညိန်း၏ သစ္စာသီချင်းပင် ဖြစ်ပါတော့သည်။

ရေမြေခြားစေတော့ကွယ် ...ခင့်ဖုန်းကိုတော့ တွေ့အောင်ရှာမယ်...ရှာတော့မယ် ပြောသံကြားနဲ့ နားဝင်ချို...ရင်ဖိုကာရယ် ...ယနေ့ပင်...တွေ့ချင်စောဝယ်...အာရုံစိတ်စောမိပါတယ်...

စောစောက ဝန်းကျင်အားလုံးသည် တရှန်းရှန်းနှင့် စကားသံလှုပ်ရှားသံတွေ တအုန်းအုန်း ဖြစ်နေခဲ့သည်။ ဤကဲ့သို့ ကိုစံတလူ၏ သစ္စာသီချင်းတေးသွားလေး ပီသကြည်မြစွာ ထွက်ပေါ်လာတော့ ရေနှင့်တွေ့သော မီးတောက်နှယ် ငြိမ်းအေးသွားပါတော့၏။ ပြီး ပကာတိတိတ်ဆိတ်သွားပါတော့၏။ အားလုံးကလည်း သူ့ကို ငေးကာ အာရုံစိုက်နေပါတော့၏။

တရွေ့ရွေ့ဝေးပါလို့...ရေမြေအဂ္ဂဝါ ကမ္ဘာမြေခြားရာဝယ်...ထွက်ပြေးရှောင်ဖယ် ပြေးရှောင်မယ်...မောင့်အပေါ်မယ် မှုလွှန်းနိုင်အားတယ် ...

ဤသီချင်းစာသား စလိုက်သည်နှင့် တုံးလုံးလှဲနေသူများ ခေါင်းထောင်လာ၏။ ဆေးပေါ့လိပ်သောက်နေသူများ အောက်မှာချထားလိုက်၏။ စကားဖောင်နေသူများ အာစေးထည့်ထားသလို ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားလေတော့၏။



သီချင်းအချိုပိုဒ်ကိုချရင်း တယောသံ ထိုးသံကို သာသာညင်းညင်း ဆွဲချလိုက်သည့်အခိုက်မှာပင် ကိုစံတလုတ်၏ ဘေးပတ်လည်တွင် ထောက်ခနဲထောက်ခနဲ ချွင်ခနဲ အသံတွေ ထွက်ပေါ်လာတော့၏။



လရောင်သီပြောင်းကော ပြောင်းကော…နှစ်ပေါင်းတွေကြာခဲ့ပေါ့ …မဟာကမ်ဘာမှာမြေလွှာအပြင်ဝယ်…မြူခြေငွေနှင်းကျကာ ဆင်းပြီနှယ်…သက်ဘယ်ပုံမှားလွဲရှာ မှောင်မည်းအစီရှာဖုံးပိတ်ကွယ်…

တေးသွားအသံကော တယောသံစဉ်ကော အားလုံးသော အနုပညာတေးသံတျာများသည် ကြားကြားသမျှကို ဆွဲငင်စုစည်းလိုက်ခြင်းကြောင့်လားမသိ။ ပရိတ်သတ်များသည် ကိုစံတလုဆီသို့ ငိုင်းအုံလာတော့၏။ လူပရိသတ်တွေ ငိုင်းအုံတာများပေမင့် အသံတွေက အုံမခန်းအောင် တိတ်ဆိတ်နေ၏။ သီချင်းသံနှင့်တယောသံသာ လွှမ်းနေပါ၏။

နေစိမ့်တဲ့မေရယ်…ကွယ်ပျောက်လို့ ဘယ်ဆီမှာဝေးတယ်…သီတာရေမြေဆုံးစေတော့ ရှာရတော့မယ်…သစ္စာခင်ရယ်…မေတာမင် ပုန်းရက်မှာလားကွယ်…

သီချင်းအချိုပိုဒ်ကိုချရင်း တယောသံ ထိုးသံကို သာသာညင်းညင်း ဆွဲချလိုက်သည့်အခိုက်မှာပင် ကိုစံတလုတ်၏ ဘေးပတ်လည်တွင် ထောက်ခနဲထောက်ခနဲ ချွင်ခနဲ အသံတွေ ထွက်ပေါ်လာတော့၏။ ဆရာဦးဘိုးထင်ကော ကိုစံတလုကော အုံ့ညြနေကြပါ၏။ အထူးသဖြင့် ကောင်းကောင်း မြင်ပြီး ကောင်းကောင်းကြားသော ဦးဘိုးထင်ပင် ဖြစ်၏။ မအုံ့ညြဘဲနေမှာလား။ ထိုအသံများကတော့ ကိုစံတလု၏ ပုဆိုးပေါ်သို့ သမံတလင်းပေါ်သို့ ကျလာသော မူးစေ့မတ်စေ့တို့၏ အသံများပင်ဖြစ်သည်။

"တယောဆရာလေး စံပယ်သီချင်း ကောရလား"

ပွဲတောင်းသူက ပွဲတောင်းပြန်၏။ စံပယ်ပြီးတော့ပွင့်ဦး။ နောက်ဆုံးတော့ မိုးသက်လေနှင် စသည်ဖြင့် ပွဲတောင်းသူကလည်း ဆက်တိုက်ပွဲတောင်း၏။ ဖျော်ဖြေသူကလည်းဖွဲ့ကောင်း၏၊ ဤသို့ဖြင့် ထိုတစ်ညကို အကျိုးရှိရှိအသုံးချလိုက်သည် ဟု သာ ဆိုပါရစေတော့။

(၃)

"အဲဒီည ဘယ်လောက်ရတယ်ထင်လဲ စာရေးဆရာ"

"အတော်များများမှာပေါ့နော်"

"မယုတ်မလွန် ကျွန်တော်ဖြေလိုက်သည်။ သူက မြူးမြူးကြီးလုပ်ကာ ကျေကျေနပ်နပ်လက်ခံပါသည်။

"ဟုတ်တယ် စာရေးဆရာ။ နှစ်ဆယ့်သုံးကျပ်တိတိရတယ်။ အဲဒီခေတ်က ရန်ကုန်ထိ ရထားခက ရှစ်ကျပ်တည်းရယ်။ ဒါပေမင့်…ဒါပေမင့်…"

ကိုစံတလုသည် စကားကိုဆက် မပြောတော့ပါ။ သူနောင်တရနေဟန် တစ်စုံတစ်ခုကို အတွေးရောက်နေဟန်ဖြင့် စကားကိုဖြတ်လိုက်ခြင်းဖြစ်သည်။

"ဆက်ပြောလေ ကိုစံတလု"

"ခင်ဗျား ကျွန်တော့်အကြောင်း ဖွဲ့ရေးပေါလားဗျာ။ ကျုပ်တို့သတ္တဝါတွေကို ဒုက္ခလုလုကြီးပေးနေတဲ့ အစိုးရနဲ့တအော အကြောင်းကိုလေ"

"ဘယ်လိုရေးရမှာလဲ"

"ကျွန်တော်ပြောပါ့မယ်ဗျာ။ တကယ်ဆိုတော့ အဲဒီဘူတာညမှာကတည်းက တကျော့ကျေးကျွန်ဖြစ်သွားတာပေါ့ စာရေးဆရာရယ်။ ဘယ်လိုလဲဆိုတော့ ဒီတယောပညာနဲ့ ငါလုပ်ကိုင်စားရင် ဘဝရပ်တည်နိုင်တယ်ဆိုတာ သဘောပေါက်သွားတာပေါ့"

"ဒါကြောင့် ရန်ကုန်ရောက်တော့လည်း မျက်မမြင်ကျောင်းမတက်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ကိုယ်ပိုင်အသက်



ကိုယ်တတ်တဲ့ပညာကို ထုတ်ဖော်ပြပြီး လုပ်အားခယူတာမို့ တောင်းစားတဲ့သဘော မဟုတ်ဘူးတဲ့။ နောက်တော့ သူကပဲ စီစဉ်ပေးတယ်။

မွေးဝမ်းကျောင်းပညာမရှိတဲ့ သူတွေသာ တက်ဖို့လိုတယ်မဟုတ်လား။ ကျွန်တော့်မှာ တယောပညာရှိနေတယ်လေ။ ဒီတော့ ဆရာဦးဘိုထင်ကို အကျိုးအကြောင်း ပြောပြတော့ . . .

သူကလည်းပြောပါတယ်။ ကိုယ်တတ်တဲ့ပညာကို ထုတ်ဖော်ပြပြီး လုပ်အားခယူတာမို့ တောင်းစားတဲ့သဘောမဟုတ်ဘူးတဲ့။ နောက်တော့ သူကပဲ စီစဉ်ပေးတယ်၊ ဦးဘိုထင်တို့ရပ်ကွက်ထဲက ကျပန်း အလုပ်သမား ကိုဘိုဝင်းကို ကျွန်တော့်အလုပ်သမားအဖြစ်သုံးဖို့ စီစဉ်ပေးတယ်။ ကိုဘိုဝင်းအလုပ်ကတော့ နံနက် ကျွန်တော့်ကိုလာခေါ်၊ ကြည့်မြင်တိုင်ဈေးတို့၊ ကမ်းနားဈေးတို့ဆီသွား။ ကျွန်တော်က သီချင်းဆို၊ တယောထိုး၊ နံနက်ထမင်းသူ့ကိုကျွေး၊ ညနေပြန်တော့ သူ့ကို ငါးကျပ်ပေး။ အဲဒီတုန်းက အောက်တန်းစာရေးလစာထက် များတာမို့ ကိုဘိုဝင်းကျေနပ်တယ်။ ပြီး နံနက်ထမင်းလည်းစားရတာပေါ့။ အဲ . . . အဲဒီတုန်းက ဆရာဦးဘိုထင်ရဲ့အိမ်ကို အဖီဆွဲပြီး နေရတယ်။

ဒီလိုနဲ့ ကျွန်တော်လည်း နှစ်ဆယ်နားနီးလာတယ်။ ကျွန်တော့်လုပ်ငန်းခွင်ကလည်း ကျယ်လာတော့တယ်။ ဟိုတုန်းကလို ကိုယ့်ရပ်ကွက်ထဲက ကြည့်မြင်တိုင်ဈေး၊ ကမ်းနားဈေးတို့လောက်တင်မဟုတ်တော့ဘူး။ ဗိုလ်ချုပ်အောင်ဆန်းဈေးလို့ခေါ်တဲ့ စကော့ဈေး၊ အိုင်ယင်းဘားလို့ခေါ်တဲ့ သိမ်ဈေးတို့ တင်မက ရွှေတိဂုံဘုရားပွဲ၊ ဗိုလ်တထောင်ဘုရားပွဲ၊ ဆူးလေဘုရားပွဲ အို . . . ဘုရားပွဲတွေအတော်များများရောက်တာပေါ့။ ငွေတွေလည်းအတော်များများစုမိပါတယ်။ အဲဒီငွေတွေကို ဆရာကတော်ဆီမှာ အပ်ထားတာပေါ့။

တစ်နေ့မှာတော့ ဆရာဦးဘိုထင်က ကျွန်တော့်ကိုခေါ်ပြီး ပြောပါတယ်။ သူ ကျောင်းဆရာဘဝကနေ အငြိမ်းစားယူတော့မှာ။ ဒီတော့ သူတို့လည်း ဒီအိမ်ကို ရောင်းပြီး၊ သားသမီးသုံးယောက်ကိုအမွေခွဲပေးပြီး၊ တောပြောင်းတော့မှာတဲ့။ အဓိပ္ပာယ်က ဒီက ကျွန်တော်လည်းပြောင်း ဆိုတာပေါ့။

ဒါပေမဲ့ စိတ်မပူနဲ့တဲ့၊ ကျွန်တော့် ငွေတွေ သူတို့မှာရှိပါတယ်တဲ့။ နာနတ်တော



ရပ်ကွက်မှာ တော်တော်လေးကောင်းတဲ့ အိမ်တစ်လုံးကို ဝယ်ထားတယ်တဲ့။ ပိုငွေကလည်း နှစ်ထောင်လောက်ရှိသေးတယ်တဲ့။

ကျွန်တော်တစ်ယောက်တည်းနေရမှာတော့ မဟုတ်ပါဘူးတဲ့။ မိအေးနဲ့နေရမှာပါတဲ့၊ မိအေးဆိုတာက ကြည့်မြင်တိုင်တစ်ဖက်ကမ်းက ဆရာဦးဘိုထင်ရဲ့တပည့် တစ်ယောက်ရဲ့သမီးပါ။ မိဘတွေမရှိတော့တာမို့ ဆရာကခေါ်ယူကျွေးမွေးထားတယ်။ အဲဒီကောင်မလေးက ကျွန်တော့်ထက် သုံးနှစ်လောက်ငယ်မယ့်သူပဲ။ ကျွန်တော့်ကို လက်ရှိအဝတ်လျှော် ထမင်းချက်ကျွေးနေတဲ့သူပါ။ သူ ကျွန်တော့်ကို လုပ်ကိုင်ပေးတာ တာဝန်အရ ဝတ္တရားအရတော့ဟုတ်မယ်မထင်ပါဘူး။ ချိုချိုသာသာ ယဉ်ယဉ်ကျေးကျေးပဲမို့ စိတ်သဘောထားကတော့ ကောင်းပြီး လှပြီးသား။ အဲ . . . ရုပ်ကလေးက ဘယ်လိုလဲ ဆိုတာမသိရတာ။ စောစောက စာရေးဆရာ မေးသလိုပေါ့။ ဆရာ့ဝတ္ထုတွေ ကျွန်တော်ကြိုက်တယ်ဆိုတာ ဖတ်ရလို့ ကြိုက်တာမဟုတ်ဘူး။ ရေဒီယိုက ဇာတ်လမ်းပမာ ခဏခဏလာဖူး။ နားထောင်ဖူးလို့ ဝတ္ထုကိုလည်းသိ၊ နာမည်ကိုလည်းသိနေရပေါ့။

တိုတိုပြောရရင် ကျွန်တော်တို့ကို ပေးစားလိုက်တယ်။ ကျွန်တော့်ငွေတွေ



တစ်ပြားမကျန် မိအေးလက်ထဲအပ်တယ်။ ကျွန်တော်တို့လည်း နာနတ်တောကို ပြောင်းလာကြတယ်။ နောက်ဆရာ ဦးဘိုးထင်တို့လည်း အိမ်ရောင်းပြီးပြောင်းတော့တာပါပဲ။

တကယ်ပါ တကယ်ပါ။ ကျွန်တော်လေ မိအေးစကားသံတွေ ညင်သာမှုတွေကို ခံစားရတော့ ဘွဲ့ရှုပ်ကလေးကိုလည်း သိပ်ပြီးမြင်ချင်တာ။ ဒီတော့ ကျွန်တော်ရောက်ရာဘုရားပွဲတိုင်းမှာ ဘုရားမှာဆုတောင်းလေ့ရှိပါတယ်။ ဘယ်လိုလဲဆိုတော့ ဘုရားတပည့်တော်သည် ဖြစ်လေရာဘဝတိုင်းမှာ အမှောင်နဲ့မည်းမည်းဘဝနှင့်ကိုယ် မဖြစ်ရပါလို၏ ဘုရားပေါ့။

ကျွန်တော်နေ့စဉ်နေ့တိုင်းပဲ ကိုဘိုဝင်းနဲ့အတူ အလုပ်ထွက်လုပ်တယ်။ ငွေရများလျှင် သူကိုမှလာထက် ပိုပေးတယ်။ ကျန်တာကို မိအေးဆီအပ်တယ်။ နံနက် ကျွန်တော်တို့နှစ်ယောက်စာကိုတော့ ကိုဘိုဝင်းက နေ့လယ်မှာပြန်ယူတယ်။ ကနဦးအပိုင်းမှာတော့ ကိုဘိုဝင်းထမင်းပြန်ယူတာ မြန်လည်းမြန်၊ မှန်လည်းမှန်ပါတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ ကြန့်ကြာတာတို့ နှောင်နှေးတာတို့ကို တွေ့ရတယ်။ မေးကြည့်တော့ ဟိုလိုလို ဒီလိုလိုဘာမှမဖြစ်သလိုပြောတယ်။ နောက်တော့ ချဉ်စုပ်စုပ်အရက်နံ့တွေလည်း ရတယ်။ ကျွန်တော့်မှာ သံသယတွေ ဝင်လာပြီပေါ့ဆရာ။

တစ်နေ့ပေါ့ ဆရာရယ်။ ကိုဘိုဝင်း ထမင်းသွားယူတာ သူအိမ်ရောက်လောက်မယ့်အချိန်မှာ ဆိုက်ကားတစ်စီးခေါ်ပြီး အိမ်ပြန်လိုက်တယ်။ ဆိုက်ကားသမားတွေအားလုံး က ကျွန်တော့်ကိုရော ကျွန်တော့်အိမ်ကိုရောသိကြတယ်လေ။

ကျွန်တော်တို့လို မျက်မမြင်တွေဟာ စကျွအာရုံကလွဲရင် ကျန်တဲ့အာရုံတွေ မတရားကောင်းတာမို့ တွတ်တွတ် တွတ်တွတ်နဲ့ စကားသံကိုကြားလိုက်တယ်။ ကျွန်တော့်ခြေသံကြားတာနဲ့ စကားသံတွေ



နံနက် ကျွန်တော်တို့

နှစ်ယောက်စာကိုတော့

ကိုဘိုဝင်းက

နေ့လယ်မှာပြန်ယူတယ်။

ကနဦးအပိုင်းမှာတော့

ကိုဘိုဝင်း ထမင်းပြန်ယူတာ

မြန်လည်း မြန်၊

မှန်လည်းမှန်ပါတယ်။

နောက်တော့ တဖြည်းဖြည်းနဲ့

ကြန့်ကြာတာတို့၊

နှောင်နှေးတာတို့ကို

တွေ့ရတယ်။



ထိတ်သွားတယ်။ ဒီတော့ ကန့်လန့်ကာကို ဖယ်ပြီးအိပ်ခန်းထဲဝင်သွားတယ်။ ပြီးတော့ အခန်းညာဘက်ထောင့်မှာ ချိတ်ထားတဲ့ ဓားရှည်ကိုဆွဲယူလိုက်တယ်။ နောက်တော့ အခန်းဘယ်ဘက်ထောင့်ကို ဓားရှည်လွှဲပြီး ခုတ်လိုက်တာ…

"အား"

အမယ်လေးသေပါပြီ၊ လုပ်ကြပါဦး ဆိုတဲ့ အသံတွေ မိအေးပါးစပ်ကထွက်လာတယ်။ 'အား'ဆိုတဲ့အသံကတော့ ဟို လူ ယုတ်မာ ကိုဘိုဝင်းပေါ့။ ဒါနဲ့ပဲ လူသတ်မှုနဲ့ ကျွန်တော်ထောင်ကျ၊ ထောင်ရက်စေ့တော့ ဒီတရားခန်းရောက်ပေါ့ စာရေးဆရာရယ်။

ဒါနဲ့ ကိုဘိုဝင်း အခန်းထောင့်မှာရှိနေမှန်း ကျွန်တော်ဘာလို့သိရတာလဲဆိုတော့ ကျွန်တော့်မှာ အမြင်အာရုံသာ ချို့ယွင်းတာ၊ တခြားဟာတွေက သိပ်ကောင်းတယ်ဆိုတာ ကျွန်တော်ပြောပြီးပါပကောလား။ အဲဒီ ဘယ်ဘက်ထောင့်ကနေ အရက်နံ့ရတယ် လေ။ နောက်တော့ ကိုဘိုဝင်းက 'အား'ခနဲ အော်သံကိုတော့ သူနဲ့ကျွန်တော်ပေါင်းသင်း လာကတွဲလာတာ ကြာပြီမို့ ကျက်မှတ်မိနေရတာပါ။

"ကျွန်တော်ပြောထားတယ်နော်။ ဘုရားမှာ ဆုတောင်းတိုင်းဖြစ်လေရာ ဘဝတိုင်းမှာ အမှောင်နဲ့မည်းမည်းဘဝနှင့် ကိုယ် မဖြစ်ရပါလို့၏တဲ့။ တကယ်ဆိုတော့ မျက်မမြင်ဖြစ်လို့ ဘဝအမှောင်ထဲရောက်တာကို အမှောင်လို့မဆိုသင့်ဘူး"

"ဘာကို အမှောင်လို့ ခေါ်ရမှာလဲ ကိုစံတလူ"

"အမှောင့်တကာ အမှောင်ထဲမှာ တကယ့်အမှောင်က ခုလိုကာမအမှောင်က အဆိုးဆုံးပေါ့ စာရေးဆရာ"

"ဩော် …ရင်နာစရာ ကြေကွဲစရာ သံဝေဂရစရာပါပဲလား"

**မှုံ့-သုမှန်**





## ဆုတောင်းလို့ရတယ်ဆိုရင်



ဝီလီ(Willie) တစ်ယောက် ရွာမှာရှိတဲ့ သူ့ဦးလေးဆီအလည်သွားရင်း မြင်းပုလေးတစ်ကောင်ကိုတွေ့ပြီး သဘောကျသွားတယ်။

"ဦးလေး…အဲဒီမြင်းပုလေးကို သားကိုပေးပါလား ပေးမယ် မဟုတ်လား-ဟင်"လို့ ပူဆာတယ်။

"ဝီလီရေ ပေးလို့မရဘူးကွဲ့၊ အဲဒါက တန်ဖိုးကြီးတယ်၊ သားကို ပေးလို့ မဖြစ်ဘူး။ သား သိပ်လိုချင်တယ်ဆိုရင် ဘုရားကို ဆုတောင်းလေ၊ တစ်ကောင်လောက် ပေးပါလို့၊ ဦးလေးလည်း တစ်ခုခုကို သိပ်လိုချင်လာပြီဆိုရင် ဘုရားကို ဆုတောင်းလိုက်တာနဲ့ရတာပဲ"လို့ ဦးလေးဖြစ်သူက ပြောတယ်။

"အဲဒီလိုဟုတ်လား ဦးလေး။ ဒါဆိုရင် ဒီမြင်းပုလေးကို သားကိုပေးလိုက်၊ ပြီးတော့ ဦးလေးက ဦးလေးအတွက် မြင်းပုလေးတစ်ကောင်ရအောင် ဆုတောင်းလိုက်ပေါ့"လို့ ဝီလီက အားတက်သရော ပြောလိုက်ပါတယ်။ ။

**မောင်သီဟ**



# ထူးချွန်ထက်မြက်လိုသူများအတွက်

## လက်ဆောင်မှန်





**ကိုဇော (ပထဝီဝင်)**

ထူးချွန်ထက်မြက်လိုသော လူငယ်လူရွယ်များအတွက် မြန်မာစာပေ လေ့လာနည်းများအနက် လေ့လာ၊ သင်ယူ၊ ဖတ်ရှု မှတ်သားထိုက်သော စာပေကျမ်းဂန်များ၊ ဝေါဟာရဆိုင်ရာများကို ဆက်လက်ရှင်းလင်းတင်ပြပေးမှာ ဖြစ်ပါတယ်။

မြန်မာစာပေ ကျမ်းဂန်များ လေ့လာဆည်းပူးရာတွင် **မြန်မာသဒ္ဒါရဲ့ အခန်းကဏ္ဍ** ဟာ အလွန်အရေးကြီးပါတယ်။ သဒ္ဒါနိုင်မှ စာပိုင်၊ သဒ္ဒါမရှိ စာမရှိ၊ သဒ္ဒါမတတ် စာမတတ်ဟူသော ဆိုရိုးစကားများ၊ စကားရပ်များအရ မည်သည့်စာပေမျိုး၌မဆို သဒ္ဒါရှိရမည် ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာသဒ္ဒါနဲ့ စပ်လျဉ်း၍ အောက်ပါအကြောင်းအရာများကို သိရှိနားလည်ထားရန် အထူးလိုအပ်လှပါတယ်-

၁။ နာမ်အကြောင်း
၂။ နာမ်စားအကြောင်း
၃။ နာမဝိသေသနအကြောင်း
၄။ ကြိယာအကြောင်း
၅။ ကြိယာဝိသေသနအကြောင်း
၆။ ဝိဘတ်အကြောင်း
၇။ သမ္ဗန္ဓအကြောင်း

၈။ အာဝေမဋ္ဌိတ်အကြောင်း
၉။ ကံကတ္တားအကြောင်း
၁၀။ ကာရကအကြောင်း
၁၁။ လိင်အကြောင်း
၁၂။ ကိန်းအကြောင်း၊
၁၃။ ကာလသုံးပါးအကြောင်း

မြန်မာစာပေကျမ်းဂန်ကို လေ့လာရာတွင် **မြန်မာစာပေသမိုင်းကြောင်း**ကိုလည်း သိထားသင့်၊ လေ့လာထားသင့်ပါတယ်။ မြန်မာစာပေသည် ခေတ်ကာလအလိုက် အရေးအသား၊ သတ်ပုံသတ်ညွှန်းမှအစ ဝေါဟာရ၊ ရေးနည်းရေးဟန်များအဆုံး အစဉ်သဖြင့် ပြောင်းလဲနေသည်ကိုလည်း သတိပြုရပေမည်။ ဥပမာ– ရှေးခေတ်က 'မိုး'ကို 'မိုယ်း'ဟု 'ယ'သတ်၍ ရေးသားကြသော်လည်း ယခုခေတ်တွင်မူ 'မိုး'ဟုသာ ရေးသားကြပါတယ်။ ယခင်က လူပေလူတေကို 'ဂျိုး၊ လိပ်'ဟုခေါ်ပြီး ယခုခေတ်တွင် 'လမ်းသရဲ'ဟု ခေါ်ဝေါ်ကြပါတယ်။ ဒါကြောင့် ယခုခေတ်ရေးသားဟန်နှင့် ရှေးခေတ် ရေးသားဟန်၊ ဝေါဟာရများ ကွဲပြားခြားနားလျက် ရှိပါတယ်။

မြန်မာစာပေ ကျမ်းဂန်များကို လေ့လာရာတွင် **မြန်မာရာဇဝင်သမိုင်း**ဆိုင်ရာ ဗဟုသုတများရှိရန်လည်း လိုအပ်ပါတယ်။ မြန်မာစာပေ ရေးသားချက်များသည် မြန်မာလူမျိုးများကို နောက်ခံကားအဖြစ်ထား၍ ရေးသားလေ့ရှိကြပါတယ်။ ရေးသားချက်ဆိုင်ရာ နိုင်လုံသော အထောက်အထား ကိုးကားချက်တို့မှာလည်း မြန်မာရာဇဝင်သမိုင်းကြောင်းများမှ အချက်အလက်များသာ ဖြစ်ကြပါတယ်။ မြန်မာစာပေ လေ့လာရာတွင် **မြန်မာ့အစဉ်အလာ ဆိုရိုးစကား**များကို ထဲထဲဝင်ဝင် ကျကျနနညက်ညက်မှတ်သားကြရန် လိုပါတယ်။ မြန်မာစာပေ ရေးသားရာတွင် အကြောင်းအရာတစ်ရပ်၏ အနက်အဓိပ္ပါယ်ကို သွယ်ဝိုက်၍ဖြစ်စေ၊ စကားပုံများဖြင့်ဖြစ်စေ ဖော်ပြရေးသားကြ၍ တိုက်ရိုက်ရေးသားခြင်း မရှိသည်ကို တွေ့ရပါတယ်။ ဒါကြောင့် အစဉ်အလာဆိုရိုးစကားများကို လေ့လာမှတ်သားထားရန် လိုအပ်ပါတယ်။



အထက်တွင် ရေးသားဖော်ပြခဲ့သော မြန်မာစာပေ ကျမ်းဂန်လေ့လာမှုဆိုင်ရာ ဗဟုသုတများကို သက်ဆိုင်ရာကျမ်းဂန်များမှ စုဆောင်းဖတ်ရှု လေ့လာမှတ်သားနိုင်ပါတယ်။ မြန်မာစာပေသမိုင်းဆိုင်ရာ ဗဟုသုတများကို မြန်မာစာပေ အတွဲပြုထားကျမ်းမှ စုဆောင်းလေ့လာနိုင်ပါတယ်။ မြန်မာရာဇဝင်သမိုင်းဆိုင်ရာ ဗဟုသုတများကို မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင်၊ ခေတ်ဟောင်းမြန်မာရာဇဝင် စသော ကျမ်းဂန်များမှ လေ့လာဆည်းပူးနိုင်ပါတယ်။ မြန်မာ့ဆိုရိုးစဉ်လာစကားများနှင့်ဆိုင်သော ဗဟုသုတများကို စကားပုံပေါင်းချုပ်ကျမ်းများမှ လေ့လာစုဆောင်း ဆည်းပူးနိုင်ပါတယ်။ ယခုတင်ပြခဲ့သော လေ့လာစုဆောင်း ဆည်းပူးရမည့် ကျမ်းဂန်များမှာ ဥပမာအနေဖြင့်သာ တင်ပြခဲ့တာဖြစ်ပါတယ်။ မြန်မာစာပေလောကတွင် သက်ဆိုင်ရာ စာပေများနှင့် ပတ်သက်သော ကျမ်းဂန်များ များစွာရှိပါတယ်။ စာပေဗဟုသုတ တိုးပွားစေခြင်းငှာ စာပေကျမ်းဂန်များကို တိုး၍တိုး၍ ဆက်လက် လေ့လာနိုင်ကြပါတယ်။

တင်ပြခဲ့ပြီးသော မြန်မာစာပေ လေ့လာနည်းအချို့ကို လိုက်နာမှတ်သား၊ ရှာဖွေလေ့လာကြ၍ စာပေဗဟုသုတ၊ စာပေရေးသားနည်း၊ စာပေရေးသားဟန်များကို စုဆောင်းပါ၊ တုပရေးသားကြပါ၊ ပြုစုကြပါလို့ တိုက်တွန်းရင်း ထူးချွန်ထက်မြက်သော ဆေးကျောင်းသား (ယခုဆရာဝန်) မောင်ငြိမ်းချမ်းဝင်းရဲ့ စာစီစာကုံးတစ်ပုဒ်ကို ဖော်ပြပေးလိုက်ပါတယ်။



# ပြည်ထောင်စုဖွား သွေးချင်းများ





မြန်မာပြည်မြေပုံကို ရှုကြည့်လျှင် အမိမြန်မာပြည်သည် အမြီးပြန့်ကား ကနေသော ဒေါင်းအိုးဝေမာနယ် ကျက်သရေရှိလှ၏။ ထိုအခါ ပြည်နယ်နှင့်တိုင်း ၁၄ ခုသည် လှပသော ဒေါင်းမြီးကွက်များဟု ထင်ရပေသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတို့သည် ပြည်နယ်ကိုယ်စားပြု လူမျိုးများဖြစ်သော်လည်း၊ စင်စစ်အားဖြင့် မြန်မာပြည်တွင် ပြည်ထောင်စုဖွား သွေးချင်းများမှာ လူမျိုးစုနွယ်ပေါင်း ၁၃၅ မျိုးခန့်ရှိပါသည်။ မိဘမောင်ဖွား မောင်နှမသားချင်းများ စုစည်းခြင်းဖြင့် မိသားစုဖြစ်လာသကဲ့သို့ တိုင်းရင်းသားလူမျိုးစုများစွာ ပေါင်းစုခြင်းဖြင့် ပြည်ထောင်စုကြီး ဖြစ်လာပါသည်။ ပြည်ထောင်စု ဆိုသည်မှာ တိုင်းရင်းသားများကို ကိုယ်စားပြုထားခြင်း မဟုတ်ပါလော။

သမိုင်းစာမျက်နှာကို လှန်လိုက်လျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် မွန်ဂိုမျိုးနွယ်မှ ပေါက်ဖွားလာကြကြောင်း၊ တွေ့ရပေမည်။ ပင်ရင်းဒေသ မွန်ဂိုကုန်းမြင့်မှနေ၍ မွန်ခမာ၊ တိဗက်မြန်မာနှင့် ထိုင်းတရုတ်အုပ်စုဟူ၍ လူမျိုးအုပ်စုကြီး သုံးခုခွဲကာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။ ဤသို့ဖြင့် ရေကြည်ရာ၊ မြက်နုရာ ပြောင်းရွှေ့သွားပြီး မြန်မာ့မြေပေါ်၌ အတူတကွနေခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့ပြီ။ ထို့ကြောင့် တိုင်းရင်းသားအားလုံးသည် သွေးရင်းသားရင်း၊ ညီရင်းအစ်ကိုများပင် ဖြစ်၏။

မြန်မာနိုင်ငံတွင် ဗမာသည် လူများစုဖြစ်၍ မြန်မာပြည်အလယ်ပိုင်းနှင့် မြေပြန့်ဒေသတစ်လျှောက် အနှံ့အပြားနေထိုင်ကြသည်။ ဗမာသည် အစ်ကိုကြီးဖြစ်လျှင် ကျန်တိုင်းရင်းသားများသည် ညီငယ်များပေမာ တည်း။ တိုင်းရင်းသားများသည် ရောဝတီမြစ်နဒီကို ဗဟိုပြု၍ ဝဲယာပတ်လည်တွင် အေးအတူ ပူအမျှ အတူတကွ နေထိုင်ခဲ့ကြပါသည်။ အချို့က တောင်ပေါ်၊ အချို့က မြေပြန့်၊ အချို့က ပင်လယ်စပ်နားနေကြ၍ ရေခြား၊ မြေခြား အနေဝေးကြသော်လည်း သွေးမခြား သားမဝေးကြပါ။ သွေးချင်းသားချင်းများနှင့် အကြမ်းဖျင်း ဆွေမျိုးစပ်ကြည့်ကြပါစို့။

ကချင်ပြည်နယ်ဆိုသည်မှာ နှင်းပုံးနေသော ခါကာဘိုရာဇီအလှနှင့် ဧရာဝတီမြစ်များခံရာ မေခ-မလိခ မြစ်နှစ်သွယ်ကို မျက်စိထဲမှာ မြင်ယောင်လာမိသည်။ ကချင်၊ ရဝမ်၊ မရူနှင့် လရှီတို့သည် မြန်မာပြည်မြောက်ဖျားပိုင်းမှာ အနေများပြီး မြေပြန့်ပိုင်းတွင် ကဒူး ကနန်းလူမျိုးများ နေထိုင်ကြသည်။ ကချင်ဝတ်စုံဝတ်၍ ဓားလွယ်ကာ ညီညာဖြိုဖြို ကနေကြသော "မနောပွဲနဲ့ ပျော်စရာ ကချင်တို့ရွာ" အကသည် ရှုမငြီးစရာ ဖြစ်သည်။

မြန်မာပြည်အနောက်မြောက်ပိုင်းတွင် "တောင်ဇလပ်ပန်းများ၊ ဝေနံ့ရာမြေ" ဟု တင်စားရမည့် ချင်းတောင်တန်းရှိသည်။ ချင်းနှင့် ကချင်တို့သည် တိဗက်-မြန်မာ အုပ်စုမှ လူမျိုးနွယ်များဖြစ်သည်။ ချင်းလူမျိုးဟုသာ အများက နားလည်သော်လည်း တီးတိန်ချင်း၊ ဖလမ်းချင်း၊ မင်းတပ်ချင်း၊ မတူပီချင်း၊ ကန်ပက်လက်ချင်း၊ ပလက်ဝချင်းနှင့် မြေပြန့်ချင်းဟူ၍ အမျိုးမျိုးရှိကြောင်း သိရပါသည်။ ထို့အပြင် နာဂတောင်တန်းတွင် လူရှေနှင့် နာဂလူမျိုးများ နေထိုင်ပါသေး

သည်။ ချင်းလူမျိုးတို့၏ ခေါင်ကာအကာ၊ ဖါးညှပ်အကာတို့ကို လူသိများသည်။ ပရေ့ သံ တီတီတာဖြင့် ခွာကိုအကာသည် ချင်းလူမျိုးတို့၏ နှစ်သစ်ကူးပွဲတော် ဖြစ်ပေသည်။

"အသူကာကောလှပါရေ အဘုချောကာ ကော သျှိုင်ဒိုင်လှပါရေ"ဟူသော သျှိုင်ဒိုင် သီချင်းသံဖဲဖဲကို ကြားရလျှင် ရခိုင်မြေကို သတိရမိတော့သည်။ ဘင်္ဂလားပင်လယ် ကမ်းရိုးတန်းတစ်လျှောက်တွင် ရခိုင်သားများနေသည်။ ငပလီနှင့် ကမ်းသာယာသည့် ရှုမောဖွယ် အပန်းဖြေစခန်းဖြစ်၏၊ ရခိုင်လူမျိုးမှာ အများစုဖြစ်သော်လည်း မြို သက်နှင့် ခမီချောင်းများသည် တောင်တန်းပေါ်မှာ အနေများသည်။

မြန်မာပြည်မှ အရှေ့လားသော် တောင်နိုးပေဝေ မြူခြေဆိုင်းဆိုင်းနှင့် ရှမ်းတို့ဌာနီ ကမ္ဘာ့ပြည်ရှိ၏။ ရှမ်းပြည်နယ်တွင် ရှမ်း၊ ပအိုဝ်း၊ တောင်သူ၊ ပလောင်၊ ဝ၊ လားဟူ၊ လီဆူ၊ လီရှော၊ ယင်းနက်၊ ယင်းကျား၊ အင်းသား၊ ခနော၊ မြောင်ဇီး၊ ဂုံ၊ ကိုးကန့်နှင့် ကော် စသည်ဖြင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၃၃ ခန့်ရှိသဖြင့် သွေးချင်းများ စုံလင်လှသည်။ တောင်ပင်လယ်ရွှေအင်းလေးကား ရှမ်းပြည်နယ်၏ အလှတစ်ပါးဖြစ်ချေ၏။ ရှမ်းရိုးမက အိုးစည်သံကား ကြားရသူတိုင်းကို မရိုးမရွဖြစ်စေသည်။ ရှမ်းကိန္နရီ ကိန္နရာအကာ၊ တိုးနယားအကနှင့် ရှမ်းဓားသိုင်းအကများသည် ထင်ရှားသော ရိုးရာသင်္ကေတအကများဖြစ်သည်။

ဒွေးမေယ်နော်တို့ ပျော်စံရာ ငွေတောင်ပြည်ကား ကယားတို့ ဌာနီဖြစ်၏၊ တောင်ကွဲစေတီ သာယာသကဲ့သို့ လောပိတ ရေတံခွန်ကား ရေအားလျှပ်စစ်ဖြင့် အလင်းအားကို ဖြန့်ဝေပေးနေသည်။ ငွေတောင်ပြည်တွင် ကယားလူမျိုးများအပြင် ဂေခို၊ ဂေဘား၊ ပရဲ့၊ ယင်းဘော်၊ ပင်းတလဲ၊ ပကူး၊ ပအိုဝ် စသည့် တိုင်းရင်းသားသွေးချင်းများ နေထိုင်ကြပါသည်။ ထို့အပြင် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားကြသည့် ပဒေါင်(ခေါ်)ကယန်းလူမျိုးများ နေထိုင်ကြပါသည်။ ကူဗိုးထိုး(ခေါ်)တံခွန်တိုင် ပွဲတော်သည် ကယားတို့၏ ဓလေ့ပွဲတော်ဖြစ်၏။

ခြေနှင့်လက်ကို သွက်သွက်လွှင့်ရှား၏။ ပဝါဖြူလေးကို ဇွဲကာ ယမ်းကာဖြင့် သံပြိုင်တေးကို ဟစ်ကြွေးသည်။ ဂီတသံကလည်း အကနှင့်အညီ မြူးကြသည်။ မမြင်ရသော်လည်း အသံကြားရုံမျှဖြင့် "သွက်လက်မြူးကြွ ကရင်ဒုံးယိမ်းအက" မှန်း လူတိုင်း သိကြသည်။ ထီးထီးမားမား ဖွဲ့ကာပင်တောင်ကား ကရင်ပြည်နယ်၏ သင်္ကေတ ဖြစ်သည်။ စကောကရင်နှင့် ပိုးကရင်ဟူ၍ နှစ်စားရှိပြီး ကရင်ပြည်နယ်တွင် အနေများသည်။ ဧရာဝတီမြစ်ဝှမ်းအောက်ပိုင်းတွင်လည်း ကရင်လူမျိုးများ အခြေချနေထိုင်သည်။



ကရင်လူမျိုးများနှင့် အိမ်ချင်းနီးကပ် ဆွေမျိုးစပ်သူမှာ မွန်လူမျိုးများဖြစ်သည်။ "တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်" ဆိုသကဲ့သို့ ရှမ်း၊ ကရင်၊ မွန်လူမျိုးတို့သည် သံလွင်မြစ်ရေကို အမှီပြုနေထိုင်နေသူများ ဖြစ်သည်။ တစ်လေတည်းစီး၊ တစ်ခရီးတည်းသွားခဲ့ကြသည်။ ဒေါနတောင်ခြေမှာ နိုင်ပန်းလှနှင့် မိခင်မြစ်တို့ကဲ့သို့ မွန်လူမျိုးများ ပျော်စံရာမြေဖြစ်၏။

မြန်မာပြည်၏ တောင်ဘက်စွန်းတွင်ကား အများခေါ် ဘိတ်သား(မြိတ်)နှင့် ထားဝယ်လူမျိုးများ နေပါသည်။ မြိတ်၊ ထားဝယ်၊ ရခိုင်လူမျိုးများသည် မြန်မာစကားနှင့် အတော်နီးစပ်၍ သွေးချင်းသားချင်း တော်စပ်မှန်းသိသာလှ၏၊ ရေမြေလိုက်၍ ဝဲနေကြဟန် ရှိသည်။ တနင်္သာရီတိုင်းအတွင်းရှိ ကျွန်းစုများတွင် "ပင်လယ်ပျော် ရေမင်းသား"များရှိသည်။ ဆလုံလူမျိုးများပေတည်း။ ပုလဲငုပ်သည်။ ငါးဖမ်းသည်။ ကျွန်းပေါ်မှာနေသော်လည်း ကျွန်ုပ်တို့၏ ဆွေမျိုးများ ဖြစ်ပေသည်။

တောင်ပေါ်က အင်းလေးနှင့် မြေပြန့်က အင်းလျားသည် ရေညီအစ်ကို ဖြစ်သကဲ့သို့ တောင်ပေါ်က စိန်ပန်းပြာနှင့် မြေပြန့်က ပိတောက်ဝါတို့သည်လည်း ပန်းညီအစ်မများ ဖြစ်ပါသည်။ ပြည်ထောင်စုဖွား သွေးချင်းများသည် ဘာသာစကား၊ ဓလေ့ထုံးစံနှင့် ရိုးရာယဉ်ကျေးမှု မတူသော်လည်း သွေးသားရင်းချာများဖြစ်၍ တစ်အူထုံဆင်း ညီအစ်ကိုရင်းများပမာ ချစ်ခင်ကြပါသည်။ ညီနောင်သားချင်းတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များသည် ပြည်ထောင်စုကြီး၏ အဖိုးအနဂ္ဂထိုက်သည့် အလှရတနာများ ဖြစ်သည်။

အင်္ဂလိပ်လက်အောက် ကျွန်သဘောက် ဖြစ်ခဲ့ရစဉ်ကလည်း တိုင်းရင်းသားခေါင်းဆောင်များ စုပေါင်းတော်လှန်ခဲ့ပြီး၊ လွတ်လပ်ရေး လက်တစ်ကမ်းအလိုတွင် ဗြိတိသျှတို့၏ သွေးခွဲရေးကျွကျွင်းသို့ သွေးစည်းရေးဓားဖြင့် ဖြတ်တောက်ကာ ပင်လုံမြေမှာ ညီညွတ်ရေးမှတ်တိုင် စိုက်ခဲ့ပြီ။ ကျွန်ုပ်တို့ သွေးချင်းများ လွတ်လပ်ရေးကို မြတ်နိုးရမည်။ "ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တို့သည် တိုင်းရင်းသားအားလုံး အတွက် "ညီညွတ်ရေးဂါထာ" ဖြစ်၏။ တိုင်းရင်းသားအချင်းချင်း သံသယကင်းရမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးလာသော် ရေကိုသား၍ ကြားမထင်သကဲ့သို့ တစ်သားတည်း ရှိရပေမည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်ထောင်စုဖွား သွေးချင်းများသည် ဆိုးတူကောင်းဖက် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ ရှိနေသမျှ အမိမြန်မာပြည်၏ ကျက်သရေသည် ထာဝစဉ် ထိန်ထိန်တောက်ပနေမည်သာ ဖြစ်၏၊ ပြည်ထောင်စုဖွား သွေးချင်းများသည် အတိတ်ကာလကလည်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကာ ဆိုးတူကောင်းဖက် အတူတကွ နေခဲ့ကြသည်။ ပစ္စုပ္ပန်ကာလတွင်လည်း တို့တာဝန်အရေးသုံးပါး ဦးထိပ်ထားလျက် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ချစ်ခင်ရင်းနှီးစွာ နေထိုင်လျက်ရှိပါသည်။ အနာဂတ်ကာလတွင်လည်း "တိုင်းရင်းပြည်သူ၊ ချစ်ကြည်မြဲ၊ အေးအတူပူအမျှ နေထိုင်ကြ"ဟူသော ဆောင်ပုဒ်အတိုင်း ကမ္ဘာတည်သရွေ့ နေထိုင်သွားကြရန် သန္နိဋ္ဌာန်ချကြပါစို့။

ကိုဇော





''ယခင်လများမှ ဇာတ်လမ်းအကျဉ်း''

ဂျိန်းအိုင်းယားဟုခေါ်သော မိန်းကလေးသည် တစ်ကောင်ကြွက် တစ်မျက်နှာဖြင့် 'ဂိတ်ရှက်'တွင် အဒေါ်ဖြစ်သူနှင့် ငယ်စဉ်က အတူနေခဲ့ရသည်။ ထို့နောက် 'လိုဝုဒ် မိဘမဲ့ကျောင်း'သို့ အဒေါ်၏အစီအစဉ်ဖြင့် သွားရောက်ခဲ့ရသည်။

ကျောင်းတာဝန်ခံ အုပ်ချုပ်သူမှာ 'ဘရောက်ကယ်ဟာတ်(စ်)'ဆိုသူဖြစ်သည်။ သူက သဘောသကာယဆိုးသလောက် ကျောင်းအုပ်ဆရာမ 'မစ်(စ်)မာရီယာတင်ပယ်လ်'က သနားကြင်နာတတ်သူ ဖြစ်သည်။ လိုဝုဒ်ကျောင်းတွင် ကျန်းမာရေး ချည့်နဲ့နေသော ကျောင်းသူနှင့် မိတ်ဆွေဖြစ်သည်။ မကြာမီ အဆုတ်ရောဂါဖြင့် ထိုကျောင်းသူ ကွယ်လွန်ခဲ့သည်။

'ဂျိန်း'သည် မိဘမဲ့ကျောင်းတွင် ၈ နှစ်မျှကြာပြီးနောက် ဆရာမအဖြစ် အလုပ်လုပ်လိုကြောင်း သတင်းစာမှ ကြော်ငြာခဲ့သည်။ ကံအားလျော်စွာ 'သွန်းဖီးလ်'မှ အလုပ်ခန့်စာ ရောက်လာသည်။ လိုဝုဒ်ကျောင်းကော်မတီသို့ နုတ်ထွက်ခွင့်စာတင်၍ ကျောင်းကော်မတီမှ တရားဝင်ခွင့်ပြုချက် ရရှိသည်။ ဂျိန်းအိုင်းယားသည် အလုပ်ဝင်ရန် 'သွန်းဖီးလ်'သို့ထွက်ခွာလာခဲ့သည်။ 'သွန်းဖီးလ်'အိမ်ကြီးတွင် မစ္စက်ဖယ်ယားဖက်စ်၊ ကလေးမလေး 'အာဒီလာဝါရင်'နှင့် အစေအပါးများသာ ရှိကြသည်။ ဂျိန်းအိုင်းယား စာသင်ပြပေးရသည်မှာ ကလေးမလေး 'အာဒီလာဝါရင်'ဖြစ်သည်။ 'အာဒီလာဝါရင်'၏ အုပ်ထိန်းသူမှာ 'မစ္စတာရိုချက်စတာ'ဖြစ်သည်။ သို့သော် မစ္စတာရိုချက်စတာမှာ ဤအိမ်ကြီးတွင်မနေဘဲ ရံဖန်ရံခါသာ လာရောက်တတ်ကြောင်း သိရှိရသည်။

တစ်နေ့တွင် ဂျိန်းအိုင်းယားသည် ၂မိုင်ခန့်ဝေးသော 'ဟေး'အမည်ရှိ ရွာကလေးသို့ စာထည့်ရန်သွားခဲ့သည်။ လမ်းတွင် မြင်းနှင့်လူတစ်ယောက် ခတောင်တောင်းတွင် ခြေချော်ကျခဲ့သည်။ ထိုအခါ ဂျိန်းအိုင်းယားက အကူအညီပေးခဲ့သည်။ သူမသည် စာထည့်ပြီး အိမ်ပြန်လာရာ သူမ ကူညီမှုပေးခဲ့သော လူကြီးကို မမျှော်လင့်ဘဲ တွေ့ရသည်။ ထိုလူကြီးမှာ မစ္စတာရိုချက်စတာ ဖြစ်နေသည်။

ဂျိန်းအိုင်းယားသည် အိမ်ကြီးရှင် မစ္စတာရိုချက်စတာနှင့် စကားပြောဖြစ်ကြသည်။ ယင်းနောက် သူမသည် မစ္စက်ဖယ်ယားဖက်စ်အား မစ္စတာရိုချက်စတာ အကြောင်းကို စုံစမ်းဖြစ်ခဲ့သည်။

တစ်ညနေခင်းတွင် မစ္စတာရိုချက်စတာသည် သူ့မိတ်ဆွေများနှင့် ထမင်းစားပြီးနောက် ဂျိန်းအိုင်းယားနှင့် တွေ့ဆုံစကားပြောဖြစ်ကြသည်။ သူ့အကြောင်းကို ပြောပြသည်။ ပြင်သစ်ကချေသည်မလေး 'ဆယ်လိုင်းဝါရင်'နှင့် မေတ္တာမျှခဲ့ကြပုံ၊ တစ်နေ့ ဆယ်လိုင်းဝါရင် အခြားအမျိုးသားတစ်ဦးနှင့်တွဲ၍ အချင်းများပြီး ကွဲခဲ့ကြပုံ၊ နှစ်အတန်ကြာသောအခါ 'အာဒီလာ'မှာ သူ၏ကလေးဖြစ်ကြောင်း ပြောပြီး ကချေသည်မက လာပေးခဲ့ပုံနှင့် သူသည် ကလေးကို အဂ်လန်သို့ ခေါ်လာခဲ့ပုံများ ဖြစ်သည်။

ယင်းနောက် သီတင်းပတ်များ ကုန်ဆုံးပြီးနောက် တစ်နေ့သောညပိုင်းတွင် ဂျိန်းအိုင်းယား၏ အိပ်ခန်းဝမှ ဟီသံများကြားရသည်။ အပြင်ထွက်ကြည့်သောအခါ ဖယောင်းတိုင်တွန်းထားသည်ကိုသာ တွေ့ရသည်။ တစ်ချိန်တည်းမှာပင် မစ္စတာရိုချက်စတာ အခန်းမှ လိုက်ကာမီးလောင်သဖြင့် ငြိမ်းသတ်ခဲ့ရသည်။ သို့သော် မစ္စတာရိုချက်စတာ မသိခဲ့။ ဂျိန်းအိုင်းယားပြောပြမှ သိရ၍ ကျေးဇူးတင်မဆုံး ဖြစ်ခဲ့သည်။

နောက်နေ့တွင် မစ္စတာရိုချက်စတာသည် ၁၀မိုင်ခန့်ဝေးသော 'လီးစ်'သို့ ပါတီပွဲတက်ရန် သွားခဲ့သည်။

ဆက်လက်ဖတ်ရှုပါရန်
တာဝန်ခံစာတည်း

(ယခင်လမှ အဆက်)

သီတင်းတစ်ပတ် ကုန်သွားသည့်တိုင်အောင် မစ္စတာရိုချက်စတာထံမှ ဘာသတင်းမျှ မကြားရသေး။ သို့နှင့် ၁၀ ရက်ကြောက်တော့သည်။ သူကားမှ ပေါ်မလာသေးပေ။ မစ္စက်ဖယ်ယားဖက်စ်ကလည်း သူသည်သို့ပင် ထွက်သွားပြီးသည်နှင့် လန်ဒန်သို့ဖြစ်စေ၊ အခြားအဝေးတစ်နေရာသို့ဖြစ်စေ စိတ်ကူးပေါက်လျှင် ထွက်သွားတတ်ကြောင်း၊ တစ်ခါတရံ တစ်နှစ်မျှကြာတတ်ကြောင်း ပြောပြသည်။

ဤသတင်းကြားရသော် ကျွန်မ စိတ်မကောင်းဖြစ်မိသည်။ သူ့ကို လွမ်းချင်သလိုလို ဖြစ်မိသည်။ သို့သော် သွန်းဖီးလ်တွင် ရှိနေသော ကိုယ့်အခြေအနေ၊ အဆင့်အတန်းကို တွေးကြီး ကိုယ့်ကိုယ်ကိုယ် ထိန်းရသည်။

''သွန်းဖီးလ်ရဲ့ အရှင်သခင်ဟာ မင်းနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး။ မင်းတို့ ဘာမှလည်း ဖြစ်ကြသေးတာ မဟုတ်ဘူး။ ကိုယ့်အဆင့်ကို ကိုယ်တွက်၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား။ မလိုချင်တဲ့သူရဲ့လက်ထဲကို မင်းရဲ့ မေတ္တာတွေ၊ သစ္စာတွေ သွားပေးမနေနဲ့၊ မင်းကို အထင်အမြင်သေးသွားမယ်''

တစ်နေ့ ကျွန်မတို့ နံနက်စာစားနေစဉ် မစ္စတာရိုချက်စတာထံမှစာရောက်လာသည်။ သူထွက်သွားပြီး ၁၅ ရက်ခန့်တွင်ဖြစ်သည်။ သူ့ဆီက စာရောက်သည်ကြားကာတည်းက ကျွန်မ စိတ်ဝနာ မငြိမ်တော့။ ကော်ဖီခွက်ပင် မိတ်စဉ်မတတ် ဖြစ်ခဲ့သည်။ မစ္စက်ဖယ်ယားဖက်စ်က စာဖတ်ရင်းနှင့်ပြောသည်-

''ကဲ…အခေါ်တို့တော့ အလုပ်များတော့မယ်၊ မစ္စတာရိုချက်စတာ နောက်ကြာသပတေးမှာ ရောက်လိမ့်မယ်၊ ဒီမြင်ဧည့်သည်တွေလည်း ပါလာမယ်တဲ့၊ လီးစ်က ဧည့်သည်တွေ ဘယ်လောက်တောင် ပါလာမလဲ မသိဘူး၊ အခန်းအားလုံးကို ပြင်ထားလိုက်မယ်၊ မီးဖိုချောင်အတွက် လူလိုမယ်၊ မီးလ်ကုတ်ကဖြစ်ဖြစ်၊ တခြားတစ်နေရာရာက ဖြစ်ဖြစ် လူရှာရမယ်၊ အင်း…အိမ်မှာတော့ လူစည်ကားတော့မယ်''

သို့ ပြောရင်းဖြင့် နံနက်စာကို ကမန်းကတန်း စားသောက်ပြီး လိုအပ်သည်များ

**အိပ်ရာဝင်စဉ်က ခန်းဆီးလိုက်ကာကို မပိတ်မိခဲ့၍ လရောင်က တိုက်ရိုက်ကျနေရာ ကျွန်မက လိုက်ကာကိုပိတ်မည်ဟု လက်ကမ်းလိုက်စဉ် ရူးစူးရှရှအော်လိုက်သော အသံတစ်သံကြောင့်…**

ပြင်ဆင်နိုင်အောင် အပြင်သို့ထွက်သွားတော့သည်။

### အခန်း(၁၄)

သွန်းဇီးလင်အိမ်ကြီး၏ ပျော်ရွှင်ဖွယ် နေ့များပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အလုပ်များသော နေ့များလည်းဖြစ်သည်။ သည်အပိုး သည်ဝန်းကျင်ချင်းအတူတူ လွန်ခဲ့သည့် သုံးလအတွင်း အခြေအနေနှင့် ယနေ့အခြေအနေမှာ များစွာကွာခြားလှသည်။ ထိုစဉ်က အေးဆေးသည်။ ငြိမ်သက်သည်။ ထီးတည်းဖြစ်သည်။ ယနေ့မူ နေရာတိုင်းမှာ အသက်ဝင်လှုပ်ရှားနေသည်။ တစ်နေ့လုံး အပေါ်ထပ် အောက်ထပ် လူသွားလူလာ မပြတ်ခဲ့။

နေသာလျှင် ပြင်ပအားကစားကွင်းများ၌ စည်ကားတတ်သလို မိုးရွာလျှင် အိမ်တွင်းပျော်ပွဲရွှင်ပွဲများတွင် စီစီညံတတ်သည်။ ဤရက်များအတွင်း၊ မစ္စတာရိုချက်စတာနှင့် မစ်(စ်)အလန်ချီ၊ အင်ဂရမ်တို့ တပူးတွဲတွဲ ရှိနေတတ်သည်။ သည်တော့လည်း၊ ကျွန်မအဖို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်၏အိမ်မှ ဆရာမတစ်ဦးသာဖြစ်ပါလားဟူ၍ ခံယူလျက် အေးမှ ကြည့်နေရုံသာ ရှိတော့သည်။ သို့နှင့် ပါတီပွဲလည်း ပြီးခဲ့သည်။

တစ်ညနေတွင် ပြည်ပမှ မစ္စတာမေဆန်ဆိုသော ဧည့်သည်တစ်ဦးရောက်လာသည်။ မစ္စတာရိုချက်စတာနှင့် အကျွမ်းတဝင်ရှိပုံရသည်။ သူ့စကားအရ မစ္စတာရိုချက်စတာနှင့် ''ဝက်စ်အင်းဒီးစ်''တွင် အတော်လေးတွဲ၍ ခရီးထွက်ခဲ့ကြောင်း သိရသည်။ ထိုညနေက မစ္စတာမေဆန်နှင့် မစ္စတာရိုချက်စတာတို့ အတော်ငယ် ညဉ့်နက်သည်အထိ စာကြည့်ခန်းထဲတွင် ထိုင်နေကြသည်။ ကျွန်မ အိပ်ရာဝင်ပြီး အချိန်အတော်ကြာမှ မစ္စတာရိုချက်စတာက မစ္စတာမေဆန်ကို အိပ်ခန်းသို့ လမ်းညွှန်ပြလျက်–

''ဒီလမ်းပဲ မေဆန်၊ အဲဒီအခန်းဟာ သူငယ်ချင်းအခန်းပဲ''ဟူ၍ အေးအေးသာသာ ပြောသံကို ကြားလိုက်ရသည်။ သည်တော့မှ ကျွန်မလည်း စိတ်နှလုံး တုံးတုံးချလျက် အိပ်ပျော်သွားခဲ့သည်။

ညဉ့်သန်းခေါင်တွင် ကျွန်မ တစ်ရေးနိုးခဲ့သည်။ အိပ်ရာဝင်စဉ်က ခန်းဆီးလိုက်ကာကို မပိတ်မိခဲ့၍ လရောင်က တိုက်ရိုက်ကျနေရာ ကျွန်မက လိုက်ကာကို ပိတ်မည်ဟု လက်ကမ်းလိုက်စဉ် ရူးစူးရှရှအော်လိုက်သော အသံတစ်သံကြောင့် လက်ကိုပြန်ရုပ်မိသည်။ အသံမှာ ကျွန်မ၏ ခေါင်းပေါ်တည့်တည့် တတိယထပ်မှ လာသောအသံဖြစ်သည်။ တွန်းထိုးရုန်းကန်သံများကို ကြားနေရသည်။ ယင်းနောက်-

''လာကြပါအုံး၊ လာကြပါအုံး''ဟူသော အော်သံကို ကြားရပြန်သည်။

တစ်ယောက်ယောက်က အပေါ်ထပ်သို့ အပြေးတက်သွားသည့်အသံကို ကြားရသည်။ တစ်ခုခု လဲကျသွားသံ ကြားပြီးနောက် ငြိမ်သွားသည်။ တုန်လှုပ်လျက် ကျွန်မ အပေါ်အင်္ကျီတစ်ထည်ကို ကောက်ခွပ်ကာ အပြင်သို့ထွက်ခဲ့သည်။ ရှန်းရင်းဆန်ခတ် အော်သံကြောင့် တစ်အိမ်လုံး ထွက်လာကြရာ အချင်းချင်း ဟိုမေးသည်စမ်းနှင့် ရှုပ်ယှက်ခတ်နေသည်။

ယင်းနောက် မစ္စတာရိုချက်စတာ ဖယောင်းတိုင်ကိုင်လျက် ထွက်လာသည်။

''အစေခံတစ်ယောက် အိပ်မက်မက်ပြီး ယောင်အော်တာပါ၊ ဘာမှမဟုတ်ဘူး''

သူက လူတိုင်းကို ရှင်းပြနေသည်။

''ကိုယ့်နေရာ ကိုယ်ပြန်သွားကြပါ၊ ကိုယ့်အခန်းကိုယ် ပြန်ဝင်ကြပါ''

ဟိုအော် သည်ငေါက်ဖြင့် သူက လမ်းကို ရှင်းပစ်လိုက်သည်။ ကျွန်မလည်း ကိုယ့်အခန်းကို ပြန်ဝင်ခဲ့သည်။ ကျွန်မ ကြားခဲ့ရသည့် အသံဗလံများနှင့် မစ္စတာရိုချက်စတာ ရှင်းပြချက်သည် မအပ်စပ်ဟု ကျွန်မထင်သည်။ ကျွန်မ အထင်မမှားခဲ့ပေ။ မကြာမီ ကျွန်မ အခန်းတံခါးကို ခေါက်သံကြားရပြီး ကျွန်မ ထွက်လိုက်သည်နှင့် သူ့ကို တွေ့ရသည်။

''မင်း ကျုပ်နဲ့လိုက်ခဲ့ပါ၊ အသံမကြားပါစေနဲ့''

ကျွန်မက သူပြောသည့်အတိုင်း၊ သူ့နောက် လိုက်ခဲ့သည်။ တတိယထပ်သို့ ရောက်သော်-

''မင်း အခန်းထဲမှာ ဂွမ်းရှိသလား''ဟု သူက တိုးတိုးမေးသည်။

''ရှိတယ်''

''ရှူဆေးကော ရှိသလား''

''ဟုတ်ကဲ့ ရှိပါတယ်''

''အေး…နှစ်မျိုးလုံးယူပြီး ပြန်လာခဲ့''

ကျွန်မက ဂွမ်းနှင့် ရှူဆေးကိုယူပြီး အမြန်ပြန်လာခဲ့သည်။ သူက အခန်းတစ်ခုကို သော့ဖွင့်၍ ဝင်မည်ပြုပြီးမှ ကျွန်မကို ပြောပြန်သည်။

''မင်း သွေးကိုမြင်ပြီး လန့်မသွားနဲ့နော်''

''ဟင့်အင်း ကျွန်မ မလန့်တတ်ပါဘူး၊ ဒါပေမဲ့ ပြောတော့မပြောနိုင်ဘူး''

သူက ကျွန်မလက်ကို ဆုပ်ကိုင်လျက် အခန်းတံခါးကို ဖွင့်လိုက်သည်။ အခန်းထဲတွင် တံခါးတစ်ထပ် ရှိသေးသည်။ ယခင်က ပိတ်ထားတတ်သော်လည်း ယခု အတွင်းတံခါး ပွင့်နေကြောင်း၊ တွေ့ရသည်။ အထဲမှာ အလင်းရောင်ရှိနေသည်။ မာန်ဖီနေသော ခွေးတစ်ကောင်၏အသံမျိုး ထွက်ဆန်းသည့်အသံကို ကြားနေရသည်။ မစ္စတာ ရိုချက်စတာက ဖယောင်းတိုင်ကို အောက်တွင် ချိတ်လိုက်သည်။

''ဒီမှာ ခဏစောင့်အုံး''

သူက ကျွန်မကိုပြောလျက် အတွင်း

ခန်းသို့ ဝင်သွားသည်။ သူ ဝင်သွားသည်နှင့် အော်ရယ်လိုက်သည့် အသံတစ်သံက သူ့ကို ကြိုလိုက်သည်။ တစ်ဆက်တည်းဆိုသလိုပင် ဂရေစ်ပူးလ်၏ ချော့မော့နေသည့်အသံကို ကြားလိုက်ရသည်။ အို- သူ ဒီအခန်းထဲမှာ ရှိနေပါလား။ ယင်းနောက် တိုးညင်းသော အသံများ၊ ကြားပြီးနောက် မစ္စတာရိုချက်စတာ အတွင်းခန်းမှ ထွက်လာသည်။ တံခါးကို ပြန်ပိတ်ထားလိုက်သည်။

"ကိုနီ၊ ဒီကိုလာ"

ဂျွန်မ သူ့နောက်သို့ လိုက်ခဲ့သည်။ အခန်း၏ အလယ်တွင်ရှိသော ရောမ အိပ်ရာကြီး၏ ဘေးတွင် လက်တင်ကုလားထိုင် ပေါ်၌ လူတစ်ယောက် ထိုင်နေသည်။ ရိုးရိုး ထိုင်နေခြင်းမဟုတ်။ ခေါင်းကိုလှန်လျက် မျက်စိကို ပိတ်ထားသည်။ ဖယောင်းတိုင် မီးရောင်ဖြင့် မစ္စတာမေဆန်ဖြစ်ကြောင်း ဂျွန်မ သိလိုက်သည်။ အပေါ်ကုတ်အင်္ကျီ ချွတ်ထားပြီး ရှပ်အင်္ကျီ၏ လက်မောင်း အရင်းပိုင်းတွင် သွေးစွန်းနေသည်။

"ဖယောင်းတိုင်ကို ရှေ့တိုးပြီး ကိုင်ထား"

သူက ရေဇလုံတစ်ခုဖြင့် မစ္စတာမေဆန်၏ မျက်နှာကို ဆေးပေးနေသည်။ ယင်းနောက် ရှူဆေးကို နှာဝတွင် တေ့ပေးလိုက်ရာ မစ္စတာမေဆန်သတိရလာသည်။ မစ္စတာရိုချက်စတာက ရှပ်အင်္ကျီကို မ,လိုက်သည်။ လက်မောင်းကို ပတ်တီးစည်းထားသည်။ သွေးကမူ စိမ့်ယိုထွက်နေဆဲ ဖြစ်သည်။

"ငါ ဘယ်ဇစ်ဖြစ်မလား" မစ္စတာမေဆန်က အားလျော့သည့်အသံဖြင့် မေးသည်။

"အို…ဘာမှ မဖြစ်နိုင်ဘူး။ ခြစ်မိရုံ လေးပါ၊ ငါကိုယ်တိုင် ဆရာဝန်သွားခေါ်မယ်၊ ကိုနီ"

"ဟုတ်ကဲ့…ရှင့်"

"ဒီလူကို မင်းနဲ့ တစ်နာရီလောက်ထားခဲ့မယ်၊ နှစ်နာရီကြာချင်လည်း ကြာမယ်၊ သွေးထွက်များလာရင် ဂွမ်းနဲ့ သုတ်သုတ်ပေး။ သူ မှိန်းသွားရင်၊ ရေတစ်ခွက်တိုက်၊ ရှူဆေးသုံး၊ သူ့ကို စကားမပြောနဲ့၊ ရစ်ချတ် မင်း စကားပြောရင်၊ လှုပ်ရင် သေနိုင်တယ်၊ လုံးဝ စကားမပြောပါနဲ့"

အပြင်မှ တံခါးသော့ခတ်သံကို ကြားရသည်။ ဂျွန်မ များစွာအကြောက်ပိုမိ



အခန်း၏ အလယ်တွင်ရှိသော ရောမ အိပ်ရာကြီး၏ဘေးတွင် လက်တင်ကုလားထိုင်ပေါ်၌ လူတစ်ယောက် ထိုင်နေသည်။ ရိုးရိုး ထိုင်နေခြင်းမဟုတ်။ ခေါင်းကိုလှန်လျက် မျက်စိကိုပိတ်ထားသည်။

သည်။ တတိယထပ်က အခန်းထဲတွင် ညကြီးမင်းကြီး သေမလိုဖြစ်နေသော လူနာတစ်ယောက်နှင့် တိတ်ဆိတ်စွာ နေရသည်မှာ မလွယ်။ ထို့ပြင် ဂျွန်မတို့နှင့် တံခါး တစ်ချပ်သာ ခြားထားသော အတွင်းခန်းတွင် လူသတ်သမားဖြစ်နိုင်သော အမျိုးသမီး ရှိနေသည်။ အချိန်မရွေး ချိုးဖျက်၍ ထွက်လာနိုင်သည်။

ဂျွန်မ တွေးရင်းကြောက်နေသည်။ ဘယ်လို ရာဇဝတ်မှုများလဲ။ ဘယ်လို အရှုပ်အထွေးများလဲ။ အမျိုးသမီးတစ်ယောက်ရဲ့ မျက်နှာပုံပန်းနဲ့ ဘယ်လိုသတ္တဝါမျိုးလဲ။ ဒီလူကကော ဘယ်သူလဲ။ သူက ဘာလို့ ဒီ ရောက်နေရတာလဲ။

ယင်းသို့ အမျိုးမျိုးတွေးတောနေရင်း လူနာ၏မျက်နှာကို ကြည့်မိရာ သေများသေပြီလားဟု ဂျွန်မ ထင်မိသည်။ မကြာမီ ဖယောင်းတိုင်မီးလည်း ငြိမ်းသွားသည်။ သို့သော် အရုဏ်ဦးနေရောင်ကြောင့် မှောင်မည်းမနေပေ။ ထို့နောက် အောက်မှ ပိုင်းလော့၏ ဟောင်သံကြားပြီး မစ္စတာရိုချက်စတာ ဆရာဝန်နှင့်အတူ အခန်းတွင်းသို့ ဝင်လာသည်။

"ကဲ…ဒေါက်တာ၊ အလုပ်စပေတော့၊ လူနာကို အောက်ထပ်ကို အေးအေးဆေးဆေး ပို့နိုင်ဖို့ လိုတယ်၊ နာရီဝက်ပဲ အချိန်ရမယ်"

သူက မစ္စတာမေဆန်ကို ဆက်ပြောသည်။

"သူငယ်ချင်း၊ အခု ဘယ်နှယ့်နေသေးသလဲ"

"သူ ငါ့ကို လုပ်ရက်တယ်နော်၊ ငါ ကြောက်သွားပြီကွာ"

"အို…အစီပွါယ်မရှိ၊ သွေးလေးနည်းနည်းပါးပါး ထွက်တာပါ၊ နောက် ဆယ့်လေးငါးရက်ကြာရင် ကောင်းသွားမှာပါ၊ ကဲ-ဒေါက်တာ၊ စိုးရိမ်စရာမရှိတဲ့အကြောင်း သူ့ကို ပြောပြလိုက်စမ်းပါ"

ဆရာဝန်က ပတ်တီးများကို ဖြေလိုက်သည်။

"သွေးထွက် များလွန်းတယ်၊ ဟောဒါက ဘာဖြစ်တာလဲ၊ ပခုံးစွန်းမှာ ကိုက်ထားသလိုပဲ"

"သူ ကျွန်တော့်ကို ကိုက်တယ်" ဟု မစ္စတာမေဆန်က ပြောသည်။

''သူဟာ ကျားမတစ်ကောင်လိုပဲ ကျွန်တော့်ကို ကိုက်တယ်၊ မစ္စတာရိုချက်စတာက သူ့ခါးကို လှမ်းဆွဲလိုက်ပေလို့ပေါ့၊ အား… တကယ်ကြောက်စရာပဲ''

''ငါမင်းကို သတိပေးသားပဲ၊ ဒီကနေ့ညသူဆီ တစ်ယောက်တည်း မသွားပါနဲ့လို့ ငါပါ ပါသင့်တာ''

''ငါကလည်း နည်းနည်းပါးပါး ချော့မော့ပြောရင် ရမလားလို့''

''အေးလေ၊ အခု သိပြီမဟုတ်လား။ ကဲ…ဒေါက်တာ၊ မြန်မြန်လေးသာ လုပ်ပေတော့၊ တော်ကြာ နေထွက်တော့မယ်၊ နေမထွက်ခင် သူ့ကို ဒေါက်တာ့အိမ် ခေါ်သွားရအုံးမယ် မဟုတ်လား''

''ပြီးပါတော့မယ်၊ ဒါနဲ့ ဒီ လက်မောင်းမှာလည်း ဒဏ်ရာပါလား''

''ဟုတ်တယ်၊ အံ့မလေး…သူက သွေးကိုစုပ်တာ၊ အမယ်– ပြောသေးတယ်၊ သူက နှလုံးသွေးကို ဖောက်သောက်ပစ်မယ်တဲ့''

မစ္စတာမေဆန်က ကြောက်ကြောက်လန့်လန့်နှင့် ပြောပြနေသည်။

''တော်စမ်းပါကွာ ရစ်ချတ်၊ သူ့ အရူးစကားတွေ ပြောမနေပါနဲ့တော့၊ မင်း ဂျမေကာကို ပြန်ရောက်ရင် ဒါတွေ မေ့သွားမှာပါ၊ သူ့ကို သေသွားပြီ၊ မြေမြှုပ်လိုက်ပြီလို့ သဘောထားလိုက်ပေါ့''

ယင်းနောက် ကျွန်မဘက်သို့ လှည့်လိုက်သည်။

''ကိုနီး…ဒီသေဘ်ယူသွား၊ ကျုပ်အခန်းထဲက မတ်တတ်ဗီရို အပေါ်ဆုံးထပ်မှာ ရှိ‌ပ် အကျီတစ်ထည်နဲ့ လက်ကိုင်ပဝါ သွားထုတ်ပြီး ဒီကိုအမြန်ယူလာခဲ့''

ယင်းနောက် မစ္စတာရိုချက်စတာနှင့် ဆရာဝန်က မစ္စတာမေဆန်ကို ကူညီအဝတ်အစားလဲပေးပြီး အောက်ထပ်သို့ တွဲခေါ်ခဲ့သည်။ အပြင်တွင် ရထားလုံးက အဆင်သင့်စောင့်နေသည်၊ ကျွန်မက တံခါးကို ဖွင့်ပေးထားပြီ၊ လူနာနှင့်အတူ ဆရာဝန်ပါ ရထားလုံးအတွင်းသို့ ဝင်ထိုင်ပြီးသည်နှင့် မစ္စတာရိုချက်စတာက နှုတ်ဆက်သည်။

''ဒေါက်တာ၊ သူ့ကို ဂရုစိုက်လိုက်ပါ၊ ကျွန်တော် ဒီတစ်ရက်၊ နှစ်ရက်အတွင်း လာကြည့်ပါအုံးမယ်၊ ကဲ…ဂွတ်ဘိုင် ရစ်ချတ်''

မစ္စတာမေဆန်က ဒဏ်ရာမရှိသောလက်တစ်ဖက်ကို မြှောက်ပြသည်။

''ကောင်မလေးကို ဂရုစိုက်ပါ ရိုချက်စတာ၊ တတ်နိုင်သမျှ ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံပါကွာ''

သူ့ မျက်လုံးတွင် မျက်ရည်စက် တွေ့နေရသည်။

''ငါ အကောင်းဆုံးလုပ်ပါ့မယ်'' ဟု သူက စကားပြန်သည်။

''ငါ အရင်ကလည်း တတ်နိုင်သမျှ ကြည့်ခဲ့ ရှုခဲ့တယ်၊ ရှေ့လျှောက်လည်း ကြည့်ရှု သွားမှာပဲ''

ရိုချက်စတာ ပြောပြီးသည်နှင့် မြင်းရထားက ထွက်သွားသည်။

''အို…ဘုရားသခင်၊ ဘယ်တော့များမှ ဒီကိစ္စတွေအားလုံး အဆုံးသတ်ပါ့မလဲ''

သူက ညည်းရင်း ညျရင်း မြင်းစောင်းခင်းတံခါးကို သွားပိတ်ခဲ့သည်။

## အခန်း(၁၅)

ထိုနှစ်က နွေလယ်နေ့သည် အင်္ဂလန်တွင် ပွဲပြင်းလှသည်။ နွေလယ်နေ့မတိုင်မီ တစ်ရက် ဇွန်လ ၂၀ ရက်နေ့က အာဗီလာ တစ်ယောက် အလေ့ကျပေါက်နေသော စတော်ဘယ်ရီများကိုခူးကာ စားပြီးနောက် အိမ်ရာသို့ အစောကြီးဝင်ခဲ့သည်။ ကျွန်မလည်း ပျင်းပျင်းရှိသည်နှင့် အိမ်ပြင်ဘက် ဥယျာဉ်တွင်းသို့ လမ်းလျှောက်ထွက်ခဲ့သည်။

မစ္စတာမေဆန်နှင့် ပတ်သက်၍ ထူးထူးခြားခြား ဖြစ်ပျက်ပြီးနောက် အပြောင်းအလဲများစွာ ရှိခဲ့သည်။ ကျွန်မကို ဂိတ်ရှက်အိမ်မှ အယ်လစ်ဇာဗိုင်က လှမ်းခေါ်သည်။ သူ့အမေ အသည်းအသန် ဖြစ်နေသည့်အတွက် ကျွန်မက ကူညီပြုစုပေးရန်ဖြစ်သည်။ သို့ဖြင့် ကျွန်မ ဂိတ်ရှက်အိမ်တွင် တစ်လကျော် နေခဲ့ရသည်။

ကလေးဘဝက ကျွန်မကို နှိပ်စက်ခဲ့သော ထွန်ဗိုဗ်မှာ လန်ဒန်တွင် ဆုံးပါးခဲ့သည်။ သူ့ကိုယ်သူသတ်သေသည်ဟု သတင်းကြားရသည်။ နှိုးဓာတ်မဲ့ နှလုံးရောဂါရှိသော သူ့အမေမှာ သားသေတင်းကြောင့် အိပ်ရာထဲ လဲတော့သည်။ ထွန်ဗိုဗ်၏ ကြွေးမြီကိစ္စများကိုလည်းရှင်းပေးခဲ့ရသေးသည်။ ရက်ပေါင်းများစွာ ကျွန်မ မစ္စက်ရိဒ်အပါးတွင် ရှိနေခဲ့သည်။ သူမမှာ ကိုယ်တစ်ပိုင်း လေဖြတ်ပြီး မသေမရှင်ဖြစ်နေရာမှ သေခြင်းတရား၏ ကယ်မမှုဖြင့် ဒုက္ခခံစားမှု ချုပ်ငြိမ်းခဲ့သည်။

သူမ မသေမီ ကျွန်မအပေါ် နှစ်ကြိမ် အမှားကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့သည်။ တစ်ကြိမ်မှာ ခင်ပွန်းသည်ထံ ကတိစကားပေးထားလျက် ကျွန်မကို သားသမီးရင်းကဲ့သို့ သဘောမထားခဲ့ကြောင်းနှင့် နောက်တစ်ကြိမ်မှာ ကျွန်မအပေါ် တစ်စုံတစ်ရာ ဖုံးကွယ်ထားကြောင်း ပြောပြသည်။

''အဲဒီ သေတ္တာထဲမှာ စာတစ်စောင် ရှိတယ်၊ သွားယူလိုက်ပါ''ဟု သူမက ပြောသည်။ ကျွန်မက သွားယူခဲ့သည်။

''စာကိုဖတ်ကြည့်ပါအုံး''

**သူမ မသေမီ ကျွန်မအပေါ် နှစ်ကြိမ် အမှားကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့သည်။**

**တစ်ကြိမ်မှာ ခင်ပွန်းသည်ထံ ကတိစကားပေးထားလျက်**

**ကျွန်မကို သားသမီးရင်းကဲ့သို့ သဘောမထားခဲ့ကြောင်းနှင့်…**

**မင်းကို အမွေတွေဘာတွေ မရစေချင်ဘူး။**
**ဒါကြောင့် ငါ မင်းဦးလေးဆီ မင်းဟာ လိုဝှဒ်ကျောင်းမှာ**
**တိုက်ဖိုက်ရောဂါနဲ့ ဆုံးသွားပြီဖြစ်ကြောင်း စာပြန်ခဲ့သေးတယ်၊**

ကျွန်မက ဖတ်ကြည့်သည်။

''မအိ''

ကျွန်ုပ်တူမလေး ဂျိန်းအိုင်းယားအဲ လိပ်စာကို ကျွန်ုပ်ထံ ကျေးဇူးပြု၍ ပို့ပေးပါ။ ၎င်းပြင် ထိုကလေးမ၏ အခြေအနေကို လည်း ကျွန်ုပ်ထံ ပြန်ကြားပေးပါ။ ကျွန်ုပ် ဤစာရေးရသည့်အကြောင်းမှာ ကျွန်ုပ်ရှိ သည့် ''မာဒေးရား''သို့ ၎င်းအားခေါ်လွှတ် ပေးရန်ဖြစ်သည်။ ''မာဒေးရား''တွင် ကျွန်ုပ် လုပ်ငန်းကိုင်ငန်းအဆင်ပြေနေသည်။ ကျွန်ုပ် ၏ တူမလေးကို အမွေစား အမွေခံအဖြစ် မွေးစားလိုပါသည်။

မအိမ်၏
ဂျွန်အိုင်းယား
မာဒေးရား

စာမှာ လွန်ခဲ့သည့် သုံးနှစ်က နေ့စွဲ ထိုးထားကြောင်း ကျွန်မ သတိပြုမိသည်။

''ဒီစာအကြောင်းနဲ့ ပတ်သက်လို့ ကျွန်မ ဘာမှမကြားမိပါလား''

''အေးလေ . . . မင်းကို အကြောင်းမ ကြားခဲ့ဘူး။ အဲဒီအချိန်တုန်းက မင်းအပေါ် ငါ သိပ်မုန်းတီးနေတာပေါ့''

''ကဲပါ အဒေါ်ရယ်၊ ပြီးတာတွေ ပြီး ပါစေတော့၊ ဒီတုန်းက ကျွန်မ ကလေးပဲ ရှိသေးတာပဲ၊ နှစ်တွေကာလတွေလည်း ကြာလှပါပြီ''

''ဒါနဲ့ မပြီးသေးဘူး ဂျိန်း၊ မင်းကို အမွေတွေဘာတွေမရစေချင်ဘူး၊ ဒါကြောင့် ငါ မင်းဦးလေးဆီ မင်းဟာ လိုဝှဒ်ကျောင်း မှာ တိုက်ဖိုက်ရောဂါနဲ့ဆုံးသွားပြီဖြစ်ကြောင်း စာပြန်ခဲ့သေးတယ်၊ အခုတော့ ငါမင်းအပေါ် ပြုခဲ့တဲ့ မကောင်းမှုတွေက ငါ့ကို နှိပ်စက် နေပြီ''

''အဒေါ် . . . ကျွန်မ အားလုံးကို ခွင့် လွှတ်တယ်၊ မေ့ပျောက်တယ်၊ ဘုရားသခင် ခွင့်လွှတ်ဖို့သာ ဆုတောင်းပေတော့''

ယင်းနောက် ရက်အနည်းငယ်အကြာ တွင် မစ္စက်ရိဒ် ကွယ်လွန်ခဲ့သည်။ ကျွန်မ လည်း သွန်းဖီးလ်အိမ်ကြီးသို့ ပြန်လာခဲ့တော့ သည်။

ကျွန်မ သွန်းဖီးလ်သို့ ပြန်ရောက်သည် နှင့် မစ္စဖယ်ယားဖက်စ်ထံမှ လွှန်ခဲ့သည့် ရက်အတန်ကြာကပင် ရှည့်သည့်တစ်သုတ် သွန်းဖီးလ်မှ ပြန်သွားကြပြီဖြစ်ကြောင်း ကြား သိရသည်။ တစ်ခုထူးခြားသည်မှာ ဤရက် များအတွင်း မစ္စတာရိုချက်စတာ ငြိမ်ချက် သား ကောင်းနေပြီး ဘယ်ကိုမှ ဝေးဝေးလံ လံ ခရီးမထွက်ခဲ့ခြင်းပင် ဖြစ်သည်။ ''အင် ဂရမ်''ညီအစ်မထံသို့လည်း မသွားခဲ့ပေ။ ထို့ ကြောင့် ကောလာဟလ သတင်းစကား များလေပြီဟု ကျွန်မ မဝံ့မရဲနှင့် မျှော်လင့်မိ သည်။ သို့ဆိုလျှင် ဘလန့်ချီအင်ဂရမ်နှင့် လက်ထပ်ဖို့အရေးမှာ မဖြစ်နိုင်တော့ပေ။ သူမ၏ အဆင့်အတန်းနှင့် အခြေအနေမှာ မစ္စတာရိုချက်စတာနှင့် လိုက်ဖက်သည်မှန် သော်လည်း သူမအပေါ် သူ့ ဇာကယ်တမ်း မေတ္တာသက်ဝင်ခြင်းမရှိဟု ကျွန်မ နားလည် ခဲ့သည်။

ရောက်တတ်ရာရာ တွေးရင်းတော ရင်း ၎င်းနေ့ ဇွန်လ ၂၀ ရက်နေ့က လမ်း လျှောက်လာစဉ် ဥယျာဉ်ခြံအတွင်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ ဥယျာဉ် ၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ခြုံ တန်းများရှိနေရာ အများသူငါ မမြင်သာ အောင် ဖုံးကွယ်ထားသဖြင့် လွတ်လပ်စွာ လမ်းလျှောက်ဆော့ကစားနိုင်သည်။

ဘေးမှ ပန်းပွင့်အဖူးအငုံများကား ညနေခင်း လေပြည်တွင် သင်းရနံ့တကြွ ကြွဖြင့်အလှဆင်နေကြသည်။ ယင်းအနက် မှ ထူးခြားသောအနံ့တစ်ခုကို ကျွန်မ သတိ ပြုမိသည်။ လားလား . . . ဤအနံ့သည် မစ္စတာရိုချက်စတာ၏ ဆေးလိပ်နံ့ပင်၊

''ဂျိန်း . . . ဒီဘက်ပြန်လှည့်ခဲ့ပါအုံး၊ ဒီအချိန်လေးဟာ အင်မတန်သာယာပါတယ်၊ နေဝင် လထွက် ဆည်းဆာချိန်မျိုးဟာ ကြို ရခဲတဲ့ခြင်း၊ နေစမ်းပါအုံး''

အို– ကျွန်မလာနေသည်ကို သူ သိနေ ပြီကော၊ ကျွန်မ သူ့ထံတိုးသွားခဲ့သည်။

သည်အချိန်တွင် အနောက်မိုးကုပ်စက် ဝိုင်းဆီ၌ ဝင်လုဆဲနေသည့် အစွမ်းကုန် တောက်ပနေသည်၊ နီရဲသောရောင်ခြည်ကို ပြန်ကြက်လျက် လေဘက်ကို နှုတ်ဆက်နေ သည်၊ အရှေ့ဆီတွင်မူ အပြာရင့်ရောင်သည် စိုးမိုးနေသည်။ သောကြာကြယ်သည် ထွက် ပြူစဖြစ်သည်။ မကြာမီ လထွက်တော့မည်။

မစ္စတာရိုချက်စတာနှင့် ကျွန်မ ဟို အကြောင်း သည်အကြောင်းများကို ပြောဆို ကြရင်း ဖြည်းဖြည်း လမ်းလျှောက်လာကြ သည်။ ယင်းမှ ရုတ်ခြည်းဆိုသလို စကား လမ်းကြောင်းက ကိုယ်ရေးကိုယ်တာသို့ ပြောင်းလာသည်။

''ဂျိန်း . . . သွန်းဖီးလ်ဟာ ပျော်စရာ မကောင်းဘူးလားဟင်၊ အထူးသဖြင့် နွေ အခါမှာ ခွဲခွာဖို့မလွယ်ဘူးနော်၊ မင်း တို့ကို ခွဲသွားရရင် ဘယ့်နှယ်နေမလဲ''

ကျွန်မ၏ ဖုံးကွယ်သိုဝှက်ထားသော ခံစားချက်များ ပြူထွက်လာသည်။

''အို . . . ဘယ်ခွဲနိုင်မလဲ၊ ဒါပေမဲ့ ကျွန်မ သွန်းဖီးလ်ကို ခွဲရတော့မယ်ထင်တယ်၊ ကျွန်မသွားဖို့ လိုအပ်လာရင်တော့ ကျွန်မ သွားပါ့မယ်''

ပြောရင်း မျက်ရည်က မထိန်းချုပ်။ ယို စီးလာသည်။

''မင်းက သွားဖို့လိုတယ်လို့ ထင်လို့ လား''

''ထင်တယ်၊ ဘာကြောင့်တုန်းဆို တော့ ရှင့်ရဲ့အမျိုးသမီး မစ်(စ်)အင်ဂရမ် ကြောင့်ပေါ့''

**သူက ပြောလည်းပြော၊ နမ်းလည်း နမ်းနေသည်။**
**ကျွန်မ သူ့ရင်ခွင်မှ ရုန်းထွက်မိချိန်တွင် မစွက်ဖယ်ယားဖက်စ်က**
**ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။**

"ဘယ်လို ကျွပ်အမျိုးသမီး၊ ကျွပ်မှာ ဘယ်က အမျိုးသမီးမှ မရှိသေးဘူး"

"ဒါပေမဲ့ ရှင့်မှာ တစ်နေ့ရှိလာမှာပေါ့"

"အေး. . .ဟုတ်တယ်၊ တစ်နေ့မှာတော့ ရှိလာမယ်"

"အဲဒီနေ့ကျရင် ကျွန်မ ဒီမှာရှိဖို့ မလိုတော့ဘူးလေ၊ ကျွန်မ ထွက်သွားရတော့မှာပေါ့"

"မဟုတ်ဘူး၊ မင်းမသွားရဘူး"

သူက ပြောပြောဆိုဆို ကျွန်မလက်ကို ဆွဲလျက် အနီးရှိခုံတန်းပေါ် ထိုင်လိုက်သည်။ ပြီးတော့ ကျွန်မကို သိုင်းဖက်လျက်-

"ဂျိန်း၊ ငါလက်ထပ်မယ့် အမျိုးသမီးဟာ မင်းပဲ၊ မင်း ခုထိ သဘောမပေါက်သေးဘူးလား၊ ဟင်. . .ဂျိန်း၊ မင်း ငါ့ကို လက်ထပ်မလား"

ကျွန်မက သူ့လက်တွင်းမှ ရုန်းထွက်လိုက်သည်။

"မင်း ငါ့ကို မယုံဘူးလား ဂျိန်း"

"ဟုတ်တယ်၊ မယုံဘူး"

"မင်းမျက်လုံးထဲမှာ ငါဟာ လူလိမ်လူညာတစ်ယောက် ဖြစ်နေသလား"

သူက ပေါက်ကွဲအုံကြွသံကြီးဖြင့် မေးသည်။

"ဂျိန်း. . .ငါ မစ်(စ်)အင်ဂရမ်ကို သူတို့ အင်သခေလာက် မချစ်းသာခကြောင်း ကောလာဟလ သတင်းစကားတွေကို သိ ပေပြီးတဲ့နောက်ပိုင်း သူမရော၊ သူမ အမေ ဆီကရော အင်တင်တင်လုပ်လာကြတယ်၊ တကယ်တော့လည်း ငါ သူ့ကို မချစ်ခဲ့ပါဘူး လေ၊ ငါ တကယ်မြတ်နိုးတာက မင်းပဲ၊ ငါ့ မေတ္တာကို လက်ခံပါ၊ လက်ခံမယ် မဟုတ်လားဟင်-ဂျိန်း"

"တကယ့် မေတ္တာစစ် မေတ္တာမှန်နဲ့ ကမ်းလှမ်းလာတယ်ဆိုရင်တော့ ကျွန်မ ဝမ်းသာရမှာပေါ့လေ၊ ကျေးဇူးလည်း တင်ပါတယ်"

"ဘယ်လို ဂျိန်း၊ ကျေးဇူးတင်တယ် ဟုတ်လား၊ ကိုယ့်အချစ်ကို လက်ခံတယ်လို့ ပြောလိုက်စမ်းပါကွာ. . .နော်"

"ရှင် တကယ်တမ်း ကျွန်မကို ချစ်တယ်နော်၊ ဇနီးအဖြစ် သတ်သတ်မှတ်မှတ် ခေါ်င်းနိုင်မလား"

"အို. . .ဘယ့်နှယ် ပြောပါလိမ့်၊ ကျမ်းကျိန်ဆိုတောင် ကျိန်ဝံ့ပါတယ်ကွယ်"

"အဲဒီ ကျွန်မ ရှင့်ကိုလက်ထပ်ပါ့မယ်"

"အို. . .ဝမ်းသာလိုက်တာ ဂျိန်းရယ်"

သူက ကျွန်မကို တင်းတင်းကျပ်ကျပ် ဖက်လိုက်သည်။ ပါးချင်းလည်း အပ်မိသည်။ သူက တိုးတိုးရေရွတ်နေသည်။

"အို. . .ဖဘုရားသခင်၊ ကျွန်ုပ်တို့၏ ချစ်ခြင်းကို မည်သူမျှ မနှောင့်ယှက်အောင် စောင့်မတော်မူပါ"

"အို. . .ဘယ်သူက နှောင့်ယှက်မှာ တုံး၊ ကျွန်မမှာ ဒီကိစ္စ ဝင်ရွက်ဖက်ရအောင် ဘယ်သူမှ ရှိတာမဟုတ်ဘူး"

လရောင် ဘယ်ဆီပုန်းရှောင်သွားသည် မသိ၊ ကျွန်မ ချစ်သူ၏ မျက်နှာကို ကျွန်မ ကောင်းစွာမမြင်ရတော့၊ ဘေးဘယ်ညာမှ သစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားနေသည်။ လေအေးတစ်ချက် ဝှေ့တိုက်လိုက်သည်။

"ကဲ. . .တို့ အိမ်ထဲဝင်ကြစို့၊ နည်းနည်း အေးလာတယ်၊ မင်းနဲ့သာ အတူထိုင်နေရမယ်ဆိုရင် မနက်မိုးလင်းသွားပါစေ ဂျိန်း၊ ထိုင်နေချင်ပါတယ်"

"ကျွန်မလည်း ဒီလိုပါပဲ ကိုရယ်"ဟု စိတ်က ပြောနေမိသည်။

ချက်ချင်းဆိုသလို လျှပ်တစ်ချက်ပြက်ပြီး မိုးထစ်ချုန်းရွာလာသည်။ ကျွန်မတို့ နှစ်ဦးသား အိမ်ဆီသို့ အမြန်ပြေးခဲ့ကြသည်။ အိမ်ဝရောက်သော် သူက ကျွန်မခေါင်းထက်မှ မိုးရေစက်များကို တယုတယသုတ်ပေးခဲ့သည်။ သည်အချိန်တွင် မစွက်ဖယ်ယားဖက်စ်က သူ့အခန်းမှ ထွက်လာသည်။ ကျွန်မ သူမကိုမမြင်ခဲ့၊ သူလည်း သူမကို မတွေ့ခဲ့၊ အိမ်ခန်းမကြီးဆီမှ နာရီသံ ၁၂ ချက် ထိုးနေပြီ။

"မင်း အဝတ်စိုတွေကို အမြန်လဲလိုက်နော် အချစ်၊ ကဲ. . .ဂွတ်နိုက်၊ ဂွတ်နိုက်"

သူက ပြောလည်းပြော၊ နမ်းလည်း နမ်းနေသည်။ ကျွန်မ သူ့ရင်ခွင်မှ ရုန်းထွက်မိချိန်တွင် မစွက်ဖယ်ယားဖက်စ်က ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။ ကျွန်မက ပြုံးရုံသာပြုံးပြပြီး အခန်းတပ်သို့ အပြေးတက်ခဲ့သည်။

"နောက်မှ ရှင်းပြတော့မယ် အဒေါ်ရယ်"

ထိုညက အိပ်မပျော်နိုင်၊ ပျော်ရွှင်မှုကြောင့် သံသယစိတ်ဟူသည် ပုန်းရှောင်ထွက်ပြေးသွားသည်။ လေကလည်း ပြင်းသည်၊ မိုးကလည်း ခြိမ်းသည်။ မိုးမှောင်ကြားမှ လျှပ်စီးက ပြိုးပြိုးပြက်ပြက် ပေါ်လာတတ်သည်။ သို့သော် ကျွန်မ မကြောက်။ ကျွန်မ အထီးကျန်မဟုတ်တော့။ မစ္စတာ ရိုချက်စတာ ကျွန်မအခန်းတံခါးသို့ သုံးခါ တိုက် လာပေးသည်။ ကျွန်မ ကြောက်မနေရန်နှင့် စိတ်ချလက်ချရှိရန် အသိပေးသည်။ နောက်တစ်နေ့ မိုးလင်းသော် ညက မိုးကြိုးပစ်သဖြင့် သစ်အယ်ပင်ကြီး လဲကျနေကြောင်း အာဒီလာက အပြေးအလွှားလာပြောခဲ့သည်။

**အခန်း(၁၆)**

ကျွန်မတို့ မင်္ဂလာပွဲမတိုင်မီ သီတင်းလေးပတ်ကာလသည် အကုန်မြန်လှသည်။ သို့ဖြင့် အားလုံးပြင်ဆင်ပြီးဖြစ်ရာ ကျွန်မ လုပ်စရာမရှိတော့ပေ။

မစ္စတာရိုချက်စတာက ကျွန်မကို

မီးလ်ကုတ်သို့ ခေါ်သွားသည်။ သတို့သမီး ဝတ်စုံကို စိတ်ကြိုက်ရွေးဝယ်စေသည်။ ဤမျှနှင့် မကျေနပ်နိုင်သေးဘဲ စိန်၊ ရွှေ လက်ဝတ်လက်စားများကိုလည်းဆင်စေပြန်သည်။ ခေါင်းတွင် ဆောင်းမည့် ပဝါအတွက်လည်း အဖိုးအတန်ဆုံးဆိုသည်ကို မှာပေးပြန်သည်။ ကျွန်မက ရိုးရိုးနှင့်ယဉ်ယဉ် နေလိုသော်လည်း သူက စိတ်အားထက်သန်နေသဖြင့် လိုက်လျောခဲ့ရသည်။

"ငါလေ မင်းကို ဘယ်သူကမှ ယှဉ်လို့မရအောင် ဆင်မယ်၊ တို့ လက်ထပ်ပွဲပြီးရင် ကမ္ဘာအနှံ့ ခရီးထွက်ကြမယ်၊ ကမ္ဘာမှာ ထင်ရှားကျော်ကြားတဲ့ နေရာမှန်သမျှ မင်းရောက်ဖူးရမယ်"

ကျွန်မက "မာဒေးရား"သို့ စာရေးခဲ့သေးသည်။ ကျွန်မ၏ လက်ထပ်ပွဲသို့ ကျွန်မဘက်က ဆွေမျိုးဆို၍ တစ်ဦးတည်းသာရှိတော့သော ဦးလေးကို လာစေလိုကြောင်း အကြောင်းကြားခဲ့သည်။ သို့သော် အကြောင်းမပြန်ခဲ့။

ယခုဆိုလျှင် ကျွန်မ၏ ပစ္စည်းပစ္စယများကို ထုပ်ပိုးချည်နှောင်ထားပြီး မနက်ဖြန်ဤအချိန်လောက်တွင် ဤပစ္စည်းများ လန်ဒန်ရှိ ကျွန်မတို့တည်းမည့် ဟိုတယ်သို့ ရောက်နေစေရန် "မစ္စက်ရိုချက်စတာ"ဟူ၍ လည်း လိပ်စာတပ်ထားပြီးဖြစ်သည်။ ကျွန်မ အခန်းတွင်းရှိ ဗီရိုတွင် ပုလဲရောင် ပိုးသားခေါင်းစွပ်ကို အသင့်ချိတ်ဆွဲထားသည်။ မနက်ဖြန် လက်ထပ်ပွဲတွင် ဝတ်ဆင်ရန် ဖြစ်သည်။

လက်ထပ်ပွဲမတိုင်မီ နှစ်ရက်အလိုက မစ္စတာရိုချက်စတာတစ်ယောက် အဝေးသို့ ထွက်သွားသည်။ ကျွန်မတို့ ခရီးမထွက်မီ ၃၀ ခန့်ဝေးသော သူပိုင်သည့် လယ်ယာမြေများသို့ အကြောင်းကြားထားနှင့်ရန် လိုအပ်သဖြင့် သူတစ်ဦးတည်း မြင်းစီး၍ ထွက်သွားခြင်းဖြစ်သည်။ ယခုနေ့ညက ထူးထူးခြားခြား ဖြစ်ပျက်ခဲ့သည်နှင့် ပတ်သက်၍ မည်သူမျှမသိခဲ့ကြ။ ကျွန်မလည်း နားမလည်နိုင်ခဲ့၊ မစ္စတာရိုချက်စတာပြန်လာမှ မေးတော့မည်။ သူ့အတွက်လည်း စိုးရိမ်၊ ကျွန်မ နားမလည်သည့် အရှုပ်အထွေးကိစ္စတစ်ခုကိုလည်း မေးလိုသည်နှင့် သူ့ကို ထွက်၍မျှော်မိသည်။

ညနေစောင်းအချိန် တောင်လေက အဝေ့ဝေ့တိုက်နေသည်။ တကယ်တော့ သည်အချိန် ဇူလိုင်လမျိုးတွင် ဤမျှ လေတိုက်ဖို့မကောင်း။ သို့ဖြင့် လေခိုရန် ဥယျာဉ်အတွင်း ဝင်ခဲ့သည်။ မြေပေါ်သို့ တုံးလုံးလဲကျနေသော သစ်အယ်ပင်ကြီးကား နှစ်ပိုင်းကွဲလျက် အကိုင်းအခက်များ ကျိုးပဲ့နေပြီး အမြစ်ပိုင်းက အချို့အဝက် ကျွတ်လျက်ရှိ၏။

"မင်းတို့ ကွဲသွားတဲ့ ပင်စည်နှစ်ပိုင်း မြဲမြဲလေး ပြန်ဆက်ကြနော်၊ မင်းတို့ ရှင်သန်နိုင်ပါသေးတယ်၊ အေးလေ၊ ဒါပေမဲ့ အရင်တုန်းကလို သစ်ရွက်တွေ ဖားဖားဖားနဲ့တော့ မဖြစ်နိုင်တော့ဘူးပေါ့၊ အပင်ကြီးထင်းမဖြစ်သေးသရွေ့ မင်းတို့ဟာ ရဲဘော်ရဲဘက်တွေပဲလေ"

ကျိုးပဲ့သွားသော သစ်ကိုင်းများက ကျွန်မစကားကို ကြားမည်ထင်ပါသည်။

ကျွန်မ ဥယျာဉ်အတွင်း အတန်ကြာမျှ လျှောက်နေမိသည်။ လေတိုက်၍ ကြွေကျခဲ့သော ပန်းသီးများကိုကောက်ကာ အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။ စာကြည့်ခန်းအတွင်း မီးလင်းဖို၌ မီးရှိ မရှိ၊ ရှင်းအနီး သူထိုင်နေကျ ကုလားထိုင် ရှိ မရှိ သွားကြည့် ပြင်ဆင်ပေးပြီး သူ့ကို ထိုင်စောင့်နေမိ၏။

သူ့ကို ထိုင်စောင့်နေသည်မှာ ည ၁၀ နာရီထိုးခဲ့ပြီ။ စိတ်မရှည်နိုင်တော့သဖြင့် လရောင်ကို အမှော်ပြုကာ ဂိတ်ဝသို့ လမ်းလျှောက်ထွက်လာခဲ့မိသည်။ ဂိတ်ဝမှ သူလာမည့်လမ်းကို မျှော်မိပြန်သည်။

"ရောက်လာပါတော့ကွယ်၊ လည်ပင်းရှည်လှပါပြီ"

ကျွန်မ သူ့ကိုအော်ခေါ်လိုက်ချင်သည်။

"သိပ်နောက်ကျနေပြီကွယ်၊ သူ လမ်းမှာ တစ်ခုခုဖြစ်နေလို့လား။ ဖွဟဲ့– လွဲပါစေ၊ ဖယ်ပါစေ၊ သူ ချောချောမောမော ရောက်လာပါတော့"

ယမန်နေ့ညဥ့်က အဖြစ်အပျက်ကို ပြန်လည် မြင်ယောင်မိသည်။

"ငါ အိမ်ကိုတော့ ဘယ်လိုနည်းနဲ့မှ မပြန်နိုင်ဘူး။ သူနဲ့တွေ့အောင် သွားမယ်" ဟူ၍ ဆုံးဖြတ်လျက် ဂိတ်မှထွက်ကာ လမ်းအတိုင်း လျှောက်လာခဲ့သည်။





**ကိုရဲ့ အဖိုးတန် ပစ္စည်းတွေဆင်မယ့်အစား ကျွန်မဘာသာ ကျွန်မ ချုပ်လုပ်ထားတဲ့ ခေါင်းစွပ်ကိုပဲ ဝတ်မလားလို့ ဟုတ်တယ်လေ၊ ပစ္စည်းကလည်း မရှိ၊ ရုပ်လည်းခေတဲ့ ကျွန်မလိုမိန်းမတစ်ယောက်အဖို့…**

နှစ်ဖက်လုံးရှိ လျှောက်မိသည်နှင့် ခွာသံပြင်းပြင်းဖြင့် ခွာစုံပေါက်လာသော မြင်းခွာသံကို ကြားရသည်။ မြင်းစီးသမားကိုလည်း မကြာမီတွေ့ရသည်။ အလားတူ မွေးတစ်ကောင်က အပါးမှ ပြေးလိုက်ခဲ့သည်။ ဟုတ်ပါပြီ၊ သူပါပဲ။ သူကလည်း လရောင်ဖြင့် ကျွန်မကို လှမ်းမြင်ပုံရသည်။ ဦးထုပ်ကိုချွတ်၍ ဝှေ့ယမ်းပြသည်၊ ကျွန်မ သူ့ဆီ အပြေးသွားသည်။ သူက မြင်းကို ဖက်သတ်လိုက်ပြီး ကုန်းနှီးထက်မှ လက်လှမ်းသည်။ ကျွန်မက သူ့လက်ကိုဆွဲ၍ မြင်းပေါ်တက်ခဲ့သည်။ မြင်းက ကျွန်မတို့နှစ်ဦးကို တင်လျက် လမ်းလျှောက်ခဲ့သည်၊

သူက နှုတ်ဆက်အနမ်းပေးလျက် မေးသည်။

"ဂျိန်း…ညကြီးမင်းကြီး ဘာလို့ထွက်လာတာလဲ၊ အကြောင်းထူးရှိသလား"

"မရှိပါဘူး။ ကျွန်မက ကို ပြန်မလာနိုင်တော့လွန်းလို့ စိတ်မရှည်တာနဲ့ ထွက်လာတာ"

"ဂျိန်း…မင်း နေမကောင်းဘူးလား။ ပါးတွေ၊ နားတွေ ပူချင်သလိုပဲ"

"နေကောင်းပါတယ်၊ ကဲ-သွန်းဖီးလ်ကို ရောက်ပြီ၊ ကျွန်မ ဆင်းတော့မယ်"

ဂျွန်က မြင်းကို မြင်းဇောင်းအတွင်း ဖေါ်သွားသည်။ ကျွန်မတို့က ခန်းမကြီးကို ဖြတ်၍ စာကြည့်ခန်းသို့ ဝင်ခဲ့ကြသည်၊ စာကြည့်ခန်းတွင် သူ့အတွက် ညစာလယ်စာပြင်ထားသည်။

"ဂျိန်း…ထိုင်ပါအုံး။ ကိုယ်နဲ့အတူ ညစာ စားပါ။ ဒီညစာဟာ သွန်းဖီးလ်မှာ အချိန်တော်တော်ကြာအထိ နောက်ဆုံးညစာ ဖြစ်နိုင်တယ်။ ကိုယ်နဲ့အတူ စားနော်"

ကျွန်မက စားပွဲတွင်ထိုင်လိုက်သည်။ သို့သော် မစားမသောက်နိုင်တော့ကြောင်း ဖြင့် ငြင်းခဲ့သည်။

"ဘယ်လိုလဲ၊ မနက်ဖြန် လန်ဒန်ကို သွားရမှာမို့ သိပ်စိတ်လှုပ်ရှားနေတယ် ထင်တယ်၊ ဟုတ်လား ဂျိန်း"

"မပြောတတ်အောင်ပါပဲရှင်၊ ကိုယ့်အဖြစ်ကို တစ်ခါတစ်ခါမှာ ဟုတ်မှ ဟုတ်ရဲ့လားလို့ ကိုတောင်မှ အိပ်မက်ဖြစ်ချင် ဖြစ်နေမှာ"

သူက လက်ရုံးကို ဆန့်တန်းလျက်–

"ကဲ–ငါ့လက်ကို ကိုင်လိုက်စမ်းပါ၊ ဒါမှ အိပ်မက်မဟုတ်ဘူးဆိုတာသိရအောင်" ဟု ရယ်မောလျက်ပြောသည်။

"ထိလို့ ကိုင်လို့ရတဲ့တိုင်အောင် ကျွန်မကတော့ အိပ်မက်လို့ထင်နေတုန်းပဲ၊ ကဲ–ညစာ ပြီးပြီလား"

"အေး…ပြီးပြီ၊ ဒါပေမဲ့ မသွားပါနဲ့အုံး။ တို့ရဲ့ လက်ထပ်ပွဲမတိုင်မီ တစ်ညဥ့်မှာ အတူထိုင်ကြပါအုံးစို့နော်"

ကျွန်မက ဘဲလ်တီးလိုက်ပြီး အစေခံအား စားပွဲကို သိမ်းသွားစေသည်။ ကျွန်မက ခွေးခြေတစ်ခုကိုယူကာ သူ့အပါးတွင် ထိုင်လိုက်သည်။

"မနက်ဖြန် ကိစ္စအတွက် အားလုံး ပြင်ဆင်ပြီးပြီလား"

"ဟုတ်ကဲ့။ ပြင်ပြီးပါပြီ"

"အေး…ကိုယ်လည်း အစီအစဉ်တွေ အားလုံး ပြီးခဲ့ပြီ၊ မနက်ဖြန် ဘုရားကျောင်းကနေ ပြန်ရောက်တာနဲ့ နာရီဝက်အတွင်းမှာ သွန်းဖီးလ်က ထွက်မယ်၊ ဒါပေ့…ဂျိန်း။ ပြောတာ ကြားရဲ့လား။ ဘာတွေ တွေးနေတာလဲ။ မင်းအတွေးတွေ ကိုယ့်ကိုပြောပါအုံး"

ကျွန်မက တစ်ခဏမျှ ငြိမ်နေလိုက်သည်၊ နာရီက ၁၂ ချက်မြည်သည်။ ကျွန်မ ပြောတော့မှ ဖြစ်မည်။

"ကျွန်မလေ မနေ့ကတစ်နေ့လုံး အလုပ်ကို ရှုပ်နေတာပဲ၊ ပျော်လည်း ပျော်ပါတယ်၊ ကျွန်မ ချစ်တဲ့သူနဲ့ အတူနေရတော့မှာပါလားဆိုတဲ့အသိနဲ့ ကြည်လည်းကြည်နူးနေမိတယ်၊ နေအုံး။ ကျွန်မဆက်ပြောအုံးမယ်။ ပစ္စည်းတွေကိုလည်း ရွှေ့လိုက်၊ ထုတ်လိုက်၊ ဒီလိုနဲ့ နေဝင်လာတော့ ဆိုဖီ ကျွန်မကို လာခေါ်တယ်၊ မင်္ဂလာပွဲဝတ်စုံကို လာကြည့်ဖို့တဲ့၊ သေတ္တာထဲမှာ ကို လန်ဒန်က မှာလိုက်တဲ့ လည်ဆွဲကလည်း တပြိုးပြိုး တဖျပ်ဖျပ်နဲ့ အရောင်ကိုထွက်နေတာပဲ"

"ကျွန်မလေ ကို့ကို ကျီစယ်အုံးမလို့တောင် စိတ်ကူးမိသေးတယ်၊ ကိုရဲ့ အဖိုးတန် ပစ္စည်းတွေဆင်မယ့်အစား ကျွန်မဘာသာ ကျွန်မ ချုပ်လုပ်ထားတဲ့ ခေါင်းစွပ်ကိုပဲ ဝတ်မလားလို့၊ ဟုတ်တယ်လေ၊ ပစ္စည်းကလည်း မရှိ၊ ရုပ်လည်း ခေတဲ့ ကျွန်မလိုမိန်းမတစ်ယောက်အဖို့ တော်ရုံတန်ရုံလောက်ပဲ ကောင်းပါတယ်"

"အေးလေ၊ ဒါကိုကြည့်ရင် မင်းကို ကို ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ သိပေ့ါ၊ ဒါနဲ့တောင် မင်းကြည့်ရတာ စိတ်မကောင်းဖြစ်နေသလိုပဲ"

"ကျွန်မ စကားဆက်ပါအုံးမယ်၊ ကျွန်မ အိပ်ရာဝင်တော့ တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ဘူး။ အိမ်အပြင်မှာက လေတဝုန်းဝုန်း တိုက်နေတယ်၊ အိပ်ပျော်ပြန်တော့လည်း အိပ်မက်က မက်ရသေးတယ်၊ အိပ်မက်ထဲမှာ ကျွန်မ တစ်ခါမှမရောက်ဖူးတဲ့ လမ်းပေါ်မှာ၊ ကိုကတော့ ကျွန်မရဲ့ ရှေ့ခပ်လှမ်းလှမ်းမှာ ရှိနေတယ်၊ ကျွန်မ လက်ပေါ်မှာတော့ ကလေးငယ်လေး၊ ကျွန်မတို့ကို ပစ်ပြီး ကိုက အဝေးကိုထွက်သွားသတဲ့"

"ဂျိန်း…အခု ကို မင်းအပါးမှာ ရှိနေပြီလေ၊ ကယောင်ကတမ်းမက်တဲ့ အိပ်မက်ကို မေ့ပစ်လိုက်တော့၊ ဂျိန်း၊ ကို့ကို မချစ်ဘူးလား"

"ချစ်တယ်လေ၊ ချစ်တာမှ အသည်း



နှင့်အောင်ကို ချစ်ပါတယ်၊ ဒါပေမဲ့ ဆက်ပြောပါရစေအုံး။ နောက် အိပ်မက်တစ်ခု မက်သေးတယ်၊ ဒီတစ်ခါတော့ ကျွန်မက သွန်းဖီးလ်ကို တခြားတစ်နေရာကနေ လာတာတဲ့၊ အို…သွန်းဖီးလ်ဟာ ပျက်စီးနေပြီ၊ လူမနေတာလည်း ကြာပြီတဲ့၊ လင်းနို့တွေ၊ ဒီးကွက်တွေကိုပဲ တွေ့ရတယ်၊ ပေါင်းတွေထူ၊ မြက်တွေကလည်း ရှည်လိုက်တာ၊ ကျွန်မ လက်ထဲမှာလည်း ကလေးငယ်လေးနဲ့တဲ့၊ လက်ညောင်းနေပေမယ့် ကလေးကို အောက်ကိုမချချင်ဘူး၊ ဒီအချိန်မှာ အဝေးကို ထွက်သွားတဲ့ မြင်းခွာသံကို ကြားနေရတယ်၊ အဲဒါ ကိုပဲ၊ ဟီးအဝေးကြီးကို ထွက်သွားမလို့တဲ့၊ ကျွန်မ မြင်နိုင်သမျှ မြင်ရအောင်ဆိုပြီး ပြိုပျက်နေတဲ့ အုတ်နံရံပေါ်ကို တက်ခဲ့တယ်၊ နံရံပြိုကျပြီး ကျွန်မလက်က ကလေး လွတ်ကျပြီး လိမ့်ကျသွားသတဲ့၊ ဒီအချိန်မှာ ကျွန်မ နိုးလာတယ်"

"ကဲ…ဂျိန်း၊ ဒါပဲမဟုတ်လား၊ အိပ်မက်ဆိုတာ ဒီလိုပါပဲ"

"မပြီးသေးဘူး၊ ကျွန်မ အိပ်ရာက နိုးတော့ အလင်းရောင်ကို တွေ့လိုက်ရတယ်၊ ကျွန်မက နေခင်းလို့တောင် ထင်လိုက်တယ်၊ နောက်မှ ဖယောင်းတိုင် မီးရောင်ဆိုတာ သိလာတယ်၊ ဆိုဖီများလားလို့ ပထမတော့ ထင်လိုက်တယ်၊ ဒီရိုတံခါးက ပွင့်လို့ ကျွန်မက ဆိုဖီလို့ ခေါ်လိုက်တယ်၊ ထူးသံမကြားရဘူး၊ ဒါနဲ့ ကျွန်မ ခုတင်ပေါ်ထထိုင်တယ်၊ ကုန်းကြည့်လိုက်တော့ လားလား ဘယ်သူမှတ်သလဲဟင် မစ္စတာရိုချက်စတား ဆိုဖီလည်း မဟုတ်၊ လီယာလည်း မဟုတ်၊ မစ္စက်ဖယ်ယားဖက်စ်လည်း မဟုတ်ဘူး၊ ဂရေ့စ်ပူးလ် မဟုတ်တာလည်း သေချာတယ်"

"သူတို့ထဲက တစ်ယောက်ယောက် ဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ လုံးဝကိုမဟုတ်ဘူး၊ မိန်းမတစ်ယောက်ပဲ၊ ကိုယ်လုံးတုတ်တုတ်၊ ဆံပင်ဟားလျားချလို့၊ ဂါဝန်အရှည်ကြီးကို ဝတ်ထားတယ်၊

"မင်း သူ့မျက်နှာကို တွေ့လိုက်သေးလား"

"ပထမတော့ မတွေ့ဘူး၊ သူက လည်ဆွဲကို အကြာကြီးစိုက်ကြည့်နေပြီး ဆွဲယူတယ်၊ ပြီးတော့ သူ့ခေါင်းကနေ စွပ်လိုက်တယ်၊ ပြီးတော့ မှန်ကိုကြည့်တယ်၊ ဒီအချိန်မှာ မှန်ထဲက သူ့မျက်နှာကို ကျွန်မ မြင်လိုက်ရတယ်၊ အို…ဘယ်လို မျက်နှာမျိုးလဲ မသိဘူး၊ ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး၊ ကြောက်စရာကောင်းလိုက်တာ"

"တချို့ သရဲဆိုတာ ဒီလိုပါပဲလေ၊ ကြောက်စရာကောင်းတာပေါ့"

"သူက လည်ဆွဲကို ပြန်ဖြုတ်တယ်၊ ပြီးတော့ ဆွဲဖြဲပစ်လိုက်တယ်"

"ပြီးတော့ ဘာဖြစ်သေးလဲ"

"သူက အပြင်ဘက်ကို ကြည့်လိုက်သေးတယ်၊ နောက် ဖယောင်းတိုင်ကို ကျွန်မခုတင်ဆီ ယူလာတယ်၊ ကျွန်မက ကြောက်လွန်းလို့ လှုပ်ဖို့သတိမရတော့ဘူး၊ ကျွန်မရဲ့မျက်နှာ အရှေ့တည့်တည့်မှာ ဖယောင်းတိုင်မီးကို ညှိလိုက်တယ်၊ ကျွန်မ သတိလစ်မလိုတောင် ဖြစ်မိတယ်၊ အဲဒီနောက် ဘာမှမတွေ့ရတော့ဘူး၊ ကဲ… ကျွန်မ ဒီကိစ္စ ဘယ်သူ့ကိုမှမပြောသေးဘူး၊ ကိုကိုပဲ ပြောတာ၊ အဲဒီ အမျိုးသမီးဟာ ဘယ်သူလဲ၊ သူက ဘာဖြစ်နေတာလဲ"

"ဂျိန်း…မင်း တစ်နေကုန် အလုပ်များလွန်းလို့ ဦးနှောက်ခြောက်သွားတာပါ၊ ဘာမှ မဟုတ်ပါဘူး"

"ကျွန်မ ဦးနှောက် ဘာမှမဖြစ်ဘူး၊ ဒါဟာ အိပ်မက်လည်းမဟုတ်ဘူး"

"တခြားအိပ်မက်တွေ ကြည့်ပါလား၊ ဘယ်မှာ သွန်းဖီးလ်ပျက်စီးလို့လဲ၊ မင်းကိုလည်း လမ်းပေါ်မှာ ပစ်ထားပြီး ကို ထွက်မသွားဘူးလေ၊ စိတ်က ချောက်ချားနေတာပါ"

"ကျွန်မလည်း ဒီလိုပဲ ထင်လိုက်ချင်တာပဲ၊ ဒါပေမဲ့ မနက်မိုးလင်းလို့ ကျွန်မ တွေ့လိုက်ရတာက ဒီရိုမှာ မှလာချိတ်ဆွဲထားတဲ့ လည်ဆွဲဟာ ကြမ်းပြင်မှာ ပြန့်ကျဲနေတယ်"

မစ္စတာရိုချက်စတား စိတ်မကောင်းဖြစ်သွားပုံရသည်၊ ကျွန်မကို တင်းတင်းကျပ်ကျပ် ဖက်လိုက်ပြီးနောက်–

"ဒီအတိုင်းဆို မနေ့ညက အဖြစ်အပျက်ဟာ မလွယ်ပါလား၊ တော်သေးတယ်၊ မင်းအစား၊ လည်ဆွဲက တန်ဆာခံလိုက်ရတာ"

ယင်းနောက် သူက အတန်ကြာတွေးဆပြီး ပြောပြန်သည်။

"ကဲ…ဂျိန်း၊ ဒီဇာတ်လမ်းကို ကိုရှင်းပြမယ်၊ အိပ်မက်နဲ့အဖြစ်မှန်နဲ့ ရောနေတဲ့ ဇာတ်လမ်းပေါ့၊ မင်း အခန်းထဲကို ဂရေ့စ်ပူးလ် အမှန်တကယ်ဝင်ခဲ့လိမ့်မယ်၊ သူဟာ တစ်မျိုးမဟုတ်လား၊ မစ္စတာမေဆန်ကို လုပ်လိုက်တာကြည့်ပေါ့၊ မင်းလည်ဆွဲကို ဆွဲဆုတ်ဖြဲပစ်တာလည်း သူပဲဖြစ်မယ်၊ အေးလေ၊ မင်းနဲ့ကို လက်ထပ်ပြီးလို့ တစ်နှစ်နဲ့ တစ်ရက်ပြည့်တဲ့နေ့မှာ ဒီလို ထူးဆန်းတဲ့ မိန်းမသားတစ်ဦးကို ဘာကြောင့် ဒီအိမ်မှာ လက်ခံထားရတယ်ဆိုတာ ရှင်းပြပါ့မယ်၊ ခုလောလောဆယ်တော့ ဒါလောက်နဲ့ပဲ ကျေနပ်ပါနော် ဂျိန်း"

ကျွန်မက သူကျေနပ်ပါစေတော့ဟူသော သဘောဖြင့် လက်ခံလိုက်သည်။ အချိန်ကလည်း ညဉ့်တစ်နာရီကျော်ခဲ့ပြီ။ ကျွန်မ ထလိုက်သည်။

"ဆိုဖီကို နိုး၊ အာဒီလာ့အခန်းထဲမှာ အိပ်ရာအပိုတွေ ရှိတယ်၊ အဲဒီမှာ အိပ်ပေါ့၊ ကနေ့ည မင်းတစ်ယောက်ထဲ မအိပ်စေချင်ဘူး ဂျိန်း"

ကျွန်မက သူပြောသည့်အတိုင်း၊ အသိန်းအခန်းတွင် သွားအိပ်ခဲ့သည်၊ အိပ်၍မူ မပျော်ခဲ့ပါ။ ဘေးမှ အပူအပင်မရှိ အိပ်မောကျနေသော အာဒီလာ၏ မျက်နှာလေးကို ငေးကြည့်ရင်း ကလေးဘဝ ငြိမ်းချမ်းမှုနှင့် အပြစ်ကင်းစင်မှုကို တွေးနေမိသည်။ သို့ဖြင့် နေထွက်လာသည်နှင့် ကျွန်မလည်း အိပ်ရာမှ ထလာခဲ့တော့သည်။ ကျွန်မကို ဖက်တွယ်လျက် အိပ်မောကျနေသော အာဒီလာ၏လက်ကို အသာအယာ ဖယ်ခဲ့ရသေးသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**မောင်သီဟ**

# ကြော်ငြာများဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

**ဆက်သွယ်ရန်လိပ်စာ**

City Magazine
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940




# ဝင်ရောက်ကြည့်ရှုလေ့လာနိုင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏

လုပ်ငန်းဆောင်ရွက်ချက်များ၊ဌာနအသီးသီးမှ

နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊

မြို့တော်သတင်းများ၊

အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်သည့်

မြို့ပြ/မြေယာဝန်ဆောင်မှုများအား

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ website ဖြစ်သည့်

www.ycdc.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း